www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ဇဝန

# ဣရှပ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - [၉၀ / ၂၀၀၂ (၁)]
မျက်နှာဖုံး - [၃၁၂ / ၂၀၀၂ (၄)]

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် - ၂၀၀၂ ခုနှစ်၊ ဇွန်လ
အုပ်ရေ - (၅၀၀)

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆ / ခ၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဒေါ်စိန်စိန်၊ ရောင်စဉ်ပုံနှိပ်တိုက်
အမှတ် (၁၆၃)၊ ၄၈ လမ်း၊ ဗိုလ်တထောင်။

**ထုတ်ဝေသူ**
ဦးညွန့်ငွေ၊ စိန်ပန်းမြိုင်စာပေ
၂၃ - အေ၊ ဦးကောင်းလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**
စောမင်းဇေ

**တန်ဖိုး**
၄၅၀ ကျပ်


BURMESE CLASSIC .com

စာစီစာကုံး အနှံ့အဖွဲ့ နွဲ့ပျောင်းပြေပြစ်၍ သိမ်မွေ့ယဉ်ကျေးစွာ ...န်ဆာဆင်အံ့အပ်သော ဝတ္ထုကလေးများကို ဖတ်ရှုကြရသူတိုင်းပင်၊ ...ိုဝတ္ထုများကို ရေးသားဖန်တီးသူ စာရေးဆရာ မင်းကုသမှာ သူရေးသား ...အပ်သော စာများ၏ လှပခြင်းကဲ့သို့၊ လှပပြေပြစ် နှစ်လိုဖွယ် ကောင်းသော ...ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ ရှိပေလိမ့်မည်ဟု ထင်မြင်မိကြပေ၏။

မင်းကုသ၏ ဝတ္ထုများကို လွန်စွာနှစ်သက် သဘောကျကြကုန်သော ...ာဖတ်ပရိသတ်တို့သည်၊ မင်းကုသ၏ ဝတ္ထုများကို ဖတ်ရှုကြရသည့်အခါ ...ိုင်း မိမိတို့၏စိတ်ထဲတွင် မှတ်ယူထင်မြင်ထားကြသော ရုပ်ပုံသည် ...ပေါ်ပေါက်လာလေ့ရှိပေ၏။

သို့ရာတွင် ထိုသူ၏ မျက်စေ့ထဲ၌ ထင်မြင်သော ရုပ်ပုံမှာ ...င်းကုသ၏ မိမွေးတိုင်း၊ ဘမွေးတိုင်း ရုပ်ဆင်းသဏ္ဍာန်နှင့် မည်မျှကွာ ...ခြားလှသည်ကို ထိုသူတို့ မသိရှာကြဘဲ မင်းကုသသည် ဖေသိန်းဖြစ်သည်ကို ...သိကြရသူတို့သာလျှင် အထင်နှင့်အမြင် ခြားနားခြင်းကို သိကြရလေသည်။

ဖေသိန်းသည် ၎င်း၏မိတ်ဆွေ အပေါင်းအသင်းတို့အနက် အကျည်း...န် အရုပ်ဆိုးသူတစ်ယောက် ဖြစ်ခြင်းကြောင့်၊ မင်းကုသဟု ပြောင်လှော...

www.burmeseclassic.com

www.burmeseclassic.com



မှည့်ခေါ်ကြလေရာ မင်းကုသဟူသော အမည်သည် မိတ်ဆွေသူငယ်ချင်းတို့ အပေါ်တွင် ထင်ရှားကျော်ကြားသလောက် ဝတ္ထုရေးရာတွင်လည်း ထိုအမည်ဖြင့် ရေးသားရာ၌ ထိုအမည်မှာ ဝတ္ထုနိုင်ငံတွင် ထင်ပေါ်ကျော်ကြားသော အမည် ဖြစ်လာခဲ့ပေ၏။

ဖေသိန်းအား သူငယ်ချင်း မိတ်ဆွေများက မင်းကုသဟု ခေါ်ကြခြင်းမှာ အတွင်းသို့ ချိုင့်ဝင်နေသော ကျောက်ပေါက်မများ ရှိခြင်းကြောင့် မဟုတ်ဘဲ၊ အပြင်သို့ ဖေါင်းထွက်နေသော ဝက်ခြံများကို အစွဲပြု၍ ပြောင်လှောင်ခေါ်ဝေါ်ကြခြင်းပင် ဖြစ်သော်လည်း ဖေသိန်းသည် အကျည်းတန်သူတစ်ယောက် ဖြစ်သည်ဟု ဆိုရလောက်အောင် မျက်လုံးစောင်းစောင်း၊ နှာခေါင်းပြားပြား၊ သွားခေါခေါနှင့် အဆက်အပေါက် မတည့်သူ မဟုတ်ပေ။ လူချောတစ်ယောက် မဟုတ်ဘဲ သာမန်ရုပ်ရည် ရှိရသည်တွင် ထူပြောသော ဝက်ခြံများသည် ညိုသောအသားပေါ်တွင် ပေါက်ရောက်လျက်၊ နဖူးအနည်းငယ် ကျဉ်းသည့်အတွက် သူ၏ ဖြူစင်ဖြောင့်စင်းသော စိတ်နှလုံးကို ဖော်ပြလျက်ရှိသော ကြည်လင်တောက်ပြောင်သည့် မျက်လုံးနှင့် ဖြောင့်တန်းသော နှာတန်တို့မှာ တိမ်မြုပ်ပျောက်ကွယ်၍ နေခြင်းကြောင့်သာလျှင် အကျည်းတန် အရုပ်ဆိုးသည်ဟု အသိအမှတ်ပြုခြင်း ခံရရှာပေ၏။

ထို့ပြင် ဖေသိန်း၏ အရုပ်ဆိုးခြင်းကို ပိုမိုပေါ်လွင်စေသော အကြောင်းတစ်ရပ်မှာ ဖေသိန်းနှင့် သွားအတူ၊ လာအတူ တစ်အိမ်တည်းနေထိုင်သူ ဘမြင့်သည် အသားအရေ လတ်ဆတ်ပြည့်ဖြိုးလျက် မျက်လုံးမျက်ခုံးကောင်းကာ အရုပ်အမောင်း တင့်တယ်သူ လူရည်သန့်တစ်ယောက်ဖြစ်သည့်အတွက် နှစ်ယောက်သား ယှဉ်လိုက်လျှင် ကျီးနှင့်ဗျိုင်း တစ်ကိုင်းတည်းနားသကဲ့သို့ ခြားခြားနားနားကြီး ပေါ်လွင်နေခြင်းကြောင့်ပင် ဖြစ်ပေ၏။



ဘမြင့်သည် ဖေသိန်းနှင့် ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်ဖြစ်ပြီးလျှင် ကောလိပ်ကျောင်းမှ အတူတူထွက်ခဲ့ကြရာက ဖေသိန်းသည် ဝတ္ထုရေးဆရာအဖြစ်ဖြင့် အသက်မွေးလျက်၊ ဘမြင့်မှာ ကောလိပ်ပညာကို ...ည်သို့မျှ အသုံးမချဘဲ အလုပ်လက်မဲ့ဘဝနှင့် ဖေသိန်းထံ ကပ်ရပ်၍နေ ...ရသူတစ်ယောက် ဖြစ်လေ၏။

ဖေသိန်းသည် ကျောင်းနေစဉ်ကပင် ဝတ္ထုရေးဝါသနာ ပါရှိလာသူ ...ဖြစ်လေရာ ကောလိပ်ကျောင်းသားဘဝမှာပင် မင်းကုသဟူသော အမည်ဖြင့် ...ရေးသားသော ဝတ္ထုများမှာ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများတွင် ပါရှိ...လျက်၊ ထိုအခါကပင် နာမည်ထွက်ပေါ်၍လာခဲ့ပြီးနောက် ကောလိပ်ကျောင်း...မှ ထွက်သောအခါတွင် ဝတ္ထုရေးသော ဝါသနာကို ပယ်ဖျက်၍ မရနိုင်ဘဲ ...ဝတ္ထုရေးဆရာအဖြစ်ကို ခံယူခဲ့လေ၏။

ဘမြင့်မူကား ကောလိပ်ကျောင်းမှ မည်သည့်ဘွဲ့ထူးကိုမျှ မရခဲ့ဘဲ ...သုံးတတ်ဖြုန်းတတ်သော အတတ်ပညာကိုသာ တတ်မြောက်ခဲ့ပြီးလျှင် ...သို့ ကောလိပ်သို့သွားရောက် ဖြုန်းတီးခဲ့ခြင်းကိုပင် အားမရသေးဘဲ ...ကျောင်းမှထွက်၍ မိဘထံတွင် အလုပ်လက်မဲ့ဘဝနှင့် ကပ်ရပ်သုံးစွဲ၍ ...တာန်ကြာနေခဲ့ပြီးမှ မိဘများ၏ ဆူပူဆုံးမခြင်းကို မခံရပ်နိုင်ရှိ၍ ...ကျောင်းနေဘက် မိတ်ဆွေများ အလုပ်အကိုင်ကိုယ်စီနှင့် အသီးသီးရှိကြ...သည်ကို တွေ့ရှိရမှ၊ မိမိကိုယ်ကို မိမိ ပြန်၍ရှက်မိပြီးလျှင် အလုပ်အကိုင်...ရှာရန် သွားမည်ဟူသော စကားဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ...လာသည့် နေ့မှစ၍ ဖေသိန်းထံတွင် မြဲ၍နေကာ နှစ်ယောက်အတူ ...နေထိုင်လာခဲ့ကြလေ၏။

ဖေသိန်းနှင့် ဘမြင့်တို့သည် နင်တို့ဟာ လင်မယားကျနေတာပဲဟု ...များ ပြောဆိုခြင်းခံရလောက်အောင် ယခင်ကပင် အလွန်ချစ်ခင်ကြ...သူများ ဖြစ်သည့်အလျောက် ယခုကဲ့သို့ အတူတကွ နေထိုင်ကြသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



တွင် နီးနီးစပ်စပ် ဖြစ်နေကြသည့်အတွက် သာ၍ပင် ချစ်ခင်ကြလေ၏။ ဖေသိန်းသည် ဘမြင့်အပေါ်တွင် မိမိရှာဖွေရရှိသော ပစ္စည်းကို ဘာမှမလုပ်မကိုင်ဘဲ အချောင်ထိုင်၍ စားသောက်နေသူတစ်ယောက်ဟူ၍ ဘယ်အခါကမျှ ငြိုငြင်ခြင်းမရှိခဲ့ချေ။ မိမိ လုပ်ကိုင်ရှာဖွေ၍ ရသမျှမှာ မိမိတို့နှစ်ယောက်စလုံး ပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းဖြစ်သည်ဟု သဘောထားသည့်အားလျော်စွာ ဝတ္ထုရေး၍ ငွေကြေးဖောဖောသီသီ ရသည့်အခါများတွင် အတူသွား၊ အတူလာ၊ အတူဝတ်၊ အတူသုံး အတူဖြုန်းကြလျက် ဝတ္ထုရေးခ တောင်း၍မရသည့်အခါများတွင် အတူတူ ငတ်ခဲ့ကြပေ၏။ သို့အားဖြင့် ဘမြင့်မှာ ဖေသိန်းနှင့် အတူနေထိုင်ရခြင်းအားဖြင့် ဖေသိန်းကဲ့သို့ ဝတ္ထုရေးသောအတတ်ကို မတတ်စေကာမူ၊ ဝတ္ထုဆရာတို့၏သုခ၊ ဒုက္ခကို ခံစားရကာ တစ်နည်းအားဖြင့်ဆိုသော် ဝတ္ထုရေးဆရာတစ်ပိုင်းဖြစ်နေလေတော့၏။

မင်းကုသဟူသော နာမည်မှာ ထင်ရှားကျော်ကြားသလောက် ဖေသိန်းမှာ ငွေဝင်လမ်းဖြောင့်သော စာရေးဆရာတစ်ယောက် ဖြစ်သော်လည်း ၎င်းတို့နှစ်ယောက်မှာ လုံပျို့ကိုယ်နှင့် နေထိုင်ကြသူများ ဖြစ်သောကြောင့် ရှာဖွေရရှိသော ပစ္စည်းဥစ္စာကို ထိန်းသိမ်းမည့်သူမရှိဘဲ ရတုန်း၌ တွင်တွင် ဖြုန်းတတ်သော ဝါသနာမှာ ကောလိပ်ကျောင်းမှ အမွေရခဲ့ကြသည့်အလျောက် လကုန်လျှင် အိမ်လခတောင်းလာသော ဒရဝမ်ကုလားနှင့် ရန်မဖြစ်ဖို့ရန် လစဉ် ငွေ ၃၀ မျှလောက်ကို အနိုင်နိုင် ခြိုးခြံ၍ စုဆောင်းထားကြရပေ၏။

ထိုသို့လျှင် ဘမြင့်နှင့် ဖေသိန်းတို့သည် တစ်ယောက်နှင့်တစ်ယောက် လွန်စွာပင် ချစ်ခင်ကြင်နာစွာ အစဉ်သဖြင့် တစ်ယောက်နှင့် တစ်ယောက် ရယ်မောပျော်ရွှင်စွာ နေထိုင်လာခဲ့ကြ၏။ နှစ်ဦးစလုံးမှာ ပြောမနာဆိုမနာရှိကြ၍ အားလပ်စွာ နေထိုင်ကြသည့်အခါတိုင်း တစ်ယောက်ကို



တစ်ယောက် ပြောင်လှောင်ရွတ်နောက်၍ နေတတ်ကြပေ၏။

ရုပ်ရှင်ပွဲလမ်း စသဖြင့် တစ်နေရာရာသို့ သွားရန်ရှိ၍ ဝတ်စားပြင်ဆင်ကြကာ မှန်ရှေ့တွင် အတူယှဉ်၍ ရပ်မိကြလျှင် ဘမြင့်သည် ဖေသိန်း၏ အရုပ်ဆိုးခြင်းကို စလေ့ရှိ၏။ ဖေသိန်းမှာ မိမိအား အရုပ်ဆိုးသည်ဟု ပြောကြခြင်းကို တစ်ခါတစ်ရံ စိတ်ထဲက မခံချင်ဖြစ်မိကာ သွားလာရန် ရှိကြသည့်အခါတွင် အတော်ပင် ကြိုးကြိုးစားစား ဝတ်စားပြင်ဆင်လေရာ။

"ဟော့... ဖေသိန်းရာ မှန်ပေါက်ပြီး ထွက်ပါ့မယ်၊ မင်း ဘယ်လိုပဲ ပေါင်ဒါချဦးတော့ နဂိုရှိမှ နဂိုဏ်းထွက်မှာပါကွာ။ ငါ့လောက်များချောရင် ခက်မယ်"

"အံမာ မင်းက ငါ့ထက်များ ဘယ်လောက်သာလို့လဲကွ။ ငါက အသားမည်းလို့ပါ၊ ရုပ်ရှင် သနပ်ခါးလိမ်းလိုက်ရင် ငါလည်း ဓာတ်လိုက်မင်းသားတစ်ယောက်တော့ ဖြစ်နိုင်ပါတယ်"

"ဟားဟား မင်းလို ဂျပုကလေးလား ရုပ်ရှင်မင်းသားဖြစ်မှာ တို့လို အရုပ်အမောင်းကောင်းတဲ့ အကျောင်မှဖြစ်မှာ"

"အေး မင်းအရုပ်ကောင်းတော့ အလောင်းလုမှာပေါ့ကွာ။ ခေါင်းရှည်ရှည်ကလေးနဲ့ မသာချရမယ်"ဟု ဖေသိန်းက ပြန်ပြောကာ နှစ်ယောက်သား ပြိုင်တူရယ်မောကြလေ့ ရှိလေ၏။

မင်းကုသဟူသောနာမည် ထွက်ပေါ်ထင်ရှားလာသည့် နေ့မှစ၍ ဖေသိန်းထံသို့ ဝတ္ထုဖတ်ရှုသူများထံမှ စာအမြောက်အမြား ရောက်ရှိခဲ့ပေ၏။ အချို့သော စာတို့မှာ ဖေသိန်းကဲ့သို့ ဝတ္ထုရေး ဝါသနာပါသူများထံမှ ဖြစ်ပြီးလျှင် ဖေသိန်း၏ နည်းနာနိဿည်းတို့ကို တပည့်ခံလိုကြောင်း ရေးသားတောင်းပန်သော စာများဖြစ်၏။ အချို့တို့မှာ ဖေသိန်း၏ ဝတ္ထုများကို အလွန်ကြိုက်နှစ်သက်ကြောင်း ချီးမွမ်းစာများဖြစ်၍ အချို့တို့မှာ ဖေသိန်း

www.burmeseclassic.com

www.burmeseclassic.com



ရေးသော ဝတ္ထုများတွင် မည်သည့်အကွက်မှာ မှားသည်ယွင်းသည်၊ မည်သည့်အကွက်မှာ သဘာဝမကျ စသဖြင့် ဝေဖန်ကြသော စာများဖြစ်ပြီးလျှင် တချို့တို့မှာ ဖေသိန်းနှင့် အသိမိတ်ဆွေဖြစ်လို၍ ရေးကြသော စာများဖြစ်လေသည်။

ထိုသို့ရေးသားပေးပို့ကြသော စာများတွင် မိန်းမပျိုကလေးများ၊ ကျောင်းဆရာမကလေးများထံမှ ပေးပို့သော စာများလည်း မနည်းလှပေ။ ဖေသိန်းမှာ ထိုသို့ မိမိ၏ ဝတ္ထုများကို ဖတ်ရှုသူ ယောက်ျား၊ မိန်းမတို့ထံမှ ပေးပို့သော စာများကို ပြန်ကြားရေးသားရသည်မှာ အလုပ်ပိုတစ်ခုပင် ဖြစ်သော်လည်း ထိုအလုပ်ကို အလုပ်ပိုတစ်ခုဟူ၍ သဘောမထားဘဲ ခင်မင်စွာ ပြန်ကြားရေးသားလေ့ရှိရာ ဖေသိန်းမှာ မြို့ရွာအသီးသီး၌ လူချင်းမမြင်ရဘဲ စာဖြင့်ဆက်သွယ်ရသော မိတ်ဆွေများ အတော်ပင် များပြားစွာ ရှိခဲ့ပြီးလျှင် အချို့သော မြို့ရွာများမှ မိမိကိုယ်တိုင် မရောက်ဘူးသော်လည်း စာရေးဖော် မိတ်ဆွေများထံမှ ဒေသန္တရ ဗဟုသုတ ရရှိကာ မိမိ၏ ဝတ္ထုများတွင် မကြာမကြာ ထည့်သွင်းအသုံးပြုရသော ကျေးဇူးကို ခံစားရသည့်ပြင် တစ်ခါတစ်ရံ ထိုသူတို့ထံမှ မိမိတို့မြို့၌ အချစ်နှင့်ပတ်သက်သော အကြောင်းအရာကလေးများကို ဝတ္ထုထဲတွင် အသုံးပြုနိုင်ရန် ရေးသားပေးပို့ကြသည့်အတွက် ဖေသိန်းသည် ဝတ္ထုရေးကွက် ကောင်းသော အကြောင်းအရာကလေးများကို သူ၏ သဘောနှင့် တိုက်ဆိုင်၍ ဝတ္ထုထည့်သွင်း ဇာတ်ကွက်ဖန်တည်းရေးသားလိုက်ရာတွင် ထိုဝတ္ထုမှာ သက်ဆိုင်သောမြို့တွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ရောင်း၍မလောက်နိုင်အောင် ရှိရုံမျှမက တကယ့်အဖြစ်အပျက်ကို အခြေတည်၍ ရေးသားသော ဝတ္ထုဖြစ်ရကား ဖေသိန်း၏ အရေးအသားကောင်းခြင်းအားဖြင့် မြန်မာတစ်ပြည်လုံးရှိ မြို့ရွာအသီးသီးတို့တွင်လည်း ဝတ္ထုဖတ်ရှုသူတို့၏ စိတ်တွင် နှစ်သက်ဖွယ်လမ်းခြင်းကို ဖြစ်စေလေတော့၏။



ဖေသိန်း၏ ဂရုတစိုက် စာပြန်ကြား ရေးသားခြင်းအားဖြင့်လည်း အမြို့မြို့ရှိ ဖေသိန်း၏ စာရေးဖော် မိတ်ဆွေတို့သည်။ ဖေသိန်းအား များစွာပင် ကြည်ညိုချစ်ခင်လျက် ရှိကြသည့်ပြင်၊ မင်းကုသတည်းဟူသော ဝတ္ထုရေးဆရာကြီး တစ်ဦးတစ်ယောက်နှင့် အသိမိတ်ဆွေ ဖြစ်ရခြင်းမှာ ၎င်းတို့အဖို့ တစ်ဂုဏ်ပင်ဖြစ်သောကြောင့် မိမိတို့မြို့ရွာများတွင် စားကောင်း၊ သောက်ဖွယ်များ ပေါ်ထွက်သည့်အခါ ဖေသိန်းထံသို့ ပို့ကြရန် မမေ့ကြသည့်အတွက် ဖေသိန်းမှာ မိမိ၏ စာရေးဖော်များထံမှ စားကောင်းသောက်ဖွယ်များနှင့်တကွ၊ အခြားသော လက်ဆောင်ပစ္စည်းများကို မကြာမကြာ ရရှိလေ၏။

တစ်နေ့တွင် ဖေသိန်းသည် ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးသားလျက်ရှိရာ ဇာတ်လမ်းတွင် အလွမ်းခန်းသို့ ရောက်နေရာ၌ အကြံအိုက်၍နေကာ ရှေ့သို့မဆက်နိုင်ဘဲ ရှိသောကြောင့် –

"ဟော့... ဘမြင့်၊ မင်း တယောယူပြီး သီချင်းတစ်ပုဒ်လောက် ထိုးစမ်းကွာ"ဟု ပြောလိုက်သည်တွင် ဘမြင့်မှာ အကြောင်းသိနေပြီဖြစ်သဖြင့် "ဘာလဲကွ၊ မင်း အလွမ်းခန်းရောက်နေပြီလား၊ ဘာများ အကြံအိုက်နေလို့၊ ရှေ့ဆက်ပြီး ရေးဖို့ခက်နေတာလဲ"

"ဟာကွာ၊ ဝတ္ထုထဲက ဇာတ်လိုက် အပူတိုက်ခန်း ရောက်နေတာ ဆက် အိမ်လခအတွက် ငါ အပူတိုက်ခန်း ရောက်နေတာက ခေါင်းထဲဝင်ပြီး ရှုပ်နေတာနဲ့ ဝတ္ထုဇာတ်လမ်းကို စဉ်းစားတိုင်း အိမ်လခလာပြီး တောင်းတဲ့ ဒရဝမ်ကုလားရဲ့ မျက်နှာကြီးကို မြင်မြင်နေရလို့ ဆက်ပြီး ရေးလို့ကို မရဘူး"ဟု ပြန်ပြောကာ ဖေသိန်းသည် မိမိအဖြစ်ကိုတွေး၍ ပြုံးမိလေ၏။

ဘမြင့်သည် တယောကို ယူပြီးနောက် ပက်လက်ကုလားထိုင်တွင် ထိုင်လျက် တယောကြိုးညှိရင်း "မင်းမျက်စိထဲမှာ ပေါ်လာတဲ့ ဒရဝမ်

www.burmeseclassic.com

www.burmeseclassic.com



ကုလားကို နောက်ထပ် ပေါ်မလာအောင် စိတ်ကူးထဲမှာ မုတ်ဆိတ်မွေးကြီး၊ ပြေးပြီး ဆွဲဆောင့်လိုက်ပါလားကွ”ဟု ခပ်ရွှမ်းရွှမ်းပြောကာ တယောကို လက်ပေါက်စမ်းလိုက်လေ၏။

ဖေသိန်းကား ဘာမှပြန်မပြောဘဲ ခပ်ပြုံးပြုံးလုပ်၍ နေပြီးလျှင် ကုလားထိုင်ကို နောက်မှီကာ မျက်နှာကြက်ဆီသို့ ခေါင်းမော့လျက် မျက်စိကိုမှိတ်၍ စဉ်းစားရင်း တယောသံကို နားစိုက်၍နေလေ၏။

ထိုသို့ နားစိုက်နေရာတွင် တယောသံကြားထဲမှ ဒေါက်... ဒေါက်... ဒေါက်ဟု အခန်းခေါက်သံကို ကြားရသဖြင့် ငေါက်ခနဲခေါင်းထောင်၍ထကာ မျက်လုံးပြူးသွားလေတော့သည်။ ဘမြင့်မှာလည်း တယောမထိုးနိုင်ဘဲ ရပ်၍သွားလေ၏။

ဖေသိန်းသည် စာရေးနေရာမှ ကမန်းကတန်းထကာ “ဟေ့ ပြောရင်းဆိုရင်း အိမ်လခကုလား လာပြီထင်တယ်၊ ငါ မရှိဘူးလို့ ပြောလိုက်၊ ငါ အိမ်ထဲမှာဝင်ပြီး ပုန်းနေမယ်”ဟု ဘမြင့်အား တိုးတိုးကြိတ်၍ ပြောပြီးလျှင် အိမ်တွင်းသို့ လျင်မြန်စွာဝင်၍ ပြေးလေ၏။

ဘမြင့်လည်း တယောကိုပိုက်လျက် ထလာပြီး တံခါးနားသို့ သွား၍ရပ်ကာ ဖွင့်၍မပေးသေးဘဲ “ကွန်းဟဲ”ဟု မေးလိုက်၏။ သို့ရာတွင် အပြင်ဘက်မှ ဘာမှပြန်၍မပြောဘဲ ဒေါက်-ဒေါက်-ဒေါက်ဟု ထပ်၍ခေါက်သံကိုသာ ကြားရသဖြင့် နောက်ထပ် မမေးတော့ဘဲ တံခါးအပေါ် ကလန့်ကိုဖြုတ်ကာ ဖွင့်၍ပေးလိုက်ရာ မိမိတို့ထင်သော ဒရဝမ်ကုလားမဟုတ်ဘဲ သတင်းစာတိုက်တစ်တိုက်မှ ခိုင်းစေသော သူငယ်ကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသောကြောင့် မိမိတို့၏ ထိတ်လန့်ခြင်းကို တွေး၍ရယ်မိကာ၊ ဟားဟား။ “မင်းနှယ်ကွာ၊ အသံကလေးဘာလေး ပေးရောပေါ့ကွာ။ ဒီမှာ သွေးနုသားနုနဲ့ ထိတ်လန့်နေရတဲ့အထဲ အလန့်ထန်းလျက် မလုပ်စမ်းပါနဲ့”ဟု ရယ်ပြောလိုက်သောအသံကို ကြားရမှ



ပုန်းနေသော ဖေသိန်းမှာ ရင်ထဲက အလုံးကြီးကျ၍သွားတော့၏။

ထိုသူငယ်ကလေးသည် ဘမြင့်ကိုကြည့်၍ ပြုံးရယ်လျက် “ဆရာ မရှိဘူးလား”ဟု မေးလေ၏။

“ရှိတယ် ဘာကိစ္စရှိလို့လဲ”

“ဒီမှာ ကျွန်တော်တို့တိုက်ကတစ်ဆင့် ဝတ္ထုရေးဆရာ မင်းကုသ ပေးပါဆိုတဲ့ စာတစ်စောင် ပါလာတယ်”ဟု ဆိုကာ စာတစ်စောင်ကို ထုတ်၍ပေးလေ၏။

ထိုအခါမှ ဖေသိန်းသည် အိမ်ခန်းထဲမှ ထွက်၍လာရုံကာ “ဘယ်ကစာလဲဟေ့”ဟု ဘမြင့်အား လှမ်း၍မေးလိုက်လေ၏။

“မန္တလေးကစာပဲ၊ မိန်းမလက်ရေးနဲ့”

ဖေသိန်းသည် ဘမြင့်အား အနားသို့ရောက်လာပြီးလျှင် စာကိုယူကာ “ဦးဖွ၊ ငါ့ကိုကြိုက်ပြီး ငွေပို့လိုက်တဲ့စာ ဖြစ်ပါစေ”ဟုဆို၍ စာအိတ်ကို ဖွင့်မည်အပြုတွင် “ဆရာ လက်မှတ်ထိုးပါဦး၊ ကျွန်တော် မြန်မြန်ပြေးရဦးမယ်”ဟု စာပို့သူငယ်ကလေးက ပြောရင်း စာလက်ခံစာအုပ်ကို ထိုးပေးသဖြင့် “ဘမြင့် မင်း လက်မှတ်ထိုးလိုက်စမ်းကွာ၊ ဒီစာကိုဖတ်ရမှာ တစ်မိနစ်နောက်ကျ မခံနိုင်ဘူး”ဟု ပြောပြောဆိုဆို စာကို ဖောက်လိုက်လေ၏။

ဘမြင့်သည် စာအုပ်ထဲတွင် လက်မှတ်ရေးထိုးလိုက်ပြီး စာပို့သူငယ်ကလေး ထွက်သွားသည့်တိုင်အောင် စောင့်ကာ တံခါးပိတ်လိုက်ပြီးနောက် ဖေသိန်းထံသို့ ကပ်၍လာကာ ဖေသိန်း၏နောက်မှ ရပ်၍ ၎င်း၏ ပခုံးကိုကျော်ပြီး စာကိုဖတ်ကြည့်ရာ -

ဆရာမင်းကုသရှင့်

ဤစာကိုရေးသူမှာ ဆရာ့ထံသို့ ယခင်က စာပေးအဆက်အသွယ် မရှိဘူးသဖြင့် မည်သူဖြစ်သည်ကို ဆရာ သိမည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျွန်မသည် ဆရာ၏ ဝတ္ထုများကို မည်သည့်အခါမျှ လက်မလွှတ်စေဘဲ အမြဲဖတ်နေသူတစ်ယောက် ဖြစ်ပါသည်။ ကျွန်မမှာ ဆရာ၏ ဝတ္ထုများကို ဖတ်၍နေရလျှင် အလွန်သာယာနာပျော်ဖွယ်ကောင်းသော တေးသီချင်းကို နားထောင်နေရသကဲ့သို့ ကျွန်မစိတ်ထဲတွင် အစဉ်သဖြင့် နှစ်သိမ့်ကြည်နူးခြင်း ဖြစ်မိပါသည်။ ဆရာရေးသမျှ ဝတ္ထုများကို ကျွန်မ မဖတ်ဖူးသည့် ဝတ္ထုဟူ၍ ရှိမည်မထင်ပါ။

မကြာမီက ဆရာရေးလိုက်သော ကျောင်းတော်သူ ဝတ္ထုမှာ ကျွန်မတို့မြို့တွင် ထွက်လျှင်ထွက်ခြင်း ကုန်၍သွားရာ ကျွန်မမှာ မရလိုက်ဘဲ ရှိနေပါသည်။ ကျွန်မမှာ ဆရာ၏ ဝတ္ထုအားလုံးသားရေဖုံးဖြင့် ကောင်းစွာချုပ်လုပ်ထားပြီးလျှင် အမြတ်တနိုးသိမ်းဆည်းထားကာ အားသည့်အခါတိုင်း ပြန်၍ဖတ်ရှုရပါသည်။ သို့ရာတွင် ယခု ဝတ္ထုကို ကျွန်မ မရလိုက်သဖြင့် လွန်စွာမှ စိတ်မကောင်းဖြစ်မိပါသည်။ ကျောင်းတော်သူဝတ္ထုကို ကျွန်မ၏ အသိမိတ်ဆွေ ဆရာမတစ်ဦးထံမှ ငှားရမ်း၍ ဖတ်ရှုရပါပြီ။ သို့ရာတွင် ကျွန်မမှာ ဖတ်ရှုရရုံနှင့် အားမရပါ။ စာအုပ်အဟောင်းကို အဖိုးငွေနှစ်ဆပေး၍ ဝယ်သော်လည်း မရောင်းပါ။ စာအုပ်ဆိုင်များမှာလည်း ဝယ်၍မရပါ။ ပုံနှိပ်ထုတ်ဝေသောတိုက်သို့ စာရေးမှာကြားသော်လည်း ကုန်နေပြီဟု စာရပါသည်။

သို့ဖြစ်ပါ၍ ထိုစာအုပ်ကို ဆရာ့ထံတွင် ရကောင်းရနိုင်လိမ့်မည်ဟု မျှော်လင့်ကာ ဤစာကို ရေးသားလိုက်ပါသည်။ ဤစာအုပ် ဆရာ့ထံ၌ ရှိပါလျှင် မေတ္တာရှေ့ထား၍ ကျွန်မထံ ပေးပို့စေလိုပါသည်။ စာအုပ်အဖိုးနှင့်တကွ ကုန်ကျစရိတ်ကို ဆရာတောင်းဆိုသမျှ ပေးပါမည်။ ဤကဲ့သို့ ဆရာ၏ထံမှ



စာအုပ်ကို ငွေပေးဝယ်ယူခြင်းသည် ဆရာ၏ ဂုဏ်သရေကို မထိခိုက်ပါလျှင် ကျွန်မ၏ ငွေကို လက်ခံစေလိုပါသည်။

ဟု ဘမြင့်မှာ စာကိုဖတ်၍ မဆုံးသေးခင် ဖေသိန်းက စာဖတ်၍ပြီးနှင့်နေပြီဖြစ်သောကြောင့် စာရွက်ကို ရုပ်သိမ်းခါ၊ ပါးစပ်မှ ဝမ်းမြောက်စကားကို ဟစ်ကြွေးပြီးလျှင် လက်နှစ်ဖက်ကို ဝမ်းသာအားရ မြှောက်လိုက်ရာ၊ ဘမြင့်မှာ ဖတ်၍မဆုံးသေးသဖြင့် "ဟေ့ နေပါဦးကွ၊ ပေးစမ်းပါဦး၊ ငါ ဖတ်လို့မဆုံးသေးဘူး"ဟု ပြောရင်း စာရွက်ကို လှမ်း၍ဆွဲလိုက်သော်လည်း ဖေသိန်းက "အံမယ် မင်း ဖတ်မပြီးသေးလေမဲ့ မပေးနိုင်ဘူးမောင်၊ ဒီစာကို မင်း လက်ပုပ်ကြီးနဲ့ကိုင်တာ ငါ မခံနိုင်ဘူး"ဟု ရယ်ရယ်မောမောပြောလျက် စာကို လျှင်မြန်စွာ ရှပ်အင်္ကျီရင်ပတ်ကြားထဲသို့ ထိုးသွင်းလိုက်လေ၏။

"သူငယ်ချင်းရာ ငါလည်းပြီးအောင် ဖတ်စမ်းပါရစေကွာ၊ မင်းကလည်း စာရွက်ကလေးတောင်မှ သိပ်ပြီး နှမြောတာကိုးကွ၊ လူဆိုရင် ဘယ်လောက်များ သဝန်တိုလိုက်မလဲ မသိဘူး"

"အိုကွာ၊ လူဆိုရင် အကြည့်တောင်ခံမှာ မဟုတ်ဘူး"

"မင်း ဝမ်းသာတယ်ဆိုရင် ငါလည်း ဝမ်းသာပါရစေ သူငယ်ချင်းရာ၊ ဘယ်သူက ပေးလိုက်တဲ့စာကလေးလဲကွ"

"မခင်တင့်တဲ့ ဟိုက်စကူးကျောင်း ဆရာမလေး"ဟုပြောပြီးနောက် ဖေသိန်းသည် ရင်ပတ်ကြားထဲမှ စာရွက်လေးကို ပြန်၍ထုတ်ပြီးလျှင်၊ "ဟဲ...ဟဲ... ငါ အလကား နောက်နေတာပါ သူငယ်ချင်းရာ၊ ရော့ဖတ်ပါ၊ အားရအောင်ဖတ်၊ အလွတ်ရအောင်ဖတ်၊ သဘောရှိ"ဟုဆိုကာ ဘမြင့်အား သဒ္ဒါရက်ရောစွာ ပေးလိုက်လေ၏။

ဘမြင့်သည် စာကို ဝမ်းသာအားရ ဖတ်၍နေပြီးလျှင် စာဆုံးသည်နှင့် တစ်ပြိုင်နက် "နိပ်ဟ မင်းတော့ သေသေချာချာ ပွတာပဲ၊ သူ့စာဖတ်

www.burmeseclassic.com

www.burmeseclassic.com



ရပုံထောက်လိုက်တော့ မင်းဝတ္ထုတွင်မကဘူး လူကိုပါ ကြိုက်နေပုံရတာပဲ” ဟု ဆိုလေ၏။

“မင်းကလဲကွာ၊ ငါ့ကို ကြိုက်လိမ့်မယ်လို့များ ထင်တတ်ပလေတယ်၊ သူ့ခများ ငါ့ကို တကဲ့ပညာရှိ ပုဂ္ဂိုလ်ကြီးလို ကြည်ညိုနေတာပါကွာ”

“မယုံရင် မင်း မခင်တင့်ဆီကို ခပ်ချိတ်ချိတ် စာပြန်ပြီး ရေးကြည့်စမ်းပါလား။ စာ ၂ စောင်ပြန်မိလို့မှ သူက ချစ်တယ်လို့ဆိုတာ မသိရရင် ငါ့လည်ပင်းဖြတ်ကွာ”

“တယ်လဲ အာမခံရဲလိုက်ပါကလားကွ”

“ဟေ့ ငါက သေချာလွန်းလို့ ပြောနေတာ၊ မယုံရင် မင်းရေးကြည့်လေ၊ ရေးမယ်မဟုတ်လား”

“ရေးတာက ကိစ္စမရှိပါဘူး။ နို့ပေမယ့် မင်းရှုံးလို့ မင်းလည်ပင်းတော့ မဖြတ်ပါရစေနဲ့၊ လူသတ်မှုနဲ့ အချုပ်ခံရမှဖြင့် မျက်မှန်ကြီးနဲ့ လက်ထိတ်နဲ့ ကြည့်မကောင်းပါဘူးကွာ” ဟု ပြောင်လိုက်သဖြင့် ဘမြင့်မှာ ဟက်ဟက်ပက်ပက် ရယ်မိပြီး။

“အကျီနီကလေးနဲ့ မင်းအသားနဲ့ဆိုရင် သိပ်လိုက်တာပေါ့ကွာ၊ အသားမည်းရဲ့ဆင် ဆိုသလိုပေါ့”ဟု ပြောပြီး။ “ဟေ့ ပြောနေကြာတယ်ကွာ၊ ချက်ချင်း စာပြန်ကြည့်စမ်းပါ၊ ငါပြောတဲ့အတိုင်း မဟုတ်ရင် မင်း ငါ့ကို သဘောရှိကွာ”

“မလုပ်ပါရစေနဲ့ မောင်ရင်ရာ၊ ယောကျ်ားချင်း သဘောရှိတာ အာမခံတောင် မရဘူးလို့ပြောတယ်”

“တော်ကွာ၊ မင်းပြောရတာ သိပ်ကြပ်တာပဲ”

“ဟဲ… ဟဲ ငါကြပ်တာ မင်းတစ်ယောက်တည်းပဲ သိပါစေကွာ”

“လာ လာချည်သေးတယ်၊ ကဲ မင်း မရေးဘူးလား”

“ရေးမှာပေါ့ကွာ”ဟု ဖေသိန်းက ပြောလိုက်မှ ဘမြင့်သည်



ပြုံးရယ်လာပြီးလျှင် “ဒီလို ရှိစေရမပေါ့ကွ”ဟုဆိုကာ စာအုပ်စင်ရှိရာသို့ သွားပြီးလျှင် ကျောင်းတော်သူ စာအုပ်ကို ရှာဖွေပေးလေ၏။

ဖေသိန်းသည် မိမိ စာရေးစာပွဲတွင် ပြန်၍ထိုင်ကာ စာပြန်ရန် အတွက် မည်သို့မည်ပုံ စောင်းချိတ်၍ ရေးရန်ကောင်းမည့် စကားလုံးများကို အတန်ကြာ စဉ်းစားပြီး စားပွဲပေါ်ရှိ စောစောက ရေးလက်စနှင့် ရပ်ထားသော ဝတ္ထုရှည် ရေးထားသည့် စာရွက်များကို သိမ်းဆည်းကာ မခင်တင့်ထံပေးရန် စာကို ကောက်၍ ရေးလေ၏။

ဖေသိန်း စာရေး၍အပြီးတွင် ဘမြင့်သည် ကျောင်းတော်သူဝတ္ထု စာအုပ်ကို စာတိုက်မှ ပါဆယ်ပြုလုပ်ပေးပို့ရန် အဆင်သင့်ထုပ်ပိုးပြီးသား ဖြစ်နေသည်ကို တွေ့ရသဖြင့် ဖေသိန်းမှာ လွန်စွာ သဘောကျသွားကာ၊ “ကိုယ့်လူက ဒီလိုကိစ္စမျိုးဆိုရင် တယ်ပြီး အမှုထမ်းကောင်းပါကလား” ဟူ၍ ချီးမွမ်းလိုက်လေ၏။

“ကောင်းရပါပြီလား မောင်ရာ၊ ဒီလိုအချက်ကောင်း တွေ့လို့မှ မစွံရင် မင်း နောက်ကို ဘယ်တော့မှ စွံမှာမဟုတ်ဘူး” ဆိုရင်း ဖေသိန်း ရေးပြီးသားစာကို ဆွဲယူ၍ဖတ်လေ၏။

ဘမြင့်မှာ ဖေသိန်းရေးထားသော စာသွားစာလာကို လွန်စွာသဘော ကျ၍သွားကာ “နိပ်ဟ ဒီလိုအရေးအသားကောင်းတာတွေကြောင့် မင်းကုသ မင်းကုသနဲ့ မြန်မာပြည်တစ်ဝှမ်းမှာ ကျော်ပေတာပဲ”ဟု ချီးမွမ်းလိုက်ရာ။

ဖေသိန်းသည် ပါးစပ်မှ ဒိုင်းခနဲ အသံထွက်ကာ မျက်နှာကို ရှုံ့မဲ့ပြီး လက်ဖြင့်ငယ်ထိပ်ကို ဖိနှိပ်ပြလိုက်သဖြင့် –

“ဟ… ဘာဖြစ်တာတုန်း ဝက်ရူးပြန်တာလား”

“မဟုတ်ပါဘူး၊ မင်း ငါ့ကို သိပ်မြှောက်လိုက်တာ ဝေဇယန္တာ ခါးပန်းနဲ့ ငါ့ခေါင်းနဲ့ ပိတ်ပြီးရိုက်မိလို့”ဟုပြောပြလိုက်မှ ဘမြင့်မှာ အသံထွက်အောင် ရယ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ ဖေသိန်းက "ကဲ ကဲ ပြောနေကြာတယ်။ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ ဆိုတာလို မင်းပဲဟောဒီပါဆယ်နဲ့ စာကို စာတိုက် သွားပြီး ပို့လိုက်ပါဦး"ဟု ပြောလိုက်ရာ ဘမြင့်လည်း ခါးကိုကိုင်းရှိုင်းပြီး ပြောင်ချော်သော မျက်နှာဖြင့် "ကောင်းလှပါပြီခင်ဗျာ"ဟု ပြောကာ ပါဆယ်နှင့် စာကိုယူပြီး တဒိုင်းဒိုင်းမြည်သော ခြေသံဖြင့် လှေကားမှ ဆင်း၍ပြေးလေ၏။

❐

ဝတ္ထုရေး ဆရာတို့၏ ဘဝမှာ မိမိတို့ရေးသားသော ဝတ္ထုများထဲ တွင် ပါဝင်သည့် ဇာတ်လိုက်မင်းသား၊ မင်းသမီးတို့၏ အဖြစ်အပျက်များ ကဲ့သို့ပင် အလွမ်းအဆွေး အလွန်တရာများလှပေ၏။ ဝတ္ထုရေးဆရာ တို့၏ အဖြစ်ကို အပြင်အပလူများ တွေ့မြင်ကြရလျှင် ထိုသူတို့၏ ဘဝမျိုးကို အဘယ်အခါမျှ မရောက်ရပါစေနှင့်ဟု အနီးဆုံး၌ရှိရာ ဘုရား သို့ပြေးပြီးလျှင် ဆုတောင်းကောင်း ဆုတောင်းကြပေလိမ့်မည်။ ဝတ္ထုရေး ဆရာတိုင်းလိုလိုပင် ဒုက္ခဆင်းရဲ အမျိုးမျိုးခံကာ နာမည်ထွက်ပေါ်လာပြီး ခွဝင်မှန်အောင် မနဲပင် ကြိုးစားခဲ့ကြရရှာ၏။ ထိုသို့ နာမည်ထွက်ပေါ်၍ လာသည့်တိုင်အောင်ပင် ချမ်းချမ်းသာသာ တိုက်နှင့်တာနှင့် ကိုယ်ပိုင် မော်တော်ကားနှင့် နေနိုင်ဖို့ရန်မှာ အိပ်မက်ထဲမှာပင် ထိုစည်းစိမ်မျိုးကို ခံစားကြရရှာပေ။ သို့ရာတွင် ဝတ္ထုရေးဆရာတို့၏ ဘဝမှာ ဘိန်းစား၏ ဘဝနှင့် မခြားလှပေ။ ဘိန်းစားသည် မိမိ၏အလုပ်မှာ လူနတ် စက်ဆုပ်သော အလုပ်တစ်ခုဖြစ်ကြောင်းကို ၎င်းတို့ကိုယ်တိုင် စက်ဆုပ်ရွံရှာ သိရှိကြပါသော် သည်း ဘိန်း၏ အနံ့အရသာကို မခံစားဘဲ မနေနိုင် ရှိကြသည့်နည်းတူ ဝတ္ထုရေးဆရာတို့မှာလည်း 'မိမိတို့၏ဘဝမှာ ဒုက္ခဆင်း ရဲအမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ခံစားကြရသည်ကို သိရှိတွေ့ကြုံကြရသော်လည်း ဘိန်းစွဲသူနှင့် မခြာ မိမိဘ၀ကို မစွန့်လွှတ်နိုင်ကြရှာပဲ ရှိကြသည်။

ဘိန်းစားသည် ဘိန်း၏စည်းစိမ်တွင် ယစ်မူးကာ လူစည်းစိမ် နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ကို လှဲလျောင်းရာမှ မထမကြွဘဲ တထိုင်တည် ခံစားကြရသကဲ့သို့ စာရေးဆရာတို့မှာလည်း ထိုသို့ ဒုက္ခဆင်းရဲများ ခံစားနေကြရသည့် အထဲမှ ရေးလိုက်သည့် ၀တ္ထုကို ရောင်းချရ၏။ ငွေ လာသည့်အခါ၌လည်းကောင်း၊ မိမိရေးသော ၀တ္ထုကို ချီးကျူးစာများ တွေ့ရသည့်အခါ၌လည်းကောင်း၊ အလွန်တရာမှပင် ၀မ်းမြောက်ပျော်ရွှင် မိကြပေ၏။

၀တ္ထုရေးဆရာတို့၏ ၀မ်းမြောက်ပျော်ရွှင်သော စည်းစိမ်အရသာ မျိုးကို အခြားသောသူတို့ ခံစားရရှိသော စည်းစိမ်တို့မှ မမှီနိုင်ပေ။ အလွန်တရာ ကြပ်တည်းဆင်းရဲနှင့် တွေ့နေစဉ်၊ မိမိတို့ ရေးပေးထားသော ၀တ္ထုမှ ငွေအနည်းငယ် ရလိုက်သည့်အခါ လည်းကောင်း၊ ချီးမွမ်းသည့် စာကလေးများကို ရလိုက်သည့်ခါလည်းကောင်း၊ ထိုယခင်က ခံစားခဲ့ရ သော ဒုက္ခသည် မိုးသားတိမ်လိပ်များ ကင်းစင်သွားသော ကောင်းကင်ကဲ့ သို့ လွန်စွာမှ ကြည်လင်ရွှင်ပြုံးခြင်းဖြစ်ကာ သိန်းထီပေါက်သည်ထက် ၀မ်းမြောက်မိကြပေ၏။

ဖေသိန်းသည် မခင်တင့်၏ စာကို ရလိုက်သည်တွင် ပူပင်သောက တို့ကို လုံး၀မေ့ပျောက်သွားကာ အားရ၀မ်းသာ၍ မဆုံးနိုင်ဘဲ ရှိလေတော့ ၏။ ထိုစာကို ဖေသိန်းက ပြန်ကြားလိုက်၍ မခင်တင့်ထံမှ ပြန်စာတဖန် ရောက်ရှိလာပြန်သည်တွင် ဖေသိန်းမှာ မိမိ၏ဘ၀ကို သိကြားမင်း စည်းစိမ်နှင့် မလဲချင်လောက်အောင် ရှိမိပေ၏။

"ဟေ့ ဖေသိန်း မြန်မြန်ဖတ်စမ်းပါဦးကွ၊ ငါလည်း ဖတ်ချင်လှပြီ ဘာတွေများ စာပြန်လိုက်သလဲ"



ဖေသိန်းသည် စာကိုဖတ်၍ အပြီးတွင် "အကျိုးတော့ နည်းတာပဲ"ဟု အရင်းအမျှမရှိ ပြောလိုက်ရာ ဘမြင့်မှာ မျက်လုံးပြူး၍သွားကာ မိမိ လည်ပင်းကို စမ်းမိပြီးလျှင် "ဘယ့်နှယ့်လဲကွ၊ နေရာမကျဘူးလား၊ နို့ပေမဲ့ ငါ့လည်ပင်းတော့ မဖြတ်ပါနဲ့ ချမ်းသာပေးပါကွာ၊ ငါ အရင်ပြော တာတွေဟာ ပြောင်…ပြောင်တာကွ၊ ဘွာ… ဘွာ"ဟု နောက်သလို ပြောလိုက်လေ၏။

"နေရာမကျလို့ မဟုတ်ဘူး၊ နေရာကျလွန်းလို့ ခက်နေတယ်"

"နေရာကျတာပဲ ခက်နေရသေးသလားကွ"

"ခက်ဆို သူ့စာထဲမှာ ငါ့ဓာတ်ပုံကို တောင်းနေလို့ကွ"ဟု ပြော လိုက်သဖြင့် ဘမြင့်မှာ ဟက်ဟက်ပက်ပက်ကြီး ရယ်မောမိကာ "အံ့ချင် စရာ ငါ့ပုံနှယ်ဆိုးရွေသလား မာန်၀င်ကာ လှဂုဏ်ဖြင့်လည်း မကိုးသင့်ဘူး။ ဟမယ်မင်း… ဟင်း…ဟင်း"ဟု ငိုချင်းချ၍ ပြောလိုက်ရာ–

ဖေသိန်းမှာ စိတ်အိုက်၍ မနေနိုင်တော့ဘဲ ဘမြင့်ကိုကြည့်၍ ပြုံးကာ နှောင်ချပ်ချပ်၊ နှောင်ချပ်ချပ်နှင့် ပါးစပ်မှ မျောက်ဆိုင်းတီး၍ ပေးလိုက်မှ ဘမြင့်သည် ငိုချင်းကို တစ်ပိုင်းတစနှင့် ဖြတ်လိုက်လေတော့၍–

"ငါ့လန္ဒိုး၊ အဲဒါမှ ဂွပဲ၊ မင်းရုပ်ပုံမြင်လိုက်ရရင်တော့ သရဲသဘက် မြင်လိုက်ရတာလို ဣတိပိသောတောင် ဆုံးအောင်မရွတ်နိုင်ဘဲ မျက်ဖြူ ဆိုက်သွားမှာ"

"ငါ ဒါလောက်ပဲ အရုပ်ဆိုးသလားကွာ"

"ရော့… ရော့ မင်းကိုမင်း ဟောဒီမှန်ထဲမှာ ကြည့်စမ်းပါဦး" ဟုဆိုကာ ဘမြင့်က မှန်ကိုယူ၍ ပေးလေ၏။

ဖေသိန်းသည် မိမိပုံကို မှန်ထဲတွင် ကြည့်လိုက်ကာ မိမိ၏မျက်နှာ ပြင် ၀က်ခြံများ စိန်ပန်းကုံးသွယ်၍ နေသည်ကို တွေ့ရသဖြင့် မဲ့၍သွား ကာ ထိုသို့မဲ့ကာမှ သာလွန်၍ အရုပ်ဆိုးနေသည်ကို တွေ့ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ပြုံးမိပြီး။

"မင်း ပြောမယ်ဆိုလဲ ပြောစရာပဲ၊ တကဲ့သို့ အကြီးအကျယ် မဟာရွှေရုပ်တော် ဆိုးတာပဲ"ဟု ပြောသည်တွင်—

"ကိုယ့်ကိုယ်လဲ ဒါလောက် အထင်မကြီးနဲ့လေ"ဟု ဘမြင့်က ပြောင်လိုက်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မိကြလေ၏။

"သူ့အမေနယ်တော် ဟော... မွေးတတ်ပလေဆိုတာကျနေပြီ၊ ငါတော့ တွေးတွေးပြီး အမေ့ကို စိတ်နာချင်တော့တာပဲ"

"စိတ်နာချင်ရုံ နာမနေနဲ့၊ သူငယ်ချင်းရာ တစ်ခါတည်းသာ နာသာပစ်လိုက်ပါတော့"

ဖေသိန်းသည် ဘာမျှပြန်၍ မပြောဘဲ မခင်တင့်၏စာကို ပြန်၍ကြည့်ပြီးနောက် စဉ်းစားတွေဝေ၍ နေလေ၏။ ထိုအခါမှ ဘမြင့်လည်း ဖေသိန်း၏ လက်ထဲမှစာကို ဆွဲ၍ယူလိုက်ရလေ၏။

ဖေသိန်းသည် စဉ်းစားနေရာမှ စာဖတ်နေသော ဘမြင့်၏ မျက်နှာကို စိုက်၍ကြည့်နေကာ ဘမြင့် စာဖတ်၍ ဆုံးသည်ကိုတွေ့ရမှ "ကိုင်း အကြံဉာဏ်လေးများ ထုတ်စမ်းပါဦး၊ သူငယ်ချင်းရာ၊ ကိုယ်တော့ဖြင့် မစဉ်းစားတတ်တော့ဘူး"ဟု ပြောလေ၏။

"ငါလည်း မစဉ်းစားတတ်ဘူး"

"အေး စိတ်သက်သာစရာ အဲဒီလိုလည်း ပြောဦးမှပေါ့"ဟု ဆိုလိုက်သဖြင့် ဘမြင့်က ပြုံးရယ်ကာ "နို့ မင်းအရင်ကပြောသလို ရုပ်ရှင်သနပ်ခါးကလေး လိမ်းလိုက်ရင် ဓာတ်လိုက်တောင် ဖြစ်နိုင်သေးတယ်ဆို၊ သနပ်ခါးလိမ်းပြီး ဓာတ်ပုံရိုက်ပါလား"ဟု ပြောလေ၏။

ဖေသိန်းသည် စဉ်းစား၍နေပြီးနောက် "ယောကျာ်းတန်မဲ့ သနပ်ခါးလိမ်းရမှာ ရှက်စရာကောင်းလိုက်တာ သူငယ်ချင်းရာ"

"နို့ မင်းကလည်းလှချင်သေးတာကိုးကွ၊ ဒီလိုမှ သနပ်ခါးမလိမ်းချင်



ရင် ဟိုနံရံမှာ ချိတ်ထားတဲ့ မင်းဓာတ်ပုံကို ငါပို့လိုက်မယ်လေ"

"အမယ်လေး ဒီပုံကြီး မလုပ်စမ်းပါနဲ့၊ ငါတောင် မကောင်းဆိုးဝါး မလာရဲအောင် အန္တရာယ်ကင်း ဘေးရှင်းဆိုပြီး ဒီပုံကြီး ချိတ်ထားတာပါ"

"ဒါဖြင့်ရင်လဲ မပို့နဲ့ကွာ။ ဓာတ်ပုံမရှိဘူးလို့ စာပြန်လိုက်"

"မရဘူးဆရာ၊ သူ့စာထဲမှာ ဓာတ်ပုံအဆင်းသင့်မရှိရင် အမြန်ရိုက်ပြီး ပို့ပါတဲ့၊ ကုန်သမျှစရိတ် ပေးပါမတဲ့"

"ဒီလိုဆိုရင်လဲကွာ အရုပ်ဆိုးလွန်းလို့ မကြည့်ချင်ပါနဲ့လို့ ရှင်းရှင်းပဲ စာရေးလိုက်ပါလား"

"မဖြစ်ဘူး ကျောင်းတကာ... ဝတ္ထုဖတ်တဲ့လူတွေဟာ သူတို့စိတ်ထဲမှာ တို့ကို အမျိုးမျိုးစိတ်ကူးနဲ့မှန်းပြီး နတ်သားကလေးလို ထင်နေကြတာ၊ အခုလို အရုပ်ဆိုးကြီး မြင်ရရင် အထင်နဲ့အမြင်လွဲပြီး ကြည်ညိုချင်တဲ့ စိတ်တွေ ပျောက်ကုန်မှာ"

"ဒီလို ဆိုရင်တော့ ငါလည်းမပြောတတ်ဘူး"ဟု ဆိုပြီးလျှင် ဘမြင့်သည် တယောကိုဆွဲယူ၍ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ စိတ်အိုက် သက်သာစေမည့် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို စမ်း၍နေလေ၏။

ဖေသိန်း၏ နားများသည် ဘမြင့်၏ တယောသံကို မကြားနိုင်ပေ။ ၎င်း၏ ဦးနှောက်မှာ မခင်တင့်ထံ ဓာတ်ပုံပေးရန်အတွက် အလုပ်ရှုပ်၍ နေပြီးလျှင် ခြေထောက်များမှာ အိမ်ရှေ့ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိကြပေ၏။

ထိုအခိုက်တွင် အခန်းတံခါး ခေါက်သံတစ်ခု ပေါ်ထွက်လာလေ၏။ ဖေသိန်းမှာ တံခါးခေါက်သံကို မကြားချေ။ ဘမြင့်သာလျှင် ထိုအသံကို ကြားလိုက်သဖြင့် တံခါးဆီသို့ လှမ်းကြည့်လိုက်ကာ ကလန့်ဖြုတ်ထားသည်ကို တွေ့ရသောကြောင့် "ကမ်းအင်"ဟု ဝင်ခွင့်ပြုလိုက်၍မှ စကားမနားမီ တစ်စုံတစ်ယောက်သောသူ ဝင်၍လာသည်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



"ဟာလို ကိုဘလွင် ပါလား၊ ပေါ်တော်မူကြီး အခုမှပဲ ရောက်လာပေသကိုး ဗျ၊ ခင်ဗျား ဘယ်ပျောက်နေသလဲ"ဟု ဆိုသံကို ကြားရမှ မေသိန်းမှာ စဉ်းစားသောစိတ်ထဲတွင် နစ်မွန်းနေရာက သတိရလာကာ ဝင်၍လာသူကို သတိပြုမိလေ၏။

ဘလွင်သည် အခန်းတွင်းသို့ဝင်ပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ အနီးရှိ မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူ၍ အရုပ်လှန်ကြည့်ရင်း "ဟာ ကျုပ် ခင်ဗျားတို့ဆီ လာမလို့ဟာပဲဗျာ၊ အလုပ်တွေ သိပ်များနေတာနဲ့ လာကိုမလာဖြစ်ဘူး။ မဂ္ဂဇင်းဝတ္ထု မျက်နှာဖုံး အရုပ်တွေ၊ ကြော်ငြာအရုပ်တွေ အခုတလောမှ အလုပ်တွေပြုံပြီး ကျနေလို့ ဘယ်မှမထွက်နိုင်ဘူး၊ အခုမှ နည်းနည်းအားတယ်၊ ဒါတောင် မြန်မာ့အလင်းက နိုင်းတဲ့ အရုပ်တစ်ခုကို သွားပြီးပေးရင်း အပြန်ဝင်လာခဲ့တာ"ဟု ပြောပြလေ၏။

ထိုသို့ပြောပြီးလျှင် ဘလွင်သည် မေသိန်း အကြံအိုက်နေပုံကို တွေ့မြင်ရသဖြင့် "ဟော့လူ ဘာများဖြစ်နေတာလဲ၊ ဘိုင်ကျလို့ အပြင်မထွက်နိုင်ဘဲ အကြံအိုက်နေသလား"ဟု မေးရာ၊ မေသိန်းက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံး၍နေလိုက်သည်တွင် ဘမြင့်က "ဟာ... ခင်ဗျား မေးလို့ သတိရတယ်ဗျို့၊ ခင်ဗျားလာတာ အဆင်သင့်ပဲ၊ ခင်ဗျားလူကို ဓာတ်ပုံထဲမှာကြည့်ပြီး ကောင်းအောင် ဆေးကလေးဘာကလေး ချယ်ပါဦး၊ ခင်ဗျားတို့ကတော့ ပန်းချီဆရာဆိုတော့ မိတ်ကပ်ကလေးဘာကလေး နားလည်မှာပဲ"ဟု ပြောလေ၏။

"မိတ်ကပ်တွေနဲ့ ဘာလုပ်ဖို့လဲဗျ၊ ဝတ္ထုရေးတဲ့အလုပ် စိတ်ပျက်ပြီး ရုပ်ရှင်ဓာတ်လိုက် လျှောက်ဦးမလို့လား"ဟု ပြောကာ ဘလွင်သည် မေသိန်း၏ မျက်နှာကို လှမ်း၍ကြည့်ပြီးလျှင်–

"တော် တော်တော့ ချောမဲ့ဓာတ်လိုက်ပဲ"ဟု ဆို၍ ရယ်လေ၏။

မေသိန်းလည်း ပြန်၍ရယ်ကာ ၊ "ဟော့ ဘမြင့်၊ တို့အဖြစ်အပျက်



ပြောပြလိုက်စမ်းပါကွာ"ဟု ပြောလိုက်သည်တွင် ဘလွင်သည် "ဘာလဲ ဘာလဲ၊ ဘယ်လိုဟာတုန်း၊ လုပ်ကြစမ်းပါဦး၊ ပြောပြစမ်းပါဦး"ဟု ခပ်သွက်သွက်ပြောကာ အာရုံထက်သန်သော အမူအရာဖြင့် ဘမြင့်၏ မျက်နှာကို အားထား၍ ကြည့်နေလေ၏။

"ဖြစ်ပုံကတော့ တော်တော်ရယ်စရာကောင်းတာပဲ၊ ခင်ဗျားတော့ ရယ်ချင်မလား မပြောတတ်ဘူး၊ ကျွန်တော်တို့တော့ ငိုချင် ရယ်ချင်ဖြစ်နေတာပဲ"

"နိဒါန်းတွေ ပဏာမတွေ ပျိုးမနေစမ်းပါနဲ့ဗျာ၊ လိုရင်းအပိုမသွင်းပဲ အတိုချုံးပြီး ပြောစမ်းပါဦး"

"ဟဲ... ဟဲ ကိုယ့်လူက နသောမဆလာ စကားတွေနဲ့ စလေမယားပါသား လုပ်နေပြန်ပါပြီ ဟား... ဟား"

"ဝတ္ထုရေးဆရာတွေနဲ့ပေါင်းနေတော့ ပန်းချီဆရာလည်း ပျက်ကရောပေါ့ဗျ။ ကဲ ပြောစမ်းပါဦး"

"ဒီလိုဗျ။ မန္တလေးက မခင်တင့်ဆိုတဲ့ ဆရာမကလေးတစ်ယောက်က ခင်ဗျားလူဆီ စာလှမ်းပြီးရေးတယ်"ဟု စ၍ပြောလေ၏။

"အဲဒီဆရာမကလေးက ပထမဦးဆုံး သူ့ဆီကို ကျောင်းတော်သုံ ဝတ္ထုတစ်အုပ် တောင်းတယ်၊ ပိုက်ဆံပဲ တောင်းသလောက်ပေးပါမယ်တဲ့။ ဒီက မဟာသူဌေးမင်းက ရောမ မေတ္တာကရုဏာကြီးနဲ့ ငွေကိုမယူပါဘူးပေါ့လေ၊ ဝတ္ထုစာအုပ်ရောင်း စားတဲ့လူလည်း မဟုတ်ပါဘူး၊ ဝတ္ထုရေးစားတဲ့လူပါပေါ့လေ၊ မခင်တင့်ဆီက ဒီလိုစာမျိုးရတာပဲ သိန်းထီပေါက်တာနဲ့ အတူတူပဲ၊ ဘာပဲ ညာပဲနဲ့ပေါ့ဗျာ။ ပတ်ချွဲနပ်ချွဲနဲ့ စာပြန်ရေးပြီး စာအုပ်ပါ ပို့လိုက်တာကိုးဗျ၊ ဒီစာရရင်ပဲ ငတိမစိတ်ထဲမှာ ဖရဏာပီတိ တစ်အိုးလုံး ဝွမ်းဆီထိသွားဟန်တူပါတယ်၊ သူ့ရုပ်ပုံကို မြင်ချင်ပါတယ်ပေါ့လေ၊ အမြတ်တနိုး ထားချင်လွန်းလို့ ပို့လိုက်ပါပေါ့လေ။ ဟိုကလည်း ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စာအရေးအသားကလည်း မည့်ပေဘူးပေါ့ဗျာ၊ ဒါတွင် ငနဲကြီး သိပ်ကျသွားပြီး သူ့မျက်နှာမဲ့ကြီးကို ဘယ်လိုမှမ်းမံရပါ့မလဲလို့ အကြံအိုက် နေတာပဲ”ဟု ပြောပြလိုက်ရာ ဘလွင်မှာ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဟက်ဟက်ပက်ပက်ကြီး ရယ်မိလေ၏။

“ဟေ့ ကိုဖေသိန်း ဒီရှေ့လာရပ်စမ်းပါဦး”ဟု ခေါ်သဖြင့် ဖေသိန်း သည် ဘလွင်၏ရှေ့သို့ ရောက်လာပြီး “ရှေ့တည့်တည့်ကြည့်စမ်း”ဟု ဆိုသောကြောင့် ရုပ်ရှင်အမူအရာမျိုးဖြင့် တည့်တည့်ကြည့်ပြလေ၏။

“ဘယ်ဘက် လှည့်လိုက်စမ်း”

ဖေသိန်းသည် ဘယ်ဘက်သို့ လှည့်၍ပြလေ၏။

ဘမြင့်က “ဘယ်နှယ့်လဲ ဓာတ်လိုက်မောင်ဘတင့် ‘ပရိုဖိုင်းလ်’ မျိုး ရှိရဲ့လား”ဟု ပြောင်သလို မေးလေ၏။

“ဟား ဟား ကိုယ့်လူရုပ်က ဘယ်ဘက်ကကြည့်ကြည့် နည်းနည်းမှ ဆေးကုလို့ရတဲ့ရုပ်မှ မဟုတ်ဘဲကိုး”ဟု ပြောလိုက်ရာ၊ ဘမြင့်မှာ ဝါးခနဲ ပွက်သွားအောင်ရယ်က ပက်လက်ကုလားထိုင်ပေါ်တွင် အူနှိပ်၍နေလေ၏။

“ခင်ဗျားကလည်းဗျာ၊ ခင်ဗျားပါးစပ်က နည်းနည်းပါးပါး သက်သာ ရာရမဲ့စကားများ ပြောမလားမှတ်တယ်၊ မြို့ဝန်မင်း စောင်မမှ ထောင်ကျ ဆိုသလို ခင်ဗျား ပြောလိုက်တော့မှ ကျုပ် မျက်နှာဟာ ဘယ်လိုမှ အသုံးချလို့ မရတော့ဘူး ဖြစ်နေတာပေါ့”

“ဟေ့ ဖေသိန်း၊ မင်း အယူခံဝင်မနေနဲ့တော့၊ မင်းရုပ်ကြီးနဲ့တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး”

ဘလွင်သည် ပြုံး၍နေပြီးလျှင် “ဒီရုပ်ကြီးများ သနပ်ခါးလိမ်းပြီး ဓာတ်ပုံရိုက်ဦးမလို့တဲ့လား၊ လူသေကောင် သနပ်ခါးလိမ်းထားတာက ကြည့်ပျော်ရှုပျော် ဖြစ်ဦးမယ်၊ လဒ္ဒရုပ် ထုံးသုတ်ဆိုတာ အဲဒီရုပ်မျိုးဝဲ ဒါနဲ့များ ဓာတ်ပုံရိုက်မလို့တဲ့ဗျာ၊ သနပ်ခါးတခြား၊ အသားတခြားဖြစ်ပြီး



မျက်နှာပုံးကြီး စွပ်ထားတာလို နေမှာပေါ့ဗျ၊ သနပ်ခါး လိမ်းထားမှန်း ဓာတ်ပုံထဲ သိသာနေမှဖြင့် ဘယ်လောက်ရက်စရာ ကောင်းလိုက်မလဲလို့ ဗျာ။ နိုင်ငံကျော် ဝတ္ထုရေးဆရာကြီးဆိုပြီး သနပ်ခါးတွေနဲ့ တွေ့နေမှဖြင့် ငနဲမ ခင်ဗျားကို စိတ်ပျက်သွားမှာပဲ”ဟု ပြောပြရာ ဖေသိန်းမှာ မျက်နှာ ပျက်ပျက်ဖြင့် “ခင်ဗျား သိပ်ပြီး ဂုဏ်ပုဒ်တွေ ဖော်နေတာနဲ့ ကျုပ်မျက် နှာတောင် ကျုပ် ရှုံ့လာပြီ၊ ရှေ့မဆက်ပါနဲ့တော့ တော်ပါတော့”ဟု တောင်းပန်သဖြင့် ဘလွင်မှာ အားရစွာ ရယ်မိလေ၏။

ထို့နောက်မှ ဘလွင်က “ဟေ့ ကိုယ်ပြောသလိုလုပ်ပါလား”ဟု ဆိုလိုက်ရာ ဖေသိန်းက “ခင်ဗျားဟာက ပြောဖြင့်မပြောရသေးဘူး၊ လုပ်ဖို့က အရင်ကိုးဗျ”ဟုဆိုမှ –

“အေးလေ ပြောမှာပေါ့ဗျ၊ ခင်ဗျားကလဲ”ဟု ဆိုပြီးလျှင် “ဒီလိုလုပ် လေဗျာ၊ ခင်ဗျားတို့ဆီ လူချောတစ်ယောက် ရှိအနေသားပဲ၊ ကိုဘမြင့် ဓာတ်ပုံကို ပို့လိုက်ပါလားဗျ။ သူ့ ဘာသိမှာလဲ၊ ခင်ဗျားလို့ပဲ ထင်နေမှာပဲ” ဟု အကြံပေးလေ၏။

ထိုအကြံကို ကြားရလျှင် ဖေသိန်းမှာ အလွန်ဝမ်းသာ၍ သွားကာ “အေး ဟုတ်သားပဲဟေ့၊ တို့များဒါကို နည်းနည်းမှ မစဉ်းစားမိဘူး၊ မင်းတစ်ယောက်လုံး ရှိရက်သားနဲ့ ငါ မေ့နေလိုက်တာ”ဟု ဘမြင့်အား ပြောပြီးလျှင် ဘလွင်ဘက်သို့လှည့်၍ “ခင်ဗျား ပြောတာ သိပ်နေရာ ကျတာပဲဗျာ ကျုပ်တော့ သိပ်သဘောကျတာပဲ”ဟု ဆိုလေ၏။

“ဟေ့ ဖေသိန်းရ၊ မင်းက မင်းကိုယ်ကို လူချောလို့ ထင်စေချင် တာနဲ့ သဘောကျမနေနဲ့ဦး၊ နောက်တော့ ငါ့ဓာတ်ပုံဟာ မင်းမဟုတ်မှန်း သိတော့မှ ဒွကျကုန်ကြမယ်”ဟု ဘမြင့်က ပြောလိုက်မှ ဖေသိန်းမှာ ဘမြင့်၏ စကားလည်း ဟုတ်သလိုလို ရှိသည်ကို စဉ်းစားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ဘာမှ စဉ်းစားမနေနဲ့၊ ဘာမှ ပွကျစရာမရှိဘူး။ ခင်ဗျားကို သိဖူးမြင်ဖူးတာလဲ မဟုတ်ဘူး၊ ကိုဘမြင့်ပုံကို ပို့လိုက်ရင် ခင်ဗျားပဲရယ်လို့ ထင်နေမှာ။ သူ့စိတ်ထဲမှာလဲ လူချောတစ်ယောက်ရယ်လို့ ထင်ပြီးနေတာနဲ့ ဓာတ်ပုံကို တွေ့ရပြန်တာနဲ့ ကိုက်နေတဲ့အတွက် သာပြီး သဘောကျနေမှာ မန္တလေးနဲ့ ရန်ကုန်နဲ့ဟာလဲ သိပ်ဖြီးဝေးတဲ့ ခရီးမို့ သူလည်းသွားနိုင်၊ လာနိုင်၊ တွေ့နိုင်မှာလဲ မဟုတ်ဘူး။ စာနဲ့ရေးပြီး အဝေးက ကြိုက်နေမှာပဲ။ ဒီတော့ ခင်ဗျား ဒီကသာနေပြီး တစ်ခါတစ်ရံ ငွေကလေး ဘာကလေး ကျပ်တဲ့အခါ လှည့်ပတ်ပြီး တောင်းလို့လည်းရမှာပဲ၊ ကိုယ်တိုင် စာအုပ်ထုတ်ချင်လို့ တောင်းရင်လည်း ရမှာပဲ၊ ဒါကြောင့်မို့ ခင်ဗျား အသုံးရလွယ်အောင် မခင်တင့်ကို ငွေတောင်ကြီး ပေါက်လာတာပဲ လို့ စိတ်ထဲမှာထားပြီး ခင်ဗျားကို အခုထက်ပိုပြီး စွဲလာအောင် ကျုပ်ပြော သလို ကိုဘမြင့် ပုံသာ ပို့လိုက်ပါ။ ဘာမှ စိတ်ကူးမလွဲနဲ့"

"ဒါပေမယ့်ဗျာ၊ ဒီပုံဟာ သူမဟုတ်ဘဲ ကျွန်တော်မှန်းသိတဲ့အခါ ကျတော့ ဘယ်နှယ့်လုပ်မလဲ၊ တစ်နေ့ကျ တွေ့ချင်တွေ့ကြဦးမယ်ဆိုတာ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"တွေ့တော့မှ တွေ့တဲ့ရောက်ရားပေါ့ဗျာ၊ ခင်ဗျားတို့ တစ်ခု စဉ်းစားစရာရှိတာက ကိုဖေသိန်း အရုပ်ဆိုးလွန်းလို့ ဘယ်လိုမှ မကြိုက် နိုင်ဘူးထင်လို့ ကြံစည်နေကြတဲ့ကိစ္စ မဟုတ်လား၊ ဒီတော့ နောင်ကို တွေ့တဲ့အခါလဲ ဒီအရုပ်ဆိုးကြီးမြင်ရရင် ကြိုက်မှာလဲမဟုတ်ပါဘူး၊ ဒီလို မတွေ့ကြဘဲ ကြိုက်နေကြပြီးနောက်တော့ သူ့ဟာသူ တစ်ယောက်ယောက်နဲ့ ညားသွားရင်လဲ ဖေသိန်းနဲ့ ရဖို့အကြောင်း မရှိဘူး၊ ဒါကြောင့် ဘယ်နည်းနဲ့ ဖြစ်ဖြစ် ကိုဖေသိန်း၊ မခင်တင့်နဲ့ ဘယ်တော့မှ ညားရမှာမဟုတ်တဲ့ အတူတူ အခုလို ဓာတ်ပုံလိမ်ပြပြီး ငွေအချောင် သုံးနေရရင် မကောင်းဘူး လားလို့၊ နောက်ပြီးတော့ ခင်ဗျားတို့ဟာလည်း တစ်ယောက်နဲ့တစ်ယောက်



အခုမှ စာပေးစာယူလောက်သာ ရှိကြသေးတာ ချစ်တယ်ကြိုက်တယ် ဆိုတာကိုလည်း အတိအလင်း ပြောကြရသေးတာမှ မဟုတ်ဘဲ၊ ဓာတ်ပုံပြပြီး ကြိုက်အောင်လုပ်ဖို့သာ အရင် အရေးကြီးနေတာ"ဟု ဘလွင်က ဆင်ခြေ ဆင်လက် အမျိုးမျိုးထုတ်၍ ပြောပြလိုက်မှ ဖေသိန်းတွင် ရှင်လန်း၍ သွားပြီးလျှင် ဘမြင့်လည်း ဟုတ်သားပဲဟု အောက်မေ့မိလေ၏။

"ဘယ်နှယ့်လဲ၊ ကျုပ်ပြောတာ သဘောမကျဘူးလား"

ဖေသိန်းနှင့် ဘမြင့်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် အရိပ်အကဲကြည့်ပြီးလျှင် ပြုံးမိကြကာ "အကောင်းသားပဲ"ဟု ပြိုင်တူပြော လိုက်ကြလေ၏။

"ဒီလိုဆိုရင်လဲ ကြာကြာလုပ်မနေကြနဲ့ဗျာ၊ စာတိုက်အမီ အမြန်ပို့ လိုက်ပါတော့လား"ဟု တိုက်တွန်းလိုက်သဖြင့် ဖေသိန်းနှင့် ဘမြင့်တို့လည်း ရှင်လန်းအားရစွာဖြင့် ဖေသိန်းက ပြန်စာကိုရေး၍ ဘမြင့်က စားပွဲတင် ဓာတ်ပုံ ဒေါက်ကလေးထဲမှ မိမိ၏ ပို့စကပ် ဓာတ်ပုံကို ဖြုတ်ပြီးလျှင် ပါဆယ်ပြုလုပ် တင်ပို့ရန် ကောင်းစွာ ထုပ်လုပ်လေ၏။

ဘလွင်သည် ဖေသိန်း ရေးနေသောစာကို အနားမှထိုင်၍ ကြည့်နေ ကာ ခင်တင့်ပုံကိုလည်း တောင်းရန် အကြံပေးလေ၏။

ဖေသိန်းသည် စာရေးအပြီးတွင် "ဟော့ ဘမြင့် ဒီစာကို နားထောင် ပါဦး"ဟုဆိုကာ ဖတ်၍ပြရာ၊ စာအဆုံးတွင် ဘမြင့်က "ဟာ... လွတ် နေရာကျတာပဲ၊ ဖွံ့ပြီ ဖွံ့ပြီ"ဟု အားရစွာပြောလိုက်သဖြင့် ဘလွင်က "ကိုင်းဆရာ၊ ကျုပ် အကြံဉာဏ်ပေးရတာ အနည်းဆုံး ဉာဏ်ပူဇော်ခ ဘီယာတစ်လုံးတော့ တန်တာပဲ"ဟု ပြောလိုက်ရာ ဖေသိန်းက "စိတ်ချ ခင်ဗျားကို ကျေကျေနပ်နပ်ကြီးဖြစ်အောင် ပူဇော်ပါ့မယ်၊ နောင်ကို ဒီထက်နေရာကျမယ်ဆိုရင် လေးထောင့်ပုလင်းထဲမှာထည့်ပြီး လေးထောင့် ကိုယ်တော်အမှတ်နဲ့ ကိုးကွယ်ထားပါဦးမယ်"ဟု ပြောလိုက်သဖြင့် ဘလွင်

www.burmeseclassic.com

www.burmeseclassic.com



သည် မြိုးရယ်ကျေနပ်၍သွားရာက "ဒီလိုဆိုရင် ပြောနေကြတယ် လာ အခုသွားကြစို့"ဟု ဆိုသည့်အတွက် မကြာမီ ဖေသိန်းနှင့် ဘမြင့်တို့လည်း အဝတ်အစားများလဲကာ ပျော်ရွှင်စွာ ထွက်သွားကြလေ၏။

❒

ခင်တင့်မှာ မင်းကုသထံမှ ပထမဆုံး ပေးစာကို ရသည့်နေ့မှ စ၍ လွန်စွာဝမ်းမြောက်ခြင်းဖြစ်မိကာ မင်းကုသအကြောင်းကို တွေးတော စိတ်ကူးနေခြင်းသည် နှစ်သိမ့်ပျော်ရွှင်ခြင်းကို ဖြစ်စေတော့၏။

မင်းကုသထံ ကျောင်းတော်သူဝတ္ထု စာရေး၍တောင်းလိုက်စဉ်က နိုင်ငံကျော် ဝတ္ထုရေးဆရာကြီး တစ်ဦးတစ်ယောက်သည် မိမိကဲ့သို့ မထင်မရှားသော ကျောင်းဆရာမလေးတစ်ယောက်ကို ဂရုစိုက်၍ စာအုပ် ပို့ပေးဖို့ပင် ဝေးစွ၊ စာကိုပင်ပြန်မှပြန်ပါမည်လောဟု တွေးတောစိုးရိမ်ခဲ့မိရာ မင်းကုသထံမှ ဝတ္ထုစာအုပ်နှင့်တကွ ပြန်စာကို ရရှိသောအခါတွင် အတိုင်းမသိ ဝမ်းသာမိလျက် မိမိ အထင်အမြင်ကြီးနေသော စာရေးဆရာ တစ်ယောက်သည် စာအရေးအသားလျှင် ကောင်းသည်မဟုတ်ဘဲ သဘော နှင့် နှလုံးထားလည်း ကောင်းမွန်မြင့်မြတ်သည်ကို သိရှိရကာ မင်းကုသနှင့် အသိအကျွမ်း ဖြစ်ရခြင်းကိုပင် အထူးသဖြင့် ဂုဏ်ယူကာ မိတ်ဆွေ ဆရာမအချင်းချင်း မင်းကုသ၏ စာကလေးကိုထုတ်ပြ၍ ကြွားဝါမိလေ သည်။

မိတ်ဆွေ ဆရာမများအထဲ၌လည်း မင်းကုသ၏ အမည် ရင်းမှာ ဖေသိန်းဟု ခေါ်သည်ကို သိရခြင်းသည် ဩတင်းတစ်ခုပင်ဖြစ်အော

www.burmeseclassic.com

www.burmeseclassic.com



မင်းကုသ၏ လက်ရေးကိုမြင်ရခြင်းမှာလည်း ကျေနပ်ခြင်းတစ်ရပ်ပင် ဖြစ်မိကြလေ၏။ သို့ရာတွင် မင်းကုသနှင့် ခင်တင့်တို့ စာပေးအဆက်အသွယ် ဖြစ်ခြင်းကို မနာလိုဖြစ်ကြသော ဆရာမများလည်း ရှိကြပေရာ မင်းကုသကို မည်သို့မျှ စိတ်မရှိကြသော်လည်း ခင်တင့်ကို မနာလိုကြသည့်အတွက် ဝတ္ထုရေးဆရာဆိုတာ အလကားလူတွေပါ။ အဖိုးတန်တဲ့ စာကောင်းပေ ကောင်းတွေ ရေးနိုင်တဲ့လူတွေလည်း မဟုတ်ပါဘူး။ အလကား ရောက်တတ် လေးဆယ် ဖေတော့ မောင်တော့တွေရေးပြီး အင်္ဂလိပ်စာအုပ်ထဲက ခိုးချ၊ အင်္ဂလိပ် ရုပ်ရှင်ထဲက ခိုးချနဲ့ သူတို့ပညာ ဘာမှမပါဘူး၊ ကျွန်မတို့ ကြားရသလောက်တော့ဖြင့် ဝတ္ထုရေး ဆရာတွေဟာ ဆင်းဆင်းရဲရဲနဲ့ အဝတ်အစားကိုမှ ပြောင်ပြောင်လက်လက် ဝတ်စားနိုင်တဲ့ လူစားမျိုးတွေ မဟုတ်ပါဘူး၊ များသောအားဖြင့် "ဂျပိုးချည်းပဲ"ဟု ပြောကြသည်ကို ခင်တင့်မှာ မင်းကုသအစား များစွာ မခံချင်ဖြစ်မိရှာလေ၏။

ခင်တင့်၏ စိတ်ထဲတွင်ကား မင်းကုသမှာ မည်ကဲ့သို့ လူစားမျိုး ဖြစ်စေကာမူ ၎င်း၏ စာပေအရေးအသားများကို ဝတ္ထုများတွင် ဖတ်ရှုနေ ရသဖြင့် လွန်စွာမှ ကြည်ညိုနှစ်သက်ခြင်း ဖြစ်မိသည့်အပြင် ယခုတစ်ဖန် စာရပြန်သည့်အခါတွင် မင်းကုသ၏ စိတ်ရင်းစေတနာနှင့်တကွ လက်ရေး လက်သားများကို တွေ့ရှိရသောကြောင့် သာ၍ပင် ကြည်ညိုစိတ်များ ပွား များလာကာ ဤမျှလှပသော စာသွားစာလာ၊ စိတ်ရင်းသဘောထားနှင့် လက်ရေးလက်သား ကောင်းသူတစ်ယောက်သည် ရုပ်ဆင်းအင်္ဂါမှာလည်း အလွန်ပင် လှပေလိမ့်မည်။ အကယ်၍ မလှဟုဆိုရသည့်တိုင်အောင် ကြက်သရေနှင့် ပြည့်စုံသော မျက်နှာရှိရမည်ဟု ထင်မြင်ကာ မင်းကုသ၏ ရုပ်ပုံကို မျက်စိထဲတွင် အလိုအလျောက် ဖန်တီးထင်မြင်မိလေ၏။

ထိုသို့ ထင်မြင်သည့်အတိုင်းလည်း အထင်နှင့်အမြင်ညီမညီကို သိလိုလှသောကြောင့် ဓာတ်ပုံပို့ရန် တောင်းပန်မိလေ၏။ ထိုသို့ ဓာတ်ပုံ



မှာသောစာကို ပို့လိုက်သည့်အချိန်မှစ၍ ဖေသိန်းထံမှ ဓာတ်ပုံသော်လည်း ကောင်း၊ ပြန်စာသော်လည်းကောင်း ရောက်နိုင်ကောင်းသည့် နေ့ရက်အချိန် အခါကို ရေတွက်စောင့်မျှော်မိလျက် မိမိထင်မြင်သလို လူရည်သန့် ခန့်ခန့်ချောချော တစ်ယောက်ကိုပဲ တွေ့ရမည်လော။ တောသားဂိုက်နဲ့ အချိုးအချိတ်မကျသူ တစ်ယောက်ကိုပင် တွေ့ရမည်လောဟု ဒွိဟဖြစ်မိ၏။

ထိုသို့ အာရုံစွဲလမ်းမိသောစိတ်မှာ အိပ်မက်ထဲ၌ပင် ပင်၍ ရှုပ်နေပြီး လျှင် တုတ်တုတ်ပြဲပြဲ အသားမည်းမည်းနှင့် ငယ်ထိပ်ပြောင်ပြောင်၊ မုတ်ဆိတ်မွေး စုံ့ဖြူဖြူရှိသော မျက်နှာကြီးကို အိပ်မက်ထဲတွင် ရင်ဆိုင် တွေ့နေရသောကြောင့် အိပ်ရာမှနိုးသောအခါတွင် တကယ်ပင် အိပ်မက် ထဲမှာကဲ့သို့ အရုပ်ဆိုးကြီးတစ်ယောက် ဖြစ်လေရော့သလား၊ စွဲလမ်းသော စိတ်ကြောင့် အိပ်မက်မက်သဖြင့် ထမင်းလုံးတစ္ဆေခြောက်ခြင်းပင် ဖြစ်လေ ရော့သလားဟု စိတ်အနှောင့်အယှက် ဖြစ်မိ၏။ ကျောင်းသို့ တက်ရောက် သောအခါတွင်လည်း ထိုစိတ်မှာ ဦးနှောက်ထဲမှ မထွက်ဘဲရှိသည့်အပြင် ထိုနေ့မှာ ဖေသိန်း စာပြန်မည်ဆိုက ပြန်စာရောက်နိုင်မည့်နေ့ ဖြစ်သော ကြောင့် အတန်းထဲတွင် ကလေးများကို ကောင်းစွာ စာမသင်နိုင်ဘဲ ခြေသံကြားတိုင်း အခန်းဝသို့ထွက်ကာ စာပို့သူများ ဖြစ်လေရော့သလားဟု လှမ်းမျှော်၍ ကြည့်မိလေ၏။

"ကမ္ဘာပေါ်မှာ အကြီးဆုံးတောင်ဟာ ဘာလဲဆရာမ"ဟု ကျောင်း သားတစ်ယောက်၏ အမေးကိုပင် "မင်းကုသ"ဟု လွှတ်ခနဲ ထွက်မိပြီး၊ မေးလာသူ ကျောင်းသားကလေးက မိမိဆရာမ၏ မျက်နှာကို အံ့အားသင့် ကာ ငေး၍ကြည့်နေသည်ကို တွေ့ရတော့မှ မိမိအမှားကို သတိရပြီး ရှက်ပြုံး ပြုံးမိကာ "အေးလေ ယောင်လို့ ကမ္ဘာပေါ်မှာ အကြီးဆုံးတောင်ဟာ ဧဝရက်တောင်ပဲ"ဟု ပြောပြရာတွင် –

ကျောင်းသား ကလေးက "ဆရာမ ဘာစဉ်းစားနေသလဲ၊ စကားမွှေ

www.burmeseclassic.com

www.burmeseclassic.com



တောင် မှားလို့”ဟု ပြောရာ–

“ဘာလဲ၊ နင့် မေးစရာလား၊ သွား နင့်နေရာ နင်သွားပြီး ထိုင်နေချေ”ဟု မာန်မဲလိုက်မှ ကျောင်းသားကလေးလည်း မျက်နှာပိုးသပ်ကာ ပြန်၍အသွားတွင် အခန်းတွင်းသို့ စာပို့လုလင်တစ်ယောက် ဝင်၍လာသည်ကို တွေ့ရသဖြင့် ထိပေါက်ကြောင်း သံကြိုးရသည့်အလား ဝမ်းသာအားရဖြစ်ကာ အနားသို့ လျှင်မြန်စွာသွားပြီးလျှင် “ကျွန်မဖို့ ပါဆယ်ပါလား” ဟု အလျင်စလိုပြောကာ အထုပ်ကို ယူလိုက်လေ၏။

ခင်တင့်သည် ပါဆယ်ထုပ်ကိုကိုင်ကာ မိမိစားပွဲသို့ ပြန်သွားပြီးလျှင် လက်မှတ်ထိုး၍ ယူလိုက်ပြီးနောက် ဝမ်းသာခြင်းဖြင့် နုလုံးသွေး လှုပ်ရှားကာ တုန်ရီသောလက်များဖြင့် ပါဆယ်ထုပ်ကို ဖြေလိုက်ရာ အထဲ၌ပါရှိသော ဓာတ်ပုံကို မြင်ရသည်တွင် ငေးစိုက်၍သွားလေ၏။

ခင်တင့်၏ လက်ထဲရှိ ဘမြင့်၏ဓာတ်ပုံမှာ ဘမြင့် ကောလိပ်ကျောင်းတွင် စာသင်နေစဉ် များစွာကုန်သော ကောလိပ်ကျောင်းသားတို့ကဲ့သို့ မိမိကိုယ်ကို အမျိုးမျိုး အလှအပပြုပြင်ကာ အသားအရေ လွန်စွာတက်ကြွနေစဉ်အခါက အကောင်းဆုံး ဓာတ်ပုံတိုက် တစ်တိုက်တွင် ရိုက်ကူးထားသော ပုံဖြစ်ရကား လွန်စွာ လှပကြက်သရေရှိပြီးလျှင် မင်းသားချောချောနေသော ရုပ်ပုံတစ်ပုံပင် ဖြစ်နေပေတော့၏။

ခင်တင့်သည် ထိုဓာတ်ပုံကို မြင်ရသောအခါဝယ် မိမိထင်မြင်မှန်းဆသောပုံနှင့် မတူသည်ကို တွေ့ရပေ၏။ သို့သော် မိမိ ထင်မြင်ထားသည့် ရုပ်ပုံထဲမှာ ပါဝင်သည့် အရည်အချင်းများကို တွေ့ရသောကြောင့် ကြည့်ရှုမဝနိုင်ဘဲ ရှိသော်လည်း မိမိ ထင်မြင်သည်ထက် ချော၍နေကာ ဓာတ်ပုံထဲမှနေ၍ မိမိအား မရိုးသားသော မျက်လုံးများနှင့် ကြည့်နေသကဲ့သို့ ထင်မြင်မိသည့်အတွက် ရှက်ကိုးရှက်ကန်း ဖြစ်မိလျက် မိမိ၏ မျက်နှာကိုပင် မပြုရဲသလိုလို ဖြစ်မိကာ ဓာတ်ပုံကို အသာချပြီးလျှင် အတူပါလာ



သောစာကို ဖွင့်၍ဖတ်လေ၏။

ထိုသို့ စာဖတ်နေစဉ်မှာပင် ခင်တင့် မျက်နှာသည် ဓာတ်ပုံဆီသို့ လှည့်၍သွားမိကာ တစ်ချက်တစ်ချက် မျက်စောင်းထိုး၍ ကြည့်မိပေ၏။ ခင်တင့်သည် မိမိဖတ်နေသော စာနှင့် ဓာတ်ပုံထဲတွင် အာရုံစူးစိုက်နေမိလေရာ အတန်းတစ်ခုလုံးမှာ ဆူသူဆူ၊ ဆော့သူဆော့၊ ပေတံနှင့်ရိုက်၊ မင်အိုးနှင့်ပေါက်၊ စာအုပ်လှန်၊ ဆံပင်ဆွဲ လုပ်နေကြသည်ကို ဂရုမစိုက်နိုင် မကြားနိုင်ဘဲ မိမိပတ်ဝန်းကျင်တွင် မည်သို့ဖြစ်ပျက်နေသည်ကို မသိဘဲ ရှိပြီးမှ စာဖတ်နေရာက ဓာတ်ပုံဘက်ကို လှည့်ကြည့်လိုက်ရာတွင် စားပွဲပေါ်တွင် ဓာတ်ပုံမရှိဘဲ စားပွဲအနီး၌ရပ်နေသော ကျောင်းသားကလေးတစ်ယောက်၏ လက်ထဲသို့ ရောက်နေသည်ကို တွေ့ရသောကြောင့် စာပွဲပေါ်ရှိ ပေတံကိုယူကာ ဒေါက်ခနဲမြည်အောင် ထိပ်ကို ချလိုက်မှ ကျောင်းသားငယ်လည်း ဓာတ်ပုံကိုချပြီး ခုံတန်းများထဲသို့ ပြန်ပြေးလေ၏။

ထိုအခါမှ ခင်တင့်မှာ တစ်တန်းလုံး သူပုန်ထနေသည်ကို သိရသဖြင့် ပေတံတစ်ချောင်းနှင့် ဟိုလိုက်ရိုက်၊ သည်လိုက်ရိုက်နှင့် အတန်းတွင်း သူပုန်ကို မနည်းနှိမ်နင်းရလေ၏။ ထိုသို့ နှိမ်နင်းနေစဉ်မှာပင် မိမိအားများစွာ မကြောက်ရွံ့လှသော ကျောင်းသားကလေးများသည် မီးကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့၊ တုပ်တုပ်မျှမလှုပ်ဘဲ မျက်နှာပိုးသပ်သွားသည်ကို တွေ့ရသောကြောင့် ခင်တင့်သည် ကျောင်းသားကလေးများ မျက်လုံးစူးစိုက်ရာဘက်သို့ လှည့်ကြည့်လိုက်ရာ အတန်းတွင်းသို့ ကျောင်းဆရာကြီး ရောက်နေသည်ကို တွေ့ရ၍ အနီးသို့ ကပ်သွားလေ၏။

“ဆရာမအခန်းက တယ်ပြီးဆူပါလား၊ ကလေးတွေကို နိုင်အောင် ထိန်းမှပေါ့”ဟု ဆရာကြီးက ပြောလိုက်ရာ ခင်တင့်သည် ဘာမျှပြန်မပြောဘဲ အားတောင်နာယူသည့် အမူအရာကို ပြနေစဉ် ဆရာကြီး၏ မျက်စိသည် စားပွဲခုံပေါ်သို့ ရောက်သွားသောကြောင့် ခင်တင့်မှာ မျက်စိမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားကာ စားပွဲပေါ်မှ ရိဂျစ်စတာစာအုပ်ကို လှျင်မြန်စွာ ဆွဲယူပြီးလျှင် ဘမြင့်၏ ခေါင်းပေါ်သို့ တင်၍ ဖုံးအုပ်လိုက်လေ၏။

ဆရာကြီးသည် ခင်တင့်၏ အမူအရာမြင်၍ မပြုံးတပြုံးလုပ်ကာ "ဆရာမမှာ အိမ်အလုပ်တွေ မပြီးနိုင်လို့ ကျောင်းမှာဆက်ပြီး လုပ်နေရတယ် ထင်တယ်"ဟု ပြောပြောဆိုဆို ထွက်၍သွားရာ ခင်တင့်မှာ မခံချိမခံသာဖြစ်၍ ကျန်လျက် ဆရာကြီး၏ ခြေသံ ဝေး၍သွားသည့်အခါမှ "နင့်တို့တစ်တွေ တော်တော်ထနေ၊ ငါ စိတ်ရှိသလောက်ရိုက်ရရင် အကုန်လုံး ကျောပုပ်ကုန်မယ်၊ ကြပ်ကြပ်သတိထား"ဟု ကလေးများအား လှည့်၍ ကြိမ်းမိလေ၏။

ထို့နောက်မှ ခင်တင့်သည် အတန်းအတွင်း၌ပြည်း ငြိမ်၍နေအောင် မိမိ အကြိုက်ကိုလည်း လုပ်နိုင်အောင် ကလေးများအား အလုပ်ပေးထားပြီးလျှင် စာနှင့် ခေါင်းပုံကို အားရအောင်ကြည့်ပြီးနောက်၊ မင်းကုသသို့ ပြန်စာ ကောက်၍ရေးလေ၏။

ထိုအချိန်တွင် ဖေသိန်းနှင့် ဘမြင့်တို့လည်း ခင်တင့်အကြောင်းကို စိတ်ကူးမိလျက်ရှိကြကာ "ဘယ်နှယ့်လဲဟေ့ ဖေသိန်း၊ ဒီအချိန်လောက်ဆိုရင် မခင်တင့်လက်ထဲကို ခေါင်းပုံရောက်ရော့မယ်"ဟု ဘမြင့်က ပြောလေ၏။

"အစစ်ပဲကွ၊ သူတော့ ခေါင်းပုံကြည့်ပြီး သိပ်ပီတိကျနေတော့မှာပဲ မနက်ဖြန် ဘယ်လိုစာလာမလဲ မသိဘူး"

ဘမြင့်သည် ဖေသိန်း၏စကားကို လိုက်၍မပြောဘဲ ခေတ္တမျှ စဉ်းစားစိတ်ကူးနေပြီးလျှင် "မခင်တင့်ကတော့ မင်းကို တကယ့်လူချော တစ်ယောက်ပဲလို့ စိတ်ထဲမှာ မှတ်လိုက်တော့မှာပဲ၊ မင်းကို တကယ်တွေ့ရတော့မှ ခေါင်းပုံအတိုင်း မဟုတ်ဘဲ အရုပ်ဆိုးတစ်ယောက်ဆိုတာ သိသွားရင် မင်းတော့ ဂျောက်ကျတာပဲ"ဟု ပြောလေ၏။

"ဘယ့်နှယ်လုပ်သိနိုင်မလဲကွ၊ ပြောစမ်းပါဦး"



"အို... သူ ရန်ကုန်ကို တစ်နေ့ရောက်မလာဘူးလို့ မင်း ဆိုနိုင်မလား"

"အမယ်ကွာ ဒါကိုပူစရာ မရှိပါဘူး၊ သူ့အလုပ်နဲ့ သူ များနေတာ ဘယ်မှာလာဖို့ အချိန်ရဦးမှာလဲ"

"ကျောင်းပိတ်တဲ့အခါလည်း ရှိဦးမပေါ့ကွ၊ ငါ့ပုံကိုမြင်ရတာနဲ့ သာပြီး စွဲလမ်းပြီး လိုက်လာမတဲ့ကွာ"

"ကျောင်းဆရာမလေးတစ်ယောက်လုံး လုပ်နေတာပဲကွာ၊ ဒါလောက် မမြင်မကန်း ငန်းငန်းတက် မဖြစ်နိုင်ပါဘူး"

"ဒါပေမယ့် သူက မင်းအပေါ်မှာ အထင်ကြီးပြီး အင်မတန် စွဲလမ်းနေတဲ့ဟာပဲကိုးကွ၊ ဒီလိုမဖြစ်နိုင်ဘူးလို့ ဘယ်သူက ဆိုနိုင်မလဲ၊ မင်းကိုယ်တိုင်ပဲ အချစ်အကြောင်းတွေနဲ့ ပတ်သက်ပြီး ဝတ္ထုရေးနေတာပဲ၊ မင်းပဲ စဉ်းစားကြည့်ပါလား။ ဒီတော့ တကယ်လို့ တစ်နေ့ရောက်လာရင် မင်း ဘယ့်နှယ်လုပ်မလဲ၊ ဝတ္ထုရေးဆရာကြီးတစ်ယောက်လုံး လုပ်နေပြီး လိမ်တယ်ဆိုတာ သိသွားရင်တော့ မကောင်းဘူးမောင်"

"ဖေသိန်းသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ "အိုကွာ... ဒီကိုရောက်လာလို့ရှိရင်လဲ မင်း အရှိသားပဲကွ၊ မင်းကိုပဲ ထိုးပြလိုက်တာပေါ့" ဟု ပြောလေ၏။

"ဒီလိုဆိုရင် ခေါင်းပုံထဲမှာလည်း မြင်ရ သူကိုယ်တိုင်လည်း တွေ့ရတဲ့အတွက် ငါ့ကိုပဲ မင်းကုသထင်ပြီး၊ ငါ့ကိုကြိုက်နေမှဖြင့် မင်းဘယ့်နှယ် လုပ်ပါ့မလဲ"

"မင်းကိုကြိုက်လို့ မင်းရတယ်ဆိုရင် ယူတာပေါ့ကွာ၊ ငါ ဘာမနာလိုစရာရှိသလဲ၊ မင်းရတယ်ဆိုရင် ငါ ဝမ်းသာစရာပဲ မဟုတ်လား"ဟု ပြုံးရယ်လျက် ပြောလေ၏။

"ဒါလောက်တောင်ပဲမင်း သဒ္ဓါနိုင်ပါ့မလားကွာ၊ ငါနဲ့ ရပြီးတော့က်

www.burmeseclassic.com

www.burmeseclassic.com



မှ ဝတ္ထုရေးဆရာကြီး မင်းကုသ ကြိုးဆွဲချပြီး သေတယ်ဆိုတဲ့သတင်းကို သတင်းစာထဲမှာ မတွေ့ပါရစေနဲ့ကွာ"

"မခင်တင့်ကို ငါကလည်း သိပ်ကြိုက်နေတာလည်း မဟုတ်ပါဘူးကွာ၊ နောက်ပြီး သူကတော့ ဘယ်လောက်များ စွဲမက်စရာ ကောင်းလောက်အောင် ချောမှာမို့လဲ။ ငါ မြင်ရကြားရသလောက်တော့ဖြင့် အညာသူတွေဟာ ပိန်ပိန်ကပ်ကပ် မွဲပြာမြာတွေချည်းပဲဆိုတာ သိရတာပဲ"

"ဟား... ဟား မင်းကတော့ ဘယ်လောက်ချောလို့လဲကွာ"

"မင်းကလဲကွာ၊ ပြောလိုက်မှဖြင့် ငါ့ရုပ်ကိုထည့်ပြီး မနောက်ရရင် စကားပြောမပြီးတော့ဘူး၊ ငါ့အရုပ်က ဆိုးလွန်းလို့ ငါ့ကိုယ်ငါ ရှက်ရတဲ့အထဲမှာ မင်းက ဒီလိုပြောတော့ တစ်ခါတည်း သေချင်စော်နံသွားတာပဲ"ဟု ပြောပြလိုက်တာ ဘမြင့်မှာ များစွာ သဘောကျလျက် အူလှိုက်သည်းလှိုက်ရယ်မိလေ၏။

ထိုအခိုက်တွင် တံခါးခေါက်သံ ကြားလိုက်ရသဖြင့် စကားဖြတ်ပြီး အသံတိတ်၍သွားကြကာ ဖေသိန်းသည် အိမ်ခန်းတွင်းသို့ဝင်၍ ပုန်းမည် ပြုလုပ်ရင်း ဘမြင့်အား မျက်စပစ်၍ တစ်စုံတစ်ရာ အရိပ်အကဲပြလိုက်လေ၏။

ဘမြင့်သည် ဖေသိန်း၏ အမှတ်လက္ခဏာကို အရိပ်အကဲသိကာ အခန်းတွင်းမှနေ၍ တံခါးအပြင်ဘက် လှေခါးထိပ်ကို မြင်သော အပေါက်ကလေးမှ ချောင်း၍ကြည့်လိုက်ပြီးမှ စိတ်သက်သာသော အမူအရာဖြင့် ဖေသိန်းအားပြုံး၍ပြကာ "ကမ္ဘာသစ်ဝတ္ထုတိုက်က လူပါ၊ အကြွေးကောင် မဟုတ်ပါဘူး အပေးကောင်"ဟု ပြောမှ ဖေသိန်းလည်း စိတ်အေး၍သွားကာ တံခါးဆီသို့ သွားရောက်ဖွင့်ပေးလိုက်လေ၏။

"ဘယ့်နှယ်လဲ ဆရာ၊ ကျွန်တော်တို့ ကြော်ငြာထားတဲ့ ခင်ပလီတာဆိုတဲ့ ဝတ္ထုကလေးဟာ မကိုင်ရသေးဘူးလား၊ လုပ်စမ်းပါဦး ဆရာ၊



ဒီတစ်ကြိမ်က အော်ဒါတွေဂျမ်းပဲ၊ စာအုပ်သုံးထောင်ဟာ ထွက်ထွက်ခြင်းကုန်မှာပဲ၊ ကျွန်တော်တို့ ငါးထောင်ရိုက်ဖို့ စက္ကူတွေဘာတွေ အဆင်သင့်ရှိနေပြီ၊ ဆရာ့ဆီက ကော်ပီပဲ လိုတော့တယ်"

"ဗျာ... ခင်ဗျားတို့ လိုတဲ့အခါကျတော့ သိပ်အရေးကြီးတာပဲ ဟုတ်လား၊ ကျုပ်လိုချင်တဲ့အခါကတော့ ဟိုနေ့ဆိုင်းပါဦး၊ ဒီနေ့ဆိုင်းပါဦးနဲ့ သိပ်တော်တာပဲ၊ ဘယ်မှာလဲ ကျုပ် အရင်ပြောထားတဲ့ငွေ"

"ပါပါတယ်ဆရာ၊ ဆရာပေးဖို့ တမင်သက်သက် ချန်ထားပါတယ်"ဟုဆိုကာ ထိုသူသည် အိတ်ထဲမှ ငွေစက္ကူများကို ထုတ်ပြီးလျှင် တစ်ရွက်စီ ရေတွက်ကြည့်ပြီးနောက် ဖေသိန်း၏ လက်ထဲသို့ပေးရင်း "ကျွန်တော့် ဝတ္ထုကလေးလည်း မြန်မြန်လုပ်ပေးပါဦး ဆရာ"ဟု ဖေသိန်းအား ပြောလေ၏။

ဖေသိန်းမှာ ငွေကိုမြင်ရသည်နှင့် တစ်ပြိုင်နက် ပါးစပ်မှ မပြုံးသော်လည်း မျက်လုံးများတွင် ကြည်လင်၍သွားကာ ငွေစက္ကူများကို ရေတွက်ကြည့်ပြီးနောက် "ဟင်... ဒါပဲလား၊ ဒီလိုဆိုရင် ဘယ်ဖြစ်ပါ့မလဲဗျ၊ ဒါ အရင်ဝတ္ထုအတွက် ကျန်တဲ့ငွေပဲ၊ အခုဝတ္ထုအတွက်လည်း စရံပေးထားဦးမှ ပေါ့ဗျ"ဟု ပြောလေ၏။

"ဒါတော့ တစ်ရက်နှစ်ရက်လောက် သည်းခံပါဦး ဆရာ၊ ဗွီပီပီ တွေ ပြန်မလာသေးလို့ပါ၊ ဒီစတော့တ်မှာ ကျွန်တော်တို့ ငွေတွေ သုံးရာလောက် 'အောက်စတန်းဒင်း' ရှိနေတာ မရသေးလို့ပါ။ မနက်ဖြန် သန်ဘက်ခါလောက်ဆိုရင် ရေနံချောင်းနဲ့ ပျဉ်းမနားက အနည်းဆုံး ငွေခြောက်ဆယ်လောက် လာစရာရှိပါတယ်"ဟု ပြောပြီးလျှင် "ကဲ ဆရာ ပြောစမ်းပါဦး၊ ကျွန်တော့်ဝတ္ထု ဘယ်နေ့စပြီး ကိုင်မလဲ"ဟု ငွေကို မျှော်လင့်ချက်ထားပြီး မေးလေ၏။

"အဲဒါတော့ ဂတိမပေးနိုင်ဘူး၊ ကျုပ်မှာ အခုဝတ္ထုရှည်ကြီးတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



ရေးရင်းတန်းလန်းနဲ့၊ အဲဒီဝတ္ထုပြီးရင် ငွေငါးရာ ပက်ခနဲရမှာ ဒါကို ပြီးအောင် ကိုင်ရလိမ့်မယ်၊ ဒီအတွင်းမှာ ခင်ဗျားတို့ သိပ်ပြီး အရင်လိုရင် ကျုပ်ပြောတဲ့ ငွေကိုယူခဲ့၊ ငွေရတဲ့နေ့ ဝတ္ထုရှည်ကြီးအသာချပြီး ခင်ဗျား ဝတ္ထုကို စပြီးကိုင်မှာပဲ၊ အဲဒါ ကျုပ် ငွေအင်မတန်လိုနေတုန်းမို့၊ ခင်ဗျား တို့ ငွေပေးမယ်ဆိုရင် ကျုပ်ကလည်း ခင်ဗျားတို့ကို ပြန်ပြီး ကျေးဇူးပြုတဲ့ သဘောပဲ"

"ကောင်းပါပြီ ဆရာ၊ ကျွန်တော် မနက်ဖြန် ရသလောက် ရှာပြီး ပေးပါဦးမယ်၊ ဒီကနေ့ပဲ စပြီးကိုင်ပါ"

"အေးလေဗျာ၊ ကျွန်တော်ကြည့်ပြီး လုပ်ပါ့မယ်၊ ခင်ဗျားတို့ ဂတိကိုသာ မဖျက်ပါနဲ့"ဟု ဖေသိန်းက ပြောလိုက်မှ ထိုသူလည်း ကျေနပ်သွားကာ နှုတ်ဆက်ပြီး ထွက်သွားလေ၏။

ထိုသူ ထွက်သွား၍ လှေခါးရင်းလောက် ရောက်သည့်အခါကျ ဖေသိန်းသည် ငွေကိုကိုင်ကာ ဝမ်းသာအားရ ထ၍ခုန်ပြီးလျှင် "နုတ်တို့ဖ ရေကန်အသင့်၊ ကြာအသင့်တဲ့ကွ၊ ငါတော့ ဒီကနေ့ တော်ပြီလို့ အောက်မေ့ နေတာ မောင်မင်းကြီးသား လာပေလို့ပဲ၊ ဒါပေမယ့် ငနဲကို ခပ်မာမာ ပြောလိုက်ရသေးတယ်၊ ဒီလိုမှ မပြောရင် ဒီငနဲမျိုးတွေဟာ အန်မတန် ငွေခက်တဲ့ကောင်တွေ၊ တို့တတွေရေးတဲ့ စာတွေနဲ့ အသက်မွေးနေရပြီး တော့ ကျေးဇူးမတင်တဲ့အပြင် ဟိုနေ့ချိန်း၊ ဒီနေ့ချိန်းနဲ့ သူတို့တော့ ပြောင်ပြောင်လက်လက်နေပြီး တို့ကျတော့ သိပ်လိမ်တဲ့ ငနဲတွေ"ဟု ပြောလေ၏။

ဘမြင့်မှာ ငွေကိုမြင်ရလျှင် ချိုပြုံး၍သွားကာ "ပွတာပဲ၊ ဒီကနေ့ တရုတ်ဟော်တယ်မှာ သွားပြီးစားမယ်ကွာ"ဟု ပြောလေ၏။

"လာပြီ၊ မင်းကတော့ ငွေကလေးဝင်လာရင် ဖြုန်းဖို့လောက် စိတ်ကူးနေတာပဲ၊ မျက်နှာကို ငွေမြင်မှဖြင့် အမေ့လင်မျက်နှာ မြင်လိုက်ရတာ ကျနေတာပဲ၊ ဟဲ...ဟဲ"



"တစ်ခါတစ်လေပဲကွာ၊ ဒီလို ပျော်ပျော်ပါးပါးကလေး သုံးဖြုန်းပေးမှ စိတ်ရွှင်လန်းလာပြီး မင်းလည်း ဝတ္ထုရေးဖို့ အကြံဉာဏ်ကလေး ပွင့်လာပြီး စိတ်ကူးကောင်းလာမှာ မင်းအတွက် အရေးကြီးလို့ ပြောပြတာ"ဟု ညာချွဲလေ၏။

"တော်ပါ ဘမြင့်ရာ မင်း ဖြုန်းချင်တာကို သူများ လွှဲချမနေပါနဲ့"

ဘမြင့်မှာ ခမျှော်လင့်ချက် ပျက်သွားပြီးလျှင် မျက်နှာငယ်ကလေးနှင့် "ဒါဖြင့်ရင်လဲ မသွားချင်နေကွာ"ဟု ဝမ်းနည်းသံဖြင့် ပြောရာ–

"သွားမှာပေါ့ကွာ"ဟု ဖေသိန်းက ပြောလိုက်မှ ဘမြင့်မှာ ရွှင်လန်း၍လာပြီး အကျီလဲရန် ဗွပ်ကျယ်အကျီကို ကမန်းကတန်း ချွတ်လေ၏။

မကြာမီ နှစ်ယောက်သား ကောင်းမွန်စွာ ဝတ်စားဖီးလိမ်းပြီး ထွက်ကြတော့မည်အပြုတွင် ပွင့်နေသော တံခါးမှာ ပြဲ၍လာသည်ကို တွေ့ရပြီး တံခါးပေါက်ဝတွင် အိမ်လခတောင်းသော ကုလား မားမားကြီး ရပ်နေသည်ကို တွေ့ကြရသဖြင့် မျက်နှာသေကလေးများနှင့် ရပ်၍နေ ကြလေ၏။

"ဆပ်၊ ကရိုင်းယားက ဒိုးမိုင်းနား တိုးဂိုးယားဆပ်၊ အဘီးနိမ်း၊ ဒေး နေးဆက္ကနေးဆေး အိဒိမိနို့တစ္စလေထိုး"ဟု ဆိုကာ အိမ်လခ မပေးနိုင်သဖြင့် အိမ်ရှင် သူဌေးထံမှ ကမ္မဝါဖတ် ပရိတ်မရွတ်ဘဲ နှင်၍ ချသော နို့တစ်စာရွက်ကို ဖေသိန်းအား ထိုး၍ပေးလေ၏။

ဖေသိန်းသည် နို့တစ်စာကိုယူ၍ ကြည့်ပြီးလျှင် စောစောက ရရှိခဲ့သော အိတ်ထဲမှငွေကို စမ်း၍ကြည့်မိလေ၏။ ယခုတစ်ကြိမ်မှု ဒရဝမ်ကုလားကို ရှောင်၍မရဘဲ ရင်ဆိုင်တိုး၍နေသဖြင့် အိတ်ထဲမှ ငွေစက္ကူများသည် အပြင်သို့ထွက်ရန် ခုန်၍နေသကဲ့သို့ စမ်းမိလေ၏။

"ကိုင်း ဘမြင့်ရေ၊ မင်းအကျီပြန်ပြီး ချွတ်ပေဦးတော့၊ ခုနတုန်းက ငွေကလေးကို ဟော့ဒီမအေ့လင်လက်ထဲ ဆက်လိုက်တော့မယ်"ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ ဘမြင့်မှာ စိတ်ပျက်၍ သွားပြီးလျှင်။

"ကိုင်းကွာ၊ မှိုင်မနေပါနဲ့၊ ဆင်းရဲတစ်ခါ မွဲတစ်လှည့် ဆိုသလိုပေါ့၊ ဒီနေ့အဖို့တော့ ၃၃ လမ်းက ထန်းတစ်ပင်ဆိုင်မှာပဲ ကော်ရင်ဂျီထမင်းနဲ့ ကောင်ရင်ဂျီဟင်းကို ဘုဉ်းပေးကြရတော့မှာပဲ"ဟု ပြောရင်း ကုလားထွက်သွားသဖြင့် လေ့ကားတံခါးကို သွား၍ပိတ်လိုက်လေ၏။

ထိုသို့လျှင် ဖေသိန်း၏ဘဝ ပျော်ရွှင်စရာများ၊ ဝမ်းနည်း စိတ်ညစ်စရာများဖြင့် ရောပြွမ်း၍နေကာ ထိုသို့ အသက်ရှုကျပ်လှသော ဘဝထဲမှာပင် စာအညွှန့်အဖူးများကို စိတ်ကူးထုတ်နိုင်ကြရကာ တိုင်းပြည်အား ဖြေဖျော်ကြရရှာပေ၏။

ဖေသိန်းနှင့် ဘမြင့်တို့မှာ ဝမ်းနည်းစရာမှပျော်‌ပျော်ရာမှ စိတ်ညစ်ညူးဖွယ်ရာကို တွေ့ကြရသော်လည်း နောက်နေ့သို့ရောက်၍ ခင်တင့်ထံမှ ပြန်စာကိုရရှိကြသည်တွင် ထိုစိတ်ညစ်ခြင်းများ ပြေပျောက်သွားခါ မိမိတို့ ယနေ့အဖို့ သုံးစွဲစရာ မရှိသည်ကိုပင် သတိမရနိုင်တော့ဘဲ မခင်တင့်၏ စာကိုကြည့်၍ ဝမ်းသာလျက် ရှိကြပြန်ပေတော့၏။

ဖေသိန်းသည် စာကိုဖတ်နေရာမှ "မခင်တင့်တော့ ဓာတ်ပုံမြင်ပြီး သိပ်စွဲနေတော့တာပဲဟေ့၊ ဓာတ်ပုံနဲ့ ရှူးနေတော့မှာပဲ"ဟု ပြောလိုက်သည်တွင် ဘမြင့်သည် သီချင်းကောက်၍ဆိုကာ ဩော်… စွဲပေါ့… စွဲပေါ့၊ ဟဲဟဲ စွဲပေါ့၊ အကုန်ကုန်တော်ပါပြီ၊ တန်ပါပြီ၊ လျှာထဲအရိုးမရှိ ပြောတဲ့စကားတွေ ဟော… ဟောဟောဒီက မခင်တင့်ကလေးက မယုံ"ဟု ခုနစ်သံတက်၍ ဟဲလိုက်ပြီလျှင် တယောကိုကောက်၍ ကိုင်လိုက်လေ၏။

သို့ရာတွင် ခင်တင့်ထံမှ မိမိတို့တောင်းလိုက်သော ဓာတ်ပုံမှာ ယခု စာရောက်၍လာသောအခါတွင် ပါ၍မလာသည်ကို တွေ့ကြရလေ၏။

"ဟာ… လွှတ်မနိမ့်တဲ့ မြာပဲကွာ၊ သူ့ပုံကို ရှုလိုချင်ရလောက်အောင် ဘာများ အဖိုးတန်လို့လဲတဲ့ကွ၊ မဖော့ပါရစေနဲ့တဲ့၊ သိပ်ဝကျတာပဲကွာ၊



ဘုန်းကြီးဟာကျတော့ ပေးလားကမ်းလား၊ တကာမဟာကျတော့ မှူးတင်းပဲ တင်းနဲ့"

"အဲဒါ မင်းကို စကားခေါ်တာပဲ ဆရာ၊ သူလိုချင်တာက ခင့်ပုံကလေးကို မမြင်ရမနေနိုင်တဲ့အတွက် ကြည့်ချင်လွန်းလို့ပါ။ ခင့်လက်ရေးကလေးတွေ မြင်ရရုံနဲ့ အားမရနိုင်ပါဘူး။ ခင့်စာတွေ ရကတည်းက ခင့်မျက်နှာကလေး မြင်ယောင်ထင်ယောင် ရှိနေပြီ။ အိပ်လို့မပျော် စားလို့မဝင် ဆိုတာမျိုးကို ရေးတာလိုချင်လို့ကွ၊ မင်းလည်း ဝတ္ထုရေးဆရာ တစ်ယောက်လုပ်နေပြီး ဒါမျိုးကို နားမလည်ပါဘူးကွာ၊ မင်းဝတ္ထုကြိုက်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ဝတ္ထုဖတ်ရင်း သူ့ကိုယ်သူ ဝတ္ထုထဲက ဓာတ်လိုက်မင်းသမီးကလေးလို ထင်ချင်ထင်နေမလားမှ မသိဘဲ"

"အံမာ မင်းက သူ့ကို မိန်းကလေးလို့ ထင်နေတာ၊ သူ့အသက် ဘယ်လောက်ရှိပြီလဲ သိသလား။ ကျောင်းဆရာမဆိုတာ အသက် ၃၀ ကျော် အပျိုကြီးတွေ များတာမဟုတ်လား"

"အသက် ၂၀ လောက်ရှိတဲ့ ကျောင်းဆရာမ မရှိတဲ့အတိုင်းဘဲ၊ မင်းပြောပုံက"

"ဒါပေမဲ့ သူ့စာထဲမှာကြည့်လေ၊ ကျွန်မပုံကို အလှထားရအောင်ဟာလဲ ကျွန်မဟာ ဆရာတွေထဲမှာ အရုပ်ဆိုးဆုံးဖြစ်နေတာက ခက်တယ်တဲ့ဆိုတာ ပါလာတာ မတွေ့ဘူးလားကွ၊ ဒီတော့ အရုပ်ဆိုးတာရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် အသက်ကြီးလို့ ရုပ်ရေကျနေတာလည်း ဖြစ်ရမပေါ့ကွ"

"ဒါပေမဲ့ကွာ တမင်လိုမ့်တာလားမှ မသိဘဲ၊ အေးကွာ၊ အရုပ်ဆိုးတာ မဆိုးတာ အပထားပါဦး၊ ငါ ခုနကပြောသလို ခင့်မျက်နှာ မမြင်ရမနေနိုင်ဘူးဆိုတဲ့ စာကို ရေးပါဦး။ သူ့လည်း ကြိုက်တာသိရအောင် လိုချင်တဲ့ ဓာတ်ပုံလည်း ရရောမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသည့်အတွက် ဖေသိန်းလည်း သဘောကျကာ သိသိသာသာ ညှ၍ရေးလိုက်သောစာကို ပို့လိုက်လေ၏။ သို့ရာတွင် ထိုစာကို ရေး၍ပေးလိုက်သည့် နေ့မှစ၍ ခင်တင့်၏ ပြန်စာကို မျှော်ပါသော်လည်း စာပြန်ချိန်တန်၍လည်း စာရောက်၍မလာ၊ တစ်ရက်နှစ်ရက်ကြာသော်လည်း စာရောက်၍မလာသဖြင့် ဖေသိန်းနှင့် ဘမြင့်တို့မှာ အဘယ်အကြောင်းကြောင့် စာမပြန်သည်ကို စဉ်းစား၍ မရနိုင်ဘဲ ရှိကြလေ၏။

"တို့တော့ အရှက်ကွဲပြီ ထင်တာပဲဟေ့"ဟု ဖေသိန်းက အရင်းအမြစ်မရှိ ပြောလိုက်လေ၏။

"ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"သူက ငါ့ကို ဆရာလို သမားလို ကြည်ညိုချစ်ခင်တဲ့စိတ်နဲ့ စာရေးနေတာကို တို့များက အထင်ကြီးနဲ့ ခေါင်တွေးပြီး ရည်းစားစာကောက်ရေးလိုက်တော့ ခက်ကုန်တာပေါ့ကွ၊ သူ့ဆီက အရင်လာတဲ့စာတွေကို သေသေချာချာပြန်ပြီး စဉ်းစားကြည့်ပါလား၊ ချိတ်လုံးစောင်းလုံးတွေမှ မပါဘဲ သဘောရိုးနဲ့ ရေးတဲ့စာတွေချည်းပဲ မဟုတ်လားလို့၊ ငါတော့ မင်းနဲ့တိုင်ပင်မိတာ ချောက်မှ အကြီးအကျယ်ကျတော့ပဲ။ စာရေးဆရာကြီးတစ်ယောက်လုံး လုပ်နေပြီး ကိုယ့်သိက္ခာကိုမှ ကိုယ်မရှက်ဘဲ ရည်းစားစာကောက်ရေးတယ်ဆိုတာကွာ၊ အရပ်ရပ် နေပြည်တော်ကြားလို့မှ မတော်ပါဘူးဆိုတာ ကျနေပြီ။ တကယ်လို့ သူလည်း ကြိုက်ပြီး စာပြန်တယ်ဆိုရင်ဖြင့် တော်ပါသေးရဲ့၊ အခုတော့ ငါ့အပေါ်မှာ သိက္ခာသမာဓိနဲ့ ပြည့်စုံတယ်လို့ ထင်တဲ့စိတ်တွေဟာ ပျောက်ကုန်ရောပေါ့ကွ။ သူက ကြိုက်ရင်တော့ဖြင့် ဒါမျိုး တွေးမိမှာ မဟုတ်ဘဲ ဝမ်းတောင်သာဦးမှာပဲ၊ အခုတော့"

"အောင်မာ မင်းကလည်းကွာ၊ ဝတ္ထုရေးဆရာပီပီ အတွေးနက်မနေစမ်းပါနဲ့ကွ၊ နေမကောင်းလို့ စာမပြန်အားရင်လည်း ဖြစ်ချင်ဖြစ်မပေါ့ကွ၊



မအားရလို့ရင်လည်း ဖြစ်မပေါ့"

"ဟာ... မဟုတ်နိုင်တာဘဲ၊ ဒါလောက်ကိစ္စကို ဒီလိုပေါ့ပေါ့ဆဆ တွေးကြည့်ရုံနဲ့ ပြီးနိုင်ပါမလားကွာ။ ချစ်တယ်ကြိုက်တယ်ဆိုတဲ့ ကိစ္စဟာ ဘယ်လောက်ကြီးတဲ့ ကိစ္စမှတ်လို့လဲ သံသရာအစချီတဲ့ ကိစ္စကွ၊ ငါပြောတဲ့အတိုင်း ဟုတ်မှာပါပဲကွာ၊ ငါလိုစာရေးဆရာတစ်ယောက်က ကလေးကလားနဲ့ ရည်းစားစာပေးတယ်ဆိုတာ သူ့တာကာလိုက်ပြမှဖြင့် ဘယ်သူမှ ငါ့ကို ကြည်ညိုမှာလဲ မဟုတ်တော့ဘူး"

ဘမြင့်သည် ဖေသိန်း၏အတွေးကို သဘောကျ၍ ရယ်မိပြီးနောက် "ရှောက်ပြရုံမကလို့ သတင်းစာထဲမှာထည့်ပြီး ကြော်ငြာပေစေကွာ ပူစရာမဟုတ်ပါဘူး၊ သူကလည်း ရည်းစားစာ အပေးခံရတာ ဘာရှက်ဖို့လိုသလဲကွ ဂုဏ်တောင်ရှိသေးတယ်။ စာရေးဆရာတစ်ယောက်က ကြိုက်တယ်ဆိုတာ နည်းတဲ့ဂုဏ်လားကွာ၊ နောက်ပြီး မင်း တစ်ခုစဉ်းစားကြည့်ဦး၊ သူက မင်းဆီကို စာစပြီးပေးတာ၊ ဝတ္ထုကောင်းတာ ခေတ်ပုံတောင်းတာတွေဟာ သူ့စိတ်ထဲမှာ ကြိတ်ပြီး ကြိုက်မနေရင် ဒီလိုပေးမတဲ့လားကွာ၊ နည်းနည်းတော့ ကြိုက်လို့သာ ဖြစ်တော့မပေါ့"ဟု ပြောသဖြင့် ဖေသိန်းသည် "ဒါက အထင်နဲ့ ပြောရတဲ့စကားပါကွာ၊ ငါတော့ အခု တွေးမိတာက လွဲလို့ ဘယ်လိုမှ စဉ်းစားမရဘူး။ ဒါပေမယ့် မိန်းမဆိုတာ အစဉ်းစားရအတော်ခက်သားကလားကွ"ဟု ညည်းညူသလို ပြောမိလေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

ခင်တင့်သည် ဖေသိန်းထံမှ စာများရသည့်အခါတိုင်း ဝမ်းသာပျော်ရွှင်ခြင်း ဖြစ်ခဲ့မိပေ၏။ သို့ရာတွင် ဖေသိန်းထံမှ နောက်ဆုံးစာ ရရှိသောအခါတွင် ခေတ္တမျှသာ ဝမ်းသာနိုင်ပြီးလျှင် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ညစ်ခြင်းများကိုသာ ဖြစ်မိပေတော့၏။

ဖေသိန်း၏ စာထဲတွင် ခင်တင့်ထံမှစာများကို ပထမဦးဆုံး ရရှိသည့်အခါမှစ၍ ကိုဖေသိန်း၏ စိတ်ထဲတွင် အလွန်တရာ သွေ့ခြောက်ပူလောင်သော သဲကန္တာရကြီးနှင့် တူလှသည့် ဒုက္ခအပေါင်းတို့၏ စုဝေးရာဖြစ်သော ဝတ္ထုရေးဆရာတစ်ဦး၏ ဘဝတွင် ကြည်လင်အေးမြသော မိုးရေမိုးပေါက်များ ကျရောက်ကာ စိမ့်စမ်းရေတံခွန်များ ပေါ်ပေါက်လာသည့်အလား၊ သာယာပျော်မွေ့ဖွယ်ကောင်းသော ဘဝသစ်ကြီးသို့ ရောက်ရှိလာရသကဲ့သို့ပင် ပျော်ရွှင်ခြင်း ဖြစ်မိတော့သည်။ ခင်၏ စာများကို အထပ်ထပ် ပြန်လည်ဖတ်ရှုနေရခြင်းသည် ပူပင်သောကအပေါင်းတို့ကို မေ့လျော့ကာ လူတို့၏ဘဝတွင် ဒုက္ခချည်းသာလျှင် ပြည့်နှက်၍ မနေသေးဘဲ၊ စိတ်နှလုံး ချမ်းမြေ့မွေ့လျော်ဖွယ်ရာများလည်း ရှိသေးသည်ကို သိရပါ၏။ ထိုသို့ ခင်၏စာများသည် ကိုဖေသိန်း၏ စိတ်ကို ထိနိုက်စေနိုင်သည်မှာ ခင်နှင့် ကိုဖေသိန်းတို့မှာ ရှေးဘဝ အဆက်ဆက် မည်ကဲ့သို့



ရေစက်ပါ၍ လာကြသည်ကို တွေး၍မရနိုင်အောင် ရှိပါသည်။ ခင်၏စာများကို ဖတ်ရတိုင်း ကိုဖေသိန်း၏ စိတ်ထဲတွင် ရှေးကမကြုံဖူးသော လှုပ်ရှားပေါက်ပြန်ခြင်းများ ဖြစ်မိသည်ကို ကြုံတွေ့နေရလျက် ဘယ်အခါမှ ဖတ်၍အားမရနိုင်ပါ။ ကိုဖေသိန်း၏စိတ်တွင် ခင်၏စာကို ဖတ်၍နေရုံနှင့် အားရတင်းတိမ်ခြင်း မရှိနိုင်ဘဲ ခင်၏ မျက်နှာကိုသာ အစဉ်သဖြင့် တစိမ့်စိမ့်ကြည့်၍ နေချင်ပါတော့သည်။ ထိုသို့ မြင်နေရခြင်းအားဖြင့် ကိုဖေသိန်းအား ဝတ္ထုရေးဆရာအဖြစ်ဖြင့် တွေ့ကြုံနေရသော ဆင်းရဲဒုက္ခတို့ကို မေ့လျော့စေကာ အနားမှထိုင်၍ အားပေးနေသူတစ်ယောက် ရှိသကဲ့သို့ တအားတက်နိုင်ရန် စိတ်ထဲက မျှော်လင့်တောင့်တနေသလားဟု ကိုယ့်စိတ်ကိုယ်ပင် ဝေခွဲ၍မရနိုင်လောက်အောင် အစရှိသဖြင့် အသိုင်းအဝိုင်း အမြောက်အပင့်များ စုံလင်စွာ ရှည်ရှည်လျားလျား ရေးလိုက်သော စာများသည် အခြားသူတစ်ဦးတစ်ယောက်အဖို့ဩကား စိတ်လှုပ်ရှား ထူးခြားခြင်းဖြစ်စေလိမ့် ဖြစ်နိုင်မည်ပင် ဖြစ်သော်လည်း ဖေသိန်း၏ ဝတ္ထုများကို စွဲလမ်းနှစ်သက်နေသူ တစ်ဦးဖြစ်သော ခင်တင့်အဖို့မှာမူ မိမိအား တိုက်ရိုက်ထိခိုက်စေသော စာများဖြစ်သဖြင့် စိတ်နှလုံး တုန်လှုပ်ချောက်ချားခြင်း ဖြစ်မိပေ၏။

ခင်တင့်သည် ကိုစာကို ဖတ်ရှုရသည်တွင် ရုတ်တရက် ဖြစ်ပေါ်လာသော ဝမ်းသာခြင်းကို ရှက်ကြောက်သောစိတ်များက လွှမ်းဖုံး စိုးမိုး၍သွားပေ၏။ ခင်တင့်သည် ဖေသိန်း၏ ဝတ္ထုများကို ဖတ်ရှုရခြင်းအားဖြင့် ဖေသိန်း၏အပေါ်တွင် နှစ်သက်စွဲလမ်းခြင်း ဖြစ်မိသော်လည်း ထိုစွဲလမ်းသောစိတ်များမှာ အဘယ်အရာသည် အကြောင်းရင်းခံဖြစ်သည်ကို နက်နဲစွာ မစဉ်းစားမိဘဲ ကြည်ညိုသော စိတ်တစ်မျိုးပင် ဖြစ်သည်ဟု ထင်မှတ်မိခဲ့၏။ သို့ရာတွင် ဖေသိန်းထံမှ နောက်ဆုံးစာကို ရရှိသည့်အခါတွင် ထိုစာကိုရခြင်းကြောင့် ရှက်ကြောက်ဝမ်းနည်းခြင်း မရှိဘဲ ထိုစာကို

www.burmeseclassic.com

www.burmeseclassic.com



ရရှိ၍ မိမိ၏ ခွဲလမ်းသောစိတ်မှာ လုံးဝ ရိုးရိုးကြည်ညိုသောစိတ် မဟုတ်သည်ကို သိရှိနားလည်ရသည့်အတွက် ရှက်ကြောက်ခြင်း ဖြစ်မိလေ၏။ ထို့ပြင် မိမိက စတင်၍ မင်းကုသထံသို့ စာပေးလိုက်ခြင်းသည် မင်းကုသအား မိမိသည် ပေါ့ပေါ့ပျက်ပျက် ကလက်ကလိန်း စိတ်မထိန်းနိုင်သည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု အထင်အမြင် ဖြစ်စေသည့်အတွက်သာ မင်းကုသထံမှ ဤကဲ့သို့ ရေးလိုက်လေရော့သလားဟု တွေးပြီး ရှက်မိလေ၏။

ခင်တင့်သည် မိမိအား ဖေသိန်းက ချစ်သည် ကြိုက်သည်ကို စာပေးခဲ့ရသည့်အတွက် မရှက်မိ၊ ထိုသို့ အပေးခံရခြင်းသည် မိမိ၌ ဂုဏ်ယူကြွားဝါခြင်းတစ်ခုဖြစ်သည်ဟု ယူဆနိုင်စရာရှိသော်လည်း ယခု စာပေးလိုက်ခြင်းမှာ မိမိအား မင်းကုသ တကယ်ပင် မေတ္တာရှိ၍ ပေးခြင်းမဟုတ်ဘဲ မိမိက စမိခြင်းအတွက် မိမိအပေါ်တွင် အထင်သေးနုပ်ကာ အပျော်သက်သက် ရေးလိုက်ခြင်းဖြစ်လေရော့သလားဟု တွေးကာ ဝမ်းနည်းမိလေသည်။

ထိုသို့တွေးမိသည့်အတွက် ဤစာကို မိမိ ပြန်လိုက်မိလျှင် မိမိအပေါ်၌ အထင်အမြင်သေးခြင်းမှာ သာ၍ပင် လေးနက်သွားတော့မည်ကို စိုးရိမ်မိသဖြင့် ဖေသိန်းထံ စာပြန်ရန် ခက်ခဲ၍နေကာ ဖေသိန်း၏စာကို ရသည့်အတွက် မိမိ၏ စိတ်ကို ဝေခွဲ၍မရဘဲ ဖောက်ပြားလှုပ်ရှားခြင်း ဖြစ်မိလေ၏။

ခင်တင့်သည် ဖေသိန်းထံသို့ မိမိ ရေးပေးလိုက်သော စာများကို အထပ်ထပ် ပြန်လှန်စဉ်းစားကြည့်၏။ ထိုသို့ စဉ်းစားကြည့်ရာတွင် မိမိ၏ စာများတွင် ကလိန်းကလက် ပျက်ပျက်ချော်ချော်နိုင်သော စာသားများ ပါ၍မသွားသည်ကို တွေးတောယုံကြည်မိ၏။ သို့ဖြစ်သဖြင့် ဖေသိန်းထံမှ ပေးလိုက်သော နောက်ဆုံးစာမှာ မိမိအပေါ်တွင် အထင်အမြင်သေးသောသဘောနှင့် ရေးလိုက်ခြင်း မဟုတ်ဟု ယူဆမိပြန်လေ၏။ ထို့ပြင် ဖေသိန်း၏ စာသွားစာလာကို ဆင်ခြင်၍ ကြည့်လိုက်ပြန်သောအခါ အချစ်နှင့် ကင်းမဲ့လျက် ဒုက္ခအမျိုးမျိုးတို့နှင့် ပြည့်စုံနေသူတစ်ယောက်သည် အချစ်ကို လွန်စွာမှ မွတ်သိပ်ခြင်းဖြစ်လျက်ရှိကာ ဒုက္ခတို့ကို အချစ်ဖြင့် သက်သာစေလို၍ အချစ်ကို တောင့်တခြင်းနှင့်ပင် တူသည်ဟု စဉ်းစားရန်ရှိနေ၍ မိမိအပေါ်တွင် စိတ်ရင်းသဘောထား ဖြူဖြောင့်စွာ ရေးသားလိုက်ခြင်းပင် ဖြစ်သည်ဟု ထင်မှတ်မိသည့်အပြင် ယခင်က မိမိထံ ဖေသိန်းစာရေးသည့်အခါ၊ ၎င်းကိုယ်ကို ဆရာထည့်ခေါ်၍ ရေးသားခဲ့ပြီး ယခုစာတွင် ကိုဖေသိန်းဟူ၍ ဆရာ ဟူသော စကား၏ ခန့်ညားခြင်းကို ဖြုံဖျက်ရေးသားလိုက်ခြင်းကို တွေ့ရခြင်းသည် ခင်တင့်၏ ယုံကြည်ထင်မှတ်ခြင်းကို ပိုမိုလေးနက်စွဲမြဲစေလေ၏။

သို့ရာတွင် တစ်နည်းအားဖြင့် စဉ်းစားလိုက်ပြန်သောအခါ ဝတ္ထုရေးဆရာတို့ မည်သည်မှာ စာကို အမျိုးမျိုး ကစားနိုင်သူများ ဖြစ်သည့်အတွက် မိမိအား စာဖြင့်လှည့်ဖျားခြင်းပင် ဖြစ်လေရော့သလား။ တကယ်ပင် မေတ္တာစိတ်ဖြင့် ရေးလေရော့သလားဟု တွေးတောစရာ ပေါ်ပေါက်လာလေ၏။ ထို့ပြင် မိမိ ယခင်ရေးလိုက်သော စာများတွင် ကလိန်းကလက် အပျက်အချော်များ မပါသော်လည်း စာ၏သဘောကို ထောက်ချင့်လျက် မိမိအပေါ်တွင် အထင်အမြင်သေးစရာရှိသည်ကိုလည်း စိတ်ကူးမိပြန်သဖြင့် ဖေသိန်း၏စာကို ပြန်လိုက်လျှင် ဆက်လက်၍သာ အထင်အမြင် သေးတော့မည်ဟု ယူဆကာ မပြန်တော့ပါဘူးဟု နှလုံးပြုလိုက်ပြီးလျှင် မိမိကစ၍ စာပေးလိုက်ခြင်းအတွက် မိမိကိုယ်ကို အပြစ်တင်မိလေ၏။

ထိုသို့ ဖေသိန်းထံ စာမပြန်တော့ဘူးဟု စိတ်ပိုင်းဖြတ်လိုက်သော်လည်း ဖေသိန်း၏စာကို ရရှိ၍ တစ်ရက်နှစ်ရက် ကြာသောအခါတွင် မိမိ၏စာကို ဖေသိန်း မျှော်၍နေတော့မည်။ မိမိ စာမပြန်လျှင် ရှိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့မည်။ ဖေသိန်း မိမိအပေါ်တွင် ထားသည့်အချစ်ကို လက်ခံနိုင်သည်ဖြစ်စေ၊ မခံနိုင်သည်ဖြစ်စေ မိမိသည် ဖေသိန်းအား ယဉ်ကျေးခြင်းထုံးတမ်းအရ စာပြန်ရန် ဝတ္တရားရှိသည်ဖြစ်၍ ဂရုမစိုက်ဘဲနေ၍မဖြစ်။ အကယ်၍ မိမိအပေါ်တွင် အထင်မသေးစေလိုလျှင် မူလက မိမိစာများစတင်၍ပေးခြင်းမှာ ရိုးဖြောင့်သော စိတ်ထားမှုတစ်ပါး အခြားမည်သို့စိတ်ထားရှိ၍မျှ မဟုတ်ဟူ၍ စာပြန်ရန် ရှိတော့သည်ဟု ဆင်ခြင်ပိုင်းဖြတ်ကာ စာပြန်ရန် ကြိုးစားလေ၏။

သို့အားဖြင့် ဖေသိန်းထံ ပြန်စာကို ရေးလေရာ

"ကျွန်မသည် ကိုဖေသိန်းအပေါ်တွင် ဆရာဟူ၍ အသိအမှတ်ပြုကာ ကြည်ညိုသော စိတ်ထားခြင်းမှတစ်ပါး မည်သို့မျှ ဖောက်ပြန်ခြင်းမရှိပါ" ဟူသော စာကိုရေးပြီးမှ မိမိစာကို သဘောမကျဘဲရှိကာ ဆွဲဆုတ်ပစ်ပြီး အသစ်ထပ်မံ၍ရေးရန် စာတစ်ရွက်ပေါ် ကလောင်ကို တင်လိုက်လေ၏။ သို့ရာတွင် အဘယ်ကဲ့သို့ ရေးရမည်ကို ရုတ်တရက် စဉ်းစား၍မရနိုင်ဘဲ ငေး၍နေမိလေ၏။

အတန်ကြာမှ စိတ်ကူးပေါ်ပေါက်လာကာ "ကျွန်မအပေါ်တွင် ဤကဲ့သို့ မေတ္တာထားရှိသည်ကို သိရသဖြင့် ဝမ်းသာ၍မဆုံးပါ၊ ထိုသို့ မေတ္တာထားရှိခြင်း ခံရသည့်အတွက် ကျွန်မမှာ အလွန်ပင် ဂုဏ်ရှိသွားပါသည်။ သို့ရာတွင် ကျွန်မသည် ဆရာ၏စိတ်နှလုံးကို ထိခိုက်ညစ်ညူးစေလိုသော ဆန္ဒမရှိသော်လည်း ယခု ကျွန်မ၏ စိတ်ထဲတွင်ထားရှိသောသဘောကို ဖော်ပြရမည်ဆိုလျှင် ကျွန်မမှာ ယခုအချိန်အထိ အချစ်နှင့် ပတ်သက်၍ ဝေခွဲလို့ မရနိုင်အောင်" ဟု ရေး၍မှ ဝါကျမဆုံးမီပင် ထိုစာလုံးများပေါ်တွင် "ဂျစ် ဂျစ်" ဟု မြည်သောအသံဖြင့် ကလောင်သွားဖြတ်လျှောက်၍ သွားလေတော့၏။

ခင်တင့်သည် မိမိ၏ ဏှာခြေကို ဆည်ရန်အတွက် ဖေသိန်းအား



မညာလို။ ထိုသို့ညာဝါး၍ ဖေသိန်း၏စိတ်ကို ညှိုးနွမ်းခြင်း မဖြစ်စေလို။ ဖေသိန်းအား မိမိသည် အကယ်ပင် မချစ်နိုင်သည်မဟုတ်၍ မချစ်ဘူးဟူသော စကားကို မသုံးလိုပေ။ သို့ရာတွင် ချစ်သည်ဟူသောစကားကို သုံးရန်မှာလည်း မိမိသည် ဖေသိန်းအား ချစ်မိပြီလောဟူသော မေးခွန်းပေါ်လာလေ၏။

ခင်တင့် စာရေးနေသောအချိန်မှာ ည ၁၁ နာရီသို့ ရောက်နေပေ၏။ တစ်ခန်းလုံးတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိကာ စာပွဲတင် နာရီကလေးမှ ချောက်ချောက် ချောက်ချောက် မြည်နေသောအသံနှင့် ခင်တင့်၏ မကြာမကြာ သက်ပြင်းရှူရှိုက်လိုက်သော အသံကို ကြားရပေ၏။

ရေနံဆီ တပြည်းပြည်း ကုန်၍လာသော စာပွဲတင်မီးအိမ်မှ ဖျော့တော့သော အလင်းရောင်သည် မရွှင်မပြုံး ညှိုးနုံးစိတ်အိုက်နေသော ခင်တင့်၏ မျက်နှာပေါ်တွင် ကျရောက်လှုပ်ရှားလျက် ရှိလေ၏။ ခင်တင့်သည် မိမိစိတ်ကို ဝေခွဲ၍မရနိုင်သဖြင့် ကိုက်ထားသော နှုတ်ခမ်းကလေးသည် သွေးရည်ဖြာ၍ ထွက်တော့မည်ကဲ့သို့ သွေးချည်ဥကာ နီရဲလျက်ရှိနေလေ၏။ ခင်တင့်၏ ကြည်လင်သော မျက်လုံးအိမ်ထဲတွင် ရစ်ဝဲလွှမ်းမုံးလျက်ရှိသော မျက်ရည်[illegible]သာ မီးရောင်တွင် ပြောင်လက်၍နေ၏။

မရပ်မနားမြည်ကာ သွားနေသော နာရီ၏ လက်တံများသည် ၁၂ ဂဏန်းဆီသို့ နီးကပ်၍လာကြပြီ။ ခင်တင့်၏ သွက်လက်သော လက်ချောင်းကလေးများသည် ကလောင်တံကိုပင် အနိုင်နိုင် သယ်ယူကာ ဖြူဖွေးသော စာရွက်ပေါ်တွင် မနည်းအားယူ ရွေ့လျားလျက်ရှိချေ၏။ မကြာမီ ထိုလက်ချောင်းကလေးများသည် စာအိပ်တစ်ခုပေါ်သို့ ရောက်ရှိသွားသည်ကို တွေ့ရပြီးနောက် မျက်ရည်ဥကလေးများသည် လက်ပေါ်သို့ တစ်ပေါက်စီ ကျဆင်းလာလေ၏။

ခင်တင့်သည် မျက်ရည်ကို မဆည်နိုင်တော့ဘဲ စာပွဲမှထ၍ပြေးကာ အိပ်ရာပေါ်သို့ ပစ်၍လှဲလိုက်ပြီးလျှင် ရှိုက်မိလေတော့၏။ စားပွဲပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



"မင်းကုသ"ဟု အမည်တပ်ထားသော စာအိတ်ကလေးပေါ်သို့ အသက်ငင်၍နေသော မီးရောင် ကျရောက်လျက်ရှိပြီး သန်းခေါင်ယံ၏ အေးမြသော လေပြေသည် အခန်းတွင်းသို့ ဝင်၍အငွေ့တွင် မီးငြိမ်း၍သွားလေသတည်း။

ဖေသိန်းသည် ခင်တင့်ထံမှ စာကို မျှော်နေသည်မှာ တနင်္ဂနွေ တစ်ပတ်ကြာခဲ့လေ၏။ သို့ရာတွင် ဤမျှ ကြာမြင့်သည်တိုင်အောင် ခင်တင့်၏ ပြန်စာကို မရသေးဘဲ ရှိသဖြင့် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်ကာ မိမိ ရေးလိုက်သောစာကြောင့် ခင်တင့်နှင့် မိမိ မိတ်ပျက်ရခြင်းကို ဝမ်းနည်း မိလေ၏။ မိမိသည် မိမိ၏ ဝတ္ထုများဖြင့် တိုင်းပြည်တွင် အမြော်အမြင်ကြီးအောင် ဖန်တီးနေသူ ဖြစ်ပါလျက် ဤကိစ္စတွင် မိမိသည် ဘာမျှ မျှော်မြင်ခြင်းမရှိဘဲ မစဉ်းမစား ပြုလုပ်လိုက်မိခြင်းကို အပြစ်တင်မိလေ၏။ သို့ရာတွင် ဖေသိန်းမှာ ဝတ္ထုရေးဆရာဟု ဆိုရစေကာမူ ဝတ္ထုရေးဆရာ သည်လည်း အရိယာရဟန္တာမဟုတ် ပုထုဇဉ်ပင် ဖြစ်ပေရကား အာသာစွဲလမ်း ငမ်းငမ်းတက်သောစိတ် ဖြစ်ပေါ်လာသည့်အခါတွင် ပုထုဇဉ်သဘာဝ ဆင်ခြင်မိနိုင်မည် မဟုတ်ပေ။ ဤအကြောင်းကို ဖေသိန်းသည် ကိုယ်တိုင်လည်း တွေးမိပေ၏။

ဘမြင့်မှုကား ပူပင်တွေးတောတတ်သူ မဟုတ်သဖြင့် ပြုံးပြုံးပျော်ပျော် နေခဲ့ရာ ဖေသိန်း စိတ်မကောင်းသည်ကို တွေ့၍ "မင်းကလဲကွာ ပူစရာမဟုတ်တာကို တယ်ပြီး အပူအပင် ကြီးနေတာကိုးကွ"ဟု ပြောမိလေ၏။

"ပူစရာမရှိတာတော့ ဟုတ်ပါတယ်၊ မခင်တင့်က ဒီစာအတွက်နဲ့ စိတ်ဆိုးလို့လဲ အရေးမဟုတ်ပါဘူး၊ ဒါပေမဲ့ ကလေးကလားနဲ့ အရူးထမိကြတာ တွေးမိတိုင်း လိပ်ပြာမသန့်လွန်းလို့"

"ဘာဆိုင်လဲကွ၊ ဝတ္ထုရေးဆရာဟာ ဝတ္ထုရေးတတ်လို့ ရေးတာ တခြား၊ ကြိုက်တတ်လို့ ကြိုက်တာတခြားပဲ၊ ဝတ္ထုရေးဆရာဖြစ်လို့



ရည်းစားစာ မပေးရဘူးတဲ့လားကွ"

"ဟုတ်တော့ ဟုတ်တာပေါ့ကွ၊ ငါလဲ အစဉ်းစားမိသာပေါ့၊ ဒါပေမဲ့ ဂုဏ်ငဲ့ပြီး ရှက်စရာကောင်းတာပေါ့ကွာ"

"အောင်မာ ဘယ်သူသိတာလိုက်လို့လဲကွာ၊ နို့ပြီး မင်းမြာကလဲ တမင်မူနေတာပါ၊ တစ်နေ့ကျတော့ စာပေါက်လာဦးမှာပဲ"ဟု ပြော၍မှ မကားမဆုံးမီ ပြင်းထန်စွာ အခန်းခေါက်သံနှင့် 'ပို့စမင်း'ဟု ခပ်မာမာအော်သံကို ကြားရသဖြင့် "ဟော ပြောရင်းဆိုရင်း စာပေါက်လာပြီ၊ သူ့ဆီကပဲ ဖြစ်မှာပဲ"ဟု ပြောလေ၏။

ဖေသိန်းလည်း ဝမ်းသာအားရ ပြေး၍သွားကာ တံခါးကို ဖွင့်ပေးပြီး စာပို့ကုလားလက်ထဲမှ စာတစ်အိတ်ကို ယူလိုက်ပြီးလျှင် လက်ရေးကို ကြည့်ရင်း တစ်မျက်နှာလုံး ချိုပြုံးရွှင်လန်းလျက် "ဟုတ်တယ်ဟေ့၊ ဟုတ်သားပဲဟ မင်းပါးစပ်မှာ နတ်စီးနေတယ်ထင်တယ်"ဟု ပြောပြောဆိုဆို စာအိတ်ကို ဖောက်လိုက်လေ၏။

ဖေသိန်း၏ နှလုံးသွေးများမှာ တစ်နာရီလျှင် မိုင်ရှစ်ဆယ်အားဖြင့် လျှင်မြန်စွာ လှုပ်ရှားနေသကဲ့သို့ ထင်ရပေ၏။ ရင်ထဲက ခုန်နေသောအသံမှာ နားထဲတွင် ဆူညံ၍နေသကဲ့သို့ ထင်မိ၏။ လက်များမှာလည်း တုန်ယင်၍နေတော့၏။ မျက်နှာမှာလည်း အသွေးအရောင်တစ်မျိုးပြောင်းလျက် မျက်လုံးများလည်း ကျိုးကန်းတောင်မှောက်သည့်အလားပျာပျာသလဲရှိကာ အရင်လိုသော အမူအရာဖြင့် မိမိ၏ လိုရင်းဖြစ်သော ချစ်မချစ်၊ ကြိုက်မကြိုက်ဆိုသည့် စကားကို အမြန်ဆုံးသိရှိနိုင်ရန် ကမန်းကတန်း ဖတ်ရင်း ရှာလေ၏။

ဘမြင့်သည် ဖေသိန်း၏ အမူအရာကို ကြည့်နေလေ၏။ ဖေသိန်းသည် လွန်စွာ စိတ်လှုပ်ရှားသည့် အမူအရာနှင့် ရှိနေသည်ကို တွေ့မြင်နေရာမှ တဖြည်းဖြည်း ငြိမ်သက်၍လာပြီးလျှင် မျက်နှာထား ပြောင်း၍

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို တွေ့ရသောကြောင့် စိတ်ထဲတွင် ထင့်ကနဲ ဖြစ်သွားကာ "ဘယ့်နှယ်လဲဟေ့ ချိုသလား၊ ခါးသလား"ဟု မေးလိုက်ရာ။

"ဖန်တယ်"ဟု ဖြေလိုက်သဖြင့် ဘမြင့်မှာ မစဉ်းစားတတ်အောင် ဖြစ်သွားလေ၏။

"ဘယ့်နှယ် ဖန်တယ်လဲကွ၊ မချိုရင် ခါးရမှာပေါ့၊ မခါးရင် ချိုရမှာပေါ့၊ အခုတော့ မင်းဟာက ဖန်တယ်ရယ်လို့"

"မချိုမချဉ်ဖြစ်တော့ ဖန်တာပေါ့ကွ၊ သူ့စာက ခင့်ကို ကျီစားတာလား၊ ကိုကိုရယ်တဲ့၊ ကိုကို တကယ်မေတ္တာရှိလို့ ရေးတာလားတဲ့၊ ခင့်စိတ်ကို ဒုက္ခများအောင် လှောင်တာပြောင်တာလားတဲ့"

ဘမြင့်သည် စကားဆုံးအောင် နားမထောင်တော့ဘဲ "ဟားဟား မင်းမလဲဒီလိုနေရာမျိုးကျတော့ တယ်အ,တာကိုးကွ၊ အဲဒါ မင်းကို ကြိုက်တယ်ဆိုတာ သွယ်ဝိုက်ပြီး ရေးတာပေါ့ကွ၊ မင်းလည်း ကျပ်ပါသေးတယ်ကွာ၊ မင်းကိုယ်တိုင် ဒါမျိုးဝတ္ထုထဲ ထည့်ရေးနေပြီး အခုမှ အူတူတူ အ,တတ လုပ်မနေစမ်းပါနဲ့၊ ပေးစမ်းပါဦး၊ ငါ ဖတ်စမ်းပါရစေဦး"ဟုပြောလေ၏။

"ဒါတော့ ဟုတ်တာပေါ့ကွ၊ ဒါပေမဲ့ ငါလိုချင်တာက ကြိုက်တယ် မကြိုက်ဘူး ရှင်းရှင်းလိုချင်တာ၊ ချိုတော့ချိုမှာပါပဲ၊ ဒါပေမဲ့ မချိုခင် အဖန်ရေ မကုန်သေးဘဲ ဖြစ်နေလို့ပြောတာ"ဆိုရင်း စာကို လှမ်း၍ပေးလိုက်လေ၏။

ဘမြင့်သည် စာကိုယူရင်း "ဒါတော့ကွာ၊ ညိုမြလုပ်ရသေးတာပေါ့၊ ဝတ္ထုတွေဖတ်နေတာကလည်း ဖြစ်ပြန်၊ ဆရာမလေးဆိုတော့ စာကလည်း ဖတ်ပြန် ပလီစိချောက်ချက်တွေ များမှာပေါ့ကွ"ဟု ဆိုပြီး စာကိုအားတက်သရော ဖတ်ကြည့်နေသဖြင့် ဖေသိန်းက "ဟော့ကောင် သရေတွေလည်း သိမ်းပါဦး၊ မေးစိကို ယိုပြီးကျနေပြီ"ဟု နောက်လိုက်လေ၏။



ဘမြင့်သည် စာဖတ်၍ ဆုံးသောအခါ "ဟေ့ ဓာတ်ပုံအကြောင်းလည်း မပါပါလား"ဟု ပြောလေ၏။

"ဘယ်ပါနိုင်ဦးမလဲ၊ ချစ်တယ်ကြိုက်တယ်ဆိုတဲ့ စခန်းကို ရောက်ပြီးမှ ဓာတ်ပုံပေးမှာပေါ့ကွ၊ အခုတော့မှုဖို့ အလုပ်က အရင်ဦးနေတော့ ဓာတ်ပုံကိစ္စကို အသာချိတ်ထားရတာပေါ့"

"ဟဲ ဟဲ မင်းကို ရုပ်ဆိုးကြီးမှန်းမသိလို့ ကြိုက်တာပဲ၊ မြင်များမြင်လိုက်ရရင် ကျုံးထဲဆင်းပြီး သေတော့မှာပဲ"ဟု ပြောင်လိုက်ပြီးနောက် "ကိုင်း ဒီတစ်ခါ အလွမ်းအဆွေး ခပ်များများနဲ့ ချွဲလိုက်ကွာ။ မင်းအရင်စာက ရှည်လွန်းအားကြီးတယ်၊ မဟုတ်ကဟုတ်က လုပ်ပြီးရေးရကြောင်း သိပ်ထင်ရှားတာပဲ။ ဒါကြောင့် စာအပြန်နှေးပြီး အခုလိုရေးလိုက်တာ"

"ကိုယ့်စိတ်ထဲကလည်း လူမမြင်ဘူးတော့ ဖွဲ့ဖွဲ့လမ်းလမ်း မဖြစ်သေးလို့ စာက တယ်ပြီးမချောဘူးပေါ့ကွာ၊ ဒီစာတော့ စိတ်ပါလက်ပါ ကြိတ်လိုက်ဦးမယ်၊ စာဖတ်ရင်း မျက်ရည်တွေ တောက်ခနဲ တောက်ခနဲ"ဟု ပြောရင်းမှာပင်

ဘမြင့်က မိမိ၏ မျက်လုံးအောက်တွင် လက်ခုပ်ခံကာ "မင်းပြောတာနဲ့ ငါတောင် လွမ်းလာပြီ"ဟု ပြောလိုက်သောကြောင့် စိတ်ရှုပ်နေသော ဖေသိန်းမှာ အားရပါးရ ရယ်မိလေ၏။

ခင်တင့်မှာ အချစ်စိတ်ကို မည်သည့်အခါမျှ မမွေးမြူခဲ့သဖြင့် မိမိ၏ မေတ္တာကို ထုတ်ဖော်ရန်မှာ လွန်စွာရှက်စရာကြီးကဲ့သို့ အောက်မေ့မိသည့်ပြင် နူးညံ့ထိခိုက်လွယ်သော စိတ်နှလုံးရှိသည့် မိန်းမသားဖြစ်သောကြောင့် အချစ်ကို လွှဲအပ်ရန်မှာ အပျိုဘဝကို ပေးအပ်လိုက်ရသကဲ့သို့ ထင်မှတ်ဝမ်းနည်းခြင်း ဖြစ်ခဲ့မိပေ၏။

သို့ရာတွင် အချစ်နှင့်ပတ်သက်၍ စာအသွားအပြန် ပြုလုပ်နေရာက နောက်ဆုံး၌ မိမိ၏အချစ်ကို ဖေသိန်းအား ပိုင်ဆိုင်ခွင့်ပေးလိုက်သည့်အခါတွင်

www.burmeseclassic.com

www.burmeseclassic.com



အချစ်၏စိတ်တွင် မွေ့လျော်နေခြင်းသည် ကြီးမားသော သုခချမ်းသာပေတကားဟု နှလုံးပြုမိလေ၏။ ထိုမျှမကသေး လူချင်းမမြင်ကြရဖူးပဲလျက် စိတ်မှန်းနှင့် အမျိုးမျိုးတွေးတော ကြိုက်ချစ်နေရခြင်းသည် ခင်တင့်၏ အချစ်ဓာတ်ကို ပိုမိုပွားများအောင် ဖန်တီး၍ နေလေတော့သည်။

ဖေသိန်းတို့အဖို့၌ မိမိအား အသည်းစွဲ ချစ်၍နေသူတစ်ယောက်ရှိသည်ကို သိရခြင်းသည် ဝတ္ထုရေး၍ ပင်ပန်းသည့်အခါများတွင် ဦးနှောက်ကို ကြည်လင်စေအောင် အတွေးနှင့် နှစ်သိမ့်မွေ့လျော်ဖွယ်ရာ အဖြစ်ကို ရရှိပေတော့၏။ သို့ရာတွင် ထိုထက်ပိုမိုကြည်ရွှင်စေနိုင်ရန် ခင်တင့်ထံမှ ဓာတ်ပုံကို မရမက ချွဲပျစ်၍ တောင်းသော်လည်း ချစ်တယ်ဆိုတာ စိတ်သာပဓာနပါ ကိုကိုရယ်၊ ရုပ်ကိုမြင်ရမှ ချစ်နိုင်ရမယ်လဲ မဟုတ်ပါဘူး ခင့်ရုပ်ကို အခုကမြင်နေရရင် နောက်တော့ ဒီရုပ်ကြီး မြင်ရဖန်များလွန်းလို့ အီသွားပြီး မကြည့်ချင်တော့ဘဲ ခင့်ကို စွန့်ပယ်သွားမှာတောင် စိုးရိမ်ရပါတယ်"ဟု ဝေ့လယ်လယ် လုပ်၍ထားသောကြောင့် ဖေသိန်းမှာ ခင်တင့်မည်မျှချောသည်၊ လှသည်၊ အရုပ်ဆိုးသည်ကို မသိရဘဲ စိတ်ကူးထဲတွင် ချောချည်တစ်လှည့် ဆိုးချည်တစ်ခါဖြင့် အတွေးနှင့် ကျေနပ်၍ နေရလေတော့၏။

□

ဆောင်းရာသီသို့ ကူးပြောင်း၍ လာခဲ့ပြီးဖြစ်သဖြင့် တဖွေးဖွေး တလှုပ်လှုပ် ကျရောက်လျက်ရှိသော မြူနှင်းရည်များ၏ အကြားမှာ တိုးဝှေ့တိုက်ခတ်လိုက်သော နံနက်ခ[illegible]၏ လေပြေလေညှင်းသည် အိပ်ပျော်လျက်ရှိသော ဖေသိန်းအား ရိုးတွင်းချဉ်ဆိမ့်ထိအောင် ခိုက်ခိုက်တုန်အောင် ချမ်းစေလျက် အိပ်ရာမှနိုးစေသော်[illegible]လည်း အိမ်တွင်းခန်း၌ ရှုးခေါ်... ရှုးခေါ်နှင့် အိပ်မောကျလျက်ရှိသော ဘမြင့်၏ ဟောက်သံကို ကြားရသောကြောင့် **မိမိလည်း** အိပ်ရာမှ မထလိုသေးဘဲ ပေါင်ကြားကို လက်လျှိုလျက် **စောင်ကို** ခေါင်းမြီးခြုံကာ ဇွတ်ပေ၍ အိပ်နေလေ၏။

သို့ရာတွင် **စောစောထမှ** အစာကိုရသော ငှက်ကဲ့သို့ ရန်ကုန်မြို့ကြီး၏ လမ်းကြီး**လမ်းငယ် အသွယ်**သွယ်တို့တွင် ဈေးသည်များ ခြေချင်းလိမ်ရှုပ်နေပြီဖြစ်ရာ၊ **'ဆတ်ဗျာ**... ဆတ်ဗျာ'ဟု ရူးရှူးသွားဆော်ဟစ်လိုက်သော သဲဆပ်ပြာရောင်း**သည့်** ကုလားဏ် တခဲနက် **အသံကြီး**သည် 'ထကြ ထကြ'ဟု **နှိုးဆော်လိုက်သ**ကဲ့သို့ ရှိသောကြောင့် **ဖေသိန်း**မှာ အိပ်နေရုံနှင့် မပြီးသေး၊ အမှုကိစ္စ လုပ်**ဆောင်**ဖွယ်ရာ အဝဝတို့ကို **စောစောထ**၍လုပ်ရန် ရှိသေးသည်ဟု သတိပြုမိကာ မထချင်ထချင်နှင့် အိပ်ရာမှ လူးလဲ၍ထရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်မှာကား အိပ်ခြင်း၏ စည်းစိမ်ကို လွန်စွာအရသာ ခံစားတတ်သူဖြစ်ရကား စောစောထတတ်သော အလေ့အကျင့် မရှိဘဲ "ဗာဂျီရွှလား ဂျင်ဂရီး မချီးနားနား၊ ဈေးသည်ဘာယူဦးမလဲ၊ ဖန်း ဖန်း၊ ပဲပြုတ် ပဲပြုတ်၊ အီကြာကွေး၊ အိရိယာပွန်းပုတ္တူး" စသည်တို့ဖြင့် ဆူညံနေကြသော အသံများကို နားပိတ်၍ အိပ်နေတော့၏။

"ဟော့ ကာလနဂါး ထပါတော့လားကွ၊ ဘယ်အချိန်ရှိပြီလဲ"ဟု ဖေသိန်းက နှိုးသော်လည်း ဘမြင့်သည် မထဘဲ စောင်ခြုံကြီးနှင့် အင်အာဟု ညည်းတွားရင်း လက်ဝဲနံတောင်းမှ လက်ယာနံတောင်းသို့ ပြောင်းလှည့်၍အိပ်ကာ ရှူးခေါ ရှူးခေါဟု ဟောက်နေပြန်သောကြောင့် ဖေသိန်းသည် ဆက်လက်၍ မနှိုးတော့ဘဲ ရေနွေးအိုး မီးထည့်ပြီးလျှင် အိမ်ရှေ့ခန်းတွင် တံမြက်စီးလှဲ၍ သုတ်သင်ရှင်းလင်းနေလေ၏။

ထိုအခိုက်တွင် တံခါးခေါက်သံ ကြားရသဖြင့် စောစောစီးစီး မည်သည့်အဖြေ့ရှင်များ ရောက်လာလေရော့သနည်းဟု စိုးရိမ်ကာ တံခါးကို မရဲတရဲ ဖွင့်၍ပေးလိုက်ရာ အသက်နှစ်ဆယ်ခန့်ရှိ မိန်းမပျိုတစ်ယောက်ကို တွေ့မြင်ရသဖြင့် အံ့အားသင့်လျက် စိုက်ကြည့်နေမိလေ၏။

ထိုမိန်းမပျိုမှာ ဝတ်စားဖီးလိမ်းပုံ အတော်ပင် ယဉ်ကျေးလျက် ညက်ညောသော အသားအရည်ရှိပြီးလျှင် နံနက်စောစော အသားအရည် ရွှမ်းစို၍နေသော အချိန်တွင် ကောင်းစွာ ပြင်ဆင်ဖီးလိမ်းထားသောကြောင့် ကြည့်ရှု၍ လွန်စွာလှပတင့်တယ်သော မိန်းမပျိုတစ်ယောက် ဖြစ်သည်ကို တွေ့ရလေ၏။

မိန်းမပျိုသည် ဖေသိန်းကိုကြည့်ကာ "စာရေးဆရာ မင်းကုသဆိုတာ ဒီအခန်းမှာ နေပါသလားရှင်"ဟု မေးလိုက်ရာ။

"ရှိပါတယ်၊ ကျွန်တော်ပါပဲ"ဟုဖေသိန်းက ပြောလိုက်သည်တွင် ဖေသိန်း၏ မျက်နှာကို အံ့သြသောအမူအရာဖြင့် ကြည့်ရှု၍နေပြီးမှ



"ကျွန်မ မန္တလေးမြို့က မခင်တင့်ပါပဲ မင်းကုသနဲ့...ဟု ပြော၍မှ စကားမဆုံးမီပင် ဖေသိန်းမှာ မျက်လုံးပြူး၍သွားကာ ပျာပျာသလဲဖြစ်လျက် မည်သို့မည်ပုံ မိမိ၏စကားကို ပြန်ရုပ်သိမ်းရပါမည်နည်းဟု လျင်မြန်စွာ အကြံထုတ်ရင်း "သြော် လာပါ လာပါ၊ ထိုင်"ဟု ခေါ်လေ၏။

ခင်တင့်သည် အခန်းတွင်းသို့ဝင်၍ ကုလားထိုင်တစ်လုံးတွင် ထိုင်ပြီးနောက် ဝေခွဲ၍မရသော အမူအရာဖြင့် ဖေသိန်းအား ကြည့်နေစဉ် ဖေသိန်းလည်း စကားပြင်၍ပြောရန် အကြံရကာ "သြော် ဆရာမင်းကုသနဲ့ တွေ့ချင်လို့လား ရှိပါတယ်၊ ရှိပါတယ်၊ ဆရာက အိပ်ရာမထသေးဘူး"ဟု ပြောပြီးနောက် ပြုံးရယ်သော မျက်နှာထားလျက် "ကျွန်တော်က ဆရာနဲ့ အသိရယ်လို့ မထင်ဘူး၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး လာတယ်ထင်လို့ ဆရာ့ကို မနှိုးချင်တာနဲ့ ပြောစရာရှိရင် ကျွန်တော်နဲ့ပြောရင် ပြီးနိုင်တဲ့ အတွက် ကျွန်တော်ပဲလို့ ပြောတာပါ"ဟု ပြောလေ၏။

"သြော် ဆရာ အိပ်နေတုန်းပဲလား" ခင်တင့်က မေးရာ ဖေသိန်းလည်း မင်းကုသမှာ အအိပ်ကြီးသော ဝတ္ထုရေးဆရာဟူ၍ အထင်မသေးစေရန် "ဆရာ ညသန်းခေါင်ကျော်အထိ ဝတ္ထုထိုင်ပြီး ရေးနေတာနဲ့ အိပ်ရေးဝအောင် အိပ်နေတာပါ၊ နိုးတော့နေပါပြီ၊ နှိုးလိုက်ပါဦးမယ်"ဟု ပြောလေ၏။

"အို... အိပ်နေသေးရင်လဲ မနှိုးပါနဲ့၊ အားနာစရာကြီး"

"ကိစ္စမရှိပါဘူး၊ ဘယ်သူသည်ဖြစ်ဖြစ် လာရင်နှိုးဖို့ မှာထားပါတယ်"ဟု ပြောပြောဆိုဆို ဖေသိန်းသည် အိမ်ခန်းတွင်းသို့ ဝင်၍သွားလေ၏။

ဖေသိန်းသည် "ဟော့ကောင် ထ ထ"ဟု တိုးတိုးပြော၍ ဘမြင့်အား လှုပ်၍နှိုးရာ ဘမြင့်သည် အလန့်တကြား အိပ်ရာမှထကာ "ဘာလဲ ဘာလဲ"ဟု မေးသဖြင့် ဖေသိန်းက တိုးတိုးပြောရန် မိမိ၏ ပါးစပ်ကို လက်ညှိုးကာ၍ ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မခင်တင့် ရောက်နေတယ်ကွ"

"ဟုတ်လား၊ ဘယ်မလဲ"

"တိုးတိုး... တိုးတိုး၊ အိမ်ရှေ့မှာရှိတယ်၊ ရုတ်တရက် ငါ သူမှန်း မသိတာနဲ့ ငါပဲ မင်းကုသလို့ ပြောမိပြီးမှ သူက သူ့နာမည်ပြောတာနဲ့ မြန်မြန် ကိုယ့်စကားကိုယ် ပြန်သိမ်းပြီး ဆရာအိပ်နေတယ်လို့ ပြောလိုက်ရတယ်"

"ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ၊ ဝွတွေဖြစ်ပြီး အလွဲလွဲအချော်ချော် ဖြစ်ကုန်မှာလား"

"အို ဘာမှဖြစ်စရာ မရှိပါဘူး၊ မင်းကိုယ်မင်း မင်းကုသ လုပ်၊ နာမည်လဲ ဖေသိန်းနဲ့ ဘမြင့် မမှားအောင်လုပ်၊ ငါ့ကို ဘမြင့်ခေါ်၊ မင်းကို ဖေသိန်းခေါ်မယ်၊ နားလည်လား"

ထိုသို့ပြောလိုက်သဖြင့် ဘမြင့်သည် ဝမ်းသာအားရထကာ အိမ်ရှေ့ခန်းသို့ ထွက်မည်အပြု ဖေသိန်းက ဘမြင့်၏ စွပ်ကျယ်အကျႌကို အတင်းဆွဲထားပြီးလျှင် "ဟောကောင် နေပါဦးကွ၊ မင်း ဒီလိုထွက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အိမ်မှုန်စုံမွှား ဆံပင်ခေါင်းပွကြီးနဲ့ ဘယ်နိုပ်မလဲကွ၊ မင်း မထွက်နဲ့ဦး၊ မြန်မြန် အဝတ်အစားလဲဦးမှာပေါ့ကွ"ဟု ဆိုမှ ဘမြင့်လည်း စဉ်းစားမိကာ "အေးကောင်ပြီ။ မင်း အပြင်ဘက်ထွက်ပြီး ညှိခံလိုက်ဦး"ဟု ပြောပြောဆိုဆို တန်းပေါ်မှ မျက်နှာသုတ်ပုဝါတစ်ထည်ကို ဆွဲပြီးလျှင် ရေချိုးခန်းသို့ ပြေးလေ၏။

ဖေသိန်းလည်း အပြင်သို့ ထွက်လာပြီးလျှင် "နိုးပါပြီ၊ ခဏစောင့်ပါဦး"ဟု ခင်တင့်အား ပြောပြီးနောက် "ဘယ်သူပါလာသေးသလဲ"ဟု မေးလေ၏။

"အဒေါ်တစ်ယောက် ပါလာပါတယ်၊ အောက် စောင့်နေတယ်"

"ဒါဖြင့် ခေါ်လိုက်ပါဦး၊ ခေါ်ပါ ခေါ်ပါ"ဟု ပြောသဖြင့်



ခင်တင့်က ထိုင်ရာမှ ထမည်ပြုတော့မှ ဖေသိန်းက "အာ... နေပါနေပါ ထိုင်ပါ၊ ကျွန်တော် ခေါ်ပေးပါ့မယ်"ဟုဆိုပြီးလျှင် ကိုယ်တိုင်ဆင်း၍ခေါ်ကာ စီးလာသော ရထားခကို အတင်းထုတ်၍ ပေးလိုက်လေ၏။

ခဏကြာလျှင် ဖေသိန်းနှင့် ခင်တင့်၏ အဒေါ်ဆိုသူတစ်ယောက် တက်၍လာကြလေ၏။ ခင်တင့်၏ အဒေါ်မှာ ခင်တင့်က မိမိ၏ အဒေါ် ဖြစ်သည့်အတွက် အဒေါ်ဟု ခေါ်သော်လည်း များစွာ အသက်ကြီးပုံမရပေ။ အသက်မှာ ၃၀ ကျော်လောက်ပင် ရှိလေရာ ပြင်ဆင်ဖီးလိမ်းထားသဖြင့် သူ့ထက်ငယ်သည်ဟု ထင်ရပေ၏။

ဖေသိန်းသည် ထိုအဒေါ်အား ထိုင်ရန်ပြောဆိုပြီးနောက် ချိတ်ထားသော အပေါ်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ တည်လေ၏။

"ဒီမှာ နှစ်ယောက်တည်းပဲ နေကြသလား"ဟု ခင်တင့်က မေးလေ၏။

"ဟုတ်ကဲ့ ဆရာနဲ့ ကျွန်တော် နှစ်ယောက်တည်းပါပဲ"

"လူပျိုချည်းနေကြတယ်ထင်တယ်"ဟု အဒေါ်က မေးသဖြင့် ဖေသိန်းက ပြုံးကာ "ဟုတ်ကဲ့ လူပျိုချည်းပါပဲ"ဟု ဖြေလေ၏။

"နို့ စားရေးသောက်ရေးအတွက် ဘယ်လိုစီမံပြီး နေကြလဲ"

"ဆိုင်မှာ စားတဲ့အခါ များပါတယ်၊ အိမ်မှာတော့ လက်ဖက်ရည်ကလေး ဘာကလေးလောက်ပဲ ဖျော်သောက်တာပဲ၊ ထမင်းတော့ တစ်ခါတစ်ရံမှပဲ ချက်တယ်ဆိုပါတော့"

ဖေသိန်းသည် ခင်တင့်အားကြည့်၍နေရသည်ကို အလွန်ကျေနပ်၍ နေကာ စကားလက်ဆုံကျ၍နေလေ၏။ ဘမြင့်မှာ ရေချိုး၍ပြီးသော်လည်း လဲလှယ်ရန် အဝတ်အစား မရှိသေးသဖြင့် အပြင်သို့ မထွက်နိုင်ဘဲရှိပြီးလျှင် အဘယ်ပုံလုပ်၍ ဖေသိန်း အခန်းထဲသို့ ဝင်၍လာအောင်လုပ်ရပါမည်နည်းဟု ရုတ်တရက် ကြံရာမရ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနိုက်တွင် ရေနွေးအိုးမှာ ဆူ၍နေလျက်၊ တူ ဟူသော အငွေ့မှုတ်သံနှင့် သရပ်သရပ်မြည်သော အိုးအဖုံး လှုပ်သံများ ပေါ်လာတော့မှ ဖေသိန်းလည်း ရေနွေးအိုးကို သတိရ၍ အိမ်ခန်းတွင်းသို့ လျှင်မြန်စွာ ဝင်လာလေ၏။

အတွင်းသို့ ရောက်သောအခါ ဘမြင့်ကို တွေ့ရ၍ "ဟော ဘာဖြစ်လို့ မထွက်သေးသလဲကွ"ဟု မေးရာ၊ "ဝတ်စရာ အင်္ကျီမရှိသေးလို့ကွ၊ မင်းသေတ္တာ ဖွင့်စမ်းပါဦး"ဟု ပြောမှ ဖေသိန်းသည် အဖြစ်ကိုသိကာ ကြိတ်၍ ရယ်မိပြီးလျှင် ဘမြင့်အား သော့တွဲထုတ်၍ပေးပြီး နောက်ဖေးခန်းသို့ ဝင်သွားကာ၊ လက်ဖက်ခြောက် နပ်နေလေ၏။

ဘမြင့်သည် ဖေသိန်း၏ အဝတ်အစားများကို ဝတ်ဆင်ပြီး နောက်ဖေးခန်းသို့ ဝင်၍လိုက်လာကာ "ဟော ကြည့်စမ်းပါဦး နိပ်ရဲ့လား" ဆိုပြီးလျှင် ရပ်ရှင်မင်းသားဟန်လုပ်၍ ပြလေ၏။

ဖေသိန်းသည် ဘမြင့်အား ကြည့်ပြီးလျှင် "နိပ်တော့နိပ်ပါရဲ့၊ ပေါင်ဒါတွေ သိပ်များနေတယ်"ဟု ပြောရင်းထလာကာဘမြင့်၏ မျက်နှာပေါ်နှင့် မျက်နှုံးမွေးထဲရှိ မွေးနေသော ပေါင်ဒါများကို ဖျက်၍ပေးပြီးလျှင် "ကိုင်၊ သွားတော့၊ သွားတော့၊ မြန်မြန်သွား၊ ငါ လက်ဖက်ရည်ဖျော်လိုက်ဦးမယ်"ဟု ပြောလိုက်သဖြင့် ဘမြင့်လည်း လျှင်မြန်စွာ အိမ်ရှေ့ခန်းသို့ ထွက်လာလေ၏။

ဘမြင့်သည် အိမ်ရှေ့သို့ ရောက်သောအခါ မိန်းမနှစ်ယောက်ဖြစ်နေသဖြင့် မည်သူ့အား နှုတ်ဆက်ရမည်ကို မသိဘဲရှိကာ တစ်ယောက်စီမျက်နှာကြည့်ပြီးနောက် ပြုံးချိုသော မျက်နှာဖြင့် –

"သြော်... မခင်တင်လား"ဟု နှုတ်ဆက်လိုက်ရာ –

"သူ မဟုတ်ဘူး၊ ကျွန်ုပ်ပဲ မခင်တင်"ဟု တစ်ဦးက ပြောလိုက်သဖြင့် ဘမြင့်မှာ ဖိန်းရှိန်းထူပူကာ ရှက်၍သွားပြီးလျှင် မိန်းမနှစ်ဦးမှာလည်း



ရယ်ချင်သောစိတ်ကို မနဲမျိုသိပ်ထားကြရလေ၏။

နောက်ဖေးခန်းမှ နားစိုက်၍နေသော ဖေသိန်းမှာ လူများ၍ ခေါ်သံကြားရလျှင် သမ်တလင်းပေါ်တွင် ဖင်ဆောင့်၍ထိုင်လိုက်ကာ များစွာ စိတ်ပျက်၍သွားပြီး နောက်ထပ် မည်သို့အမှားတွေ ပြုလုပ်ဦးမည်နည်းဟု လွန်စွာ ကြောင့်ကြ၍နေလေတော့၏။

ဘမြင့်မှာ ရှက်၍သွားပြီးမှ မျက်နှာထား မပျက်အောင် မနည်းဣန္ဒြေဆောင်ကာ "မမျှော်လင့်ဘဲ တွေ့ရကာ သိပ်ပြီး ဝမ်းသာတာပဲ၊ တကယ်လို့ ရန်ကုန်ကို လာမယ်ဆိုရင် ကြိုတင်ပြီး စာရေးလိုက်ရောပေါ့၊ ဘူတာရုံကို ဆင်းပြီး မကြိုရပါလား"ဟု ခင်တင်၏ မျက်နှာကို စိုက်၍ကြည့်နေလေရာ ခင်တင်မှာ စာဖြင့် ချစ်ကြိုက်နေရသော်လည်း လူချင်း ယခုမှတွေ့ရသည်ကို များစွာပင် လိပ်ပြာရှက်ကာ စိတ်ထဲ၌ မသိုးမသန့် ဖြစ်မိလျက် မျက်လွှာကို ချလိုက်ပြီးလျှင် "ဒီလိုလာဖြစ်လိမ့်မယ်လို့ မထင်ဘူး၊ အခုလာရတာလဲ ကမန်းကတန်းကြီး လိုက်လာခဲ့ရတာပဲ၊ ကျောင်းပိတ်တုန်း ဆရာမတွေက အတင်းဆွဲခေါ်လာတာနဲ့ ကတိုက်ကရိုက် လိုက်လာခဲ့ရတာ အရင် သီတင်းကျွတ်တုန်းကတောင် လာမလို့ဟာပဲ၊ ကျွန်မတို့ အရပ်ထဲမှာ ဆွမ်းတော်ကြီးပွဲတွေ တစ်ခုနဲ့တစ်ခု ဆက်ပြီးနေတာနဲ့ မလာဖြစ်ဘူး"ဟု ပြောလေ၏။

ဘမြင့်မှာ မိမိနှင့် ချစ်ကြိုက်နေရသူတစ်ယောက် မဟုတ်သဖြင့် မခင်တင်ကဲ့သို့ စိတ်လှုပ်ရှား ရှက်ကြောက်ခြင်းမဖြစ်မိဘဲ ၎င်း၏ ချိုသာသောအသံကို ကြားရသည်မှာ စိတ်ထဲ၌ လွန်စွာ ချမ်းသာပျော်မွေ့ခြင်းဖြစ်လျက် စူးစိုက်နားထောင်နေပြီးမှ အဒေါ်ဆိုသူဘက်လှည့်၍ "အခုလိုလာကြတယ်ဆိုရင်လဲ အင်မတန် ချင်ခင်နေတဲ့လူချင်းပဲ၊ ဒီမှာပဲ တည်းကြရောပေါ့"ဟု ပြောလိုက်တာ၊ မည်သူမျှ စကားပြန်၍ မပြောဘဲနေကြလေ၏။

နောက်ဖေးမှ စိုက်၍နားထောင်နေသူ ဖေသိန်းမှာမူ "ငါ့ကောင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘောက်တွေရောက်ပြီး ပြောနေပြန်ပါပြီ၊ ယောက်ျားပျိုချည်းနေတဲ့အိမ်မှာ မိန်းကလေးတည်းလို့ ဖြစ်နိုင်ပါ့မလား”ဟု စိတ်တွင်ပြောမိလေ၏။

“အခု ဘယ်မှာတည်းကြသလဲ”ဟု ဘမြင့်က ဆက်၍မေးလေ၏။

“ကျွန်မတို့ ...လမ်းမှာ ဆရာမတွေနဲ့အတူပဲ တည်းကြတယ်”ဟု ခင်တင့်က ပြောပြလေ၏။

ဘမြင့်သည် ခင်တင့် စကားပြောရာတွင် လှပညီညာသော နှုတ်ခမ်းကလေးများကို စိုက်၍ကြည့်မိလေ၏။ ခင်တင့်မှာ မန္တလေးသူပင် ဖြစ်သော်လည်း အများပြောသကဲ့သို့ ငါးကျည်းခြောက်ရုပ်မျိုး မဟုတ်ဘဲ အောက်သူတွေ ချောသကဲ့သို့ မိန်းမချောကလေးတစ်ယောက်ဟု မဆိုရစေကာမူ လွန်စွာချစ်စရာကောင်းသော မျက်နှာရှိသည်ကို တွေ့ရလေ၏။ ဝတ်စားဖီးလိမ်းထားပုံမှာလည်း ပွင့်ပွင့်ကားကား၊ ကြွားကြွားဝါဝါ မရှိဘဲ ယဉ်ကျေးပိရိသည်ဟု စိတ်ထဲ၌ ဆုံးဖြတ်မိပြီးလျှင် ခေတ်ဆန်သည်ဟု မဆိုနိုင်စေကာမူ ခေတ်မျက်စိရှိသည်ကို တွေ့မြင်ရသဖြင့် ဖေသိန်းကဲ့သို့သော အရုပ်ဆိုးဆိုး လူတစ်ယောက်နှင့် လွန်စွာကွာခြား ရှေ့သွားနောက်လိုက် မညီသည်ကို တွေးမိပြီး စိတ်ထဲကပင် ပြုံးမိလေ၏။

ဘမြင့်သည် ‘မင်းကုသ’ မဟုတ်သည်ကို မသိရှာသော ခင်တင့်မှာ ယခု မိမိနှင့် စကားပြောနေရသူသည် မိမိ ချစ်ကြိုက်နေသူပင်ဖြစ်သည်ဟူသောစိတ်ဖြင့် ယခုမှ တွေ့ကြခါစဖြစ်၍ ရဲရဲတင်းတင်း မပြောရဲရှိပြီးလျှင် ယခုကဲ့သို့ အိမ်တိုင်ယာရောက် လိုက်လာခြင်းအတွက် မိမိအပေါ် အထင်အမြင် သေးသွားလေမည်လားဟု စိုးရွံ့ကာ ရင်းရင်းနှီးနှီးဖြစ်သော အမူအရာကို မပြနိုင်ဘဲ ရှိလေ၏။

ထိုအခိုက်တွင် ဖေသိန်းသည် လက်ဖက်ရည်ပွဲကို သယ်ယူလာရာ ခင်တင့်က “အို... ဒုက္ခရာလို့ရှင်”ဟု ပြော၍ အဒေါ်မိန်းမကလည်း



“အားနာစရာ သိပ်ကောင်းတာပဲ၊ ယောက်ျားတွေချည်း နေကြတာ၊ ဒီကလာတာနဲ့ လက်ဖက်ရည် ဖျော်ရဲပြုရနဲ့ တာဝန်ပေးရာ ရောက်နေတယ်”ဟု ပြောသဖြင့် ဘမြင့်က –

“အားနာစရာ မဟုတ်တာပဲဗျာ၊ ဘာမှအလုပ်မပိုပါဘူး၊ ကျွန်တော်တို့လည်း မနက်တိုင်း ကိုယ်တိုင် လက်ဖက်ရည်ဖျော်ပြီး သောက်ကြရတာပဲ” ဟု ပြောလေ၏။

ဖေသိန်းသည် လက်ဖက်ရည်ပွဲကို စားပွဲပေါ်ခွဲချရင်း “အားမနာကြပါနဲ့ သောက်ကြပါ၊ ယခုမှ တွေ့ကြပေမဲ့ ရှေးကတည်းက သိကျွမ်းနေကြတာပဲ၊ အားနာဖို့ မရှိပါဘူး” ဟု ပြောပြီးလျှင် “ကျွန်တော်ကတော့ ဟောဒီလူပျိုကြီး ကိုဖေသိန်းရဲ့ မိန်းမတစ်ပိုင်း ဖြစ်နေပြီ၊ သူ့ကိုပဲ လုပ်ကျွေးသမှု ပြုနေရတာပဲ”ဟုပြောရာ ခင်တင့်သည် ဘမြင့်ကို မျက်စောင်းထိုး၍ ခိုးကြောင်ခိုးဝှက်ကြည့်ရင်း ပြုံးလေ၏။

ဘမြင့်သည် ကျေနပ်သော ပြုံးခြင်းဖြင့်ပြုံးကာ “သူက ကျွန်တော်နဲ့ ငယ်ငယ်ကလေးထဲက ချစ်လာကြတဲ့ ကျောင်းနေဘက် သူငယ်ချင်းပဲ။ အခု မြို့အုပ်စာမေးပွဲ ဝင်ထားတယ်”ဟု အဒေါ်အား ပြောပြလိုက်သည်ကို ကြားရလျှင် ဖေသိန်းမှာ “ဟိုက်... ငါ့အကောင် ဘောက်တွေကြိတ်ကုန်ပြန်ပါပြီ”ဟု စိတ်ထဲက ပူပင်မိကာ မြို့အုပ်လောင်းတစ်ယောက်လက်ဖက်ရည်ဖျော်ရသည်မှာ အတွေးခက်စရာ ဖြစ်နေလေ၏။

ခင်တင့်နှင့် အဒေါ်ဖြစ်သူတို့မှာလည်း ဖေသိန်း၏ ရုပ်ရည်ကိုကြည့်ကာ အံ့သြတွေဝေနေကြပြီး အဒေါ်ဖြစ်သူက “သြော် ဒီကလည်း ဘာလိပ်ကျောင်းမှာ နေဖူးသကိုး၊ စောစောတုန်းကတော့ ဆရာ... ဆရာနဲ့ ခေါ်ညည်ပြီးခေါ်နေတာကြားရတော့ အခိုင်းအစေပဲလား၊ တပည့်တစ်ယောက်များလို့ ထင်မိတယ်၊ အထင်မှားတာ စိတ်မဆိုးပါနဲ့”ဟု ပြောပြရာ ဖေသိန်းမှာ မျက်နှာပျက်သွားပြီး ဘမြင့်မှာလည်း မိမိတို့ အချိတ်အဆက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ကုန်ကြပြီဟု တွေး၍ အကြဲအိုက်သွားလေ၏။

ထို့နောက်မှ ဖေသိန်းက ရုတ်တရက် ဖြတ်ထိုးဉာဏ်ဖြင့် "ဟုတ်ကဲ့ ဒီလိုပါ၊ ကျွန်တော်တို့ အချင်းချင်း သူကလည်း ကျွန်တော့်ကို မြို့အုပ်မင်းတဲ့၊ ကျွန်တော်ကလည်း သူ့ကို ဆရာလို့ ပြောင်ပြီးခေါ်နေကြတာပဲ၊ အခုတော့ ဒီအခေါ်ကို နှုတ်ကျိုးနေပြီ"ဟု ကြံဖန်၍ ရှင်းချက်ထုတ်ရလေ၏။

ခင်တင့်သည် ဖေသိန်း၏ မျက်နှာကို ရဲတင်းစွာ စိုက်ကြည့်မိပြီးလျှင် အတော်ပင် အကြည့်ရဆိုးသူတစ်ယောက်ပါလားဟု အသိအမှတ်ပြုမိကာ ဤလူတစ်ယောက် မြို့အုပ်အဖြစ်ဖြင့် ရုံးခန်းတွင်ထိုင်သည်ကို မြင်ရလျှင် ရယ်စရာကောင်းမှာပဲဟု တွေးမိလေ၏။

ဖေသိန်းသည် မိမိအား ခင်တင့် အကဲခတ်နေသည်ကို ဂရုပြုမိလေ၏။ ဖေသိန်း၏ စိတ်တွင် ခင်တင့်ကို မမြင်မိက အသားညိုပြာပြာ၊ ပိန်ပိန်ရှည်ရှည် နေလိမ့်မည်လောဟု မိမိရုပ်နှင့် နှိုင်းမိရာ၊ ယခု တွေ့ရသော အခါတွင် ယဉ်စစ ချစ်စရာကောင်းသည်ကို တွေ့ရသောကြောင့် မိမိကဲ့သို့ အရုပ်ဆိုးသူတစ်ယောက်ကို ဤကဲ့သို့ ချစ်စရာကောင်းသော မိန်းမပျို တစ်ယောက်၏ ချစ်ကြိုက်ခြင်း ခံရသည်မှာ ဝမ်းသာအားရ၍ မဆုံးနိုင်စရာကြီးပင် ဖြစ်ပေတော့သည်ဟု ပျော်ရွှင်မိလေ၏။ သို့ရာတွင် ဘမြင့်အား ကြည့်လိုက်မိသည့်အခါ၊ မိမိတို့အကြောင်းကို ပြန်၍ စဉ်းစားပြီးလျှင် 'မင်းကုသ'သည် မိမိဖြစ်၍ အရုပ်ဆိုးကြောင်းကို သိရလျှင် ဤကဲ့သို့ ချောမောယဉ်ကျေးသူကလေးသည် မိမိအား ချစ်နိုင်ပါမည်လောဟု စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်မိလေ၏။

သို့ရာတွင် ဖေသိန်းမှာ တွေး၍စဉ်းစားမနေအားပေ။ ဧည့်ဝတ် ကျေအောင်ပြုရန် ဝတ္တရားရှိနေသဖြင့် လက်ဖက်ရည် ပန်းကန်များကိုပင့်၍ ပေးကာ "ကိုင်း သောက်ကြပါဦး၊ အေးကုန်ဦးမယ်"ဟု ပြောပြီးနောက် အခေါ်ဖြစ်သူအား "မုန့်ကတော့ ပေါင်မုန့်ထောပတ်သုတ် ရိုးရိုးပဲ



ဖွယ်ဖွယ်ရာရာတော့ မရှိလှဘူး၊ ကိုဖေသိန်း မိန်းမရတော့မှပဲ ကောင်းကောင်း မွန်မွန် စားရတော့မှာပဲ"ဟုပြောရာ ခင်တင့်သည် ရှက်သလိုဖြစ်မိကာ ဘမြင့်အား ကြည့်လိုက်ရာ ဘမြင့်၏ အကြည့်နှင့် ဆုံနေသဖြင့် ရှက်ဖြုံး ဖြုံးကာ မျက်နှာလွှဲလိုက်မိလေ၏။

ထိုသို့ လက်ဖက်ရည်သောက်ရင်း စကားပြောဆိုနေကြရာ တွေ့စက ကဲ့သို့ ခပ်အမ်းအမ်း မရှိတော့ဘဲ ရင်းနှီးလာကြကာ တဖြည်းဖြည်း ရဲတင်းစွာ စကားပြောဆိုဝံ့လာကြပေ၏။

ဘမြင့်မှာ လိပ်ပြာသန့်ရှင်းနေသူတစ်ယောက် ဖြစ်သည့်အတွက် ခင်တင့်အား ရဲတင်းစွာပြောရန် ဘာမျှဝန်မလေးဘဲ မင်းကုသယောင် ဆောင်၍ နေရသည့်အားလျော်စွာ မိမိ မင်းကုသ ဖြစ်လျှင် မည်သို့ပြုလုပ် ရည်နည်းဟု စိတ်ကူးရသရွေ့ မင်းကုသ အစား ပြောဆိုပြုမူလေတော့၏။

"ကဲ မခင်တင့် အခုလို ရောက်လာတဲ့အခါ ဘာမှအားမနာပါနဲ့၊ သွားချင်တာ၊ လာချင်တာ၊ လုပ်ချင်တာ ရှိသမျှကိုသာ ပြောပါ အားနာဖို့ အကြောင်းလဲ ဘာမှမရှိဘူး"ဟု ပြောပြီးလျှင် "ဒီနေ့ ဘယ်သွားချင်သလဲ၊ ဘယ်လိုက်ပို့ရမလဲ"ဟု မေးလေ၏။

"ဒီကနေ့တော့ ပါလာတဲ့ ဆရာမတွေနဲ့ အတူတူ ဘုရားကြီးကို သွားပြီးပူးဖို့ စိစဉ်ထားတယ်"

"အို... ဆရာမတွေနဲ့ မသွားပါနဲ့လေ၊ ဒီမှာ လိုက်ပို့မယ့်လူ ရှိတဲ့အတိုင်းပဲ၊ ကျွန်... အဲ... ဒီ... အင်း... ကိုဖေသိန်း ကိုယ်တိုင် လိုက်ပို့မပေါ့၊ ဒီမှာရှိရက်သားနဲ့ တခြားလူတွေနဲ့ လိုက်မယ်ဆိုရင်တော့ စိတ်ဆိုးမှာပဲ"

"ခက်တာပဲရှင်၊ သူတို့နဲ့ သွားဖို့လည်း စိစဉ်ပြီးဖြစ်နေပြီ၊ သူတို့နဲ့ အတူမသွားရင် သူတို့ကလည်း စိတ်ဆိုးကြမှာပဲ"

"သူတို့မှာ မခင်တင့်မပါပေမယ့် အဖော်တွေ ရှိသားပဲ၊ ဘာစိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



စရာရှိသလဲ၊ ဒီမှာ အင်မတန်ခင်မင်ရင်းနှီးတဲ့ လူတွေက သူတို့လိုက်မပို့ရရင် စိတ်ဆိုးမှာပဲပြောပြီး အတင်းခေါ်လို့ ဒီကနေ့ပဲ လိုက်မယ်လို့ ပြောလိုက်တာပေါ့”ဟု ပြောရာ ခင်တင့်မှာ တွေ၍စဉ်းစားပြီး အဒေါ်ဖြစ်သူအား အဖြေတောင်းသကဲ့သို့ ကြည့်နေလေ၏။

ဖေသိန်းမှာမူ ကိုယ့်လူတော့ ဇွတ်အတင်း လျှော်နေတာပဲဟု စိတ်ထဲက ကြိတ်၍ပြုံးလေ၏။

အဒေါ်ဖြစ်သူလည်း ခင်တင့်အမူအရာကို တွေ့ရသဖြင့် “မဖြစ်ဘူးထင်တယ်၊ လာတုန်းကတည်းက အတူတူလာကြတာ၊ ဒီကျမှ ခွဲထွက်လို့ရှိရင် သူတို့လည်း ဘယ်မှာစိတ်ကောင်းမလဲ”ဟုပြောလေ၏။

“ဒီလိုဆိုရင်လဲ မခင်တင့်ကိုတော့ ကျွန်တော်တို့နဲ့ ထည့်တာပေါ့ ဒီကတော့”ဟုဆိုကာ၊ အမူအရာအားဖြင့် မခင်တင့်၏ အဒေါ်ကို ဆိုလိုကြောင်း ပြသကာ၊ “ဟိုဆရာမတွေနဲ့ အတူတူသွားတာပေါ့”ဟု ပြောလိုက်ရာ ဖေသိန်းမှာ ငါ့အကောင် ဝွပြောပြန်ပါပြီ၊ မိန်းမျိုးတစ်ယောက်တည်း ဘယ်တုန်းကမှ မတွေ့ဘူးတဲ့ လူနှစ်ယောက်နဲ့ ထည့်လိုက်ရမယ်ဆိုတာ ဝွပဲဟု တွေးမိကာ ကြားဝင်ပြီးလျှင် “ဒီလိုလုပ်ပါလေ၊ ဘုရားကြီးကိုတော့ စီစဉ်ထားကြတဲ့အတိုင်းပဲ သွားကြတာပေါ့၊ ဘုရားက အပြန်ကျမှ တခြားသွားချင်တဲ့နေရာကို လိုက်ပို့ကြတာပေါ့”ဟု ပြောလိုက်သဖြင့် ခင်တင့်နှင့်တကွ ၎င်း၏ အဒေါ်တို့လည်း နှစ်ခြိုက် သဘောတူလိုက်ကြလေ၏။

ထိုအခါမှ တစ်ဖန် ဘမြင့်က “ဒါဖြင့် ဘုရားကြီးကို ဘယ်အချိန်လောက် သွားကြမလဲ”ဟု မေးလေ၏။

“ဆယ်နာရီလောက်ကို သွားကြမယ်”

“ဒါဖြင့် ညနေပိုင်း အားသားပဲ၊ ဒီလိုဆိုရင် ညနေကို ရုပ်ရှင်ပြပါရစေ၊ ရုပ်ရှင်ကအပြန် ဟိုတယ်မှာ ထမင်းစားကြရအောင်ဟု ပြောလိုက်



ရာ အဒေါ်ဖြစ်သူက တစ်စုံတစ်ရာ ပြောမည်အပြုတွင် ဘမြင့်က “အဲဒါတော့ဖြင့် မငြင်းပါနဲ့တော့၊ ဒါကိုငြင်းရင် စိတ်ဆိုးရမှာပဲ”ဟု ပြောလေ၏။

ခင်တင့်မှာ ငြင်းဆန်ရန်ခက်နေလေ၏။ အဒေါ် ဖြစ်သူမှာလည်း ဖျက်ရန်စကားမရှိ ဖြစ်နေလေ၏။ ဖေသိန်းမှာမူ “ပိုက်ဆံမရှိမှန်း သိရဲ့သားနဲ့၊ ငါ့အကောင်တော့ သိပ်ပြီး စေတနာသန်နေပြီ”ဟု ပူပင် နေစဉ်မှာပင် ဘမြင့်က “သဘောကျပြီမဟုတ်လား၊ ဒါဖြင့်ရင် သုံးနာရီ မထိုးခင်ကားနဲ့လာပြီးခေါ်မယ်”ဟု ပြောလိုက်ရာ ဖေသိန်းမှာ ဒုက္ခတော့ ဖြစ်ကုန်တော့မှာပါပဲ၊ မရှိရတဲ့အထဲမှာ မော်တော်ကားကို တက်ပြီးကိုင်နေပြန်ပြီ၊ အပြောသိပ်ကြီးတာ၊ ငါဘယ့်နှယ်လုပ်ပြီး ရှာရပါ့မလဲ”ဟု တွေးဟစ်ပြီးသာ ငိုချင်မိလေတော့၏။

ထိုသို့ ဘမြင့်က ပြောနေစဉ်မှာပင် အဒေါ်ဖြစ်သူသည် မိမိလက်ပတ်နာရီကို လှန်၍ကြည့်ပြီးလျှင် “ကဲ... ဒါဖြင့် သွားကြမှပဲ၊ ဘုရားကြီးသွားဖို့ အချိန်လည်းနီးနေပြီ”ဟု ပြောပြီးထရန်ပြင်လေ၏။

ထိုအခိုက်တွင် ဖေသိန်းက “နေကြပါဦးလေ၊ ထိုင်ပါဦး၊ ကျွန်တော် ရထားသွားပြီးခေါ်ပေးပါဦးမယ်”ဟု ပြောကာ ခင်တင့်က “အို... အားနာစရာကြီးရှင် နေပါစေ၊ ကျွန်မတို့ လမ်းကျမှပဲ ခေါ်ပါ့မယ်”ဟု ပြောသည်ကိုမှ ဆုံးအောင်နားမထောင်ဘဲ လျင်မြန်စွာ ဆင်းသွားလေ၏။

ခင်တင့်သည် ဖေသိန်း ဆင်းသွားသောအခါ ဘမြင့်အား “သူ့နာမည် ဘယ်လိုခေါ်သလဲ”ဟု မေးရာ၊ ဘမြင့်က “သူ့နာမည်လား ဖေ”ဟုလွှတ်ခနဲ မှား၍ထွက်တော့မည်ပြုပြီးမှ “ကိုဘမြင့်တဲ့” ဟု ပြောလိုက်လေ၏။

“ကိုဘမြင့်ဟာ အရုပ်ဆိုးပေမယ့် သိပ်သဘောကောင်းပုံ ရတာပဲနော်”

“သဘောကောင်းတဲ့ ဘဝမှာဖြင့် သူ့လိုလူ တစ်ယောက်မှ မတွေ့သေးပါဘူး”ဟု ပြောပြီးလျှင် ခင်တင့်၏ ပါးစပ်မှ အရုပ်ဆိုးခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်၍ပြောပြသည်ကို ကြားရသည့်အတွက် ဘမြင့်၏ စိတ်ထဲတွင် ရယ်ချင်သလိုလို ဖြစ်မိလေ၏။

ထိုခဏတွင်ပင် လှေခါးမှတက်လာသော ခြေသံများကို ကြားရပြီးနောက်၊ အခန်းတွင်းသို့ ဖေသိန်း ပြန်၍ဝင်လာလေ၏။

"ကဲ ကျွန်မတို့ သွားလိုက်ဦးမယ်နော်"ဟု ခင်တင့်က ဘမြင့်အား နှုတ်ဆက်ပြီး ဖေသိန်းအား "ကိုဘမြင့် ကျွန်မ သွားလိုက်ပါဦးမယ်"ဟု နှုတ်ဆက်ရာ ဖေသိန်းမှာ မိမိအား ဘမြင့်ဟု အခေါ်ခံရခြင်းကို ဝမ်းနည်းသလိုလို ဖြစ်မိပေ၏။

ထို့နောက် ခင်တင့်၏ အဒေါ်ကလည်း နှုတ်ဆက်ပြီးလျှင် အပြင်သို့ ထွက်ကြရာ ဘမြင့်လည်း လိုက်၍ပို့မည်အပြုတွင် ဖေသိန်းက "ဟေ့ ဘမြင့်"ဟု ခေါ်လိုက်မည်ပြုပြီးမှ သတိရ၍ "ဒီမှာ ကိုဖေသိန်း"ဟု ခေါ်ကာ ဘမြင့်အနီးသို့ ကပ်လာမှ "ဟေ့ သူတို့တည်းတဲ့ အိမ်နံပါတ်လဲ မေးလိုက်ဦး၊ နောက်တော့မှ ဘယ်မှာလိုက်ရှာရမှန်း မသိဘဲ နေဦးမယ်"ဟု ပြောလေ၏

ဘမြင့်လည်း "အေး ဟုတ်ပါရဲ့၊ ငါလည်း မေ့နေလိုက်တာ"ဟု ပြောပြီး ခင်တင့်တို့၏နောက်မှ ဆင်း၍လိုက်ကာ ရထားပေါ်သို့ အရောက် ပို့ရင်း အိမ်နံပါတ်ကို မေးလိုက်ရလေ၏။

ဖေသိန်းသည် အိမ်ရှေ့ပြတင်းပေါက်မှ ထွက်၍ကြည့်နေပြီးနောက် ရထားထွက်သွား၍ ဘမြင့် အိမ်ပေါ်သို့ ပြန်တက်အလာတွင် ခင်တင့်ကို တွေ့ရသည့်အတွက် ဝမ်းသာခြင်းတို့ကို စောစောက မျိုသိပ်ထားရသလောက် အကုန်ထုတ်၍ ဝမ်းသာစွာဖြင့် ဘမြင့်အား ပြေးဖက်လိုက်ရာ၊ ဘမြင့်လည်း ဖေသိန်းအား ပြန်၍ဖက်ထားရင်း အင်္ဂလိပ်စုံတွဲကသလို အခန်းတွင်း၌ က,ကာ ချာလပတ်လှည့်၍ နေကြလေတော့၏။

"ဟား... ဟား... ဟား... ဟား ဝမ်းသာလိုက်တာကွာ၊ ဘာကြောင့်



သိပ်ဝမ်းသာတာပဲနော် ခင်တင့်ရဲ့"ဟုဆိုကာ ဘမြင့်၏ ပါးကို ဖက်၍နမ်းလိုက်ရာ၊ ဘမြင့်လည်း "ဟေ့ နှပ်ချေးတွေ ပေကုန်မယ်"ဟုဆိုပြီး ဖေသိန်းကို ပက်လက်ကုလားထိုင်ပေါ်သို့ တွန်းပစ်လိုက်တာ ဖေသိန်းမှာ ရယ်မောရင်း ဖင်ထိုင်ကျ၍သွား၏။

"ဟေ့ မင်း ဘယ်လိုပဲ ဝမ်းသာဝမ်းသာ တွဲရမှာတော့ ငါနဲ့ တွဲရမှာ"ဟု ဘမြင့်က ပြောင်သလိုလို ပြန်၍ပြောလိုက်ရာ ထိုပြောလိုက်သောစကားမှာ ဖေသိန်း၏ စိတ်ထဲတွင် မခံချိမခံသာ ဖြစ်သွားသည်ကို တွေ့ရလေ၏။

ထိုအခါမှ ဘမြင့်သည် မိမိ ပြောလိုက်သောစကားမှာ ဖေသိန်း၏ စိတ်ကို ထိခိုက်၍သွားသည်ကို တွေးမိကာ စကားလွန်၍ ပြောမိခြင်းကို စိတ်မကောင်းဘဲ "ငါပြောလိုက်တာ ဝမ်းနည်းသွားသလား၊ ဝမ်းမနည်းပါနဲ့ သူငယ်ချင်းရာ ငါ စိတ်ထဲကပါလို့ပြောတာ မဟုတ်ပါဘူး၊ ပြောင်တာပါ"ဟု ဖြေလေ၏။

"ဝမ်းမနည်းပါဘူးကွာ၊ ဘာဝမ်းနည်းစရာရှိလဲ၊ ပဲ့ပါတာလိုက်လို့၊ မင်းကိုကြိုက်လို့လဲ မဟုတ်၊ ငါ့ကိုကြိုက်လို့လဲ မဟုတ်၊ မင်းကသူကို ကြိုက်လို့ဆိုတာ သိရတာ တို့နှစ်ယောက်စလုံး ဝမ်းသာဖို့ပဲ မဟုတ်လား"

"ဝမ်းမနည်းဘူး ဆိုပေမဲ့ကွာ မချိသွားဖြကလေး ဖြစ်နေတာ ငါ စိတ်မကောင်းပါဘူး"

"ဒါကြောင့် မဟုတ်ပါဘူးကွာ၊ မင်းက အင်မတန်ယောကျ်ားတွေကောင်းပြီး ရုပ်ရှင်တွေ ယော်တယ်တွေ၊ ဘိတ်မန္တ ကပြနေတော့ ဘယ်လိုလုပ်ပြီး ပိုက်ဆံရှာရပါ့မလဲလို့ စိတ်အိုက်နေတာပါကွာ"

"အေး ဟုတ်သားပဲ၊ ပိုက်ဆံအတွက် ဒုက္ခပဲ"ဟုပြောပြီး "တို့ ဒီလိုမှမလုပ်ရင်လဲ ဘယ်ဖြစ်မလဲကွာ၊ သူက အတော်ကို စွဲနေတဲ့ဟာ၊ ကိုယ်လည်း သူ့အပေါ် သိပ်ပြီး အရေးစိုက်တဲ့အမှုအရာ ပြရဦးမှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ လောကွတ်လဲ မဟုတ်ပါဘူး။ သမီးရည်းစားတွေမှာ မလုပ်ဘဲ မနေအပ်တဲ့ လိုရင်းအချက်တွေပဲကွ”ဟု မိမိအပေါ်တွင် အပြစ်ကင်းအောင် ထုချေလေ၏။

“ဟုတ်ပါတယ် သူငယ်ချင်းရာ၊ မင်းကိုလည်း အပြစ်မတင်ပါဘူး၊ အဖြစ်ကို ပြောပြတာပါ၊ ပိုက်ဆံလက်ထဲမှာ ရှိနေလို့ ပြောလိုက်ရရင် ကိစ္စမရှိဘူး၊ မရှိခင်ပြောလိုက်ပြီး ရှာမရဘဲနေရင် ဝကျကုန်မှာစိုးလို့”

“ဘယ်နှယ့်လုပ်မလဲကွာ၊ ရအောင်တော့ ရှာရမှာပေါ့၊ နောက်ဆုံး မတတ်သာရင် ရှိတဲ့လုံချည်တွေချုပြီး ပေါင်ရမှာပဲ”

“လုံချည်ပေါင်လို့တော့ မဖြစ်ဘူးဆရာ၊ ဝတ်နိုင်၊ စားနိုင်ကြောင်း ပြရအောင် အဝတ်အလဲလဲအလှယ်လှယ်နဲ့ သွားနိုင်မှ သူ အထင်ကြီးနေ တာနဲ့လဲ ကိုက်မယ်။ နို့ပြီး သူလည်းဘယ်နှစ်ရက် နေရမလဲ မသိသေးဘူး။ တစ်ခါနဲ့တစ်ခါ မတူအောင် အဝတ်အစား မထပ်ရအောင် ဝတ်နိုင်ဖို့က လိုသေးတယ်မောင်၊ လုံချည်ပေါင်ရမှဖြင့် ကျန်တာမင်းဝတ်ရင် ငါ့မှာ လဲကွတ်တီ ပတ်နေရုံ ရှိတော့တာပဲ”ဟု ပြောသဖြင့် ဘမြင့်လည်း ဟက် ဟက်ပက်ပက် ရယ်မိလေ၏။

ထို့နောက် ဖေသိန်းကပင် ဆက်လက်၍ “နောက်ပြီး ငါ နှာခေါင်း ကြီးနေတဲ့ ဂုဏ်နဲ့လိုက်အောင် ရုပ်ရှင်ပြရင်လဲ ဆောက်စ်က ပြမှဖြစ်မယ် ဟော်တယ်လည်း အခန့်စားမှဖြစ်မယ်၊ မော်တော်ကားလည်း ပရိုက်ဗိတ်မှ နေရာကျမယ်”ဟု ပြောပြလေ၏။

ဘမြင့်လည်း စိတ်အိုက်သွားကာ ကုလားထိုင်ပေါ်တွင် ဒရဝမ် ကုလား ထိုင်နည်းထိုင်ပြီး စာပွဲတွင် တံတောင်တင်ကာ နားသယ်ထောက် ရင်း စဉ်းစားနေလေ၏။ ဖေသိန်းသည် မည်သည့် သတင်းစား၊ ဂျာနယ် တိုက်၊ ပုံနှိပ်တိုက်၊ စာအုပ်တိုက်မှ ငွေရနိုင်ပါမည်နည်းဟု တစ်တိုက်ပြီးတစ် တိုက် မျက်စိထဲတွင် ထင်မြင်၍ ကြည့်လေ၏။ သို့ရာတွင် မိမိရေး



ဘယ်မှာမှ မရှိသည်ကို တွေ့ရ၏။ ဝတ္ထုမရေးခင်၊ ဝတ္ထုနာမည်ပေး၍ စရန်တောင်းဖို့ မှာလည်း သတင်းစာတိုက်ကြီးများတွင် ပြောလျှင်ပြောချင်း မရနိုင်၊ မိမိ နိုင်သော ဝတ္ထုတိုက်ကလေးများမှာလည်း ပျက်စီးသည့်တိုက်၊ ပျက်စီး၍ သွားပြီးလျှင် မပျက်ဘဲရှိသော တိုက်များမှာလည်း မိမိယူထားသော စရန်ငွေက များနေပြီဖြစ်သောကြောင့် ကြံရာမရ ဖြစ်၍နေလေတော့၏။

ထိုအခိုက်တွင် တံခါးခေါက်သံ ကြားရသဖြင့် ဘမြင့်က ထ၍ဖွင့် ပေးလိုက်ရာ ဝတ္ထုထုတ်ဝေသူ တစ်ယောက်ဖြစ်သည်ကို တွေ့ရ၍ ဖေသိန်း သည် မည်သည့်အခါမျှ အရေးမယူဘူးသော အရေးယူခြင်းဖြင့် “ဟာ... သူဌေးမင်း ကြွပါ၊ ပိုက်ဆံပေးမဲ့လူ မျှော်နေတာ အဆင်သင့်ပဲ”ဟု စမ်းသာအားရ ပြုံးရယ်၍ ပြောလိုက်လေ၏။

“သူဌေးမင်း မခေါ်ပါနဲ့ ဆရာ၊ စာအုပ်ချုပ်တဲ့ ကုလား ကြွေး တောင်မဆပ်နိုင်လို့ ဆရာ့နောက်ဝတ္ထုပြီးရင် ရတဲ့ငွေနဲ့ အရင်ဟာရော အခုဟာရော အကုန်ဆပ်ပါမယ်လို့ ချော့ထားရတယ်။ အဲဒါပဲ ဆရာ လုပ်စမ်းပါဦး။ ဒီကနေ့ ကော်ပီရမယ်ဆိုတာ အခုယူသွားရတော့မလား”

“ကော်ပီ ဒီကနေ့ ရဖို့ပဲဗျာ၊ အခုပဲ ဧည့်သည်တွေ လာသွားကြ တာနဲ့ ဘာမှ မလုပ်နိုင်ဘဲ ဖြစ်နေတယ်၊ နောက်ပြီး ဒီဧည့်သည်တွေကလည်း သိပ်အရေးကြီးတဲ့ ဧည့်သည်တွေဖြစ်နေလို့ ငွေကုန်စရာတွေ ရှိနေတယ်၊ ဒါကြောင့် ငွေသိပ်လိုနေတာပဲ၊ အဲဒါ ခင်ဗျား တတ်နိုင်သလောက် ပေးခဲ့ဦး”

“ဘယ်ရှိမလဲဆရာ၊ ဆရာ့အပေါ်မှာပဲ ဘယ်လောက်များနေပြီလဲ၊ အခု ကျွန်တော်လာတာ ပေးရအောင်လာတာ မဟုတ်ဘူး၊ ကော်ပီယူရ အောင်လာတာ”ဟု ထိုသူက အနည်းငယ်မာ၍ စမ်းလေ၏။

ဖေသိန်းလည်း စာပွဲအံဆွဲထဲက စာလေးငါးရွက်ကို ပြပြီးလျှင် “ဟောဒီမှာ ခင်ဗျားဖို့ ဝတ္ထုစ,ထားပြီ၊ မြန်မြန်လိုချင်ရင် ငွေနည်းနည်းပေး

www.burmeseclassic.com



သွား၊ မပေးနိုင်ရင်တော့ ကျုပ်လည်း နိုင်တဲ့နည်းနဲ့၊ ဝတ္ထုနာမည်ပြင်ပြီး တစ်တိုက်တိုက်ကို ပေးပြီး တောင်းရမှာပဲ၊ ငွေသိပ်လိုနေတယ် မတတ်နိုင်ဘူး" ဟု ပြောလေရာ၊ ထိုသူလည်း မျက်နှာငယ်ကလေးနှင့် ဖြစ်သွား၏။ "ဒီလိုတော့ မလုပ်ပါနဲ့ဆရာ၊ ကျွန်တော်တို့ ဆရာ့ဝတ္ထုကိုပဲ အားကိုးနေရ တာပဲ"ဟုဆိုပြီး အိတ်ကိုစမ်း၍ ငွေနှစ်ဆယ်တော့ မရှိဘူးဆရာ ဟောဒီမှာ ပန်းချီဆရာဆီက အဖုံးရွေးဖို့ ငွေတစ်ဆယ်ထဲ ပါလာတယ်။ ဆရာလိုချင်ရင် ပန်းချီဆရာကို ခဏထားလိုက်ဦးမယ်၊ ဝတ္ထုလည်း ဘယ်မှ မပေးပါနဲ့ဆရာ၊ ဒီဟာယူပါ၊ ကျွန်တော်တို့လည်း ဆရာ့အပေါ်မှာ ဘယ်လောက် ဂရုစိုက်တယ်ဆိုတာ အသိသားပဲ၊ နိုင်တိုင်း သိပ်ညှဉ်းတာကို ဆရာရဲ့၊ ဝတ္ထုရေးဆရာက ညှဉ်းလိုက်၊ ပန်းချီဆရာက ညှဉ်းလိုက်၊ ပုံနှိပ်စက်က ညှဉ်းလိုက်နဲ့ သေရောပေါ့ဆရာ"ဟု အသနားခံလေ၏။

ဖေသိန်းသည် ငွေတစ်ဆယ်ယူပြီးလျှင် "ညှဉ်းတယ်လို့ သဘော မထားပါနဲ့ဗျ၊ ငွေကျပ်လွန်းလို့ပါ၊ ခင်ဗျားတို့ကို အားလည်းနာ၊ ကျေးဇူးလည်းတင်ပါတယ်၊ ရော့ဗျာ၊ ကော်ပီ၊ လိုချင်ရင် အဲဒါပဲ ယူသွားနှင့်ဦး"ဟု စာရွက်များကို ပေးလေ၏။

"ဘယ်ဖြစ်မလဲ ဆရာ၊ တစ်ဖောင်စာတောင် မပြည့်ဘူး"

"ဒါဖြင့်ဗျာ ပြီးမှပဲယူပါတော့"

"ကောင်းပါပြီ ဆရာ၊ မြန်မြန်ကလေးလည်း လုပ်ပါဦး"ဟုဆိုပြီး ထိုသူလည်း ငွေတစ်ဆယ်ထားပြီး ပြန်ရှာလေ၏။

ထိုသူ ထွက်သွားမှ ဖေသိန်းက "ဒီလူတွေ ညှဉ်းရတာ သနားဖို့ ကောင်းပါရဲ့၊ တိုက်ကြီးတွေ ညှဉ်းရမှ နိပ်တာ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ မိရာတွယ်ရတော့မှာပဲ"ဟု ပြောလေ၏။

ဘမြင့်လည်း စိတ်မချမ်းသာသော အမူအရာနှင့် တွေဝေ၍နေပြီး နောက် "ငါလည်း ဘယ်လိုက်ပြီး ရှာရမလဲ မသိဘူး၊ စဉ့်အိုးတန်းက



ဘကြီး ဆီလည်း ငါ တောင်းတာများနေပြီ၊ အသိတွေကို လိုက်ပြီးချေးဖို့ ကလည်း တို့ထက်တောင် ဘိုင်ကျနေတာပဲ" ဟု ညည်းလေ၏။

ဖေသိန်းလည်း ထိုငွေတစ်ဆယ်နှင့် မလောက်သေးဘဲ နောက်ထပ်ရှာ ဖို့ရန် အကြံထုတ်ရပြန်လေ၏။

ဘမြင့်သည် စဉ်းစားနေရာမှ အချိန်ကို လှမ်း၍ကြည့်လိုက်ရင်း၊ နာရီကို ပြေး၍ သတိရကာ "ဟေ့ ဒီနာရီ ပေါင်ရရင် မကောင်းဘူးလား"ဟု မေးလေ၏။

"မလုပ်ပါနဲ့ကွာ၊ အချိန်မသိရဘဲရှိမှဖြင့် ဒွကျနေပါဦးမယ်"

"အချိန်သိဖို့ မခဲယဉ်းပါဘူးကွာ၊ နာရီပေါင်ပြီး ရတဲ့အထဲက ကြက်ဖကြီးတစ်ကောင်လောက် ဝယ်တာပေါ့၊ အိပ်တန်းတက်ရင်လဲ တွန်၊ သူငယ်အိပ်ဆိပ်လည်းတွန်၊ သက်ကြီးခေါင်းချလည်း တွန်၊ မောင်ရင် ပြန်လည်းတွန်၊ သန်းခေါင်လည်းတွန်၊ မိုးလင်းချွန်"ဟု ပြောရာ ဖေသိန်းက ရယ်ပြီးလျှင် "မလုပ်ပါနဲ့၊ အခန်းနားနီးချင်းတွေ ကလော်ပြီး ဆဲနေ ပါဦးမယ်" ဟု ပြောလေ၏။

"ဒါဖြင့် ဒီငွေကလေးနဲ့ ဘယ့်နှယ်လုပ်ပါမလဲ"

"ဒီလိုလုပ် ဒီငွေနဲ့ ရုပ်ရှင်သွားနှင့်၊ မော်တော်ကားကိုတော့ ကိုယ့်အသိ ဒရိုင်ဘာတစ်ယောက်ယောက်ကိုခေါ်ပြီး ဓာတ်ဆီအရင် ထည့်ပေးပြီး မောင်းခိုင်း၊ ကားခကိုတော့ ဘာကီလုပ်တာပေါ့၊ မင်း ရုပ်ရှင်ကြည့်နေတဲ့အချိန်အထိ ငါ ပိုက်ဆံလိုက်ရှာမယ်၊ ရတာနဲ့ တစ်ပြိုင်နက် ရုပ်ရှင်ရုံရှေ့ကလာပြီး စောင့်နေမယ်၊ အဲဒီကမှ ဟိုတယ်သွားတာပေါ့၊ ဘယ်ဟိုတယ်သွားကြမလဲ"

"စထရင်းဆိုရင် မကောင်းဘူးလား"

"အမယ်လေး၊ ငါ့လူက ပိုက်ဆံသာမရှိတယ် မှန်းလိုက်ရင် ထိပ်မှ မှန်းတယ်၊ အားလေ ကြိုက်ရာသွားတာပေါ့"ဟု ပြောပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



"ညနေကို ဟိုတယ်မတက်ခင် အခုစားရဖို့က အရေးကြီးသေးတယ်"ဟု ပြောလေ၏။

"မနက်စာတော့ ချွေချွေတာတာ ခေါက်ပြားဟိုတယ်မှာပဲ အပင်းလျှို့ရတော့မှာပဲ"ဟု ရယ်ရယ်မောမောပြောကာ မိမိတို့သွား၍စားကြရမည့် ထမင်းဆိုင်၏ ဂုဏ်အင်္ဂါနှင့် ညီညွတ်အောင် အပေါ်အင်္ကျီမှပင် မဝတ်ဘဲ ထွက်သွားကြလေ၏။

❒

နေ့ ၂ နာရီသာသာ အချိန်လောက်တွင် ဖေသိန်းတို့ နေထိုင်သော တိုက်ရှေ့တွင် ပရိုက်ဗိတ်တက္ကစီတစင်း ဆိုက်ရောက်လာပြီးလျှင် ကားတွင်းရှိ ဒရိုင်ဘာသည် ကားအပြင်သို့ ခေါင်းထုတ်ကာ တိုက်ပေါ်သို့ မော့ကြည့်ရင်း ဘက်ထရီပွန်းကို နှိပ်လိုက်ရာ အလယ်ထပ် ပြူတင်းပေါက်မှ ပေါင်ဒါဖွေး၍နေသော ဘမြင့်၏မျက်နှာ ထွက်ပေါ်လာပြီးလျှင် "ဟေ့ ခဏစောင့်ဦးဟေ့၊ အဝတ်မလဲရသေးဘူး"ဟု ပြောပြီး ပြန်၍ ခေါင်းဝင်သွားလေ၏။

ဘမြင့်မှာ ပေါင်ဒါချ၍ ဆံပင်ခွဲပြီး ဖြစ်နေသော်လည်း အင်္ကျီမရှိသေးဘဲ ကိုယ်တုံးလုံး ဖြစ်၍နေပေ၏။ အင်္ကျီမဝတ်ရသေးသည်မှာ ကမန်းကတန်း လျှော်ဖွတ်ရသော ပိုးရှပ်အင်္ကျီကို ဒိုဘီဆိုင်သို့ ဖေသိန်း ယူသွားပြီးလျှင် မီးပူတိုက်ခိုင်းရာမှ ပြန်၍မလာသေးသည့်အတွက်ဖြစ်၏။ အတန်ကြာမှာ ဖေသိန်း ရောက်၍လာလေသည်။

"ကိုင်း မောင်မင်းကြီးသား မင်းမြောက်တန်ဆာ ငါးပါးလည်းစုံပြီ၊ အောက်မှာလည်း ဖုတ်သွင်းရထားဆိုက်နေပြီ၊ ခြေတော်မတင်ခင် မင်းမျက်နှာပေါ်က ပေါင်ဒါတွေ တံမျက်စီးလှဲပြီး ချပါဦး"ဟု ဖေသိန်းက ပြောသဖြင့် ဘမြင့်လည်း ပေါင်ဒါများကို ညီညာအောင်ပြုလုပ်ပြီးလျှင် အဝတ်အစား ပြင်ဆင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဝတ်လို့တော့ပြီးပြီ၊ သူနဲ့တွေ့တဲ့အခါ ဘယ်လိုပြော၊ ဘယ်လိုဆိုရမယ်ဆိုတာ သင်စမ်းပါဦး"

ဖေသိန်းသည် အနည်းငယ် စဉ်းစားပြီးလျှင် "မင်းဟာ ငါပဲလို့ အမြဲတမ်း စိတ်ထဲမှာထား၊ သူနဲ့မင်းဟာ သမီးရည်းစား၊ ချစ်ကြိုက်ပြီးသားလို့ဆိုတာကို အောက်မေ့ပြီး ရည်းစားချင်းတွေ့တဲ့အခါ ကြည့်ပုံမျိုး၊ ပြောပုံမျိုးနဲ့ ညလုံးထေလုံး ခပ်များများလုပ်ပေး"ဟု ပြောပြီးလျှင် "နောက်ပြီး မင်း ဘာတွေလုပ်တယ်ဆိုတာလည်း၊ ငါ့ကို အကုန်ပြောပြဖို့ မှတ်ထား၊ ဣန္ဒြေမဲ့အောင်လည်း မလုပ်နဲ့"ဟု မှာလေ၏။

"ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း ငါလုပ်မှာပဲ၊ နောက်ပြီးတော့ မင်းရုပ်ရှင်ရုံမှာ လာပြီးစောင့်နေဖို့လည်း မမေ့နဲ့နော်"

"ဒါတော့ စိတ်ချ၊ ငါ ငွေရှာရလာတာနဲ့ တစ်ပြိုင်နက်တည်း ရုပ်ရှင်ရုံရှေ့မှာလာပြီး စောင့်နေမယ်၊ ဒါထက် မင်း ဘယ်●ကား သွားပြီးကြည့်မလဲ"

"ကလပ်ဂေးဘဲလ်ကား သွားပြီးကြည့်မယ်"ဟု ပြောစဉ်မှာပင် အောက်မှ မော်တော်ကားဟွန်းသံသည် ရူးရှူးရှားရှား အပေါ်သို့ တက်လာသဖြင့် "ကဲ အချိန်မရှိဘူး ငါ သွားတော့မယ်"ဟုဆို၍ ဘမြင့် ထွက်သွားလေ၏။

ဘမြင့် စီးလာသောကားသည် လမ်းထဲသို့ ဝင်လာပြီး တိုက်တစ်တိုက်ရှေ့သို့ ရပ်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ကားသံကြားသဖြင့် မိန်းမပျိုတစ်ယောက် ဝရန်တာသို့ ထွက်၍လာလေ၏။ ဘမြင့်သည် ကားထဲမှ ထွက်လာပြီး အပေါ်သို့ မော့ကြည့်လိုက်ရာ ပြုံးရွှယ်နှုတ်ဆက်နေ သော ခင်တင့်၏ မျက်နှာကို တွေ့ရသဖြင့် ပြန်၍ ပြုံးရယ်လိုက်စဉ်မှာပင် အရွယ်ကောင်းသော မိန်းမ ၃၊၄ ယောက် ခင်တင့်နောက်မှ ပေါ်လာပြီး ဘမြင့်ကို ပြူးတူးပြဲတဲကြည့်ကြကာ အချင်းချင်း လက်တို့၍ ရယ်ကြပြီးလျှင် ပြန်၍ ဝင်ပြေးကြသဖြင့် ဘမြင့်မှာ ရှိန်းဖိန်း၍သွားလေ၏။



ဘမြင့်မှာ ထိုဆရာမပျိုများ၏ရှေ့တွင် အဘယ်ကဲ့သို့ မျက်နှာပြောင်တိုက်ရပါမည်နည်းဟု တွေး၍ မျက်နှာထား ခပ်ရှက်ရှက်ဖြင့် အပေါ်သို့ တက်သွားရာ၊ အခန်းတွင်းသို့ ရောက်သောအခါ ထိုဆရာမပျိုများ မရှိဘဲ အတွင်းခန်းသို့ဝင်၍ ပုန်းနေကြသည်ကို တွေ့ရသောကြောင့် အနည်းငယ် စိတ်သက်သာရာရလေ၏။

ခင်တင့်၏ မျက်နှာမှာလည်း ခပ်ရှက်ရှက် ဖြစ်နေသော အမူအရာကို တွေ့ရသည့်ပြင် တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက်ဖြစ်၍နေသည်ဟုလည်း ထင်ရပေ၏။ ခင်တင့်သည် ဘမြင့်အား နှုတ်ဆက်၍ နေရာထိုင်ခင်းပေးပြီး ခေတ္တမျှ စကားပလ္လင်ခံပြီးလျှင် "ကျွန်မတို့ ဒီကနေ့ ရုပ်ရှင်မသွားဘဲ မနက်ဖြန်မှသွားရင် မဖြစ်ဘူးလား"ဟု မေးလိုက်ရာ ဘမြင့်မှာ အံ့အားသင့်၍ သွားလေ၏။

ခင်တင့်သည် မိမိနှင့် အတူသွားရန် ရှက်၍လော။ ၎င်း၏ အဒေါ်က ဖျက်၍လောဟု ဘမြင့်၏စိတ်တွင် လျှင်မြန်စွာ တွေးတောစိုးရိမ်မိပြီးလျှင် "ဘာဖြစ်လို့လဲ"ဟု မေးလေ၏။

"ဒေါ်လေးကြည် မလိုက်နိုင်ဘူးလို့ ပြောနေတယ်၊ မနေ့က မီးရထားပေါ်မှာ အအိပ်ပျက်၊ မနက်က ဘုရားသွားရင်း အပူမိပြီး နေမကောင်းလို့ ကျွန်မတစ်ယောက်တည်း ဖြစ်နေတယ်"ဟု ပြောရာ၊ ဘမြင့်မှာ စီစဉ်ထားသမျှ ပျက်၍ကုန်တော့မည်လောဟု စိုးရိမ်ပူပန်မိလေ၏။

"အဲဒါ ခက်တာပဲ၊ အဖော်တစ်ယောက်ယောက် ခေါ်ရင် မဖြစ်ဘူးလား"ဟု မေးလေ၏။

"သူတို့လည်းတခြားတနေရာသွားဖို့ စီမံပြီးဖြစ်နေတယ်"

ဘမြင့်သည် ရုတ်တရက် ဘာမျှပြန်၍မပြောသေးဘဲ တွေ၍ ငိုင်းစားနေလေ၏။ မိမိတို့၏ အစီအစဉ်ကို ဖျက်၍မဖြစ်နိုင်၊ ခင်တင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မရမကခေါ်လျှင် တစ်ယောက်တည်း ပါလာမည်ဖြစ်သဖြင့် သာ၍ပင် ပြောရဆိုရ လွတ်လပ်ပေမည်။ ထိုသို့ တစ်ယောက်တည်းလိုက်နိုင်အောင် ပင် အဒေါ်ဖြစ်သူက စီမံလေသလော။ အဒေါ်ဆိုသူမှာလည်း ခပ်ဖျိုဖျိုပင် ဖြစ်၍ အလိုတူအလိုပါပင် ဖြစ်လေရော့သလားဟု တွေးမိကာ မရရအောင် ခေါ်မည်ဟု နှလုံးပြုလျက် အပါခေါ်ရန် အကြံပြုရပြန်လေ၏။

"မခင်တင့် မလိုက်နိုင်ဘူးဆိုရင် ပွကျကုန်တော့မှာပဲ၊ ဟိုတယ်မှာလည်း ထမင်းစားဖို့အတွက် စောစော ကြိုတင်ပြီး မှာထားပြောထားပြီးပြီ၊ ရုပ်ရှင်အတွက် နေရာသီးသန့်ယူပြီးပြီ၊ အားလုံး ငွေပေးပြီးသားဖြစ်ပြီးမှ အခုလို မသွားနိုင်တော့ဘူးဆိုရင် အလဟဿ ဖြစ်ကုန်တော့မှာပဲ၊ မသွားနိုင်ဘူးဆိုတာ စောစောက သိရရင်လည်း အကောင်းသားပဲ"ဟု ခင်တင့်အား နာလာပြီး မငြင်းနိုင်အောင် လည်ဆယ်၍ပြောရလေ၏။

ခင်တင့်သည် တွေဝေ၍သွားပြီးလျှင် "အခုလို အားလုံးစီမံထားပြီးမှ ကျွန်မ မလိုက်လို့ရှိရင်လည်း ခက်တော့တာပဲ"ဟု ညည်းတွားသောလေသံနှင့် ပြောပြီးလျှင် အတန်ကြာ စဉ်းစားနေပြီးမှ ကျွန်မ ဒေါ်လေးကို သွားပြီးပြော လိုက်ဦးမယ်ဟုဆို၍ ထပြီးလျှင် အတွင်းခန်းသို့ ဝင်သွားလေ၏။

ဘမြင့်သည် တစ်ယောက်တည်း ထိုင်နေစဉ် ခင်တင့် ဝင်သွားသော အခန်းထဲမှ ဆရာမများ၏ အချင်းချင်း ပြောဆိုရယ်မောသံများကို ကြားရသဖြင့် ဘမြင့်မှာ စိတ်မသိုးမသန့်ဖြစ်ကာ အကျီကော်လံကြားထဲတွင် ဂျပိုးဝင်၍နေသလိုလို၊ ကျောပေါ်သို့ ကင်းမြီးကောက် တက်သလိုလို ဖြစ်ကာ အနေရအထိုင်ရ ကျပ်၍နေပြီးလျှင် ခဏမျှ ခင်တင့် ဝင်သွားသည်ကို အကြာကြီးထင်မိလျက် ခင်တင့် ပြန်၍ရောက်လာမှ စိတ်သက်သာ၍ သွားလေ၏။ ဘမြင့်သည် ခင်တင့်၏ ပါးစပ်မှ မည်သို့ထွက်ပေါ်လာမည်နည်းဟု အာရုံစိုက်၍ မျှော်လင့်နေစဉ် "ကိုဘမြင့်ကော"ဟု မေးလိုက်သည်ကို "ဗျာ"ဟု ထူးတော့မည်ဖြစ်ပြီးမှ "ကိုဘမြင့်လား ဒီကနေ့ သူ့အလုပ်



အတွက် အတွင်းဝန်နဲ့ စကားပြောစရာရှိလို့၊ ညနေကျမှ အားမယ်"ဟု မနည်းစဉ်းစား၍ ပြောရပြီးလျှင် "ဘာဖြစ်လို့လဲ"ဟု မေးလိုက်လေ၏။

"ကျွန်မ လိုက်ဖို့တော့ ဒေါ်လေးကြည်ကို ပြောပြီးပြီ၊ ကျွန်မကလည်း တစ်ယောက်တည်း၊ ကိုဖေသိန်းကလည်း တစ်ယောက်တည်းဆိုတော့"ဟု ပြောရင်း ခင်တင့်သည် စကားရပ်၍နေလိုက်လေ၏။

"အို... ဘာမှစိုးရိမ်စရာ မရှိဘူး၊ ရန်ကုန်မြို့မှာတော့ အခုလိုပဲ၊ တစ်ယောက်ချင်း သွားလာနေကြတာပဲ"ဟု ပြောပြီးလျှင် "ကိုဘမြင့်လည်း ဟိုတယ်ကို လိုက်ဦးမှာပဲ"ဟု ပြောပြလေ၏။

ခင်တင့်သည် လိုက်ဖို့မလိုက်ဖို့ စဉ်းစားရင်း နာရီကို ကြည့်လိုက်ရာ အချိန်နီးကပ်နေပြီဖြစ်သည်ကို သိရသဖြင့် စဉ်းစားနေရန် အချိန်မရှိတော့သည်ကို တွေ့ရလေ၏။ ဘမြင့် (မိမိ၏ချစ်သူ)၏ စိတ်ကိုလည်း မချမ်းမြေ့ဘဲ ရှိစေမည်ကိုလည်း စိုးရိမ်မိလေ၏။ အခြားတွေးတောပူပင်စရာများအတွက်လည်း စိတ်မကောင်း ဖြစ်မိလေ၏။ သို့ရာတွင် ချစ်သူထက်မည်သူ့ကိုမျှ ဂရုမစိုက်နိုင်။ မိမိမှာလည်း လွတ်လပ်ခွင့် ရရှိနေပြီဖြစ်သောကြောင့် လိုက်ရန် စိတ်ပိုင်းဖြတ်လေတော့၏။

များမကြာမီ ဘမြင့်နှင့် ခင်တင့်တို့သည် ရုပ်ရှင်ရုံထဲရှိ အထူးသီးသန့်ထားသော နေရာတွင် နှစ်ယောက်သား ယှဉ်တွဲ၍ ထိုင်နေကြသည်ကို တွေ့ကြရပေတော့၏။ ရန်ကုန်မြို့ကြီးတွင် ထိုကဲ့သို့ သမီးရည်းစား ယှဉ်တွဲသွားလာကြသည်ကို တွေ့မြင်ကြရသည်မှာ ရိုး၍နေပြီ ဖြစ်ကြသဖြင့် ဘမြင့်နှင့် ခင်တင့်တို့အား ပရိသတ်ထဲမှ အနည်းငယ်မျှသာ မော့၍ကြည့်ကြပြီး ဂရုမစိုက်ဘဲ ပြန်လှည့်သွားကြကာ အခြားဘက်၌ အာရုံစိုက်နေကြသော်လည်း ခင်တင့်၏ စိတ်ထဲမှာ ကြိတ်၍ရှက်လျက် ပရိသတ်ဘက်သို့ ကြည့်ရဲဘဲ ခေါင်းငုံ့၍ နေမိလေ၏။

ထိုအချိန်တွင် ဖေသိန်းသည် သတင်းစာတိုက်ကြီး တစ်တိုက်ပေါ်သို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်သွားသည်ကို တွေ့ကြရပေ၏။ ဖေသိန်းသည် တိုက်ပေါ်သို့ ရောက်ပြီး အယ်ဒီတာတစ်ဦး၏ အခန်းထဲသို့ ဝင်မည်ပြုကာ အခန်းဝသို့ ရောက်ခါမှ စိတ်လေးလံ၍ လာပြီးလျှင် တောင်းလို့လဲ ရမှာမဟုတ်ပါဘူး လေဟု စိတ်ထဲတွင် ပြောမိလျက် ဝင်ရကောင်းမည်လော၊ ဤနေရာကပင် ပြန်၍သွားရလျှင် ကောင်းမည်လော၊ ချီတုံချတုံ ပြု၍နေမိလေ၏။

ထိုသို့ ရပ်နေရင်း ၎င်း၏ စိတ်ထဲတွင် တောင်းလို့ ရလျှင်ကောင်း ရဲ့၊ တောင်းလို့မရလျှင် ရှက်စရာလည်းကောင်း၍ အထင်အမြင်သေးခြင်း လည်း ခံရတော့မည်ဟု တွေးကာ ပြန်၍ လှည့်မိပြီးမှ "ဟယ် တတ်နိုင် ပါဘူး၊ မရတော့မှပဲ နေပေစေ၊ စွန့်ပြီးကြည့်ဦးမှပဲ"ဟု စိတ်ပိုင်းဖြတ် ပြီးလျှင် အယ်ဒီတာ၏ အခန်းထဲသို့ ဝင်၍သွားလေ၏။

BURMESE CLASSIC .com

အခန်းထဲသို့ ရောက်သောအခါ ဖေသိန်းမှာ မိမိလာရင်းအကြောင်း ကို အပြောရခက်နေသည်ကို တွေ့ရလေ၏။ အကြောင်းမူကား ထိုအယ်ဒီတာ ၏ စားပွဲတွင် ဝိုင်းဝန်း၍ထိုင်ကာ အယ်ဒီတာ၏ စေတနာကို နိုလုံး လက်ဖက်ရည်သောက်နေကြသော မိမိကဲ့သို့ ဝတ္ထုရေးဆရာ သုံးလေး ဦးကို တွေ့နေရသဖြင့် မိမိမှာ နာမည်ကျော် စာရေးဆရာတစ်ယောက်ဖြစ် သော ဂုဏ်အင်္ဂါနှင့် ညီညွတ်အောင် ထိုသူတို့၏ရှေ့တွင် အောက်ကျ၍ ငွေတောင်းရန် ခက်ခဲနေသောကြောင့် ဖြစ်ပေ၏။

ဖေသိန်း ဝင်လာသည်ကို တွေ့ရသဖြင့် အယ်ဒီတာလုပ်သူလည်း ခေါင်းလောင်းတီး၍ အခိုင်းအစေ သူငယ်လေးတစ်ယောက်ကို ခေါ် ကာ ကုလားထိုင်တစ်လုံးကို အယူခိုင်းလိုက်ပြီးနောက် ကုလားထိုင်ရော လာ၍ ဖေသိန်း ထိုင်မိသောအခါ "ကိုဖေသိန်း ခင်ဗျားကော ဘာသော မလဲ"ဟု မေးလိုက်ရာ ဖေသိန်းသည် ဟန်လုပ်၍ ငြင်းပယ်လိုက်လိုသော် လည်း ခြေလျင်လှမ်းလာခဲ့ရသဖြင့် ဝမ်းဟာ၍နေသောကြောင့် "ကော်ဖီ" ဟု ဖြေလိုက်လေ၏။



အခြား ဝတ္ထုရေးဆရာတို့မှာလည်း ဖေသိန်းကဲ့သို့ပင် အယ်ဒီတာ ထံမှ တစ်စုံတစ်ရာ မျှော်လင့်ချက်များ ရမည်လားဟု လာရောက်မျှော်လင့် နေသူများပင်ဖြစ်ရာ ထိုသူတို့မှာ မိမိကဲ့သို့သော သူတစ်ယောက် တိုး၍လာသဖြင့် စိတ်အနှောင့်အယှက်ဖြစ်သော အမူအရာ ဖြစ်နေကြသည် ကို ဖေသိန်းသည် အကဲခတ်မိလေ၏။

တစ်ဦးသော စာရေးဆရာမူကား ဖေသိန်း ရောက်၍လာစဉ်ပင် တိုက်အုပ်လက်မှတ်ထိုး၍ ချလိုက်သော ငွေထုတ်ရန် စာရွက်နီကလေးကို အယ်ဒီတာထံမှတစ်ဆင့် ရရှိသည်ကို ဖေသိန်း မြင်လိုက်ရသဖြင့် သရေကျမိ လေ၏။ ထိုသူမှာကား နောက်ထည့်မည့် ဝတ္ထုရှည်အတွက် ငွေရရှိ၍ သွားသဖြင့် တစ်မျက်နှာလုံး ပွရွက်ဆိတ်တက်မလောက် ချိုပြုံး၍သွားကာ "ကဲ ကိုယ်ကိစ္စတော့ပြီးပြီ၊ ငွေစာရင်းမပိတ်ခင် မှီအောင်သွားပြီး ထုတ်လိုက် ဦးမှာပဲ၊ ကနေ့လွတ်သွားရင် ဒီညအိမ်ပေါ်က ဆင်းရလိမ့်မယ်၊ အိမ်လခ ၃ လတွက်ရှိနေပြီ။ ဆရာတို့တော့ နေရစ်ဦးတော့"ဟုဆိုလျက် ထွက်၍သွား သဖြင့် ကျန်ရစ်သူများမှာ စာရေးဆရာအချင်းချင်း ကိုယ်ချင်းစာ၍ ဂရုဏာပြုံး ပြုံးမိကြလေ၏။

ထိုသူထွက်၍သွားသော်လည်း အခြားသူများ ကျန်၍နေသေးသဖြင့် ဖေသိန်းမှာ အကြံအိုက်လျက် ရှိနေသော်လည်း မရိပ်မိကြစေရန် ပြုံးရွှင်ရွှင် စကားပြော၍ နေရှာလေ၏။

ဖေသိန်း စိတ်ညစ်လျက် ရှိသောအချိန်တွင် ဘမြင့်မှာ အလွန် ပျော်ရွှင်၍ နေလေတော့၏။ ဘမြင့်၏ စိတ်ထဲတွင် ခင်တင့်ကဲ့သို့ မိန်းမ ကလေးတစ်ယောက်နှင့် တစ်ယောက်ချင်းယှဉ်တွဲ၍ နေရခြင်းမှာ လူ့ပြည် ကြီးကို မညီးငွေ့၊ မမုန်းနိုင်အောင် ကြီးမားလှသော သုခချမ်းသာကြီး တကားဟု အောက်မေ့ကျေနပ်လျက် ရှိလေ၏။

ပြုံးသလျက်ရှိသော ရုပ်ရှင်ကားပေါ်မှ ပြန်၍ဟပ်သော အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ယဉ်ကျေးပြေပြစ်စွာ ဝတ်ဆင်ထားသော ခင်တင့်၏ အဝတ်အစား အပေါ်နှင့် နုပျိုသော မျက်နှာပေါ်တွင် မှုန်မွှားမွှား ကျရောက်ရှိရ ဘမြင့်သည် ခင်တင့်ကို ကြည့်မိရာတွင် မိမိ ယခု တွေ့မြင်နေရသည်မှ ၁ကယ်ပင် ဟုတ်ပါလေသလား၊ အိပ်မက်ထဲ၌ တွေ့ကြုံနေရခြင်းပေလော ဟူ၍ ထင်မြင်သောစိတ်များပင် ပေါ်ပေါက်လာမိပေ၏။ ခင်တင့်၏ကိုယ်မှ သင်းပျံ့စွာ ထွက်လာသော ရေမွှေးနံ့သည် ပန်ကာလေဖြင့် ဘမြင့်၏ နှာခေါင်းထဲသို့ တိုးဝှေ့၍ ဝင်ကြလေရာ ဘမြင့်မှာ လွမ်းသလိုဆွေးသလို ဖြစ်လျက် အချစ်ဇောများ တက်ကြွလာကာ ရုပ်ရှင်ကားဘက်သို့သာ ကြည့်၍နေပြီး ထိုသို့ ကြည့်ရသည်ကို မဝနိုင်ရှိလေ၏။

ခင်တင့်သည် ယခုကဲ့သို့ မိမိချစ်သူနှင့် အတူယှဉ်တွဲနေရခြင်း ဓာတ်ကားထဲတွင် အနောက်နိုင်ငံသူတို့၏ လေးလေးနက်နက် ချစ်ကြ ပြသည်ကို တွေ့ရခြင်း၊ ရုပ်ရှင်ရုံအတွင်း ခင်းကျင်းစီမံထားပုံနှင့်တကွ အလင်းရောင်၏ ဖမ်းစားခြင်း စသည်တို့ကြောင့် ထူးခြားသော အာရုံတွင် စိတ်လွင့်ပါးလျက်ရှိကာ လွမ်းသလိုလို၊ ပျော်သလိုလို၊ ငိုချင်လိုလို ဖြစ် ပေ၏။

ထိုအခိုက်တွင် ဘမြင့်၏ ကိုယ်သည် မိမိဘက်သို့ ယိမ်းနွဲ့၍လာ သည်ကို တွေ့ရလေရာ ယောကျ်ားပျို၏ ကိုယ်ငွေ့သည် ခင်တင့်၏ နှာဝတွင် တိုးဝှေ့၍ မူးမေ့သွားမည်ကဲ့သို့ဖြစ်လျက် ရှက်ကြောက်၍ ကာ မိမိကိုယ်ကလေးကို ကျုံ့လိုက်ရာ ပြုံး၍နေသော မျက်နှာကို တွေ့ရသဖြင့် ရှက်သလိုလိုဖြစ်ခါ ခေါင်းငုံ့၍သွားပြီးနောက် ရုပ်ရှင်ကားဘက်သို့ လှည့်ကြည့်လိုက်သော်လည်း မျက်စိထဲတွင် အရုပ်များကို မမြင်မိဘဲ ဘမြင့်၏ အပေါ်တွင် စိတ်ပျံ့လွင့်လျက် ရှိနေလေတော့၏။ ထိုသို့ရှိနေစဉ် မှာပင် မိမိလက်ပေါ်သို့ ဘမြင့်၏ လက်သည် တင်ရောက်၍လာသည်ကို တွေ့ထိခံစားရသဖြင့် တစ်ကိုယ်လုံး သွေးသားတုန်လှုပ် ချောက်ချားလျက်



ပေါက်ကြားသော အာရုံများ ဖြစ်ပေါ်လာခါ မိမိ၏ လက်ကို မတွန့်နိုင် မဆုတ်နိုင်ရှိပြီးလျှင် ရုပ်ရှင်ကားကို မကြည့်နိုင်တော့ဘဲ ရှက်သွေးမွှန်လျက် ရှိသော မျက်နှာကို ငုံ့၍ထားလေတော့၏။

BURMESE CLASSIC .com

"မခင်တင့်"

မခင်တင့်သည် ဘမြင့်၏စကားကို ကြားရသော်လည်း ပြန်၍ထူးရန် အသံမထွက်ဘဲ ရှိလေ၏။

"မခင်တင့်"ဟု နောက်ထပ်၍ ခေါ်လိုက်သောအခါ ခင်တင့်သည် ဘမြင့်အား မရဲတရဲ မော့၍ကြည့်လိုက်လေ၏။

"မခင်တင့် ကိုဖေသိန်းကို တကယ်ပဲ ချစ်တယ်နော်"ဟု ဘမြင့်က မေးလေ၏။ ဘမြင့်သည် ထိုစကားကို မေးရန်ပင်မလိုပေ။ စာဖြင့်လည်း သိပြီးဖြစ်ပေ၏။ ခင်တင့် ကိုယ်တိုင် လိုက်လာ၍ ယခုကဲ့သို့ တွေ့ကြုံနေ ရခြင်းအားဖြင့်လည်း သိနိုင်ပေ၏။ သို့ရာတွင် ဘမြင့်အဖို့၌ စတင်၍ပြောရန် ဤစကားကိုသာလျှင် စဉ်းစား၍ရပေတော့၏။

ခင်တင့်သည် မိမိ ချစ်ကြိုက်သည်မှာ အထင်အရှားပင် ဖြစ်သော်လည်း စကားကို ကြားရသောအခါမှာမူ ရှက်သွေးမွှန်၍ သွားမိပြီးလျှင် ခေါင်းကလေးကို ပြန်လှည့်၍ ငုံ့ကာ "ဟုတ်ကဲ့"ဟု မပွင့်တပွင့် မရဲတရဲ ဖြေလိုက်လေ၏။

"အချစ်ဆိုတာ သိပ်ပြီး ဆန်းတာပဲနော်၊ တစ်ယောက်နဲ့ တစ်ယောက် မမြင်ဘူးဘဲ ချစ်ရတာ ရှေးက နမူးစာပဲလို့ ဆိုရမှာပဲ၊ ကိုဖေသိန်း စိတ်ထဲ မှာလေ မခင်တင့်ဆီက စာကိုရတော့ ဘယ်လို ဝမ်းသာမှန်းမသိ ဝမ်းသာ လိုက်တာ၊ တစ်ခါ အခုလို တွေ့ရပြန်တော့ သိပ်ပြီး ဝမ်းသာတာပဲ"ဟု ပြောသော်လည်း ခင်တင့်မှာ ဘာမျှပြန်၍မပြောနိုင် ခေါင်းကိုသာ အတွင်ငုံ့ လျက်ရှိလေ၏။

ခင်တင့်၏ စိတ်ထဲတွင် ကျန်ရစ်ခဲ့သော ဆရာမများကို ပြန်၍

www.burmeseclassic.com

www.burmeseclassic.com



တွေးကာ မိမိအပေါ်တွင် အဘယ်ကဲ့သို့ ထင်မြင်ကြလေမည်နည်းဟု တွေး၍ရှက်ကာ မိမိ လိုက်၍လာမိသည်မှာ မှားလေပြီဟု ဝမ်းနည်းမိပေ၏။ တဖန် မိမိ၏ ချစ်သူနှင့် ယခုကဲ့သို့ တွေ့ရသည့်အတွက် ဝမ်းသာသလိုလို ဖြစ်မိသော်လည်း ထိုအဖြစ်မျိုး မတွေ့ဘူး၊ မကြုံဘူးပဲ ယခု တွေ့ရခြင်းမှာ ပထမဆုံးဖြစ်လျက် ထိုသို့ တွေ့စဉ်အခါတွင် ထိုကဲ့သို့သော စကားများကို ကြား၍ ရှုံ့ဖိုရှက်ကြောက်သော စိတ်များ ပိုမိုလွှမ်းဖုံးကာ ဝမ်းသာသော စိတ်များ ပပျောက်ပြီးလျှင် လွမ်းဆွေးဝမ်းနည်းသော စိတ်များ ပြင်းထန်စွာ လှုပ်ရှားလာခြင်းကြောင့် ရင်တွင်း၌ အလိုလိုဆို့၍ လာလေတော့၏။

ဘမြင့်သည် ခင်တင့် မျက်နှာငုံ့၍ ထားသည့်အတွက် စကားပြောရသည်မှာ အားမရဘဲ ရှိသောကြောင့် ခင်တင့်၏ မေးကို အသာအယာ သယ်မပြီးလျှင် မိမိဘက်သို့ လှည့်ယူလိုက်သည်တွင် ရစ်ဝဲနေသော မျက်ရည်များကို မြင်ရသဖြင့် "ဟိုက်... ဘယ့်နှယ် လုပ်ရပါမလဲ"ဟု ထုပ္ပ၍သွားကာ "မခင်တင့် ဝမ်းနည်းသလား၊ ဘာဖြစ်လို့လဲ"ဟု မေးလိုက်လေ၏။

"ဝမ်းမနည်းပါဘူး၊ အခုလိုတွေ့ရတာ သိပ်ပျော်စရာကောင်းပါတယ်"ဟု ခင်တင့်က ပြန်၍ပြောသော်လည်း ၎င်း၏အသံ တုန်ယင်လျက်ရှိလေ၏။

ဘမြင့်သည် ခင်တင့်စကားကြောင့် ဝမ်းသာ၍သွားပြီးလျှင် "အခုလိုတွေ့ရုံနဲ့ ပျော်စရာသိပ်မကောင်းသေးဘူး၊ ဒီထက် ပျော်စရာကောင်းတာရှိသေးတယ်"ဟု ပြောရင်း ဘမြင့် မျက်နှာသည် ခင်တင့်၏ မျက်နှာဆီသို့ ကပ်၍လာလေရာ ခင်တင့် မျက်နှာကို မလွှဲမဖယ်သာဘဲ မျက်စိဖွတ်မှိတ်၍ နေလိုက်ရသည်တွင် (ဖျပ်)ခနဲ မီးလင်းသွားသဖြင့် နှစ်ယောက်သား လူချင်းခွာလိုက်ကြရကာ ရှက်သော ပြုံးရယ်ခြင်းဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြလေ၏။



ရုပ်ရှင်ကားမှာ ဓာတ်လမ်းတစ်ဝက်ရောက်၍ အားလပ်ချိန်ဖြစ်ပေ၏။ ထိုအချိန်တွင် ဖေသိန်းမှာ အယ်ဒီတာ၏ စားပွဲတွင်ထိုင်ကာ စကားပြောခွင့်ရသည့်အချိန်ကို စောင့်စားလျက်ပင် ရှိနေသေးပေ၏။ ကံအားလျော်စွာ ထိုအချိန်တွင် အခြား စာရေးဆရာများ ထ၍ပြန်ကြသဖြင့် ဖေသိန်းသည် ၎င်းတို့အား ကျေးဇူးတင်မိလေ၏။

"ကျွန်တော့်အတွက် ကျေးဇူးတစ်ခု ဆောင်ရွက်စေချင်တယ်ဗျာ"

"ဘယ်လိုတုန်း ဆိုစမ်းပါဦး"

"ဒီကနေ့ ငွေအင်မတန် အသုံးလိုလွန်းလို့ ဒီတိုက်က ပရိဖောမား လက်မှတ်ထိုးပြီး နောက်ရေးမဲ့ ဝတ္ထုအတွက် စရံငွေ ထုတ်ပေးနိုင်မယ်ဆိုရင် ကျေးဇူးပြုစေချင်တာပဲ"

"အို... ရပါပြီလားဗျာ၊ ခင်ဗျားတို့ နာမည်ကျော် စာရေးဆရာကြီးတွေပဲ ယုံပါတယ်၊ ဘယ်လောက်ယူမလို့လဲ"ဟု မေးလိုက်ရာ ဖေသိန်းသ၍ က,ချင်လောက်အောင် ဝမ်းသာမိလေ၏။

"အစိတ်လောက်ဆိုရင် တော်ပါပြီ"

"အစိတ်လောက်ဆိုတော့ မနည်းလွန်းဘူးလား၊ ယူမဲ့ယူလဲ ငါးဆယ်တစ်ရာလောက် ယူပါလား၊ အစိတ်လောက်တော့ ယူရတာက ဂုဏ်မရှိဘူး"ဟု ပြောရာ ဖေသိန်းမှာ လိုချင်သည်ထက် ပို၍ရဦးတော့မည်ကို သိရသဖြင့် အကြံပေးသော အယ်ဒီတာကိုပင် ဦးသုံးကြိမ် ကန်တော့လိုက်ချင်မိတော့၏။

"ဒီလို ရမယ်ဆိုရင် ယူပေါ့ဗျာ၊ သိပ်ဝမ်းသာတာပေါ့၊ တစ်ရာယူမယ်"ဟု ပြောလိုက်သဖြင့် အယ်ဒီတာလည်း စပေါ်ငွေထုတ်သော စာရွက် ကလေးပေါ်တွင် နာမည်နှင့် စာရင်းသွင်းပြီးလျှင် အကျိုးအကြောင်းစာတစ်စောင်ရေး၍ မန်နေဂျာထံ စာတင်လိုက်လေ၏။

မကြာမီပင် မန်နေဂျာ အခန်းမှ ခိုင်းစေသော သူငယ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် စာယူစာပို့သော ကတ်ပြားပေါ်တွင် စာရွက်ကိုယူ၍ ဝင်လာလေရာ အယ်ဒီတာလုပ်သူက "ခင်ဗျား သိပ်ကံကောင်းတာပဲ၊ ချက်ချင်း လက်မှတ်ထိုးချလိုက်တာပဲ"ဟု ပြောသဖြင့် ဖေသိန်းမှာ အလွန်အမင်း ဝမ်းသာသွားစဉ် ခိုင်းစေသော သူငယ်ကလေးကလည်း အနီးသို့ ရောက်လာကာ "တိုက်အုပ် အခုပဲအပြင်ထွက်သွားပြီ"ဟု ပြောလိုက်သံကို ကြားရသောကြောင့် ဖေသိန်းမှာ ဂွမ်းပစ်၍ သေလိုက်ချင်မိလေတော့၏။

အယ်ဒီတာလည်း စာပွဲမှထ၍ တိုက်အုပ်အခန်းအပေါ် လှမ်းမျှော်၍ ကြည့်လိုက်ရာ ပန်ကာရပ်နေသည်ကို မြင်ရမှ "ဟုတ်တယ်ဗျို့၊ ပန်ကာလယ်တာ မမြင်ရဘူး၊ တကယ်ထွက်သွားတာပဲ၊ ဒီကနေ့ မြို့တော်ဝန် လက်ဖက်ရည်ပွဲရှိတယ်" ပြောပြပြီးလျှင် "ခင်ဗျားနယ်ဗျာ၊ စောစောက ပြောရောပေါ့"ဟု အပြစ်တင်လေ၏။

ဖေသိန်းမှာ မျှော်လင့်ချက် ဆုံးရသည်တွင် အပြစ်တင်ပင် ခံရသောကြောင့် ဘာမျှပြန်၍မပြောချင်ဘဲ စောစောက တွယ်ကပ်နေသော စာရေးဆရာများကိုသာ ကလော်၍ ဆဲချင်မိတော့၏။

"ကဲ ဒီကနေ့ မရလို့ရှိမှဖြင့် သွားလိုက်ဦးမယ်၊ တခြားသွားပြီး ရှာဦးမှပဲ"ဟု ပြောကာ စောစောက စောင့်မျှော်ခဲ့ရသော အချိန်များကို နှမြောမိလျက် အယ်ဒီတာ၏ အခန်းတွင်းမှ စိတ်ပျက်စွာ ထွက်လာခဲ့လေ၏။

ဖေသိန်း စိတ်အိုက်၍နေရသလောက် ဘမြင့်နှင့် ခင်တင့်တို့မှာ အပျော်ကြီး ပျော်၍နေကြလေတော့၏။ ထိုသူနှစ်ဦးတို့သည်ကား ရုပ်ရှင်ရုံထဲသို့ ရောက်ကြစဉ်ကသာ တစ်ယောက်နှင့်တစ်ယောက် မပြောရဲမဆိုရဲ ရှိခဲ့ကြရာ ပထမအချိန်တဝက် ကုန်သွားသည့်အခါတွင် ဣန္ဒြေစောင့်စည်း ရှက်ကြောက်ခြင်းသည် လွင့်စင်ပပျောက်သွားပြီးလျှင် ဒုတိယအချိန်တစ်ဝက်



သို့ ရောက်သောအခါတွင် ရင်းရင်းနှီးနှီး ပြောကာဆိုကာ ရယ်မောကာနှင့် ရှိကြသည်ကို တွေ့ရပေ၏။

ဘမြင့်သည် ခင်တင့်မှတစ်ပါး မည်သည့်အရာကိုမှ သတိမရဘဲ ကမ္ဘာကြီးကိုပင် မေ့လျော့၍နေလေတော့၏။ ခင်တင့်သည်လည်း ဘမြင့် အလားတူ ပျော်ရွှင်မိကာ မိမိ၏ ချစ်သူနှင့် အတူယှဉ်တွဲလျက်နေရခြင်းသည် လောကနိဗ္ဗာန်ပင် ဖြစ်လေရောသလားဟု ထင်မြင်မိလေ၏။

ပြသလျက်ရှိသော ကားမှာလည်း အချစ်ကို အားပေးနေသော ကားပင်ဖြစ်လေရာ ဓာတ်ကားထဲတွင် ဓာတ်လိုက် မင်းသားနှင့် မင်းသမီးတို့ တွေ့ဆုံ ချစ်ကြိုက်ကြပုံသည် ဘမြင့်နှင့် ခင်တင့်တို့အား အချစ်ရောဂါ ကူးစက်စေလျက် ဓာတ်ကားထဲကအတိုင်း ချစ်ကြိုက်မိကြလေ၏။

ဘမြင့်နှင့် ခင်တင့်တို့၏ နေရာနားဒွ်ရှိသော ချောကလက်ရောင်းသော ကုလားကလေးသည် ရွှတ်ခနဲမြည်သော အသံကို ကြားလိုက်ရသဖြင့် ထိုအသံမှာ ဓာတ်ကားမှ ထွက်သည့်အသံလော၊ မိမိ၏ အနီးရှိ အခန်းထဲမှ ကြားရသည့်အသံလောဟု ဝေခွဲ၍မရနိုင်ရှိကာ မြင်နိုင်သော နေရာမှနေ၍ အခန်းထဲသို့ ချောင်းကြည့်လိုက်ရာ ဘမြင့်သည် ခင်တင့်၏ ကိုယ်ကလေးကို လက်တစ်ဖက်ဖြင့်ပွေ့လျက်၊ ဘမြင့်၏ မျက်နှာသည် ခင်တင့်၏ မျက်နှာမှ တဖြည်းဖြည်း ခွာသွားသည်ကို တွေ့ရသဖြင့် ပြုံးရွှင်ကျေနပ်၍ သွားလေ၏။

ထိုအခိုက်တွင် ဘမြင့်သည် ဖေသိန်း၏ မျက်နှာကို ကွက်ခနဲ ပေါ်၍မြင်လိုက်မိကာ တစ်ကိုယ်လုံး မွှန်ထူ၍သွားပြီးလျှင် ခင်တင့်အား ကြက်သေသေ၍ ငေးကြည့်နေမိလေ၏။ ခင်တင့်ကို ပွေ့ထားသောလက်သည် တဖြည်းဖြည်း အားပျော့ကာ လွတ်၍ကျသွားလေ၏။

"ငါ လွန်သွားပြီ၊ ငါ့သူငယ်ချင်းကို သစ္စာဖောက်မိပြီ"ဟူသော ပူပင်ခြင်းသည် ဘမြင့်၏ နှလုံးသည်းပွတ်ကို တောက်လောင်စေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်တင့်သည် ဘမြင့်၏ ရုတ်တရက် ထူးထူးခြားခြား ပြောင်းလဲသွားသော အမူအရာကို တွေ့ရသဖြင့် "ကိုကို ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"ဟု စိုးရိမ်မကင်းသော မျက်နှာဖြင့် မေးလေ၏။

ဘမြင့်သည် ရုတ်တရက် အဖြေရကြပ်၍သွားပြီးမှ စိတ်ကိုဖျစ်ညှစ်၍ ပြုံးရွှင်ရသော မျက်နှာဖြင့် "ဘယ်သူများ တွေ့သွားသလဲလို့ လန့်သွားတာ"ဟု ပြောလိုက်မှ ခင်တင့်သည် ပြုံးမိလေ၏။

ထိုအခါ ထိုအခါတွင် အဘယ်ကဲ့သို့ ဖြစ်ပျက်နေလေမည်နည်းဟု မတွေးနိုင်၊ မစဉ်းစားနိုင်၊ မသိရှိနိုင်ဘဲရှိသော ဖေသိန်းမှာ ငွေရှာ၍ရဖို့အတွက်သာလျှင် စိတ်ပူနေကာ ယောင်လည်ယောင်လည်နှင့် ဖြစ်နေရှာလေ၏။

ဖေသိန်းသည် တာပုံနှိပ်စက် အလွန်ပေါများသော လမ်းတစ်လမ်းထဲသို့ ရောက်သွားပြီးလျှင် သိန်းလေးဆယ် မဂ္ဂဇင်းဟု ဆိုင်းဘုတ်တပ်ထားသော တိုက်ခန်းတစ်ခုကို မော့၍ကြည့်ပြီးလျှင် လှေခါးမှတက်၍သွားလေ၏။ အပေါ်ထပ်သို့ ရောက်သောအခါ အခန်းတံခါးကို ခေါက်လိုက်တော့မည် ဖြုပြီးမှ အခန်းတွင်းမှ ဆူညံဆူညံဖြစ်သော အသံကို ကြားရ၍ တံခါးကို မခေါက်သေးဘဲ စိုက်၍နားထောင်မိလေ၏။

"တော်ပါရှင်၊ ကျွန်မလက်ကောက်တွေ ဒီလထဲမှာ ရွေးပေးမယ်ပြောပြီး အခုတော့ ပြန်မရသေးတဲ့အပြင် စက္ကူဖိုးမရှိလို့ နားကပ်ကိုတောင် ဖြုတ်ပေးရဦးမတဲ့၊ တစ်သက်လုံး မရဘူးမှတ်ထား၊ စက္ကူမရှိလို့ ရှင့်မဂ္ဂဇင်း မထုတ်ရချင်နေပစေ နားကပ်တော့ ဖြုတ်မပေးနိုင်ဘူး"ဟု ခပ်သဲ့သဲ့ ပြောသံကို ကြားလိုက်ရသဖြင့် ဖေသိန်းသည် အသာကုပ်ပြီး ပြန်၍ဆင်းလာလေတော့၏။

တိုက်အောက်သို့ ရောက်သောအခါ ဖေသိန်းမှာ တောင်မြောက်လေးပါး မသိသူကဲ့သို့ ကြိုးကြည့်ကြောင်ကြည့် ဖြစ်၍နေကာ မည်သည့်ဘက်



ခြေလှမ်းရပါမည်နည်းဟု စဉ်းစားမရဘဲ ရှိနေစဉ် "ဗျို့ ကိုဖေသိန်း"ဟု ခေါ်သံတစ်ခုကို ကြားလိုက်ရသဖြင့် ထိုသို့ကြားလိုက်ရသည့်ဘက်သို့ လှည့်၍ကြည့်လိုက်ရာ "ဟိုး... ဟိုးရပ်ဦး"ဟုဆိုကာ မိမိဆီသို့ ဝင်၍ဆိုက်လာသော လန်ချားပေါ်မှ လူတစ်ယောက်ကို တွေ့ရလေ၏။

"ခင်ဗျားကို လိုက်ရှာလိုက်ရတာဗျာ၊ နေရာတကာနဲ့နေပြီ၊ အိမ်ကိုတောင် ရောက်ခဲ့သေးတယ်"ဟုဆိုရင်း ထိုသူသည် လန်ချားပေါ်မှ ထွက်ဆင်း၍လာလေ၏။

"ဘာများ ဒါလောက်တောင် အကြောင်းထူးလို့လဲဗျာ၊ ကျုပ်လည်း ဒုက္ခတစ်ခု တွေ့နေရလို့ ဟိုပြေးဒီပြေး ဖြစ်နေတာပဲ"

"ခင်ဗျား ဒုက္ခက အရေးမကြီးပါဘူး၊ ကျုပ်ဒုက္ခက အရေးကြီးနေလို့"ဟု စကားချီလိုက်ရာ ဖေသိန်းမှာ မိမိအား အရေးထဲမှာ အပူကပ်ဦးတော့မည်လားဟု စိုးရိမ်မိစဉ် ရှေ့လ ကျွန်တော်တို့ မဂ္ဂဇင်း စပါယ်ရှယ်ထုတ်မလို့၊ ကျွန်တော်လည်း ခင်ဗျားဆီ စောစောထဲက လာမလို့ဟာ မအားလွန်းလို့ဗျာ။ အခုမှ ကမန်းကတန်း ပြေးပြီးလာတာ မတွေ့ဘဲလိုက်ရှာလိုက်ရတာ မောနေပြီ။ အခုမှပဲ တွေ့တော့တယ်။ ကဲ ဘယ့်နှယ်လဲ၊ ခင်ဗျား ဝတ္ထုရေးနိုင်မလား"ဟု မေးသည်ကို ကြားလိုက်ရသဖြင့် ဖေသိန်းသည် ရှေ့ဇွမ်းသုံးပတ်လောက် ပစ်၍လိုမ့်လိုက်ချင့်အောင် ဝမ်းသာ၍သွားလေ၏။

"အို... စိတ်ချ ကောင်းကောင်းကြီးရစေမယ်၊ အခု ငွေအစိတ်သာ ခပ်မြန်မြန်ကလေးထုတ်ပြီး ပေးစမ်းပါ"

"ဟာဗျာ... ခင်ဗျားတို့ စာရေးဆရာတွေ သိပ်ခက်တာပဲ၊ ဝတ္ထုစကားဖြင့် ပြောမယ်မကြံသေးဘူး၊ ငွေအရင်တောင်းတာပဲ"

"မဟုတ်ပါဘူးဗျာ၊ ဒီနေ့ ငွေရှာလို့မရရင် ဂျောက်ပေါက်ထိုးခုတိုးနေမှာမို့လို့၊ တစ်နေ့လုံး ငွေလိုက်ရှာနေတာ၊ ဒီငွေအတွက် အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



လွှန်းလို့ ခင်ဗျားကို တောင်းရတာပါ၊ မဟုတ်ရင် မတောင်းပါဘူး၊ ငွေအစိတ်သာပေးပါ၊ မနက်ဖြန် ဆက်ဆက်ရေးပေးပါ့မယ်"

"ငွေလည်း ပေးပါ့မယ်ခင်ဗျား၊ ဝတ္ထုလည်း နက်ဖြန်အထိ မစောင့်နိုင်ဘူး၊ အခု တိုက်ကိုလိုက်လာပြီး ခင်ဗျား ရေးနိုင်သလောက် ရေးပေးပါ၊ ဖောင်နံပါတ် ၂၅ ကို ပိတ်ဖို့ဟာ ကော်ပီလိုနေလို့ အခြား ကော်ပီတွေလည်း မထည့်ချင်သေးလို့၊ ဒီကနေ့ ၃၊ ၄ မျက်နှာရရင် တော်ပါပြီ၊ လာပါ လန်ချားနဲ့လိုက်ခဲ့ပါ"

"ဟာ... ကျွန်တော် သွားစရာရှိနေတယ်ဗျာ၊ နောက်ပြီး ဘာရေးရမယ်ဆိုတာ ဘာမှ စိတ်ကူးမရှိသေးဘဲနဲ့ မခက်ဘူးလား"

"အိုဗျာ ခင်ဗျားနာမည်ပါရင် ပြီးတာပဲ၊ မင်းကုသရေးတာဆိုရင် ကကြီးခကွေးတွေ စီပြီးထည့် တိုင်းပြည်က ကြိုက်ပြီးသားပဲ၊ အခု ခင်ဗျားဝတ္ထု နာမည်ပေးပြီး အစကလေးက တွေ့ကရာရောက်ပြီးရေးလိုက်ဗျာ၊ နက်ဖြန်မှ ဇာတ်လမ်းကို စဉ်းစားပြီးရေးတာပေါ့"ဟု အတင်းဆွဲ၍ ခေါ်သွားသဖြင့် ဖေသိန်းမှာ ငွေ၏နောက်သို့ ကောက်ကောက်ပါ၍ သွားလေ၏။

ဘမြင့်သည် မိမိ၏ အာရုံကို ချုပ်တည်းထိမ်းသိမ်းခြင်း မပြုနိုင်ဘဲ ခင်တင့်အပေါ်တွင် ကိုယ်လက်ထိပါးမိခြင်းကို စိတ်ထဲတွင် တအုံ့နွေးနွေး ဖြစ်မိလျက် မိမိ၏ အပြုအမူကို ဖေသိန်း သိရှိပါမူ ၎င်း၏စိတ်တွင် မည်မျှ မချမ်းမသာ ဖြစ်မိရှာပေမည်နည်းဟု မှန်းဆ၍မရနိုင်အောင် ရှိရှာလေ၏။

ခင်တင့်မူကား မိမိ၏ ချစ်သူဟု ယူဆနှစ်သက်သူ၏ လက်ထဲသို့ မိမိ၏ ကိုယ်ကလေးကို အပ်လိုက်ရခြင်းသည် မိမိ၏အချစ်ကို အထင်အရှား ပြလိုက်ခြင်းပင် ဖြစ်ပေသည်ဟု ကြည်နူးနှစ်သိမ့်ခြင်းဖြစ်ခါ ဘမြင့်၏ စိတ်ထဲ၌ ဖြစ်ပွားလှုပ်ရှားနေခြင်းများကို ဘာမျှမသိဘဲ ရှိရှာလေ၏။



ဘမြင့်၏ စိတ်ထဲတွင် မိမိသည် မင်းကုသ ဖြစ်သည်ဟု ခင်တင့်အပေါ်၌ ဟန်ဆောင်နေခြင်းသည် အပြစ်မရှိ။ ဖေသိန်း (မင်းကုသ) ကိုယ်တိုင်ကလည်း သဘောတူထားခြင်း ဖြစ်သောကြောင့် ထိုသို့ဟန်ဆောင်ရခြင်းမှာ အခါအခွင့်ကို လိုက်လျောညီညွတ်အောင် ပြုလုပ်ရခြင်းပင် ဖြစ်သည်ဟု ယူဆမိလေ၏။ သို့ရာတွင် မိမိသည် မိမိဟန်ဆောင်ရသော အခြေအနေနှင့် ဖေသိန်းကို မေ့လျော့ကာ ခင်တင့်အပေါ်တွင် ကိုယ်လက်ကျူးရောက်သွားခြင်းသည် သူတစ်ပါး၏ အချစ်ကို အတင်းခိုးယူခြင်း ဖြစ်ပေသည်ဟု နှလုံးပြုမိပြီးလျှင် ထိုသို့ ပြုမိခြင်းကို ပြင်ဆင်၍ မရနိုင်တော့ပြီဟု သိရှိရ၍ များစွာ ယူကြုံးမရဖြစ်မိလျက် ဤအဖြစ်အပျက်များကို ဖေသိန်းအား မည်သို့ ပြောရမည်နည်းဟု ဝေခွဲ၍မရနိုင်ပဲ ရှိလေ၏။

ဘမြင့်သည် ဤသို့ ဖြစ်ပျက်ခြင်းကို ဖေသိန်းအား ပြောပြလို၏။ ထိုသို့ ဖွင့်၍ပြောလိုက်ခြင်းအားဖြင့် မိမိ၏ ဖြောင့်မတ်ခြင်းကို ပြလိုက်ရသောကြောင့် စိတ်ထဲတွင် ရှင်းလင်း၍သွားလိမ့်မည်ဟု ယူဆမိ၏။ သို့ရာတွင် ထိုသို့ပြောပြလိုက်သည့်အတွက် ဖေသိန်း၏ စိတ်ထဲတွင် မချိဆင်းရဲ ဝမ်းနည်းညစ်ညူးခြင်း ဖြစ်၍သွားမည်ကို စိုးရိမ်မိကာ ထိုသို့ ကြံရာမရ ဖြစ်နေစဉ်မှာပင် ရုပ်ရှင်ပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်လာပြီးနောက် မီးများအားလုံးပွင့်လင်း၍ ရုပ်ရှင်ပြီးသွားသည်ကို သိရသဖြင့် ထိုသို့ စိမ်းမချမ်းမြေ့ဖွယ် တွေးတောမိခြင်းများသည် ပပျောက်၍သွားကာ ဖေသိန်း ငွေရှာ၍မှ ရပါလေရဲ့လော၊ ဖေသိန်း စောင့်၍မှ နေပါမည်လော၊ ဖေသိန်းလည်းမလာ၊ ငွေလည်းမရဘဲ ရှိမှဖြင့် အဘယ်ပုံဖန်၍ ခင်တင့်အား ဟိုတယ်လို့ ခေါ်သွားရပါမည်နည်းဟု စိုးရိမ်မကင်း ရင်တွင်း၌ တထိတ်ထိတ်ဖြစ်ခါ ခင်တင့်နှင့်အတူ ထွက်ခဲ့လေ၏။

ထိုသို့ ထွက်လာခဲ့ကြရာတွင် ရုပ်ရှင်ရုံ အပြင်ဘက်သို့ ရောက်သောအခါ ဘမြင့်သည် ဖေသိန်းအား ဟိုဟိုဒီဒီ မှန်းမျှော်ကြည့်ရှုနေကြရာ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ကျပ်လှုပ်ရှားသွားလာနေသော လူထုကြီးအကြားထဲမှ တိုးဝှေ့၍လာသော ဖေသိန်းကို တွေ့ရသဖြင့် အပူလုံးကြီး ကျသွားလေ၏။ သို့ရာတွင် ဈေးများထွက်ခါ မောမောပန်းပန်း တိုးဝှေ့လာရသော ဖေသိန်း၏ မျက်နှာကို ခေတ္တမျှ ကြည့်လိုက်ရလျှင်ပင် ဖေသိန်းမှာ မိမိကျူးလွန်မိခဲ့သော အဖြစ်ကို မသိရှာဘဲ မိမိတို့အတွက် မောမောပန်းပန်း ငွေရှာရလျက်၊ မိမိမှာမူ ထိုမျက်နှာကိုမှ မထောက်မိဘဲ ဖေသိန်း၏ အချစ်ကို တိတ်တဆိတ်နိုးယူမိပြီတကားဟု တွေးတောမိသဖြင့် ချက်ချင်းပင် မျက်နှာမကောင်းဘဲဖြစ်၍သွားလေ၏။

ဘမြင့်၏ မျက်နှာကို မြင်လိုက်ရသော ဖေသိန်းသည် ငါ့လူတော့ ငွေရှာလို့ မရတော့ဘူးအထင်နဲ့ စိတ်အိုက်နေတာပဲဟု တွေး၍ စိတ်ထဲက ပြုံးမိပြီးလျှင် မိမိ ငွေရှာ၍ ရလာကြောင်းကို ဘမြင့် သိစေလိုသောသဘောဖြင့် ဘမြင့်နှင့် ခင်တင့်အနီးသို့ ရောက်သောအခါ ဈေးသုတ်ရန် လက်ကိုင်ပုဝါ ထုတ်သည့်ဟန်ဖြင့် လက်ကိုင်ပုဝါကိုထုတ်ရင်း အိတ်ထဲက ငွေများကို အသံထွက်စေပြီးနောက် ခင်တင့် မမြင်ရအောင် မိမိ၏မျက်နှာကို လက်ကိုင်ပုဝါနှင့်ကွယ်ပြီး ဘမြင့်အား မျက်စိမှိတ်၍ ပြုံးပြလိုက်လေ၏။

ဘမြင့်သည် ဖေသိန်း၏ အဓိပ္ပာယ်ကို ရိပ်မိသောဟန်ဖြင့် ပြန်၍ ပြုံးပြလိုက်ရသော်လည်း ထိုသို့ ပြုံးရယ်လိုက်သော မျက်နှာတွင် ရှင်ပျသော အရိပ်အငွေ့များ ကင်းမဲ့လျက်ရှိချေ၏။

“သြော် ကိုဘမြင့်ပါလား၊ အခုမှပဲ လိုက်လာမို့အားတယ်ထင်တယ်”ဟု ခင်တင့်က ပြောလိုက်ရာ ဖေသိန်းသည် ဘမြင့် မည်သို့မည်ပုံ ပြောထားသည်ကို မသိရသောကြောင့် စကားနည်းလျှင် အမှားနည်းမည်ဟု ယူဆကာ “ဟုတ်ကဲ့”ဟု မျက်နှာချိုချိုနှင့် ဖြေလိုက်လေ၏။

“ကဲ ကိုဖေသိန်း ဒီက ဘယ်သွားဦးမလဲ”ဟု ခင်တင့်သည် ဘမြင့်အား လှည့်၍မေးလိုက်ရာ ဖေသိန်းသည် မိမိအား ခေါ်သည်အထင်နှင့်



ယောင်ယမ်း၍ ဖြေမိမည်ဖြစ်ပြီးမှ ပါးစပ်ကို ပိတ်၍နေလိုက်ရလေ၏။

“ဟော်တယ်သွားပြီး ထမင်းစားကြမယ်လေ၊ ထမင်းစားပြီး အိမ်ကို လိုက်ပို့ပြီး ပြန်ရုံပဲ”ဟု ပြောပြပြီးနောက်၊ ဘမြင့်သည် မိမိငှားထားသော မော်တော်ကား ဆိုက်ထားရာနေရာသို့ ကြည့်ပြီးလျှင် ဒရိုင်ဘာကို လက်ရပ်ပြ၍ ခေါ်လိုက်လေ၏။ ထို့နောက် ကားရောက်၍လာသဖြင့် ဖေသိန်းက ဒရိုင်ဘာနှင့် ယှဉ်၍ထိုင်လျက် ဘမြင့်နှင့် ခင်တင့်တို့က နောက်မှ လိုက်ပါကာ ထွက်ခွာသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘမြင့်နှင့် ဖေသိန်းတို့သည် ည ၈ နာရီအချိန်လောက်တွင် မိမိတို့၏ အိမ်သို့ ပျော်ရွှင်စွာ ပြန်ရောက်လာကြလေ၏။

ဖေသိန်းမှာကား ထိုနေ့အဖို့ မိမိ ပင်ပင်ပန်းပန်း ရှာဖွေခဲ့ရသည်များကို အနည်းငယ်မျှ ပြန်၍မတွေးတောမိဘဲ ခင်တင့်အတွက် ပြုစုလိုက်ရသည်များကို အထူးပင် ကျေနပ်မိပြီးလျှင် ခင်တင့်နှင့်အတူ ထမင်းစားကြရသည်များကို ပျော်ရွှင်၍မဆုံးနိုင်ဘဲ ရှိလေ၏။

"ဟေ့ ဘမြင့် ပြောစမ်းပါဦးကွ၊ ငါနဲ့ မတွေ့ခင် မင်း ရပ်ရှင်ခေါ်သွားတော့ ဘယ်လိုဖြစ်ကြတယ်ဆိုတာ လုပ်စမ်းပါဦး"

ဘမြင့်သည် တစ်စုံတစ်ရာ မှိုင်တွေတွေးတောလျက်ရှိရာမှ မျက်နှာကိုပြင်ကာ "ဟာ... ငါ မခင်တင့်အိမ်ကို ရောက်သွားတော့ မပြောပါနဲ့တော့ကွာ၊ သူနဲ့ပါလာတဲ့ ဆရာမတွေက အခန်းထဲက ကြိတ်ပြီး ရယ်လိုက် မောလိုက်နဲ့ ငါ့ကို ဘယ်လိုမျက်နှာထားရမှန်း မသိဘူး၊ အခုတို့များ မခင်တင့်ကို ပြန်ပို့တော့ နောက်သလို ပြောင်သလို လုပ်ကြတာမျိုးအတိုင်းပဲ"



"ဒါပေမဲ့ အခု မခင်တင့်ကို ပြန်ပြီးအပို့မှာ ဆရာမတွေနဲ့ အသိမိတ်ဆွေဖြစ်လာကြတာ သိပ်ပြီး ဝမ်းသာစရာပဲ၊ သူတို့နဲ့ ပိုပြီးရင်းနှီးအောင်ဆိုပြီး မနက်ဖြန် သူတို့ပါ အတူတူလယ်ကြဖို့ ဖွတ်မိုဘ်ပြီး ဖိတ်မန္တကပြုလိုက်တာပဲ၊ ဒါမှ ပိုရင်းနှီးပြီးတော့ သူတို့စိတ်ထဲမှာ လှောင်ချင်ပြောင်ချင်တော့မှာ မဟုတ်ဘူး။ မခင်တင့်လည်း ပိုပြီး ရဲရဲတင်းတင်း ဖြစ်လာမှာပဲ"

"ဒါနဲ့ မင်း ဘယ့်နှယ်လုပ်ပြီး ပိုက်ဆံရှာမလဲ"

"ဒီနေ့ ငါ နေရာများများလိုက်ပြီး ပိုက်ဆံရှာထားတာ၊ ဒီကနေ့မရတဲ့အထဲက မနက်ဖြန်ကို ရမယ့်နေရာတွေ ရှိနေသေးတယ်၊ ဒီပိုက်ဆံအတွက်က အရေးမဟုတ်ပါဘူး၊ ငါမေးတာ ပြောစမ်းပါဦး၊ မင်း ရပ်ရှင်ခေါ်တော့ သူက ဘယ်လိုဘယ်လိုလုပ်ပြီး သွားကြတယ်ဆိုတာတွေပြောပါဦးကွ"ဟု ဖေသိန်းက မေးသည့်အတွက် ဘမြင့်သည် ဖြစ်ပုံပျက်ပုံများကို ပြော၍ပြရလေ၏။

သို့ရာတွင် ရပ်ရှင်ရုံအကြောင်းကို ရောက်သောအခါ ဘမြင့်သည် ပြောရင်းပြောရင်း စကားနှေး၍လာရာ စကားတစ်ခွန်း ပြောမည်ကြံရင်း စဉ်းစားလိုက်ရင်းနှင့် စဉ်းစားပြီးမှ ပြောလေ၏။ ထိုသို့ စဉ်းစားရာတွင် မိမိက ခင်တင့်အား ကိုယ်လက်ထိပါးမိခြင်းများကို ပြောရလျှင် ကောင်းမည်လော၊ မကောင်းမည်လောဟု ချီတုံချတုံ ဖြစ်နေပြီးမှ တိတ်တိတ်နေခြင်းသည် အကောင်းဆုံးဟု ယူဆကာ ထိုအကြောင်းကို ချန်လှပ်ထားလိုက်လေ၏။

ဖေသိန်းသည် တပြုံးပြုံးနှင့် နားထောင်နေရာမှ "ဟေ့... ငါ မေးစမ်းပါရစေဦးကွ၊ မင်းတို့ အတူတူထိုင်ပြီ သွားလာနေတဲ့အခါများမှာ ဟဲ... ဟဲ... ကိုယ်ချင်းလက်ကလေးချင်းမှ မထိမိကြဘူးလားကွ"ဟု မေးလိုက်ရာ–

ဘမြင့်မှာ ရုတ်တရက် မျက်နှာပျက်သွားပြီးမှ လျှင်မြန်စွာ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာထားပြင်လိုက်ပြီး "မင်း မျက်နှာကြီး ငါ မြင်မြင်နေရတာ ဘာ
မလုပ်နိုင်ဘူး၊ မနည်းထိန်းထားရတယ်"ဟုပြောရင်း အသံထဲမှ ထိမ်ဝှက်ခြင်
ကိုမပေါ်အောင် မနည်းကြိုးစား၍ ပြောလိုက်ရလေ၏။

"ဟား... ဟား၊ ငါ့အကောင် တယ်ပြီးသစ္စာရှိပါလား။ ဒါပေ
မင်း သစ္စာဘယ်လောက်ရှိရှိ မင်းကုသဟာ ငါမှန်းသိအောင် ငါနဲ့ရအော
လုပ်ဖို့က အတော်ခက်သေးတယ်"ဟု ပြောပြီးလျှင် "သူကတော့ နည်းနည်
မှ ရိပ်မိပုံမရဘူးပေါ့"ဟု မေးလေ၏။

"ဘယ်နည်းနဲ့ ရိပ်မိနိုင်ပါ့မလဲကွာ၊ ငါ့ဓာတ်ပုံကြီးကို သူ့ပေးထာ
မှပဲ၊ ငါပဲ မင်းကုသလို့ အသိပြုထားမှာပေါ့ကွ၊ ဟုတ်မှဟုတ်ပမလားဆိုတာ
တွေးဖို့ အကြောင်းလည်းမရှိဘူး၊ တွေးလည်း တွေးမိမှာမဟုတ်ပါဘူ
ဒါကြောင့်ပေါ့ကွ ငါ့ကို သိပ်ပြီး ချစ်တယ်၊ မေတ္တာရှိတယ်ဆိုတာ
ထုတ်ပြီးပြော တာပေါ့"ဟု ပြောပြလေ၏။

ထိုစကားကို ကြားလိုက်ရသော ဖေသိန်းသည် တစ်စုံတစ်ရာ
စိုက်ကြည့်ကာ တွေဝေ၍သွားလေ၏။ ၎င်း၏ မျက်စိရှေ့တွင် မိမိကြည်
ရူးစိုက်နေသော အရာဝတ္ထုများကို မမြင်ဘဲ ခင်တင့်၏ မျက်နှာကလေးသ
ပေါ်ပေါက်၍ လာလေ၏။ ထိုမျက်နှာကလေး၏ ပြုံးပုံ၊ ရယ်ပုံ မချင့်
ကြည့်ပုံများကို ဟိုတယ်တွင် တွေ့မြင်ခဲ့ရသမျှတို့သည် ဖေသိန်း
မျက်စိထဲတွင် တသွေမတိမ်း ပြန်လည်ပေါ်ပေါက်၍ လာလေ၏။ ထို
ထင်မြင်မိခြင်းဖြင့် ဖေသိန်းသည် စိတ်ထဲတွင် လွမ်းဆွေးသကဲ့သို့ ဖြစ်မိ
ဘမြင့်အား လှည့်၍ကြည့်လိုက်ရာ ဘမြင့်သည် ပက်လက်ကုလားထိုင်
ပေါ်တွင် လက်ကို နောက်ပစ်၍ထိုင်ရင်း ညာဘက်လက်မောင်းပေါ်တ
မျက်နှာတစ်ခြမ်းတင်ကာ မျက်နှာမူရာဘက်သို့ တွေဆေးစိုက်နေသည်
တွေ့ရသဖြင့် ဖေသိန်းလည်း ပြန်၍လှည့်ကာ တခြားတစ်နေရာ
ရူးစိုက်ကြည့်ရင်း လေးနက်စွာ တွေးတောခန်းထုတ်နေလေ၏။



ထိုသို့ နှစ်ယောက်သား တစ်ဦးကိုတစ်ဦး စကားမပြောဘဲ တွေဝေစဉ်းစားနေကြသော်လည်း နှစ်ယောက်စလုံး၏ စဉ်းစားခြင်းမှာ တစ်မျိုးတည်းပင်ဖြစ်လျက် ၎င်းမှာ မခင်တင့်၏ အရေးပင် ဖြစ်နေတော့၏။

ဖေသိန်း၏ စိတ်တဲတွင် ရှေ့အဖို့ မည်သို့ ဆက်လက်ကြံစည်ရမည်ကိုသာ တွေးမိလေ၏။ ခင်တင့်သည် မိမိအား တကယ်ပင် ချစ်ကြိုက်ခါ လူကိုယ်တိုင်ပင် လိုက်၍လာချေပြီ။ ဘမြင့်အားလည်း (မင်းကုသ) ဟူ၍ အကယ်ပင် မှတ်စွဲ၍နေလေပြီ။ နောင်ကို ခင်တင့်သည် ဘမြင့်မှာ မင်းကုသ မဟုတ်ကြောင်း သိ၍သွားသည့်ရှိသော် အဘယ်သို့ ဖြစ်ရာလေမည်နည်း။ ဘမြင့်အပေါ်တွင် အချစ်စိတ် ပျောက်၍သွားလေမည်လော။ မိမိသာလျှင် မင်းကုသ ဖြစ်သည်ကို သိရသဖြင့် ဘမြင့်အပေါ်၌ထားမိသော အချစ်တို့သည် မိမိအပေါ်သို့ ရုတ်တရက် ပြောင်းလွဲလာနိုင်မည်လော။ မိမိကဲ့သို့ အရုပ်ဆိုးသူတစ်ယောက်အပေါ်တွင် ချစ်နိုင်ပါမည်လော။ ဘမြင့်မှာ မင်းကုသ မဟုတ်သည့်အတွက် ဘမြင့်ကိုလည်း မချစ်နိုင်၊ မိမိအားလည်း အရုပ်ဆိုး၍ မချစ်နိုင်ဖြစ်မည့်ပြင် မိမိတို့၏ ဖုံးဝှက်ထားခြင်းကို ပေါ်ပေါက်သိရှိရသဖြင့် ထိုသို့ လှည့်စားခဲ့သည့်အတွက် ရှက်ဆွေးမှုန်ခါ နှစ်ယောက်စလုံးအပေါ်တွင် မုန်းတီးစိတ်နာ၍ သွားလေမည်လားဟု အမျိုးမျိုး မေးခွန်းထုတ်ခါ အဖြေကို ရှာလေ၏။

ဤကိစ္စတွင် မိမိသည်လည်း ခင်တင့်ကို ချစ်ကြိုက်စွဲလမ်းနေသည် မဟုတ်ဘဲ ခင်တင့်ကသာလျှင် စိတ်ကူးနှင့်ရူးကာ တစ်ဖက်သတ် ချစ်ကြိုက်နေခြင်းဖြစ်သောကြောင့် ခင်တင့်အား စိတ်ပျက်မသွားစေရန်မျှသာ မိမိတို့ ပြုလုပ်နေကြခြင်း ဖြစ်လေရာ မိမိတို့မှာ ခင်တင့်အား မရသော်လည်း ပူပင်မိမည်မဟုတ်ဘဲ ခင်တင့် မန္တလေးသို့ ပြန်သွားပြီးသည့်အခါတွင် ဤကိစ္စမှာ ဤမျှနှင့်ပင် စခန်းသိမ်း၍ သွားတော့မည်ဖြစ်သည့်အတွက် ရှေ့ရေးအတွက် ပူပင်စရာမရှိ။ ယခု ခင်တင့် ရောက်ရှိနေသည့်အခါတွင်

www.burmeseclassic.com

www.burmeseclassic.com



သာလျှင် မိမိတို့၏ အခြေအနေကို မပျက်စေရအောင် ပြုလုပ်ဖို့သာလျှ
ရှိချေတော့သည်ဟု နှလုံးပြုကာ ယခု ပေါ်ပေါက်လာသော ကိစ္စမှာ
မိမိတို့အား စိတ်ကြည်နူး ပျော်ရွှင်စေရန် ဖြစ်ပေါ်လာသော အကြောင်းတစ်
ဟူ၍သာလျှင် ယူဆပိုင်းဖြတ်မိပြီးလျှင် မနက်ဖြန် အတူတကွ သွားလာ
လည်ပတ်ကြရန် အရေးကိုသာ တွေးတောကြည်နူးလျက် ရှိလေ၏။

ဘမြင့်မှုကား ဖေသိန်း ထင်မြင်မိသကဲ့သို့ မဟုတ်ချေ။ ၎င်း၏
စိတ်ထဲတွင် ဝေမှိုင်းလျက်ရှိချေတော့၏။ ဖေသိန်းသည် မိမိအား ယုံကြည်
အပ်လိုက်သော မိန်းမပျိုကလေးတစ်ယောက်အား စိတ်ကို မထိန်းသိမ်းနိုင်
ဘဲ ကိုယ်လက်ယဉ်ပါးမိသည့်အတွက် သူငယ်ချင်း၏ အပေါ်တွ
သစ္စာဖောက်မိလေပြီဟု ဦးစွာပထမ ယူကျုံးမရ ဖြစ်မိရာက ထို
တွေးတောမိသော စိတ်များ ပပျောက်သွားကာ ခင်တင့်အား ပွေ့ဖက်
ပါးချင်းအပ်လိုက်မိခြင်းကိုသာလျှင် ထင်ယောင်မြင်ယောင် ဖြစ်နေပြီးလျှ
ထိုသို့ တွေ့ထိလိုက်ရစဉ်က မိမိစိတ်ထဲတွင် လှုပ်ရှားဖောက်ပြန်ခဲ့မိခြ
များသည် ယခုတိုင် ထိုကဲ့သို့ တွေးမိသော ထူးခြားသောအာရုံမှ
လှုပ်ရှားခံစားရလျက်ပင် ရှိနေသေးသကဲ့သို့ ထင်မြင်မိလေ၏။ ထိုအတွေ
မှာ ဘမြင့်အဖို့ တစ်သက်လုံး မမေ့နိုင်စရာ ဖြစ်ပေတော့၏။

ဘမြင့်သည် ထိုအဖြစ်အပျက်ကို တန့်နုံ့တွေးမိရင်း အတွေ့အာ
ကာမဂုဏ် ရမ္မက်ဇောတို့သည် ဒလဟောထကြွ ယိုဖိတ်လျက် အချစ်စိ
မွန်၍ လာလေတော့၏။ သို့ရာတွင် ခင်တင့်သည် မိမိအား ချစ်နေခြ
မဟုတ်၊ 'မင်းကုသ'ဟု ထင်မှတ်၍ ချစ်နေခြင်းပင် ဖြစ်လေရာ နောင်တွ
မိမိ 'မင်းကုသ' မဟုတ်မှန်းသိသည့်အခါ မိမိသည် ခင်တင့်၏ အချ
ခံယူရတော့မည် မဟုတ်တော့သောကြောင့် ခင်တင့်၏ အချစ်ကို
လုံးဝ အပိုင်ရနိုင်ရန် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်းဟု တွေးတော
အကြံအိုက်မိလေ၏။ ခင်တင့်သည် မိမိအား မင်းကုသ ဟူသော အမှ



ဖြင့် ချစ်၍နေပြီဖြစ်သောကြောင့် ရှေ့ကို ဆက်လက်၍ ချစ်ဖို့ရန်မှာ
ခဲယဉ်း။ ဖေသိန်းက ထုတ်ဖော်၍ မပြောလျှင် ယခုထက်တိုင် တိုး၍သာလျှင်
ချစ်ကြိုက်နေတော့မည် ဖြစ်လေရာ မိမိအား ခင်တင့်က ချစ်ကြိုက်ဖို့ရန်
ပင်စရာ မရှိဟု ယူဆမိသော်လည်း ခင်တင့် အချစ်ကို မိမိ အပိုင်ရနိုင်ရန်မှာ
ဖေသိန်းက သဘောကြည်ဖြူမှသာလျှင် ရနိုင်မည် ဖြစ်သောကြောင့်
ဖေသိန်းသည် ၎င်း၏ အချစ်ကို စွန့်လွှတ်နိုင်ပါမည်လော။ အာသဝေါကင်းသူ
မဟုတ်သဖြင့် အချစ်နှင့် ပတ်သက်လာလျှင် သဘောနိုင်ပါမည်လောဟု
တွေးတောမိကာ မိမိ၏ ချစ်နေပြီဖြစ်ကြောင်းကို အဘယ်ကဲ့သို့
ပြောရပါမည်နည်း၊ ပြော၍ ဖြစ်နိုင်ပါမည်လောဟု အတွေးနှင့် ဆွေး၍နေ
လေရာ အေးမြချမ်းစိမ့်သော လေပြည်သည် ပြူတင်းပေါက်မှ တိုးဝှေ့ဝင်
သာကာ စိမ့်ခနဲဖြစ်သွားကြမှ အတော်ပင် ညဉ့်နက်လာပြီဖြစ်သည်ကို
သတိပြုမိကြပြီး အိပ်ရာသို့ ဝင်ကြလေတော့၏။

နောက်နေ့နံနက်တွင် ဘမြင့်သည် ခါတိုင်းနှင့်မတူဘဲ စောစောနိုး၍
နေသဖြင့် ဖေသိန်းမှာ များစွာ သဘောကျမိကာ "ငါ့လူက ဒါမျိုးကျတော့
ဘယ်ဝိရိယကောင်းလိုက်ပါလား၊ မခင်တင့်နဲ့ ဘွေ့ရှမှာမို့ ဒီကနေ့တော့
စောကြီးကို ထတာပဲ"ဟု ပြောလေ၏။

"ငါက တွေ့ချင်လို့ မဟုတ်ပါဘူးကွာ၊ မင်းအတွက် ငါက
ဆောင်ရွက်ပေးနေတာပါ"

"တကယ်ပဲလားကွာ၊ မင်း မခင်တင့်အပေါ်မှာ ကြိုက်ချင်တဲ့
စိတ်ကလေးများ နည်းနည်းမှ မဖြစ်မိဘူးလား"

"ဟဲ... ဟဲ"ဟု ဘမြင့်က ပြောင်သလိုလို လုပ်လိုက်ရင်းဖြင့်
ဖေသိန်း၏ အမေးကို လွှဲဖယ်လိုက်သော်လည်း ထိုသို့ မေးလိုက်ခြင်းအတွက်
ဘမြင့်၏ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်၍သွားမိပေ၏။

"ဒါပေမယ့် ဆရာ မခင်တင့်တို့ဆီ စောစောမသွားနိုင်သေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ပြောထားတဲ့ ငွေတွေ လိုက်ပြီးတောင်းရဦးမယ်"

"ဒါဖြင့် ငါ စောစောထ ရတာ လျှော်ပေး"ဟု ဘမြင့်က ပြောရင်း လက်ဝါးဖြန့်ခံ၍ ပြလိုက်သဖြင့် ဖေသိန်းမှာ ပြုံးရယ်မိလေ၏။

ထိုသို့လျှင် ရွှင်ရွှင်ပျပျ ရှိနေကြပြန်ရာက အိမ်ရှေ့သို့ လာ၍ဆိုက်သော မော်တော်ကားသံကို ကြားရသဖြင့် ဘမြင့်မှာ မျက်လုံးပြူး၍သွားကာ "ဟေ့ မနေ့က မော်တော်ကားခ ဘယ့်နှယ်လုပ်ပါမလဲ"ဟု မေးလေ၏။

"အို... ဘာပူစရာရှိလို့လဲ၊ ဒီကနေ့ ဆက်စီးပြီး ထပ်ပြီးအကြွေးထားလိုက်တာပေါ့ကွ၊ အော်ဒါမှမပြတ်သေးဘဲ အရေးမကြီးပါဘူး၊ ခတ်ဆိထည့်ပြီး စီးနေရင် ပြီးတာပဲ၊ ဒီကနေ့လည်း သွားဖို့လာဖို့တွေ ရှိသေးတာပဲ"

မကြာမီ ကားသမား တက်၍လာသောအခါ ဖေသိန်းက "ဟေ့... မင်း ကားခအခုမယူနဲ့ဦး၊ တို့များ သုံးလေးရက် ဆက်ပြီးငှားမယ်၊ အားလုံး ကိစ္စပြီးတော့မှပဲ ယူတော့၊ အခုလည်း သွားစရာရှိသေးတယ်၊ ခဏစောင့်ဦး"ဟု ပြောလိုက်သဖြင့် ကားသမား ပြန်၍ဆင်းသွားလေ၏။

"ဟေ့... မင်း အခု ဘယ်သွားဦးမလို့လဲ"

"ပိုက်ဆံလိုက်တောင်းရဦး မှာပေါ့ကွ၊ မနေ့ကဆိုတာ လျှောက်လိုက်ရတဲ့ ခြေလျင်ဟာ မပြောပါနဲ့တော့"

"မပြောပါဘူးကွာ"ဟု ဘမြင့်က နောက်လိုက်သဖြင့် ဖေသိန်းမှာ အခံရကြပ်ကြပ်နှင့် ပါးစပ်ပိတ်ထားလေ၏။

ထို့နောက် ဖေသိန်းသည် ယမန်နေ့က ဘမြင့် ဝတ်သော ဝတ်လဲတော်ကျကို ကောက်၍ဝတ်ရင်း "ဟေ့ ဘမြင့်တို့များ စာရေးဆရာတွေကိုလူများက အလကား ပါမွှားတွေ ထင်နေကြပေမဲ့ ပိုက်ဆံတောင်းထွက်တာတောင် စတိုင်နဲ့ဝတ်ပြီး ကားနဲ့ထွက်တဲ့ ငနဲတွေပါကွ"ဟု အချင်းချင်းကြားလုံးထုတ်လေ၏။

"အေး စတိုင်ကျကျ ဘိုင်ကျကျဆိုတာ မင်းကျမှ တကယ်ဟုတ်ေ



တာပဲ"ဟု ဘမြင့်က ပြန်၍နောက်လိုက်လေ၏။

ဖေသိန်းလည်း ကားနှင့်ထွက်၍ ငွေရှာရသဖြင့် ထိုနေ့အဖို့တွင် ကြာမြင့်စွာ မရှာရဘဲ ဆယ့်တစ်နာရီ အချိန်လောက်တွင် အိမ်သို့ပြန်၍ ရောက်လာကာ နံနက်စာ စားရန်အတွက် အစားအသောက်များပါ ပါ၍ လာလေ၏။

"ဒီကနေ့တော့ ရတနာပုံနဲ့ လာဘ်နဲ့ ဆိုက်တဲ့နေ့ပဲ၊ အားရအောင် သာစား"ဟု ဖေသိန်းကပြောကာ နှစ်ယောက်သား စားသောက်ကြပြီးနောက် အဝတ်အစားများ လဲလှယ်ကြပြီးလျှင် ခင်တင့်တို့အိမ်သို့ ကားနှင့်ထွက်ကြလေ၏။

ခင်တင့်တို့အိမ်သို့ ရောက်သောအခါ ခင်တင့်နှင့် ဆရာမများပါ အားလုံး ဝတ်စားဆင်ယင်ပြီး ဖြစ်နေကြသဖြင့် ကြာကြာမစောင့်ရဘဲ ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း ထွက်ကြလေ၏။

ဖေသိန်း၊ ဘမြင့်၊ ခင်တင့်တို့နှင့်တကွ ဆရာမ တစ်သိုက်တို့သည် တစ်မြို့လုံးနှံ့အောင် ကားနှင့် လည်ပတ်ကြပြီး ညနေစောင်း အချိန်လောက်တွင် တိရိစ္ဆာန်ရုံထဲသို့ ရောက်၍နေကြသည်ကို တွေ့ရလေ၏။

ဖေသိန်းသည် ဘမြင့်အား ခင်တင့်နှင့် တခြားသို့ ခွဲထွက်ရန် မျက်ရိပ်မျက်ခြေ ပြလိုက်သဖြင့် ဘမြင့်နှင့် ခင်တင့်တို့ ထွက်၍သွားကြလေ၏။

ဆရာမများမှာကား မိမိတို့ ငေးမိငေးရာ၊ ကြည့်မိကြည့်ရာ ကြည့်ရှုငေးမောနေကြသဖြင့် ခင်တင့်ကို ဂရုမပြုမိကြချေ။ ဖေသိန်းမှာကား အတန်ကြာ လှည့်ပတ်မိကြသောအခါ တိရိစ္ဆာန်ရုံတွင်းရှိ လက်ဖက်ရည်ဆိုင်သို့ ရောက်လာကြပြီးလျှင် ဆရာမများသည် အစာကို မြင်သောအခါ ပါးစပ်ကို ချုပ်တည်း၍ မရနိုင်တော့ဘဲ လက်ဖက်ရည်သောက်လိုသော ဆန္ဒကို ထုတ်ဖော်ကြသဖြင့် ဖေသိန်းသည် ၎င်းတို့အား လက်ဖက်ရည်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ခေါ်ဆောင်သွားရလေ၏။

လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြမှ ဆရာမများမှာ ခင်တင့်မရှိသည်ကို သိရှိကာ ဖေသိန်းအား မခင်တင့်ကိုရှာပါဦးဟု ပြောကြသဖြင့် ဖေသိန်းသည် ဆိုင်ထဲမှထပြီး လိုက်လံရှာဖွေရလေ၏။

ဖေသိန်းသည် ခြံကြီးတစ်ခုလုံးနှံ့အောင် လိုက်၍ရှာရင်း ငှက်ကလေးများ ထားသောနေရာသို့ ရောက်သွားပြီးလျှင် ချုံအကွယ်ကလေးတစ်ခုရှိ ခုံတန်းလျားကလေးပေါ်တွင် ထိုင်နေကြသူနှစ်ဦးကို လှမ်း၍မြင်လိုက်ရသည်တွင် သွားရင်းလာရင်း သွေးတိုးရပ်ဆိုင်းသကဲ့သို့ရှိကာ ရှေ့သို့ ခြေလှမ်း၍မဖြစ်တော့ဘဲ ထိုနေရာတွင် ကျောက်ရုပ်ပမာ မတုန်မလှုပ်ရပ်၍သွားလေ၏။

မိမိမြင်ရသူ နှစ်ဦးတို့မှာ ဘမြင့်နှင့် ခင်တင့်တို့ ဖြစ်ကြပြီးလျှင် ခင်တင့်သည် ဘမြင့်၏လက်ကို ဆုပ်ကိုင်ကာ အားကိုးသော အမူအရာဖြင့် ဘမြင့်၏ မျက်နှာကို မော့ကြည့်လျက် ရွှင်လန်းချိုပြုံးစွာ စကားပြောနေသည်ကို တွေ့ရသဖြင့် ဖေသိန်း၏ စိတ်ထဲတွင် နောက်ကျိရှုပ်ထွေး၍သွားလေ၏။ ဖေသိန်း၏ တစ်ကိုယ်လုံးရှိ အရေထူ၊ အရေပါးများမှာ သွေးဆူ၍ကြွလျက် ဖေသိန်းမှာ ဝမ်းနည်းသလိုလို ငိုချင်သလိုလို ဖြစ်မိလေ၏။

ဘမြင့်အား ခင်တင့်ကို တခြားနေရာသို့ ခေါ်၍သွားကာ စကားပြောစေရန် မိမိကိုယ်တိုင် ညွှန်ကြားလိုက်သော်လည်း ယခုကဲ့သို့ ခင်တင့်သည် ဘမြင့်အား အကယ်ပင် မိမိ 'မင်းကုသ'ဟု မှတ်ထင်ခါ အချစ်ကြီး ချစ်ရှာလေပြီဟု မိမိကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်ရသောအခါတွင် နှမြော ဝမ်းနည်းခြင်းသည် တဖြည်းဖြည်း ပြင်းထန်စွာ ဖြစ်ပေါ်လာလေ၏။ ခင်တင့်သည် မိမိ အရုပ်ဆိုးစေကာမူ အချစ်မပျက်နိုင်ဟု ဆိုပါက မိမိမှာ တိုကဲ့သို့ ခင်တင့်၏ ချစ်ခြင်းကို ခံရပေတော့မည်။ ယခုမူ မိမိ အရုပ်ဆိုးခြင်းကို ဖုံးကွယ်လိုသည့်အတွက် မိမိအစား သူတစ်ပါးမှာ ခင်တင့်၏



ချစ်ခြင်းအရသာကို ခံစားရရှာပေပြီဟု ယူကြုံးမရ ဖြစ်မိပေ၏။

ဖေသိန်းသည် ခင်တင့်အပေါ်တွင် ရယ်စရာအဖြစ် ပြုလုပ်နေမိခဲ့ရာ ယခုကဲ့သို့ တွေ့လိုက်ရသည့်အခါတွင် နှမြောယူကြုံးမရ ဖြစ်ပေါ်လာသဖြင့် အဘယ်ကြောင့် မိမိ နှမြောလေသနည်းဟု တွေးလိုက်သည့်အခါတွင် မိမိသည် ခင်တင့်အား အကယ်စင်စစ် မချစ်ဟု ထင်မိသော်လည်း မီးခဲပြာဖုံး ကြိတ်၍ချစ်ခဲ့မိသဖြင့် ယခုမှ မိမိ ချစ်နေပြီဖြစ်ကြောင်း ပေါ်ပေါက်လာသည်ကို သိလေတော့၏။ သို့ဖြစ်ရကား ဖေသိန်းသည် မိမိရှေ့တွင် မြင်တွေ့နေရသော အဖြစ်အပျက်ကို မကြည့်မမြင်လိုတော့ဘဲ မျက်စိစွတ်မှိတ်၍ ချာခနဲ လှည့်ထွက်ကာ သုံးလေးလှမ်းမျှ လှမ်းမိစဉ်မှာပင် ကိုဘမြင့် ကိုဘမြင့်ဟု ခေါ်လိုက်သောအသံကို ကြားရသောကြောင့် မိမိအား ဘမြင့် လိုက်၍ခေါ်နေပြီကို သိရသဖြင့် မကြားဟန်ဆောင်၍ သွားရန်ခက်နေသည့်အတွက် မျက်နှာထားမပျက်အောင် မနည်းအားထုတ်ပြုပြင်ပြီးလျှင် ဘမြင့်တို့ဘက်သို့ ပြန်၍လှည့်ကာ "ဟာ ကိုဖေသိန်းတို့ ဒီမှာလား၊ အမလေးဗျာ၊ ကျွန်တော်ဖြင့် လိုက်ပြီးရှာရတာ မောနေတာပဲ၊ ဆရာမတွေက လက်ဖက်ရည် သောက်ချင်လို့တဲ့ ဆိုင်ထဲမှာ စောင့်နေကြတယ်၊ ခင်ဗျားတို့ ပါမလာတာနဲ့ လိုက်ပြီးရှာရတာ"ဟု ပြောပြောဆိုဆို ရောက်လာလေ၏။

ခင်တင့်၏ စိတ်ထဲတွင် မိမိတို့အား နှစ်ယောက်တည်းတွေ့ရခြင်းကို ရှက်သလိုလို ဖြစ်မိသော်လည်း သိပြီးသားပဲလေ၊ မထူးပါဘူးဟု တွေးမိပြီးလျှင် ဖေသိန်း၏ ဣန္ဒြေမပျက် ဖော်ဖော်ရွေရွေ ခေါ်လိုက်ခြင်းအတွက် စိတ်သက်သာရာ ရရှာလေ၏။

"ဘယ့်နှယ်လဲ၊ မခင်တင့် တော်တော်စုံစုံလင်လင် မြင်ရပြီလား"ဟု ဖေသိန်းက မခင်တင့်အား ပြုံးပြုံးရွှင်ရွှင် မေးလေ၏။

"ဟုတ်ကဲ့ တွေ့ရပါပြီ၊ အရင် ရန်ကုန်မှာ ကျောင်းနေတုန်းက

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာတွေထက် နောက်ထပ်တိုးတာတွေ သိပ်မများလှပါဘူး"

"ခင်ဗျားတို့တော့ လိုက်ပြီးရှာနေလိမ့်မယ်လို့ အထင်သားပဲ၊ မခင်တင့်က လမ်းလျှောက်ရလွန်းလို့ ခြေနာတယ်ဆိုတာနဲ့ ဒီနေရာမှာ ဆဏထိုင်နေတာ"ဟု ဘမြင့်က ပြောရာ ဖေသိန်းမှာ ဓာတ်သိခြင်း ဖြီးနေပြန်ပြီဟု စိတ်ထဲက ပြုံးမိပြီးလျှင် "ကဲ လာသွားကြစို့၊ ဟိုမှာ မျှော်နေကြတာ ကြာလှပြီ"ဟုပြော၍ခေါ်ကာ ထွက်ခဲ့ကြလေ၏။

သို့အားဖြင့် လက်ဖက်ရည်ဆိုင်သို့ ရောက်ကြ၍ ပျော်ပျော်ပါးပါး စားသောက်ကြပြီးနောက် မကြာမီ တိရစ္ဆာန်ရုံမှ ထွက်ခဲ့ကြကာ ကန်တော်ကြီးကို မော်တော်ကားနှင့် တစ်ပတ်လှည့်၍ လေညှင်းခံကြပြီးလျှင် မြို့ထဲသို့ ပြန်ခဲ့ကြလေ၏။

ဖေသိန်းမှာ တစ်လမ်းလုံး စကားများစွာမပြောဘဲ တွေဝေစိတ်ကူး၍ လိုက်ပါလာခဲ့ပြီးလျှင် ခင်တင့် တည်းခိုသော အိမ်သို့ရောက်၍ ခင်တင့်တို့ ကားပေါ်မှ ဆင်းကြသောအခါမှ နှုတ်ဆက်ရုံမျှ ပြုံးရယ်နှုတ်ဆက်ခဲ့ပြီး မိမိအိမ်ဘက်သို့ ကားပြန်လှည့်၍ မောင်းလာသည့်အခါတွင် ပြန်လည်၍ တွေဝေနေလေ၏။

ဘမြင့်မှာမူကား မိမိတို့နှစ်ယောက် ယှဉ်တွဲ၍ထိုင်သည်ကို ဖေသိန်း တွေ့မြင်သွားသည်ဟု မတွေးမိဘဲ ထိုနေ့အဖို့ တွေ့ကြုံခဲ့သမျှတို့ကို တစိမ့်စိမ့်တွေး၍ ကျေနပ်လျက် ပါလာကာ အိမ်သို့ ရောက်ကြလေ၏။

ကားသမားသည် ဖေသိန်းနှင့် ဘမြင့်တို့အား ကားပေါ်မှဆင်းရန် တံခါးဖွင့်ပေးရင်း "ဆရာ ကျွန်တော် မနက်ဖြန် လာခဲ့ရဦးမလား"ဟု မေးမှ ဖေသိန်းမှာ စကားပြောရန် သတိရကာ "လိုမယ်မလိုမယ်တော့ မသိဘူး၊ မနက်ဖြန် မသွားဖြစ်ရင်လဲ ကျန်တာကိုပေးမယ်"ဟု ပြော၍ အိတ်ထဲက ငွေစက္ကူတစ်ချပ်ကို ထုတ်၍ပေးလေ၏။

ဘမြင့်သည် ပျော်ရွှင်စွာ လေချွန်လျက် အိမ်ပေါ်သို့ သွက်လက်လျှင်



မြန်စွာ တက်သွားပြီးလျှင် တံခါးကိုဖွင့်၍ ဝင်သွားလေ၏။ ဖေသိန်းမှုကား လေးကန်စွာ တက်ရောက်လိုက်ပါလေ၏။

အခန်းတွင်းသို့ ရောက်ကြ၍ အဝတ်အစားများ လဲလှယ်ပြီးသော အခါ ဖေသိန်းသည် ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်၍ လှဲလိုက်သည်ကို ဘမြင့် တွေ့မြင်ရသဖြင့် ဖေသိန်း၏ ထူးခြားသော အမူအရာကို ငေးစိုက်၍ ကြည့်နေပြီးမှ "ဟော့ ဖေသိန်း မင်း ဘာဖြစ်တာတုန်း ကွ၊ မင်းကြည့်ရတာ လင်းတကြီးမှိုင်းခဲ့ထားသလိုပဲဟု မေးပြော ပြောလိုက် ရာ–

ဖေသိန်းသည် မိမိ အစဉ်းစားလွန်နေပြီကို ထိုအခါမှ သတိရ၍ ရုတ်တရက် မျက်နှာပြင်လျက် "ဘာမှမဖြစ်ပါဘူးကွာ၊ စရံငွေတွေ ယူထားပြီး ဝတ္ထု စဉ်းစားပြီးသားမရှိလို့ ဝတ္ထုရေးဖို့ စိတ်ကူးထုတ်နေတာပါ" ဟု လွှဲဖယ်၍ ပြောလိုက်ပြီးလျှင် ထိုအကြောင်းကို စကားမဆက် စေလို သောကြောင့် "နေပါဦး မင်းနဲ့ ခင်တင့်နဲ့ နှစ်ယောက်တည်း တွေ့ကြတဲ့ အခါ ဘာတွေများ ပြောသလဲ"ဟု ယမန်နေ့က မေးရိုးမေးစဉ်ကဲ့သို့ပင် ကောက်၍မေးလိုက်လေ၏။

"ပြောလိုက်တာတွေတော့ မနည်းဘူး၊ သူချစ်သလောက် တကယ်ပဲ ချစ်ရဲ့လားတဲ့၊ ကိုကိုတို့တော့ သိပ်ပြီး မျက်နှာပွင့်လန်းမှာပေါ့လေတဲ့၊ ကိုကိုလို ရုပ်ကလည်း ချောပြန်တယ်ဆိုတော့ ကြိုက်တဲ့လူတွေ သိပ်ပေါ်မှာ ပေါ့တဲ့"

ရုပ်ကလည်း ချောပြန်တယ်ဆိုတော့ ဟူသောစကားကို ကြားလိုက် ရသောအခါတွင် ဖေသိန်းမှာ မိမိမျက်နှာ ပျက်မသွားအောင် မနည်းစိတ် ကို ချုပ်တည်းထားလိုက်ရပြီးလျှင် ဘမြင့်၏စကားကို ကျေနပ်သကဲ့သို့ မျက်နှာကို ပြုံးပြုံးထား၍ နားစိုက်နေလေ၏။

"ဒီတော့ ကိုယ်ကလည်း တတ်သမျှ မှတ်သမျှတွေနဲ့ လျှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖိန်းရတာပေါ့၊ အချစ်ဆိုတာ မခင်တင့်နဲ့ တွေ့တော့မှ တကယ်နားလည်ပါတယ်ပေါ့လေ၊ ဝတ္ထုတွေ ရေးနေပေမဲ့ ဝတ္ထုထဲမှာ အချစ်အကြောင်းကို ထည့်ပြီးရေးတာတွေဟာ စိတ်ကူးနဲ့ လုပ်နေတဲ့အလုပ်ပါ ပေါ့လေ၊ အခုမှ ဝတ္ထုအချစ်နဲ့ တကယ့်အချစ်ဟာ ဘယ်လောက်ခြားနားတယ်ဆိုတာ သိရပါတယ်ပေါ့၊ မခင်တင့် မန္တလေးကို ပြန်သွားရင် ဒီမှာဖြင့် အသည်းကျွမ်းပြီး ကျန်ရစ်ခဲ့ရတော့မှာပဲပေါ့လေ" ဟူ၍ ပြောပြနေရင်းမှာပင် ဘမြင့်သည် မိမိစိတ်ထဲ၌ အမှန်ဖြစ်ပျက်နေခြင်းများကို ဖေသိန်းအား ထုတ်ဖော်၍ ပြောပြနေရာ ရောက်နေလေပြီလောဟု တွေးမိကာ စကားပြောရသည်မှာပင် မရဲတရဲ ဖြစ်မိလေ၏။

"နေပါဦးကွ၊ မင်း သူ့အကျိုးအကြောင်းတွေ မေးမကြည့်ဘူးလား၊ သူကကော သူ့အခြေအနေ ပြောမပြဘူးလား"

"ဒါတွေ အကုန်ပါတာပေါ့ကွ၊ ငါက မခင်တင့် အခုချစ်တာတွေ ခဏချစ်တာပါပေါ့လေ၊ မန္တလေးပြန်ရောက်ရင် ဒီအချစ်တွေကို မေ့ကုန်မှာပါပဲ၊ နောက်ပြီး မခင်တင့်လို ရုပ်ကလဲချောပြန်၊ ဂုဏ်ကလဲ ရှိပြန်ဆိုတော့ ဘာမှမဟုတ်တဲ့ စာရေးဆရာကလေးတစ်ယောက်ထက် အများကြီးသာတဲ့လူတွေ၊ ချစ်တဲ့သူတွေ ပြည့်နေအောင် ရှိမှာမို့လို့ နောက်တော့ စိတ်ဒုက္ခရောက်ပြီး နေရတော့မှာပါပဲလို့ပြောတော့ သူက ဘာမှမဟုတ်တဲ့ စာရေးဆရာရယ်လို့ ဘယ်သူ ဘယ်လိုထင်ထင် သူ့စိတ်ထဲက မြတ်နိုးတာသာ ပဓာနပါပေါ့လေ"ဟု ပြောသည်ကို ကြားရသောအခါ ဖေသိန်းမှာ ကျေနပ်ပြုံးရွှင်မိပေ၏။

"နောက်ပြီး သူ့မှာလဲ အမေတစ်ယောက်သာ ရှိပါတယ်၊ အဖေရှိစဉ်ကတော့ စစ်ဗိုလ်ကြီး သမီးရယ်လို့ ဂုဏ်ရှိခဲ့ပါရဲ့၊ အခုတော့ မုဆိုးမသမီး အညတြ ဆရာမလေးတစ်ယောက်ပါပေါ့လေ။ သူ့အမေကတော့ သူ့သဘောအတိုင်း သူချစ်တဲ့သူတွေ့ရင် မျိုးရိုးသန့်ရင် ယူသာယူဆိုတာ



သဘောတူပြီးသား"ဟု ပြောပြီး ဘမြင့်သည် တစ်စုံတစ်ရာ သတိရသကဲ့သို့ စကားကို လျှင်မြန်စွာ ဆက်လက်ကာ "ဒါထက် မနေ့က သူနဲ့အတူ လိုက်လာတဲ့ သူ့အဒေါ် ဒေါ်လေးကြည် ဆိုတာဟာ သူလည်း အပျိုကြီးပဲ၊ နောက်ပြီး အဒေါ်အရင်းလည်း မဟုတ်ဘူး၊ သူက ငါနဲ့ အဲလေ မင်းနဲ့ မခင်တင့်နဲ့ ချစ်နေတယ်ဆိုတာကို အကုန်သိနေတယ်။ သူ့စိတ်ထဲကလဲ အများကြီး သဘောကျနေတယ်၊ ဟိုတစ်နေ့က လိုက်လာတာ တို့ရဲ့ အခြေအနေကို ကြည့်ရအောင် လိုက်လာတာပဲ၊ တို့အကောင်တွေဟာ ဘိုင်ကောင်တွေဖြစ်နေပေမဲ့ လူနဲ့တူအောင်နေပြီး ဘီရိုတွေ၊ စာပွဲတွေ ကုလားထိုင်တွေ၊ ပစ္စည်းတွေမြင်သွားရတော့ သူလည်း အတော်ကျေနပ်သွားတယ်၊ မနေ့က ရုပ်ရှင်မလိုက်တာလဲ ခေါင်းကိုက်တာက နည်းနည်းရယ်၊ သူလည်း အပျိုကြီးဆိုတော့ ရှက်တာနဲ့ မလိုက်တာဘဲ"ဟု ပြောပြလေ၏။

"ဒီလိုဆိုရင် မခင်တင့်ဟာ မင်းကို အဲလေ... ငါ့ကို အဲလေ... တို့ကိုပဲ ဆိုပါတော့ကွာ၊ တို့ကို ကြိုက်နေရုံတွင် မကဘူး၊ ရာသက်ပန် ရှယ်ကိုးပြီး ရိုးမြေကျ ပေါင်းဖို့အထိ စိတ်ကူးထားမှကိုးကွ"

"ဒါပေါ့ကွ၊ မင်းနှယ် ကျားကိုက်ပါတယ်ဆို၊ လူကို နာလားမေးနေပြန်ပါပြီ၊ ဒီအကြောင်းတွေ သူ့အရင်ရေးတဲ့ စာတွေထဲမှာ ပါတယ်မဟုတ်လားလို့၊ အဲဒီဟာတွေ အတိုင်းပေါ့ကွ"

"ဒါပေမဲ့ ငါက ပျော်စရာသက်သက်လောက် အောက်မေ့တာ"

"အေးလေ တို့ကတော့ ယောက်ျားကိုးကွ၊ အပျော်လောက်အောက်မေ့တာပေါ့၊ သူကတော့ မိန်းကလေးပဲ၊ ပျော်ရအောင်၊ ပြောင်ရအောင်ရယ်လို့ ဘယ်သဘောထားမလဲ"

"ဒီလိုဆိုရင် ခက်ကုန်တာပေါ့ကွ"ဟု ဖေသိန်းက လွတ်ခနဲ ပြောလိုက်ပြီးမှ မိမိ စိတ်ထဲရှိသည်များကို ပြောမိချေပြီဟု တွေး၍ သွားပြီးလျှင် "ဘာခက်လို့တုန်းကွာ"ဟု ဘမြင့်က မေးမှ "ဟာ...

www.burmeseclassic.com

www.burmeseclassic.com



အလကားပါ၊ တခြားအကြောင်းပါ”ဟု လွှဲဖယ်လိုက်သော်လည်း ထိုစကားမှာ မပြေဘဲရှိသဖြင့် ဘမြင့်က “ဘာလဲ ကိုအကြောင့်ရှင်းဖို့ ခက်တာလား” ဟု စိတ်မပါသော အပြောမျိုးဖြင့် ပြန်၍ဖြေရင်း ငြိမ်၍နေလိုက်သည့်အတွက် ဘမြင့်လည်း ဖေသိန်းအား ခေတ္တစိုက်၍ တွေးပြီးမှ တစ်ဖက်သို့ လှည့်၍ စဉ်းစားခန်းထုတ်နေမိလေ၏။

ဖေသိန်းလည်း ခင်တင့်ကို ယူရမည်ဆိုလျှင် အဘယ်ပုံလုပ်၍ မိမိအကြောင်းကို ဖော်ပြကာ မိမိသည် အရုပ်ဆိုးသူတစ်ယောက် ဖြစ်ပါလျက် ခင်တင့် ချစ်၍လာနိုင်အောင် မည်သို့ ပြုလုပ်ရပါမည်နည်းဟု အမျိုးမျိုး တွေးတောလျက် ဘမြင့်သည်လည်း ခင်တင့်၏ အချစ်ကို ဖေသိန်းထံမှ မည်သည့်နည်းအားဖြင့် အသနားခံကာ ရနိုင်ပါမည်နည်းဟု ခင်တင့်ကို ရနိုင်ဖို့ရန် စိတ်ကူး၍နေကြသော်လည်း တစ်ယောက်အကြံကို တစ်ယောက်မသိဘဲ ရှိကြပေ၏။ ဖေသိန်းမှာ ဘမြင့်၏အကြံကို လုံးလုံး မရိပ်မိ။ ခင်တင့်ကိုလည်း ဘမြင့် ချစ်၍နေသည်ဟု မထင်မိဘဲ မိမိအတွက် ကူညီ၍ အကြံထုတ်နေသည်ဟူ၍သာ ထင်မိပေ၏။ ဘမြင့်မှုကား ဖေသိန်းသည် ခင်တင့်အား မချစ်ဘဲ နေနိုင်မည်မဟုတ်ဟု ယူဆကာ ခင်တင့်ကို ရနိုင်ဖို့အတွက် စိတ်အိုက်နေလေ၏။

ဖေသိန်းမှာ ခင်တင့်အကြောင်းကို စဉ်းစားတိုင်း မည်သို့မျှ အဖြေမရဘဲ အတွေးများသာလျှင် လုံးချာလိုက်၍ နေသောကြောင့် ခင်တင့် ပြန်၍သွားလျှင် စိတ်အေးရတော့မည်ဟု နှလုံးပြုကာ ခင်တင့် မြန်မြန်ပြန်ပါစေဟူ၍သာ ဆုတောင်းလျက် ခင်တင့် ပြန်သွားသည့်အခါတွင် မိမိတို့၏ အကြောင်းတို့ကို ရှင်းလင်းပြကာ မိမိအပေါ်တွင် အချစ်ဖြစ်ရန် စာရေးလိုက်ခြင်းသာလျှင် ဒုက္ခအားလုံး အေးတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိလေတော့၏။

သို့အားဖြင့် ခင်တင့် ပြန်မည့်နေ့သို့ ရောက်ရှိသောအခါ ဖေသိန်းမှာ



များစွာ စိတ်ပျော်ရွှင်လျက် မိမိ၏ အပူ အေးတော့မည်ဟု နှလုံးပြုမိကာ ခင်တင့် ပြန်သွားပြီးနောက်တွင် မိမိအား မချစ်ဖြစ်လိုက်ရန် စာရေးလိုက်လျှင် မိမိမှာ ခင်တင့်၏ အချစ်ကို စွန့်လွှတ်လိုက်ရတော့မည် ဖြစ်သည့်အတွက် ထိုအနိုက်အတန့်ကလေးတွင်သာ စိတ်ညစ်ညူးရတော့မည် ဖြစ်ပြီးလျှင် ထိုအပူအေးသွားသည့်နောက်တွင် ခင်တင့်အား မေ့ပျောက်ကာ တစ်သက်လုံး ပျော်ရွှင်ရတော့မည်ဟု တစိမ့်စိမ့် တွေးမိလေ၏။

ဘမြင့်မှုကား ယခု ခင်တင့်နှင့် စတင်၍ ကွဲရတော့မည်။ ခင်တင့် ရန်ကုန်တွင်ရှိနေစဉ် မိမိ ကြုံတွေ့ရသော ပျော်မွေ့ဖွယ်ကောင်းလှသည့် မမေ့နိုင်စရာ အတွေ့အကြုံကလေးကို နောင်တွေ့ရတော့မည် မဟုတ်ဘဲ ဖေသိန်းလည်း မင်းကုသ ဖြစ်ကြောင်းကို သိရသည့်အခါ ဖေသိန်းအား ယူ၍သွားလျှင် မိမိမှာ တစ်သက်လုံး ကွဲရတော့မည်ဖြစ်၍ ထိုသို့တစ်သက်လုံးကွဲရန် လမ်းကြီး အစဖြစ်သော ယခု ခွဲခွာရမည့်အရေးအတွက် စိတ်မချမ်းမြေ့ဘဲ ရှိလေ၏။

ခင်တင့်နှင့်တကွ ဆရာမများသည် ထွက်တော့မည့်ဆဲဆဲ ရှိနေသော မန္တလေးစာပို့ မီးရထားကြီးပေါ်သို့ ရောက်ရှိကြသောအခါ ဘမြင့်မှာ မချိဘဲ ရှိလေတော့၏။ ဖေသိန်းမှုကား ၎င်း၏စိတ်ကို ပိုင်းဖြတ်လိုက်မိပြီး ဖြစ်သောကြောင့် ပျော်ရွှင်စွာ နှုတ်ဆက်ပြောဆိုလျက် ရှိပေ၏။

ခင်တင့်သည် ဘမြင့်၏ ညှိုးငယ်သော အမူအရာကို တွေ့ရသဖြင့် မိမိအား အခွဲကြီးခွဲနေလေပြီဟု ထင်မြင်ကာ ဘမြင့်အပေါ်တွင် အချစ်တိုးလျက် ကရုဏာသက်မိပြီးလျှင် “ဒါလောက်လည်း ဝမ်းနည်းစရာမဟုတ်ပါဘူး ကိုဖေသိန်းရယ်၊ နောင်ကို တစ်သက်လုံး အတူတူပျော်ကြရမှာပါပဲ၊ ကျွန်မ ပြောသလိုသာ လက်ထပ်တောင်းရမ်းယူနိုင်ဖို့ ငွေရှာပါ၊ ကိုဖေသိန်း တင့်တင့်တယ်တယ် တောင်းပြီးယူမယ်ဆိုရင် ရဖို့ဟာ ဘာမှခက်စရာ မရှိပါဘူး၊ ကျွန်မအတွက် စိတ်ချပါ၊ ကိုဖေသိန်းကလွဲရင် ဘယ်သူ့မှ

www.burmeseclassic.com

www.burmeseclassic.com



အရေးမစိုက်ပါဘူး”ဟု ပြောလိုက်သဖြင့် ဘမြင့်၏ မျက်လုံးများမှာ ကြည်လင်တောက်ပ၍ သွားသော်လည်း ဖေသိန်းကို ကြည့်မိသည့်အခါ စိတ်ညစ်၍သွားလေ၏။

မီးရထား ထွက်တော့မည်ပြုသောအခါ ခင်တင့်မှာ ဘမြင့်နှင့် ခွဲခွာရတော့မည်အတွက် ဝမ်းနည်း၍လာပြီးလျှင် ဘမြင့်၏ စိတ်မရွှင်သော အမူအရာကို တွေ့ရခြင်းအားဖြင့် သာ၍ပင် ဝမ်းနည်းလာကာ မျက်ရည်များလည်း၍လာလေ၏။ ဆရာမများမှာကား ဖေသိန်းနှင့် ရယ်ရယ်မောမော ပြောဆိုနေကြသဖြင့် ခင်တင့်တို့၏ အမူအရာကိုများစွာ ဂရုမပြုမိကြပေ။

“သွားတော့မယ်နော် ကိုဖေသိန်း”

“ဘမြင့်မှာ ခင်တင့်၏ စကားကို ပြန်၍မပြောနိုင်ဘဲ ခေါင်းကို လေးလံစွာ ညိတ်လိုက်၏။

“ကဲ ကိုဘမြင့် ကျွန်မတို့သွားပြီနော်”

“ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒီလိုတွေ့ရတာ သိပ်ပြီး ဝမ်းသာပါတယ်၊ နောင်လည်း တွေ့ရပါစေဦးလို့ ဆုတောင်းပါတယ်”ဟု ဖေသိန်းက ရွှင်ပျစွာ ပြောလေ၏။

“မန္တလေးလည်း လာလည်ပါဦး၊ ကျွန်မတို့လည်း နောက်တစ်ခါ ရန်ကုန်ကိုရောက်ရင် ကိုဘမြင့်ဖို့ ဈေးချိုတည်းက”

“ဟဲ... ဟဲ အပျိုတစ်ယောက် ယူခဲ့မလို့လား”

“မဟုတ်ပါဘူး ဘီလူးခေါင်းကလေး ဝယ်ခဲ့မယ်”ဟုပြော၍ ရယ်ကြရာ ဖေသိန်းလည်း လိုက်လျောရယ်မောရင်း “မလုပ်ပါနဲ့ဗျာ၊ ရိုးရိုး မျက်နှာပဲ အရုပ်ဆိုးလှပါပြီ၊ ဘီလူးခေါင်းစွပ်ထားရင် ခက်ကောင်းခက် ရချည်ရဲ့”ဟု ပြောလိုက်သောကြောင့် ဆရာမများလည်း ဖေသိန်း၏ မျက်နှာထားကို သဘောကျ၍ ရယ်မိကြစဉ်မှာပင် မီးရထား ထွက်စပြု လေ၏။



ခင်တင့်သည် လက်ကိုင်ပုဝါကလေးကို လှုပ်ပြရင်း တဖြည်းဖြည်း တရွေ့ရွေ့ ဝေးသွားသည်ကို တွေ့ရသော ဘမြင့်၏ စိတ်ထဲတွင် ဝေးကြ ပြီဟုတွေး၍ မချိဖြစ်မိလေ၏။

မီးရထား ပျောက်သွားသောအခါကျမှ ဖေသိန်းက ဘမြင့်၏ ပုခုံးကိုပုတ်ရင်း “ငါ့လူက တယ်ပြီး ‘အိုက်တင်’ ကောင်းပါလား၊ မင်း လွမ်းပြီးပြတဲ့ အမူအရာဟာ တကယ့်ကို ငိုတာပဲ၊ ရုပ်ရှင်ထဲလိုက်ရင် တကယ့်ကို မင်းသားပဲ”ဟု ပြောပြလိုက်ရာ ဘမြင့်သည် ရုတ်တရက် မျက်နှာပြောင်းလိုက်ရင်း မိမိ တကယ်မချိသော အမူအရာကိုပင် ဖေသိန်း အတွက် ဟန်လုပ်၍ပြရသည့်ပမာ “သဏ္ဌာန်လုပ် သရုပ်နဲ့တူအောင် လုပ်ရတာပေါ့ကွ၊ ဟဲ... ဟဲ”ဟု မချိပြုံးပြုံး၍ ပြန်ပြောလိုက်ရပြီးလျှင် ဖေသိန်းနှင့်အတူ ဘူတာရုံတွင်းမှ ထွက်ခဲ့လေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

"အို ပူပုံပန်းဖွယ်စေ၊ ဖြေမပြေနိုင် ငယ်ကကျွမ်းမို့ လွမ်းလို့နွေကာယိုင်" ဟူသော တေးသံသည် ဘမြင့်၏ တယောသံနှင့်အတူ လေးတွဲ့နွဲ့ပျောင်းစွာ ထွက်ပေါ်လာလေ၏။

ဖေသိန်းသည် ဝတ္ထုရေးနေရာမှ တစ်ချက် တစ်ချက် ဘမြင့်၏ တေးသံနှင့် တယောသံထဲတွင် စိတ်ဝင်စားကာ ကြည်နူးဖွယ် လွမ်းဆွတ်ခြင်း ဖြစ်မိလေ၏။ ထိုသို့ ဖေသိန်းသည် ဝတ္ထုရေးရင်း ဘမြင့်၏ တေးဂီတကို နားစိုက်နေရာမှ ရုတ်တရက် ထိုအသံများ တစ်ပြိုင်တည်း ရပ်၍ကြည့်လိုက်ရာ ဘမြင့်သည် တယောကိုပိုက်လျက် ပက်လက်ကုလားထိုင်တွင် မျက်နှာတစ်ခြမ်းစောင်း မှိုရင်း မျက်နှာမူရာဘက်သို့ တွေဝေငေးစိုက်၍ နေသည်ကို တွေ့ရလေ၏။

ဖေသိန်းသည် ဘမြင့်ကိုကြည့်၍ ပြုံးပြီးလျှင် "ဟေ့ ဘမြင့် မင်းက မခင်တင့်ကို လွမ်းနေပြန်ပြီလား"ဟု မေးလိုက်လေ၏။

ဘမြင့်မှာ ထိုသို့မေးလိုက်သည်ကိုကြားရလျှင် မိမိအတွေးကို သိ၍သွားလေပြီလောဟု လန့်ဖျပ်သွားပြီးမှ မျက်နှာကို ပြင်လိုက်ပြီးလျှင် "မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ငါက ဘာလွမ်းဖို့ရှိသလဲ၊ တကယ်ဆို မင်းသာလွမ်းဖို့ရှိတာ"



"ဒါဆို မင်း တယောထိုးပြီး ဆိုနေရာက ရုတ်တရက်ရပ်ပြီး တွေနေတာက ဘာဖြစ်ရတာတုန်း၊ ကိုယ့်တေးနဲ့ကိုယ် သိပ်ပြီး လွမ်းနေတာလား"

"ငါ့ဟာငါ တခြားစဉ်းစားနေတာပါကွာ၊ အထင်မလွဲပါနဲ့၊ မင်းစာရေးနေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့"ဟု ပြောပြီးလျှင် ဘမြင့်သည် ထိုစကားကို လွှဲပြောင်းပြီးကာ ဖေသိန်း၏ အထင်အမြင်ကို ပယ်ဖျက်ဆေလို၍ "ဒါထက် မင်းပြောမှ သတိရတော့တယ်၊ မခင်တင့် ပြန်သွားတာ ခုနစ်ရက်လောက် ရှိပြီနော်"ဟု ဆိုလေ၏။

"အစစ်ပဲ ဘာလိုလိုနဲ့ ခုနစ်ရက်တောင် ရှိသွားပြီ၊ စာလည်းမလာ၊ ဘာလည်းမလာနဲ့ ဘာဖြစ်နေလို့လဲ မသိဘူး၊ ငါ့အထင်တော့ဖြင့် လူချင်းမတွေ့ခင်က အတော် အထင်အမြင်ကြီးထားတာတွေဟာ မြင်ဖန်များတော့ ငယ်ဆိုတာလို အခု တွေ့လိုက်ရတော့ အထင်အမြင် သေးသွားသလား မသိဘူး"

"ဒါကြောင့်တော့ မဟုတ်ပါဘူး ထင်ပါရဲ့ကွာ၊ လူချင်းမမြင်ရပေမဲ့ အရင်ကတည်းက ဓာတ်ပုံကို တွေ့ထားရမှာပဲ"ဟု ပြောလျက် ဆက်လက်၍ "ခရီးပန်းလို့ပဲလား၊ နေမကောင်းလို့လား၊ မအားလို့ဘဲလား တစ်ခုခုကြောင့် ဖြစ်မှာပေါ့"ဟု မိမိ၏ ထင်မြင်ချက်ကို ပြောပြလေ၏။

ဖေသိန်းသည် ဘမြင့်၏အဖြေကို နားထောင်နေရာမှ မိမိရေးနေသော ဝတ္ထုပေါ်တွင် အာရုံစိုက်သွားပြန်ကာ ဘာမျှမပြောဘဲ စာကို ဆက်လက်၍ ရေးနေပြန်သဖြင့် ဘမြင့်သည်လည်း ဖေသိန်းဘက်မှ မျက်နှာလွှဲကာ စောစောက မိမိအတွေးကို ပြန်လည်ကာ ဆက်နေလေ၏။

ဘမြင့်၏ စိတ်ထဲတွင် ခင်တင့်နှင့်အတူ ပျော်ရွှင်စွာသွားလာခဲ့သည့် နေ့ရက်များကို ပြန်လည်တွေးတောမိကာ ထိုစဉ်အခါက အဖြစ်အပျက်များသည် ဘမြင့်၏ မျက်စိထဲတွင် တစ်ခုပြီးတစ်ခု ပြန်လည်ပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။ ဘမြင့်သည် ထိုသို့ တွေးတောနေရာက နောင်တွင် ဘယ်အခါမှ ထိုကဲ့သို့ ပြန်လည်တွေ့ဆုံ ပျော်မွေ့နိုင်ကြပါမည်နည်းဟု တွေးတော၍ မရနိုင်ဘဲရှိကာ အလွန်စိတ်မချမ်းသာဖြစ်လျက်၊ ဝမ်းနည်းလွမ်းဆွတ်မိလေ၏။

အောင်ပင်လယ် ကန်ထဲတွင် နတ်သမီးနှင့် ပျော်မွေ့ရမိသောကြောင့် ကာမဂုဏ် မူးယစ်ပြီး အရူးဖြစ်ရသော ဆင်ဖြူရှင်အကြောင်းကို ဘမြင့်သည် ယခင်က မယုံကြည်မိခဲ့သော်လည်း ယခုမူ လူသားမျှသာဖြစ်သော ခင်တင့်အား စိတ်စွဲ၍ အသည်းကျွမ်းတော့မ...လ...က် ဖြစ်ရသော မိမိ၏ အဖြစ်နှင့် နှိုင်းယှဉ်ကာ ယုံကြည်မိရုံမျှမက မိမိ...ချစ်မိးမှာ ဆင်ဖြူရှင်ထက်ပင် ကြီးမားသေးတော့သည်ဟု ထင်မြ...၏။

ထိုအခိုက်တွင် 'ပို့စမင်း' ဟု တင်းမာစွာ ...ကြားလိုက်ရသဖြင့် ဘမြင့်သည် စဉ်းစားနေရာမှ သတိဝင်...ထိုင်ရာက ရုတ်တရက်ထ၍ လက်ထဲရှိတယောကို ချပြီးလျှင် တံခါးဆီသို့ လျှင်မြန်စွာ သွားရောက်ဖွင့်ပေးလေ၏။

ဖေသိန်းသည် စာရေးနေရာမှ လှမ်း၍ကြည့်ရာ ဘမြင့်သည် စာပို့ကုလားလက်ထဲမှ စာကိုယူရင်း လိပ်စာကိုကြည့်၍ ပြုံးလိုက်သည်ကို တွေ့ရသောကြောင့် "ဟေ့ မခင်တင့်ဆီကလား"ဟု မေးလေ၏။

ဘမြင့်သည် ချက်ချင်း ကြည်လင်ရွှင်ပျသော အမူအရာကိုဆောင်ကာ "အေးကွ၊ အစစ်ပဲကွာ"ဟုဆိုပြီး စာကို ဖေသိန်းလက်ထဲသို့ ပေးဖို့ဝင် သတိမရဘဲ ဝမ်းသာအားရ ဖောက်၍ဖတ်ကာ စာဆုံးသည်နှင့်တစ်ပြိုင်နက် အသံထွက်အောင် ရယ်လေ...

"ဟဲ.... ဟဲ တယ်လည်းအူရွှင်လိုက်ပါလားဟေ့၊ စာထဲမှာ ဘာတွေပါသလဲ"

"ကောင်းမွန်စွာ ရောက်ကြပါတယ်တဲ့၊ ရန်ကုန်မှာ တွေ့ခဲ့ကြ...



တွေ မမေ့နိုင်ပါဘူးတဲ့၊ ကိစ္စတစ်ခုရှိနေလို့ ရုတ်တရက် စာမရေးနိုင်တာကို သည်းခံပါတဲ့၊ ဒီကိစ္စဟာလဲ ကိုကိုနဲ့ပတ်သက်ပါတယ်တဲ့" ဟု ပြောနေစဉ် ဖေသိန်းက လက်လှမ်း၍–

"ပေးစမ်းပါဦး၊ ငါ ဖတ်စမ်းပါရစေဦး"ဟု တောင်းယူပြီးလျှင် ခင်တင့်၏စာကို စိတ်အားတက်သန်စွာ ဖတ်နေရာမှ မျက်နှာတစ်မျိုးဖြစ်သွားပြီးလျှင် "ဒီကိစ္စကို တိုင်ပင်စရာ အရေးကြီးလို့ ကိုကို မန္တလေးကို လိုက်နိုင်ရင် အမြန်လိုက်ခဲ့ပါဆိုပါလား၊ ဘာများပါလိမ့်"ဟု ပြောပြီး စဉ်းစားခန်းထုတ်သော အမူအရာကို ပြလေ၏။

"အိမ်ပေကိုနဲ့တော့ တွေ့ရဦးတော့မယ်ကွ"ဟု ဘမြင့်က ဝမ်းသာအားရဆိုကာ ထ၍ခုန်လိုက်ရာ ဖေသိန်းသည် ဘမြင့်၏ အပြုအမူကို အပြစ်ရှာဖွေ ဝေဖန်ဆုံးဖြတ်သော မျက်စိဖြင့် ကြည့်မိလေ၏။

"မင်းက မင်းကို ခေါ်တယ်မှတ်လို့လား"ဟု ဖေသိန်းက နောင်ပြောင်သလိုလို ပြောလိုက်လေ၏။

"ငါ့ခေါ်ခေါ်၊ မခေါ်ခေါ် ငါမသွားဘဲနေလို့ ဖြစ်နိုင်ပါ့မလားကွ" ဟု ဘမြင့်က သွက်လက်စွာ ပြန်၍ပြောလိုက်ရာ ဖေသိန်း၏ စိတ်ထဲတွင် ဟုတ်ပေသားပဲဟု တွေးမိကာ တွေဝေသွားလေ၏။

ဘမြင့်သည် ဖေသိန်း၏ မျက်နှာထားကို မြင်ရသဖြင့် "ဝမ်းမနည်းပါနဲ့ သူငယ်ချင်းရာ၊ ငါက ငါနဲ့တွေ့ရမှာမို့ ဝမ်းသာနေတာ မဟုတ်ပါဘူး၊ မင်းစိတ်ကို စမ်းကြည့်တာပါ"ဟုဖြေလေ၏။ သို့ရာတွင် ဘမြင့်က မိမိ ဝမ်းမသာဟု ဆိုခြင်းမှာ ဖေသိန်း စိတ်သက်သာရာရစေရန် တမင်လိမ်လည်ပြောဆိုခြင်းမျှပင် ဖြစ်ပေ၏။

ဖေသိန်းသည် တွေဝေနေရာမှ မချိသော ပြုံးရယ်ခြင်းဖြင့် အသံထွက်အောင် ရယ်လိုက်လေ၏။

"ဟား... ဟား ငါ့စိတ်ကို ဘာမှစမ်းနေစရာ မလိုပါဘူးကွာ၊

www.burmeseclassic.com

www.burmeseclassic.com



မခင်တင့်တို့ ပြန်သွားကတည်းက ငါ့စိတ်ကို ဆုံးဖြတ်လိုက်ပြီးပြီ"ဟု ပြောရာ ဘမြင့်မှာ ဖေသိန်း၏ စကားကိုကြားရလျှင် အံ့အားသင့်သွားလေ၏။

"ဘာ... ဘာ ဘယ်လိုစိတ်ပိုင်းဖြတ်လိုက်တာလဲ"

"မင်းဟာ ငါမဟုတ်တဲ့အကြောင်း၊ ငါဟာ မင်းမဟုတ်တဲ့အကြောင်း"ဟု စကားစ၍မှ အဆုံးမသတ်ရမီ ဘမြင့်က "မင်းစကားက ဘယ့်နှယ်လဲ၊ ဘယ်ဟာ ဘာလုပ်တာလဲ"ဟု မေးလေ၏။

"မင်းကုသဟာ မင်း မဟုတ်ဘူး၊ ငါပဲဖြစ်တယ်၊ ငါ အင်မတန် အရုပ်ဆိုးတာကို မခင်တင့် မသိစေချင်တဲ့အတွက် မင်းဓာတ်ပုံကို ပို့မိတာ၊ ငါ့စိတ်ထဲမှာ မခင်တင့်ကို တကယ်မချစ်"

"ဘာ... မင်း မချစ်ဘူး၊ ဟုတ်လား"

"အိုလေ ချစ်တာ မချစ်တာ ဖယ်ထားကွာ၊ ဒါပေမဲ့ သူ ငါ့အပေါ်မှာ အချစ်ဖြတ်လိုက်နိုင်အောင် ရေးရမှာကိုးကွ"ဟု ပြောလိုက်ရာ ဘမြင့်သည် တစ်ကိုယ်လုံး ထူပူလျက် နှလုံးထဲတွင် တထိတ်ထိတ် သွေးခုန်၍သွားလေတော့၏။

"နေစမ်းပါဦး၊ ဘာဖြစ်လို့ အချစ်ဖြတ်နိုင်းရတာတုန်း"

"မင်း စဉ်းစားကြည့်လေ သူက ငါ့ကိုချစ်တယ်၊ ဒါပေမဲ့ မင်းကို မင်းကုသလို့ ထင်နေတယ်၊ အခု အခြေအနေကျမှ ငါဟာ ငါလို့ အဲလေ... မင်းကုသဟာ ငါရယ်လို့ မပြောလို့ မဖြစ်တော့ဘူး၊ သူက ကြိုက်နေတာကလည်း **တကယ်ကြိုက်နေပြီ**၊ တကယ်ကြိုက်လို့ တကယ်ယူမယ်ဆိုရင် မင်းနဲ့ပဲ **ယူရတော့မှာဖြစ်လို့** သူ့အချစ်ကို လှည့်စားလို့ ကောင်းနိုင်ပါတော့မလား၊ **ဒီတော့** ငါဟာ ငါဆိုတာ အဲလေ... မင်းကုသ ဆိုတာကို **ဖော်ပြလိုက်ပြီးတော့**..."

"မင်းစကားက **ရှေ့နောက်မညီပါဘူး**၊ ရှေ့ကတော့ ပြောလို့ မဖြစ်ဘူးလည်း ဆိုသေးရဲ့၊ **နောက်ကတော့** ဒီလိုပြောမယ်လည်း ဆိုသေးရဲ့"



ဖေသိန်းသည် မိမိစကားကို ပြန်၍စဉ်းစားလိုက်ပြီး "ဒီလိုလေ" ဟုဆိုပြီးမှ မိမိ ထွက်တော့မည့် စကားလည်း မဟုတ်သေးသည်ကို တွေးမိကာ ခေတ္တရပ်ဆိုင်းနေပြန်လေ၏။

အတန်ကြာမှ "ဒီလိုလေ၊ ငါ ရေလည်အောင် ပြောပြမယ်၊ မင်းကုသဟာ ငါပဲဖြစ်ပါတယ်၊ ငါ့ကို ချစ်ပါလို့တော့ဖြင့် မဖြစ်နိုင်တော့ဘူး၊ ငါ့ရုပ်ကြီးကိုလည်း ချစ်ချင်မှာ မဟုတ်ဘူး၊ ငါ့ကို မချစ်နိုင်တဲ့အတွက် မင်းနဲ့ လှည့်စားလို့လဲ မဖြစ်၊ လှည့်စားထားလို့လည်း မကောင်း၊ နောင် သိတဲ့အခါကျတော့လဲ အားလုံးမကောင်းတော့ဘူး၊ ဒီတော့ ငါဟာ ငါ့အကြောင်းကို ဖော်ထုတ်လိုက်ပြီးတော့ အရင်တုန်းက စာပေးတာဟာ ငါက တကယ် ချစ်မိလို့လည်း မဟုတ်၊ မခင်တင့်ကလည်းဒါလောက် ဖွဲ့ဖွဲ့လမ်းလမ်း ချစ်မယ်လို့မထင်၊ လူချင်းလည်း တွေ့လိမ့်မယ်လို့ စိတ်မကူးမိဘဲ စာနဲ့ပဲ အပျော်ချစ် ချစ်နေရုံလောက် စိတ်ကူးမိတဲ့အတွက် ဒီလို အရင်တုန်းက ရေးခဲ့မိတယ်၊ အခုတော့ မခင်တင့်ကိုယ်တိုင် ရန်ကုန်လိုက်လာပြီး တကယ်ချစ်နေတာကို သိရတဲ့အတွက် မခင်တင့်အပေါ်မှာ လှည့်စားနေလို့ မဖြင်တော့ဘူးဆိုတာ သိရလို့ ဟုတ်မှန်တဲ့အတိုင်းဖော်ပြမှ တော်လိမ့်မယ်လို့ ယူဆပြီး မခင်တင့် အချစ်ကို ဖြတ်လိုက်ပါတော့၊ မခင်တင့်အပေါ်မှာ လှည့်စားမိတဲ့ဟာတွေလဲ အပြစ်မယူပါနဲ့လို့ စုံစုံလင်လင် စာရေးလိုက်မယ်လို့ စိတ်ပိုင်းဖြတ်ထား တာပဲ"ဟု ပြောပြလေ၏။

ဘမြင့်သည် ဖေသိန်း၏ စကားကို ရေလည်စွာ နားလည်မှတ်မိအောင် မနည်းအာရုံပြုရလေ၏။ အကြောင်းမူကား ၎င်း၏ ဦးနှောက်မှာ ထိုင်းမှိုင်းလျက် ရှိသောကြောင့် ဖြစ်ပေ၏။ ထိုသို့ ဖေသိန်း ပြောပြ၍ စကားဆုံးတော့မှ "မင်း မခင်တင့်ကို တကယ်မချစ်ဘူးလား"ဟု မေးလေ၏။

"မချစ်လို့တော့ မဟုတ်ဘူးလေ၊ မဖြစ်လို့ ဖြတ်နိုင်းရမှာကိုးကွ"

"မင်း တကယ်ဖြတ်နိုင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြတ်မယ်ဆိုရင် ဖြတ်နိုင်တာပေါ့ကွ"ဟု မထွက်ချင် ထွက်ချင် ပြောဆိုပြီး မင်းက ဘာစိတ်ကူးနဲ့ မေးတာလဲ"ဟု မေးလေ၏။

ဘမြင့်သည် ရုတ်တရက် အဖြေရခက်နေရာမှ "သိချင်လို့ပဲ"ဟု ဆိုလေ၏။

ထိုနေရာတွင် စကားပြတ်၍သွားကာ တွေဝေနေကြလေ၏။ ဖေသိန်း၏ စိတ်ထဲတွင် ဘမြင့်၏ ပြောဆိုပုံများကို ပြန်လှန်စဉ်းစားကာ မည်သည့်ရည်ရွယ်ချက်နှင့် ထိုကဲ့သို့ ပြောဆိုမေးမြန်းခြင်းများ ပြုလေသနည်းဟု အကြောင်းကိုရှာလေ၏။

ဘမြင့်မှ ဖေသိန်း၏ စကားများကို ကြားရသည်မှာ စိတ်မချမ်းသာစရာလည်းဖြစ်၊ စိတ်ရွှင်ပျစရာလည်းရှိသည်ကို တွေးမိလေ၏။

ဖေသိန်းသည် ခင်တင့်ကို မချစ်၊ မခင်တင့်အား ဖြတ်နိုင်သည်ကို သိရခြင်းမှာ ခင်တင့်၏ အချစ်ကို မိမိအား ပေးဖို့တောင်းရန် လွယ်ကူခြင်း ဖြစ်သည်ကိုတွေး၍ ကျေနပ်စရာ ဖြစ်မိလေ၏။ သို့သော် ခင်တင့်အား ဖေသိန်းက အချစ်စိတ်ကိုဖြတ်ဖို့ရန် စာရေးလိုက်ပါမူ ဖေသိန်းနှင့် ခင်တင့် လမ်းစပြတ်ကြသည်နှင့်အညီ ခင်တင့်နှင့် မိမိလည်း ဤတွင်ပင် အဆက်ပြတ်ပြီဖြစ်သောကြောင့် ဖေသိန်းက အဘယ်ကဲ့သို့ပင် ခင်တင့်၏ အချစ်ကို မိမိအား ကြည်ဖြူနိုင်စေကာမူ မိမိမှာ လမ်းစပြတ်နေပြီဖြစ်၍ ရနိုင်ရန် ခဲယဉ်းသည့်အတွက် စိတ်မကောင်းဖြစ်မိလေ၏။

သို့ဖြစ်ရကား အဘယ်နည်းနှင့် ခင်တင့်ကို ရနိုင်ပါမည်နည်းဟု တွေးတောကြံဆလိုက်သောအခါ မိမိသည် ခင်တင့်အား အစွဲအလမ်း ချစ်နေပြီဖြစ်သည့်အတွက် ဖေသိန်းအား ခင်တင့်၏ အချစ်ကို မိမိအား ပေး၍ ခင်တင့်အားလည်း ဖြတ်စာမရေးရန် တောင်းပန်ဖို့ပင် ရှိသည်ကို တွေးမိလေ၏။

သို့ရာတွင် ဖေသိန်းသည် ခင်တင့်အား လှည့်စား၍ သူတစ်ပါးကို



ခင်တင့်၏ အချစ်လွဲအပ်ခြင်းကို ပြုမူလိုမည် မဟုတ်သည့်အတွက် ဤအရေးမှာ အချိန်များစွာ စဉ်းစားရန်လိုသောကြောင့် မိမိ စဉ်းစား၍ အဖြေမရသေးမီ ဖေသိန်းအား ခင်တင့်ထံ ဖြတ်စာမရေးဖြစ်အောင် ပြုလုပ်ထားနှင့်ရန် လိုသည်ဟု နှလုံးပြုမိလေ၏။

"ဖေသိန်း"ဟု ဘမြင့်က မရဲတရဲ ခေါ်လိုက်လေ၏။

ဖေသိန်းသည် စဉ်းစားနေရာမှ ဘမြင့်အား လှည့်ကြည့်ကာ 'ဟင်'ဟု အာခေါင်သံဖြင့် ထူးလိုက်လေ၏။

"မခင်တင့်ဆီကို မင်းပြောတဲ့ အကျိုးအကြောင်းတွေ အခုချက်ချင်း ရေးလိုက်ဖို့မတော်သေးဘူးထင်တယ်၊ ရက်အတော်ကြာကလေး စဉ်းစားပြီးမှ ရေးရင် ကောင်းမယ်ထင်တယ်၊ နောက်ပြီး အခု သူ့စာထဲမှာ အရေးကြီးတဲ့ ကိစ္စကို တိုင်ပင်ဖို့ လာခဲ့ပါဆိုတာလဲ ဘာမှန်းမသိဘူး ၊ ဒါလည်း သိဖို့ လိုသေးတယ်"

"ဒါကတော့ လက်ထပ်ဖို့အရေးနဲ့ တူတာပဲ၊ ငါထင်တာ မလွဲပါဘူး"

"တူတာပဲထင်တာနဲ့ ဘယ်ဖြစ်မလဲ၊ သေသေချာချာ သိရတော့ မကောင်းဘူးလား"

"သေသေချာချာ သိရဖို့ဆိုတာက မင်း မန္တလေးကို လိုက်သွားချင်လို့လား၊ ဒီလိုလုပ်လို့တော့ မဖြစ်ဘူးထင်တယ်၊ သူ့ဆီကို ဖြတ်စာရေးဖို့ ကြံနေမှပဲ ဒီအထိ လှည့်စားနေလို့တော့ မကောင်းတော့ဘူး"

"ငါ လိုက်ချင်လို့ မဟုတ်ပါဘူး၊ မလိုက်ဘဲနဲ့လည်း သိနိုင်တာပါပဲ၊ ဘယ်လိုလုပ်ရင် သိနိုင်မလဲဆိုတော့ မခင်တင့်စာကိုရသော်လည်း ဝတ္ထုအလုပ်တွေဟာ ပစ်မထားခဲ့နိုင်လောက်အောင် အရေးကြီးနေတဲ့အတွက် မလာနိုင်ပါ၊ နောက်ပြီးတော့ စာနဲ့ရေးပြီး သိနိုင်မယ့်ကိစ္စဖြစ်ရင်လည်း စာထဲမှာ ဖော်ပြီးရေးလိုက်ပါ၊ လူကိုယ်တိုင် လိုက်မလာဘဲ မဖြစ်နိုင်ဘူးဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပါ မယ်ဆိုတဲ့ အကြောင်းပေါ့ကွ၊ ဘယ့်နဲ့လဲ သဘောကျရဲ့လား၊ ဒီအတိုင်း ရေးမလား"

ဖေသိန်းသည် ခေတ္တစဉ်းစားနေပြီးနောက် "အားလေ မင်းစိတ်ထဲမှာ ဒီလိုရေးလို့ ကောင်းမယ်ထင်ရင်လည်း ရေးတာပေါ့၊ ဒီလိုရေးတာကတော့ အပြစ်မရှိပါဘူး"ဟု ပြောဆို သဘောတူလေ၏။

ထိုသို့ တိုင်ပင်သဘောတူညီကြသည့်အတိုင်း ဖေသိန်းသည် ခင်တင့်ထံသို့ စာတစ်စောင် ကောက်၍ရေးလိုက်လေ၏။ ထိုစာရေးပို့လိုက်ပြီးသည့်နောက်တွင် ဖေသိန်း၏ စိတ်ထဲ၌ ထိုစာနှင့် ပတ်သက်၍ မည်သို့မျှ အာရုံစွဲလမ်းနေခြင်း မရှိသော်လည်း ဘမြင့်မှာမူကား ခင်တင့်ထံမှ မည်ကဲ့သို့ ပြန်စာလာလေမည်နည်း။ ထိုပြန်စာ ရပြီးသည့်အခါတွင် ဖေသိန်း၏ စိတ်ထဲတွင် မည်ကဲ့သို့ ထားလေမည်နည်း။ ဖေသိန်းသည် ခင်တင့်အား ၎င်း၏အချစ်ကို ဤမျှနှင့်ပင်ရပ်ရန် စာရေးလိုက်လျှင် မိမိသည် ခင်တင့်၏ အချစ်ကို လွတ်လပ်စွာ ပိုင်ဆိုင်ခွင့်ရအောင် မည်သို့ ကြံဖန်ရမည်နည်းဟု အမျိုးမျိုးတွေးကာ စိတ်မရှင်မလန်းဘဲ ရှိလေ၏။

ဖေသိန်းသည် ဘမြင့်၏ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသော အမူအရာကို တွေ့ရသဖြင့် "ဟေ့ ဘမြင့် အခုတလော မင်းကြည့်ရတာ ရွှင်ရွှင်ပျပျ မရှိပါဘူး၊ ဘာဖြစ်သလဲ ပြောစမ်းပါဦး"ဟု မေးလေ၏။

"ငါ ဘာဖြစ်လို့လဲကွာ၊ ငါ ဘာမှလဲ မဖြစ်ပါလား၊ မင်း ထင်လို့ပါ"

"မဖြစ်ဘူးဆိုပေမယ့် မင်းမျက်နှာက သက်သေခံနေတယ်၊ အကြောင်းရှိရင် ငါ့လည်းတိုင်ပင်ပေါ့ကွာ၊ ဒါလောက်ကြာအောင် အတူတူနေလာကြပြီး ဒီအခြေအနေထိ ရှိနေကြမှပဲ ဘာမဆို ဖွင့်သာပြောပါ"

"မင်း စိတ်ထဲမှာ ငါ ဘာဖြစ်တယ်ထင်နေသလဲ"

"မင်းကြည့်ရတာ မယားတရူးလိုလို၊ ဥစ္စာရူးလိုလိုပဲ၊ ဒါပေမဲ့



မယားတရူး ခေါ်ရအောင်ဟာကလည်း ဘယ်တုန်းကမှ မိန်းမ မရခဲ့၊ ဥစ္စာရူးခေါ်ရအောင်ဟာလည်း ဘယ်တုန်းကမှ ပိုက်ဆံမရှိခဲ့ဖူးတော့ အခက်သားပဲ"

ဘမြင့်သည် မပြုံးချင်ဘဲ ပြုံးကာ "တွေ့ကရာတွေ လျှောက်ပြီး ထင်မနေပါနဲ့ကွာ၊ ပိုက်ဆံဘယ်လိုရအောင် လုပ်ရပါ့မလဲဆိုတာ အကြံထုတ်နေတာပါ"ဟု လွှဲ၍ပြောလေ၏။

"ဟေ့ ငွေရဖို့ကိစ္စမှာ ငါရှိတယ်ကွာ၊ ငါရှာမယ်၊ မင်း ဘာမှပူမနေနဲ့၊ မင်း အေးအေးနေရင် ငါ ဝမ်းသာတယ်၊ ငါ ရှာလို့မချမ်းသာနိုင်ပေမယ့် တို့နှစ်အတွက်တော့ လူလိုနေနိုင်ပါတယ်ကွာ"ဟု ဖေသိန်းက မိမိ၏ စေတနာကို ထုတ်ဖော်၍ ပြောလေ၏။

ထိုစကားကို ကြားရလျှင် ဘမြင့်၏ စိတ်ထဲ၌ များစွာ မသာမယာ ဖြစ်မိပေတော့၏။ ဖေသိန်းသည် မိမိအပေါ်တွင် လွန်စွာမှ အရေးယူဂရုစိုက်ခဲ့ပြီးလျှင် ယခုထက်ထိ မညည်းမညူ ပြုစုချေးမွေးကာ ကောင်းသော စေတနာထားသူတစ်ယောက်ဖြစ်သဖြင့် သူငယ်ချင်းဟု ခေါ်ရသော်လည်း ကျေးဇူးရှင်နှင့် မခြားသည်ကို တွေးမိပေ၏။ သို့ရာတွင် မိမိသည် ကျေးဇူးရှင်၏ ကျေးဇူးများကို မထောက်ရှုဘဲ အချစ်ကို ခိုးခဲ့မိပြီးလျှင် ယခုတဖန် ဖေသိန်းထံမှ အချစ်ကို ဓားပြတိုက်မည်ကြံလျက် ရှိချေ၏ တကားဟု တွေးတောမိကာ မိမိ၏ စိတ်ထားပုံကို စက်ဆုပ်မိပေ၏။ သို့ဖြစ်စေကာမူ မခင်တင့်အား စွဲလမ်းသောစိတ်သည် ပြင်းထန်ထက်သန်လျက် ရှိချေရကား ဖေသိန်း၏ ကျေးဇူးများကို ကြာရှည်စွာ အောက်မေ့၍ မနေနိုင်ဘဲ အဘယ်နည်းဖြင့် ဖေသိန်းထံမှ ခင်တင့်၏ အချစ်ကို အရယူရပါမည်နည်းဟူ၍သာ အကြံထုတ်မိလေ၏။

ရက်အနည်းငယ်ခန့် ကြာသောအခါ ခင်တင့်ထံမှ ပြန်စာရောက်၍လာလေ၏။ ထိုစာမှာ ဖေသိန်း လက်ထဲသို့ ရောက်နေသဖြင့် ဘမြင့်သည်

www.burmeseclassic.com

www.burmeseclassic.com



ဖေသိန်းဖတ်နေသည်ကို စောင့်ဆိုင်းကာ ဖေသိန်း၏ မျက်နှာအရိပ်အကဲကို ကြည့်ရှုနေလေ၏။

ဖေသိန်းသည် ခင်တင့်၏စာကို ဖတ်နေရာက 'ဟိုက်...'ဟု အသံထွက်သွားရာ ဘမြင့်မှာ ထိတ်၍သွားကာ "ဘာပါလို့လဲ"ဟု မေးလေ၏။

"တို့အကြောင်းတွေ အကုန်ပွကုန်ပြီ ဆိုမှကိုးကွ၊ ဆရာမကလေး မခင်တင့်နဲ့ စာရေးဆရာတစ်ယောက်နဲ့ ရန်ကုန်မှာ ဖြစ်တာပျက်တာတွေ မန္တလေးမှာ ပွကုန်ပြီဆိုပဲ၊ ဟိုဆရာမတွေ ပါးစပ်က သတင်းလွှင့်တာတဲ့"ဟု ဖေသိန်းက ပြောပြပြီးနောက် စာကို ဆက်လက်ပြီးကြည့်ရင်း၊ "ဟောဗျာ၊ အဲဒါမှ ခက်တော့တာပဲ၊ သူ့'အကြောင်းကို လူတွေသိကုန်ပြီတဲ့၊ အဲဒီတော့ သူ ရန်ကုန်မှာ ကမြင်းတာမဟုတ်ကြောင်း တို့အချစ်ဟာ တကယ့်အချစ်ဆိုတာ ပြရအောင် မြန်မြန်လက်ထပ် တောင်းရမ်းဖို့ စိစဉ်စေချင်တာပဲတဲ့၊ သူ့ဆွေမျိုးတွေကလည်း တင့်တင့်တယ်တယ် တောင်းရမ်းယူမယ်ဆိုရင် သူ့သဘောတစ်ခုအတိုင်းပဲတဲ့၊ ဒီလိုမှ တို့က တောင်းရမ်းမယူရင် သူ ရန်ကုန်မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို သွားပုပ်လေလွင့်ပြောကြတော့မှာပဲတဲ့။ ကိုင်း ဘယ့်နှယ်ကြံရပါ့မလဲ မသိဘူး၊ ဟောဒီမှာ အရှည်ကြီးပဲ ဖတ်ကြည့်စမ်း"ဟု ဆို၍ စာကိုပေးလိုက်မှ ဘမြင့်လည်း ထိုစာကိုရရှိကာ ရင်တွင်း၌ တထိတ်ထိတ်ခုန်လျက် ဖတ်ရှုနေ လေ၏။

ဘမြင့်သည် စာဆုံးသောအခါ ဟင်းခနဲ သက်ပြင်းချလိုက်ပြီးနောက် "မင်း ဘယ်လိုလုပ်ဖို့ အကြံရလဲ"ဟု မေးလေ၏။

ဖေသိန်းသည် စိုက်၍စဉ်းစားနေရာမှ ဘမြင့်၏ စကားကို မဖြေမီ ခေါင်းကို ရမ်းခါပြပြီးနောက် "မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ ဟုတ်တဲ့အတိုင်း ဖွင့်ပြောလိုက်မှ အေးတော့မယ်၊ ငါဟာ မခင်တင့် ထင်သလို လူချောတစ်ယောက် မဟုတ်ဘူး၊ မခင်တင့်ကိုနောင် တွေ့နိုင်မည်မထင်လို့



နောက်မိတဲ့ကိစ္စ ဖြစ်တယ်၊ မင်းကုသဆိုတာ ငါပဲ၊ မခင်တင့် ရန်ကုန်လာစဉ်က ဘမြင့်ဆိုသူ အဖြစ်နဲ့တွေ့ရတဲ့လူပဲ။ ငါ့ကို မခင်တင့် ကြိုက်နိုင်စရာ ဘာမှမရှိဘူး၊ မခင်တင့် အချစ်ကို ဖြတ်လိုက်ပါတော့၊ ဖြစ်မိတာတွေလည်း ဝမ်းမနည်းပါနဲ့တော့လို့ ရေးလိုက်တော့မယ်"ဟု ဘမြင့်အား ပြောပြလေ၏။

ဘမြင့်မှာ ဖေသိန်း၏ စကားကို ကြားရလျှင် ရင်ထဲတွင် ပူပြင်းတောက်လောင်ခြင်း ဖြစ်မိလေ၏။ ဘမြင့်သည် မိမိ၏ အဖြစ်ကို ဖေသိန်းအား ဖွင့်ဟ၍ မပြောပါဘူးဟု ကြိတ်မှိတ်မျိုသိပ်၍ ထားခဲ့သော်လည်း ယခုမူ မျိုသိပ်၍ မရနိုင်သောအခြေသို့ ရောက်လာပြီဖြစ်သည်ကို တွေ့ရလေရာ ထိုစကား ပြောတော့မည်ဟု စိတ်ကို အတင်းခဲလိုက်လေ၏။

"ဖေသိန်း မင်း ဒီလိုရေးလို့တော့ မတော်ဘူးထင်တယ်"

ဖေသိန်းသည် ဘမြင့်၏စကားကို စဉ်းစား၍မရသကဲ့သို့ တွေဝေနားစိုက်နေပြီးမှ "ဘာဖြစ်လို့ မတော်ရမှာလဲကွ၊ မင်းက ငါ့ကို သူ့ယူစေချင်လို့လား"ဟု မေးလေ၏။

"ဒီလို ဘယ်ဖြစ်နိုင်ပါ့မလဲ၊ မင်းဟာ မင်းကုသ အမှန်ဖြစ်တဲ့အတွက်ကြောင့် မင်းသွားပြီး ယူမယ်ဆိုလို့လဲ မဖြစ်နိုင်ဘူး"

"အေးလေ မဖြစ်နိုင်လို့ စာရေးမလို့ပေါ့ကွ"

"ဒါပေမယ့် သူ့မှာ သွားပုတ်လေလွင့် အပြောခံနေရပြီ၊ ဒီလိုဖြစ်နေရက်နဲ့မှ သူ့ကို လက်ထပ်မယူလို့ရှိရင် သက်သက်မဲ့ နှိပ်စက်ရာကျတော့မယ်"

"ဘယ့်နှယ်တုံးကွ၊ ငါယူလို့ ရှိရင်လဲမဖြစ်၊ လက်မထပ်ရင်လဲ မဖြစ်ဆိုတော့ ငါ ဘယ်လိုလုပ်ရမှာတုန်း"

"ဘမြင့်သည် ဖေသိန်းအား တစ်စုံတစ်ရာပြောလိုသော အမူအရာဖြင့် စိုက်၍ကြည့်နေလေ၏။ သို့ရာတွင် ဘမြင့် ပြောလိုသော စကားများ

www.burmeseclassic.com

www.burmeseclassic.com



သည် ပါးစပ်ထဲမှ မထွက်နိုင်ဘဲ နှုတ်ခမ်းတရွရွသာ ရှိနေလေ၏။ ဘမြင့်၏ မျက်လုံးများသည် စိတ်မချုပ်တည်းနိုင်သော အဖြစ်ကို ထုတ်ဖော်ပြသလျက်ရှိကြပြီးလျှင် ဝမ်းနည်းသော အရိပ်အငွေ့သန်းကာ မျက်ရည်လည်လျက်ရှိလေ၏။

ဖေသိန်းသည် ဘမြင့်၏ အမူအရာ ဖြစ်ပျက်နေပုံကို စိုက်၍ကြည့်နေပြီးနောက် ဘမြင့်၏ သဘောကို ရိပ်မိသိရှိသော မျက်နှာထားကို ပြပြီးလျှင် မင်း ဒီလိုဖြစ်နေပြီလားဟု မေးဘိသကဲ့သို့ မိမိ ဦးခေါင်းကို ဆတ်ခနဲ ညိတ်၍ ပြလိုက်လေ၏။

ဘမြင့်သည် မျက်ရည်ကို ထိမ်းသိမ်းသည့်အလား တဖျပ်ဖျပ်မျက်တောင်ခတ်ပြီးလျှင် ဖေသိန်း၏ ခေါင်းညိတ်၍မေးခြင်းကို လေးဆေးစွာပြန်လည်ခေါင်းညိတ်၍ဖြေကာ "သူငယ်ချင်း ငါ့အပေါ်မှာ ဘယ်လိုမှစိတ်မထားနဲ့ကွာ၊ ငါတော့ မခင်တင့်ကို ချစ်နေပြီ"ဟု ပြောရင်းစကားကို ရုတ်တရက် ရပ်၍ထားလိုက်လေ၏။

ဖေသိန်းသည် ဘမြင့်၏ အမူအရာဖြင့် ထိုအကြောင်းကို သိရပြီးပြီဖြစ်သော်လည်း ထိုသို့ပြောလိုက်သည်ကို ကြားသောအခါ မျက်လုံးပြူးကျယ်၍သွားလေ၏။ သို့ရာတွင် ဖေသိန်းသည် မည်သို့မျှ ကြားဖြတ်၍မပြောဘဲ ဘမြင့်၏ စကားကို နားစိုက်နေလေ၏။

"ငါ မခင်တင့်နဲ့ တွေ့ရစက ငါ့စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်မိခဲ့ဘူး၊ မင်းနေရာကို အစားဝင်ပြီး ငါ လုပ်နေတဲ့အခါမှာလည်း ငါ့စိတ်ဟာမဖောက်ပြန်ခဲ့ဘဲ မင်းအတွက် သက်သက် အကျိုးဆောင်ခဲ့တာပဲ၊ ဒါပေမယ့် ရုပ်ရှင်ရုံကို လိုက်ပြတဲ့အခါမှာ"ဟု ပြောရင်း စကားထွက်ရန် ခက်ခဲနေသဖြင့် မနည်းတံတွေးမျိုချလိုက်ပြီး "ငါ ဘယ်လိုဖြစ်သွားတယ်မသိဘူး၊ မခင်တင့် ငါလက်ထဲရောက်နေတာကို သိရတော့မှ မင်းကို ရုတ်တရက် သတိရပြီး လွှတ်ပစ်လိုက်မိတယ်၊ ဒါပေမဲ့ ငါ လက်လွန်သွားပြီ"ဟု



ပြောပြီး ရပ်နေပြန်လေ၏။

"ငါ ဒီအကြောင်း မင်းသိရင် မင်း စိတ်မကောင်းမှာစိုးလို့ မြှုံထားခဲ့တာပဲ၊ ငါ ဒီလိုဖြစ်ခဲ့မိတာကို တတ်နိုင်သမျှ မေ့အောင်ကြိုးစားတာပဲ၊ ဒါပေမယ့် နည်းနည်းမှ မမေ့နိုင်ဘဲ မေ့အောင်ကြိုးစားသမျှ ပိုပြီးတော့သာ သတိရနေတဲ့အတွက် ငါ မခင်တင့်ကို ချစ်မိပြီဆိုတာ ငါ့ကိုယ်ငါ စဉ်းစားမိတယ်၊ ဒီလို ငါ့စိတ်ထဲမှာ မခင်တင့်ကို ချစ်မိပေမဲ့လည်း မင်းကိုလည်း အပြောရခက်၊ ငါလည်း ရနိုင်ဖို့ခက်တယ်ဆိုတာကို ငါတွေးမိတဲ့အတွက် ဒီလို ချစ်မိတာကိုလည်း မင်းကို ငါ မပြောဘဲနေခဲ့တာပဲ။ အခုတော့ မင်းဟာ သူ့ကိုမယူနိုင်၊ မင်းစိတ်ထဲကလည်း ပိုင်းဖြတ်လိုက်ပြီဆိုတာကို သိရလို့ ငါ ဒီအကြောင်းကို ဖွင့်ပြောရတော့တာပဲ၊ ငါချစ်မိတာတော့ဖြင့် တကယ်ပဲ အသည်းစွဲဖြစ်နေပြီ"

ဖေသိန်းသည် ဘမြင့်၏ စကားကို တွေဝေနားစိုက်၍ နေလေ၏။ ၎င်း၏ ရင်ထဲမှာ တထိတ်ထိတ် သွေးခုန်လျက်ရှိပေ၏။ တစ်ကိုယ်လုံးမှာလည်း မွန်ထူ၍နေလေတော့၏။ သို့ဖြစ်၍ ဖေသိန်းသည် မိမိကိုယ်ကို မနည်းငြိမ်သက်အောင်ချမ်းအောင် ကြိုးစားပြီးလျှင် 'ဟင်း'ခနဲ သက်ပြင်းချလိုက်ပြီးနောက် မိမိ၏ စိတ်အကြံကို ဘမြင့် မရိပ်မိစေရန် ဝမ်းနည်းခြင်းကို ဖုံးဝှက်သော ရယ်ခြင်းဖြင့် အသံထွက်အောင် ရယ်လိုက်လေ၏။ ဘမြင့်သည် ဖေသိန်း၏ ရယ်ခြင်းကို အံ့သြသောအမူအရာဖြင့် စိုက်ကြည့်နေလေ၏။

"ဟား... ဟား... မင်း ဒီအထိ ဖြစ်နေမှကိုးကွ"ဟုပြောပြီးနောက် "ဒါကြောင့် မခင်တင့် အချစ်ကို မဖြတ်စေချင်ဘူး ဆိုပါတော့၊ နောက်ပြီး မင်းပဲ မင်းကသူအဖြစ်နဲ့ မခင်တင့်ကို ယူပါရစေလို့ မင်း ဆိုချင်တာပေါ့လေ"ဟု မေးလေ၏။

ဘမြင့်သည် ခေါင်းညိတ်လိုက်ပြီးနောက် "ငါတော့ မခင်တင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မရရင် ဒုက္ခတစ်ခုခု ဖြစ်ရတော့မှာပဲလို့ အယူရှိနေတာပဲ၊ သူ့ကို မရရင်တော့ ငါ သေလိမ့်မယ်၊ ဒါ ဒီလိုဖြစ်ရတာဟာ မင်းတို့ စီမံတဲ့အတွက်တွေကြောင့် ဖြစ်ရတာပဲ၊ ဒီလိုဖြစ်လာကာမှတော့ဖြင့် ငါ့အချစ်ကို ဒုက္ခမပေးချင်ပါနဲ့တော့ သူငယ်ချင်းရယ်၊ မင်းလည်း သူ့ကို ဖြတ်နိုင်တယ်ဆိုတဲ့အတိုင်း ဖြတ်လိုက်ပြီးတော့ ငါနဲ့သူ ရတဲ့အထိ အကျိုးဆောင်ပါတော့ သူငယ်ချင်း”ဟု ပြောလေ၏။

ဖေသိန်း၏ စိတ်ထဲတွင် နှမြောဝမ်းနည်းသလိုလို ဖြစ်မိလေ၏။ ဘမြင့်အား ခင်တင့်၏အချစ်ကို ပေးရမည်ဖြစ်သည့်အတွက် ဝမ်းနည်းသလိုလို၊ မပေးလို၍ တွန့်တိုနှမြောသလိုလို ရှိမိလေ၏။

“ဘယ့်နှယ်လဲ သူငယ်ချင်း၊ မင်းပြောတဲ့အတိုင်း သူ့အချစ်ကို မစွန့်နိုင်တော့ဘူးလား”

“ငါ”ဟု ဖေသိန်းသည် စကားစလိုက်ရုံနှင့် ဝမ်းနည်းသံပါကာ အသံကပ်နေသဖြင့် “အဟမ်း’ဟု ချောင်းဟန့် ချွဲရှင်းလိုက်ပြီး “မင်းနဲ့ ဆိုရင် ဘာမဆို ငါ စွန့်နိုင်ပါတယ်၊ ငါ့စိတ်ကို မင်း အသိသားပဲ၊ ဒီအကြောင်းကို ပြောဖို့မလိုပါဘူး၊ ငါလည်း မခင်တင့်ကို ယူဖို့ခက်တယ်ဆိုတာ သိပြီးမို့ စိတ်ပိုင်းဖြတ်ထားတာပါပဲ၊ ဒီလို မင်းနဲ့ မခင်တင့် ချစ်ခင်ပေါင်းသင်းကြရမယ်ဆိုရင် ငါ သိပ်ဝမ်းသာတာပေါ့ကွာ၊ ငါ့ကိုယ်စား ငါနဲ့ပေါင်းရသလိုပါပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးထင်တယ်”

ထိုသို့ပြောလိုက်လျှင် ဘမြင့်သည် အနည်းငယ် စိတ်သက်သာလာသော အမူအရာကိုပြလျက်နေရာမှ ဖေသိန်း၏ နောက်ဆုံးစကားကို ကြားရသောကြောင့် “ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲကွာ၊ ငါ့ကို ဓာတ်ပုံနဲ့လည်း တွေ့ပြီ၊ လူချင်းလည်းတွေ့ပြီ၊ ဒီလိုတွေ့ပြီး ငါ့ကိုပဲ တကယ်ယုံကြည်ချစ်ကြိုက်ပြီး သူ့ကိုယ်ကလေးတောင် အပ်မှပဲကွာ၊ သူက ငါ့ကို ချစ်ဖို့အတွက် ပူစရာလည်းမရှိ၊ မယုံစရာလည်းမရှိ၊ ငါ သူ့ကိုချစ်နေတာ



မင်းလည်းသိတဲ့ အတိုင်းပဲ”ဟု ပြောပြလေ၏။

“မင်း တစ်သက်လုံး မင်းကုသယောင် ဆောင်နေလို့ ဘယ်ဖြစ်နိုင်မလဲ၊ တစ်နေ့နေ့ကျတော့ ပေါ်သွားရင် မခက်ဘူးလား”

“တို့နှစ်ယောက် လက်ထပ်လို့ ညားကြပြီးတဲ့နောက်မှ ပေါ်မှာပဲ၊ ဒီအခါကျတော့ သူလည်း ငါ့ကို ချစ်ပြီးနေမှပဲ၊ မမုန်းနိုင်တော့ပါဘူး၊ မင်းကုသ အစစ်မဟုတ်တာပဲ ငါ့မှာ ခြားနားတာပဲ၊ ငါ့ရုပ် ငါ့သဘော အကုန်လုံး သူချစ်နေမှပဲ”

“မင်း သူ့ကို ယူမယ်ဆိုရင် ဒီအကြောင်းကို အပေါ်ခံလို့ မဖြစ်ဘူး၊ တို့နှစ်ယောက် သေတဲ့တိုင်အောင် ဒီအကြောင်းကို ဝှက်ထားရမှာပဲ၊ ဒီလိုဖြစ်အောင်လုပ်ဖို့ဟာ တစ်နည်းတည်းပဲရှိတယ်၊ ဘယ့်နှယ်လုပ်ရမလဲဆိုရင် မင်းကိုယ်ကို မင်းကုသလုပ်တဲ့ နေ့ကစပြီး ဒီနာမည်ကို တစ်ခါတည်း ဝတ္ထုရေးဆရာတွေရဲ့ စာရင်းထဲက ဖျက်လိုက်ဖို့ပဲ ရှိတယ်... မင်းလည်း ဝတ္ထုရေးဖို့ ဖြစ်မှာမဟုတ်ဘူး၊ ငါလည်း ဒီနာမည်နဲ့ ... မဖြစ်ဘူး၊ ငါ နာမည်အသစ်တစ်ခုနဲ့ ဝတ္ထုရေးရတော့မှာပဲ”

“ဒီလိုဆိုရင် ငါ့အတွက် မင်း ဒုက္ခဖြစ်နေတော့မှာပေါ့၊ တိုင်းပြည်က မင်းကုသဆိုတဲ့နာမည်နဲ့ ဘာပဲရေးရေး ကြိုက်နေတဲ့အတွက် ဒီနာမည်က မင်းကို ထမင်းကျွေးနေတာပဲ၊ မင်းကုသဟာ မင်းပဲဖြစ်ပေမယ့် တခြား ...မည်နဲ့ရေးရင် မင်းကုသရေးတာလောက် မကောင်းဘူးလို့ ထင်နေမှာပဲ၊ ဒီလိုနာမည်သစ်နဲ့ရေးရင် ဝတ္ထုရေးဆရာ ပေါက်စတွေနဲ့ပြိုင်ပြီး ရေးနေရတော့မှာပေါ့”

“အေးလေ ဒီနည်းပဲရှိတော့ ဒီလိုမှမလုပ်ရင် နောင်ကို ... စလုံး ဒုက္ခတွေ တွေ့နေကြရမှာပဲ၊ ဒီလိုလုပ်ရင် ငါတစ်ယောက်တည်း... ဒုက္ခခံရမှာ၊ ဒီဒုက္ခကို ခံနိုင်မလား ... စဉ်းစားဖို့ရှိတာပဲ”

ဘမြင့်မှာ လွန်စွာ စိတ်မချမ်းမသာပဲ အကြံအိုက်၍နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့တာပဲ၊ ငါလည်း မခင်တင့်ကို ချစ်မိနေပြီ၊ သူလည်း နုနုထွတ်ထွတ် အထိးဆို ယင်ဖိုမသန်းဘူးတဲ့ သူ့ကိုယ်ကလေးကို ငါ့လက်ထဲမှာ အပ်ခဲ့မိပြီ၊ ဒီလိုနဲ့ သူ့ကို ဖြတ်လိုက်ရင် သူ့ဘဝဟာ နေထိပန်းလို ဖြစ်တော့မှာပဲ၊ ငါလည်း အချစ်စိတ်နဲ့ ဒုက္ခရောက်ရတော့မယ်၊ သူလည်း လူတကာ ပြောဆိုပုတ်ခတ် သမျှ ခံရတော့မယ်၊ ဒီလိုမဖြစ်စေရအောင် သူနဲ့ ငါနဲ့ လက်ထပ်ဖို့ စီမံ မယ်ဆိုရင်လဲ မင်းကုသဆိုတဲ့ နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ရဲ့ ဘဝဟာ ပပျောက်ဆုံးရှုံးရတော့မယ်၊ ငါ ဘယ့်နှယ်လုပ်ရပါ့မလဲ"ဟု စိတ်ထဲကပြောရင်း ဝမ်းနည်းလှိုက်ဆို့လာကာ ယောကျ်ားရင့်မကြီး တစ်ယောက်လုံး မျက်ရည်စို့၍လာပြီးလျှင် ထိုင်းမှိုင်းပြာဝေသော မျက်လုံးဖြင့် ဖေသိန်းအား စိုက်ကြည့်လေ၏။

"ဖေသိန်း သူငယ်ချင်း၊ ငါ့အတွက်နဲ့တော့ မင်း ဒုက္ခမခံနဲ့တော့၊ ငါ့ဒုက္ခနဲ့ငါပဲ ရှိပစေ၊ ငါ မခင်တင့်ကို မယူတော့ဘူး၊ သူလည်း ဖြစ်ချင်ရာ ဖြစ်ပေစေတော့၊ ဒီဒုက္ခကို မင်းရှာတာ မဟုတ်ဘူး၊ မခင်တင့် ရှာလာတဲ့ဒုက္ခပဲ၊ သူ့ဒုက္ခနဲ့သူ ခံပေစေ၊ မင်းနာမည်ကို မဖျက်နဲ့တော့၊ မင်း ငါ့အပေါ်မှာ သိပ်ပြီးကောင်းခဲ့ပြီ၊ ဒါလောက်နဲ့ ငါတော်ပြီ၊ မင်းကို ဒီထက် ငါဒုက္ခမပေးတော့ဘူး၊ ငါ မခင်တင့်ကို မယူတော့ဘူး၊ ဖြတ်လိုက်တော့မယ်"ဟုဆိုရင်း ဝမ်းနည်း၍လာကာ အနီးရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ပစ်၍ထိုင်ပြီး မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်လေ၏။

ဖေသိန်းသည် ဘမြင့် ဖြစ်နေပုံကို ကြည့်၍နေပြီးနောက် ဘမြင့်အား သနားလာကာ ဘမြင့်အနားသို့ ကပ်သွားပြီးလျှင် မျက်နှာအုပ်ထားသော လက်များကို ခွာလိုက်ရာ မျက်ရည်စကို တွေ့သဖြင့် ဖေသိန်းမှာ ဘမြင့် မချိသည်ထက် ဘမြင့်အား ကြည့်ကာ ပို၍မချိဘဲ ဖြစ်မိလေတော့၏။

"ကဲ ဘမြင့် စိတ်ညစ်ခံမနေနဲ့၊ မင်းလည်း စိတ်မဆင်းရဲရဘူး၊ မခင်တင့်လည်း နာမည်မပျက်ရတော့ဘူး၊ ငါ့စိတ်ကို ငါ ဆုံးဖြတ်လိုက်ပြီ၊



မင်း မခင်တင့်ကိုယူတော့၊ မင်းကုသ ဘဝကို မင်းတို့ရတဲ့နေ့ကစပြီး ငါ စွန့်လိုက်တော့မယ်၊ ငါ စွန့်နိုင်တယ်၊ ငါ ဘာမှပူစရာ မရှိဘူး၊ ငါ ပညာ တတ်တယ်၊ ငါ့ပညာအစွမ်းနဲ့ တခြားနာမည်တစ်ခုနဲ့ ငါ လူသစ်လုပ်နိုင်တယ်၊ ငါ့အတွက် မပူနဲ့ မင်း စိတ်ချမ်းသာတာ မခင်တင့် ဂုဏ်မပျက်တာသာ ငါ ကြည့်ချင်တယ်၊ ကဲ... မင်း မျက်ရည်ကို သုတ်လိုက်တော့"

ဘမြင့်သည် ဖေသိန်းအား အံ့အားသင့်သော အမူအရာဖြင့် ကြည့်နေလေ၏။

"သူငယ်ချင်း မင်း တကယ်ပြောနေတာလား၊ မင်း တကယ်စွန့်နိုင်သလား၊ ငါ့အတွက် မင်း ဒုက္ခခံမနေရပါစေနဲ့"

"ငါ စကားတစ်ခွန်းပြောပြီးရင် ငါ မပြင်တော့ဘူး၊ ငါလည်း ဒုက္ခ ခံဖို့မရှိဘူး၊ ငါ တကယ်ပြောတာ"

ထိုသို့ ပြောလိုက်သည်တွင် ဘမြင့်သည် ဖေသိန်း၏ မျက်နှာကို စိုက်၍ကြည့်ကာ ငါ့သူငယ်ချင်း ငါ့အပေါ်မှာ ဤမျှချစ်ခင် သဘောထားကြီးပါပေသည် တကားဟု ဖေသိန်းကို ချစ်ခင်ကြည်ညိုစိတ်များ ပေါ်ပေါက်လာလေ၏။ ဖေသိန်းလည်း ဘမြင့်အား စိုက်ကြည့်ရင်း ဘမြင့်၏ မျက်နှာတွင် တဖြည်းဖြည်း ရွှင်လန်းသော အရိပ်အရောင်များ တက်ကြွလာသည်ကို တွေ့ရသည့်အတွက် "ဟား... ဟား... ဟား... ဟား"ဟု အသံထွက်အောင် အားရပါးရရယ်ကာ ပျော်ရွှင်သော အမူအရာကို ပြလိုက်မှ ဘမြင့်သည် ရှက်ပြုံးဝမ်းသာစွာ ရယ်လိုက်လေတော့၏။

ႁ

www.burmeseclassic.com

www.burmeseclassic.com

"မယားကလေး ရွှေသဇင်ညှာ၊ အစဉ်မကွာ၊ ပေါင်းလေမှာ... တစ်ပါးဖေမပြင်ပါ... တူနဲ့လယ်ဘက် တဲနယ်ပြောင်... အကြောင်းရဲ့ကံ နှစ်ဖြာ... မင်းနဲ့ငါနဲ့ ဆုံစည်းတာ... မခင်တင်နဲ့ ကိုဘမြင့်နဲ့ ဆုံစည်းတာ ဟဲဟဲ... ဟဲဟဲ"

"ဟား... ဟား... ဟား... ဟား ဘမြင့်၊ မင်းက မခင်တင်နဲ့ ပေါင်းရတော့မှာမို့ သိပ်ပျော်နေတာပေါ့လေ၊ ဒီလိုမြင်ရတာ ငါ သိပ်ဝမ်းသာ တာပဲ"

"ဒါပေါ့ သူငယ်ချင်းရာ၊ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရမယ်ဆိုတာ လောကမှာ ဒီထက်ပျော်စရာ ဘာရှိသေးသလဲ၊ မင်း ကျေးဇူးတွေပဲ"

ဖေသိန်းသည် ပြုံးပြုံးကြီး လုပ်၍နေကာ "ကဲ လူပျိုမျက်နှာကလေး ကို ဝအောင်ကြည့်စမ်းပါရစေဦး"ဟု ဆိုလိုက်သဖြင့် ဘမြင့်က ကြားမှု ပါပါ မျက်နှာပေးဖြင့် ပြုံးစိစိလုပ်၍ ပြလိုက်ရာ ဖေသိန်းမှာ ဘမြင့်၏ အမူအရာကိုကြည့်ပြီး ရယ်မိလေ၏။

ဘမြင့်သည် ခင်တင်၏ ကိစ္စနှင့်ပတ်သက်၍ တိုင်ပင်နှီးနှောရန် မန္တလေးသို့ နှစ်ကြိမ်ရောက်ခဲ့ပြီးပြီဖြစ်ရာ နောက်ဆုံးအကြိမ် သွားရောက်ပြီး



ပြန်၍အလာတွင် လက်ထပ်ဖို့ စီစဉ်ဖွဲ့စပ်ပြီးစီးခဲ့ပြီ ဖြစ်သဖြင့် မခင်တင်နှင့် ပေါင်းသင်းရတော့မည့်အရေးကို မျှော်တွေးကာ ဝမ်းသာရွှင်ပျလျက် ရှိလေ၏။

ဖေသိန်းသည်လည်း မိမိ၏ အချစ်ဆုံးသော သူငယ်ချင်းတစ်ယောက် သည် မိမိ ချစ်သူတစ်ဦးနှင့် ဖူးစာဆုံတော့မည်ကို တွေးတောကာ ကျေနပ်ဝမ်းမြောက်လျက် ရှိလေ၏။ မိမိသည် မိမိ၏ သူငယ်ချင်းတစ် ယောက်ကို ဤမျှ ဆောင်ရွက်ပေးလိုက်ရခြင်းအတွက် ဖေသိန်းမှာ ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိပေ၏။

သို့ရာတွင် ဖေသိန်းမှာ ဘမြင့်အတွက် လုံးဝဆောင်ရွက်၍ မပြီး သေးချေ။ ဘမြင့် မင်္ဂလာဆောင်ရန်အတွက် ရှိရှိသမျှ တာဝန်တို့ကို မိမိသာလျှင် ထမ်းရွက်ရန် ရှိနေသေးပေ၏။ ဘမြင့်နှင့် မခင်တင်တို့ လက်ထပ်ထိမ်းမြားရန်ကိစ္စကို ကြီးကြီးကျယ်ကျယ် ထည်ထည်ဝါဝါ လက်ထပ်ပွဲကျင်းပခြင်းမပြုဘဲ လူကြီးစုံရာရှေ့တွင် ပြောဆိုတောင်းရမ်း ၍ အေးအေးချမ်းချမ်းပင် လက်ထပ်ရန် သဘောတူညီကြပြီ ဖြစ်သော်လည်း မြန်မာထုံးတမ်းအရ ခန်းဝင်ပစ္စည်းများကို ဝယ်ရန် လိုလျက်ရှိနေရာ၊ ထိုအတွက် ဖေသိန်းကပင် ငွေလေးငါးခြောက်ရာ ရှာဖွေပေးရမည့် တာဝန်ကြီး ကျန်ရစ်လျက် ရှိနေသေးပေ၏။

ဖေသိန်းမှာ မိမိ၏ လက်ထဲတွင် ငွေလေးငါးဆယ်မျှကိုပင် ဘယ်အခါကမျှ စုဆောင်း၍ မိုလျှံသည်မရှိခဲ့သဖြင့် ထိုတာဝန်ကို ကိစ္စ ပြီးမြောက်ရန် ငွေရှာဖို့ရေး ကြံကြိုက်၍လာပြန်လေ၏။ ဖေသိန်းမှာ ထိုမျှသော ငွေကို ရရှိပြည့်စုံရန်အတွက် ငွေရှာနည်း နှစ်နည်းသာ ရှိပေ၏။ တစ်နည်းမှာ မတန်တဆ အတိုးပေး၍ ငွေချေးရန်ဖြစ်ပြီးလျှင် အခြား တစ်နည်းမှာ ဝတ္ထုရှည်ရေး၍ ရောင်းချရန်ဖြစ်ပေ၏။

လက်ထပ်ရန် စီစဉ်ထားသော နေ့ရက်မှာ များစွာ မကျန်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်သဖြင့် ထိုအတွင်း ဝတ္ထုရှည်ကြီးတစ်ပုဒ်ပြီးအောင် ရေးနိုင်ဖို့ရန် အတော်ပင် ခဲယဉ်းသဖြင့် မင်္ဂလာ ခန်းဝင်ပစ္စည်းများ ဝယ်ခြမ်းနိုင်ရန် အမြန်ဆုံး ငွေရနည်းမှာ ငွေချေးရန်ဖြစ်သည်ဟု ယူဆကာ သတင်းစာတိုက်ကြီး တစ်တိုက်တွင် အတိုးနှင့် ငွေချေးစားနေသော ငွေကိုင်စာရေးကြီး တစ်ဦးထံ ကပ်ရပ်ရလေ၏။

ငွေတိုးချေးစားသူတို့မှာ လခစား သမားများကိုသာ အယုံအကြည်ရှိကာ လွယ်လင့်တကူ ချေးငှားတတ်ကြလေရာ ဖေသိန်းမှာ ဝတ္ထုဆရာဖြစ်၍ ရသည့်အခါ ရ မရသည့်လတွင် မရသောကြောင့် ဖေသိန်း ပျက်ကွက်ခဲ့သော် လခကို ဝရမ်းကပ်စရာမရှိသည့်အတွက် အင်တင်တင်လုပ်နေသဖြင့်–

“ကျွန်တော့်ကို ဘာမယုံစရာရှိသလဲဗျာ၊ ကျွန်တော် ဒီတိုက်မှာ ဝတ္ထုတွေရေးပြီး အမြဲဆက်သွယ်နေတာပဲ၊ ကျွန်တော် ငွေထုတ်တဲ့အခါ ဖြတ်ပြီးယူရုံပေါ့၊ ကျွန်တော့်ငွေဟာ ခင်ဗျားလက်ထဲမှာ ရှိတာပဲ”ဟုပြောမှ ငွေကိုင်စာရေးလည်း ကျေနပ်၍သွားလေ၏။ သို့ရာတွင် ဖေသိန်းအား ငွေလေးငါးရာချေးရန် စိတ်မချဘဲ “ကျုပ် ခင်ဗျားကို ငွေနှစ်ရာသာ ချေးနိုင်မယ်”ဟု ပြောလေ၏။

“ချေးမဲ့ချေးရင် ငါးရာချေးပါဗျာ၊ မယုံလို့လား”

“မယုံလို့ မဟုတ်ပါဘူး၊ ကျုပ်ချေးမဲ့ငွေဟာ ကျုပ်အပိုင် မဟုတ်ဘူး၊ ကျုပ် နှမဆီက ယူပြီးပေးရမှာ၊ ငွေနှစ်ရာတောင် မနည်းပြောရမှာ အပေါင်ရှိတာလဲ မဟုတ်ဘူး”

“ခင်ဗျား မန်နေဂျာသိရင် အလုပ်ပြုတ်မှာစိုးလို့ ခင်ဗျားငွေ မဟုတ်ဘူး ပြောတာလား၊ ကျွန်တော် မပြောပါဘူးဗျာ၊ ဘယ်သူမှ မသိစေရပါဘူး”

“ဘုရားစူးရစေရဲ့၊ ကျုပ် တကယ်ပြောတာပါ၊ အဲဒီငွေကို ယူမယ်ဆိုရင် လစဉ် တစ်ရာကို တစ်ဆယ်တိုး ဆပ်ရလိမ့်မယ်”



ဖေသိန်းမှာ အတိုးများလွန်းသည်ကိုကြည့်၍ မနေနိုင်တော့ပေ။ ငွေနှစ်ရာမျှကိုပင် အပေါင်ပစ္စည်းမရှိဘဲရမည် ဆိုသည်ကို တော်လှပြီဟု အောက်မေ့ကာ ငွေနှစ်ရာ ချေးလိုက်လေ၏။

သို့ရာတွင် ထိုငွေနှစ်ရာမှာ ခန်းဝင်ပစ္စည်း ဝယ်ရန်အတွက် ဘာမျှမဖြစ်လောက်သေးချေ။ တစ်မြို့မှ တစ်မြို့သို့ သွားရောက်လက်ထပ်ရမည့် ကိစ္စဖြစ်သဖြင့် ပစ္စည်းဖိုး၊ သွားလာစရိတ်၊ အကျွေးအမွေးစရိတ်၊ ရှာဝင်ကြေး၊ မင်္ဂလာကြေးပေးရန်အတွက် အနည်းဆုံး နောက်ထပ် ငွေလေးရာလောက် လိုနေသေးပေ၏။

သို့ဖြစ်၍ ဝတ္ထုရှည်ကို အနည်းငယ်ရေး၍ ကြိုတင်ငွေထုတ်ဖို့ရန် အကြံပြုမိသည်နှင့်အညီ မိမိနှင့် ရင်းနှီးသော သတင်းစာ အယ်ဒီတာ တစ်ဦးနှင့် တိုင်ပင်ကြံစည်ရန် စိတ်ကူးပြီးလျှင် ထိုအယ်ဒီတာထံသို့ သွားရောက်လေ၏။

“အလို… ကိုဖေသိန်း ဒီကနေ့လာတာ တယ်ပြီးစောပါလား၊ ဘာများအကြောင်းရှိလို့လဲ”

ဖေသိန်းသည် မိမိ လာရခြင်းအကြောင်းကို ရုတ်တရက် စကားမပေါက်သေးသဖြင့် “အခု သတင်းစာထဲမှာ ထည့်နေတဲ့ ဝတ္ထုရှည်ဆုံးသွားရင် နောက် ဘယ်သူ့ဝတ္ထု ဆက်ပြီးထည့်ဖို့ စိစဉ်ထားသလဲဟု မေးလေ၏။

“ရွှေဟသာရေးထားတဲ့ ဝတ္ထုတစ်ပုဒ်တော့ရှိတယ်၊ ဒါပေမယ့် သိပ်ပြီး သဘောမကျသေးတာနဲ့ ဒီထက်ကောင်းတဲ့ ဝတ္ထုရမလားလို့ စောင့်နေတယ်၊ မရရင်လဲ ဒါပဲထည့်သုံးရမှာပဲ”

“ဒီလိုဆိုရင် ကျွန်တော့်ဝတ္ထု သုံးပါလားဗျာ”

အယ်ဒီတာသည် ဝမ်းသာသော မျက်နှာဖြင့် “ခင်ဗျား ရေးပြီးသားရှိရင် ပေးလေဗျာ၊ ပြောနေဖို့ လိုသေးသလား၊ ခင်ဗျားတို့ကို စာရေး

www.burmeseclassic.com

www.burmeseclassic.com



ကျကြီးနေ့၏ ဝတ္ထုဆိုရင် ဘယ်အခါမဆို ယူမှာပေါ့”ဟု ပြောလေ၏။

“ရေးတော့ မရေးရသေးဘူး”ဟု ပြောလိုက်ရာ အယ်ဒီတာမှာ ချက်ချင်းအံ့သွားလျက် “အို… ခင်ဗျားဟာက ရေးမှမရေးသေးဘဲနဲ့ ထည့်စေချင်တာက အရင်ကိုဗျ”ဟု ညည်းညူသလို ပြန်၍ပြောလေ၏။

“ခင်ဗျား ဒီဝတ္ထုပြီးရင် ဆက်ပြီးထည့်မယ်ဆိုတာ သေချာရင် ကျွန်တော် ရေးပေးမပေါ့ဗျ”

“ခင်ဗျားရေးလို့ ပြီးနိုင်ပါ့မလား၊ အခုထည့်နေတဲ့ ဝတ္ထုက နောက်တနင်္ဂနွေ တစ်ပတ်လောက်ကြာရင် ဆုံးတော့မယ်”

“အကုန်ပြီးအောင်တော့ ကျွန်တော် ရေးမပေးနိုင်သေးဘူးပေါ့၊ ဒါပေမယ့် ကျွန်တော် စာမျက်နှာ သုံးလေးဆယ် ရေးပေးနင့်မယ်လေ၊ သတင်းစာထဲမှာ ပါပြီးနေရင်း တဖြည်းဖြည်း ရေးပေးမှာပေါ့”

“ဒီလိုဖြစ်ပါ့မလား၊ မတော်တဆ ခင်ဗျား ရေးနေရင်း နေကောင်းလို့ သော်လည်းကောင်း၊ တစ်ခုခုကြောင့်သော်လည်းကောင်း ဆက်ပြီးမရေးနိုင်ဘဲရှိရင် သတင်းစာထဲမှာ တစ်ပိုင်းတစ်စကြီးနဲ့ ဝတ္ထုရပ်ထားရလို့ မဖြစ်ဘူး။ အကုန်လုံးပြီးရင် စိတ်ချရမှာပဲ၊ ဒီလိုမဖြစ်စေရအောင် ခင်ဗျား အာမခံနိုင် ပါ့မလား”

“စိတ်ချပါ၊ သတင်းစာ နာမည်ကို မထိခိုက်စေရပါဘူး”

“နေပါဦး၊ ခင်ဗျား ဘာဖြစ်လို့ ဒါလောက် အရင်လိုနေတာလဲ”

“ဒီလိုဗျာ၊ ကျွန်တော့် မိတ်ဆွေတစ်ယောက် မင်္ဂလာဆောင်ဖို့ အတွက် ကျွန်တော်ကလည်း ငွေလေးငါးခြောက်ရာလောက် အကုန်ခံစရာရှိနေတယ်၊ ကျွန်တော့်မှာ ငွေမရှိဘူး၊ အတိုးနဲ့ တစ်နေရာမှာ ချေးတာလည်း နှစ်ရာသာရတယ်၊ ဒီတော့ ကုန်တဲ့ငွေအတွက်ကို ခင်ဗျားတို့တိုက်မှာ ဝတ္ထုအစ စာမျက်နှာသုံးလေးဆယ်ရေးပြီး ငွေကို ကြိုတင်ထုတ်ဖို့ စိတ်ကူးတာပဲ၊ ဒီကိစ္စဟာ ခင်ဗျား ဆောင်ရွက်ပေးရင် ဖြစ်မှာပဲ”ဟု ပြောပြီးနောက်



“နောက်ပြီး ခင်ဗျားတို့ ကျွန်တော့်ဝတ္ထုကို ယူမယ်ဆိုရင် ဒီဝတ္ထုဟာ မင်းကုသဆိုတဲ့ နာမည်နဲ့ နောက်ဆုံးရေးခြင်းဖြစ်တဲ့ ဝတ္ထုကိုရမှာပဲ၊ ဘာကြောင့်လဲဆိုတဲ့ အကြောင်းတော့ မေးမနေနဲ့တော့”ဟု ပြောလိုက်ရာ အယ်ဒီတာလုပ်သူမှာ အံ့ဩတွေဝေ၍ နေမိလေ၏။

“ခင်ဗျား မမေးနဲ့ဆိုလို့သာ မမေးတော့ပါဘူး၊ ဒါပေမယ့် ဘာကြောင့် ဒါလောက် တိုင်းပြည်မှာ ကျော်ကြားပြီး ဒီနာမည်ကြောင့် ဝတ္ထုတစ်ပုဒ်ကို ငွေလေးငါးရာ ရနေတာကို စွန့်လွှတ်ပစ်မယ်ဆိုတာကိုတော့ သိပ်သိချင်တာပဲ၊ ခင်ဗျား တကယ်ပဲ ဒီနာမည်ကို စွန့်တော့မှာလား”

“တကယ်ပါပဲ၊ သိပ်အရေးကြီးတဲ့ အကြောင်းတစ်ခုကြောင့်ပဲလို့သာ ခင်ဗျားစိတ်ထဲမှာ မှတ်လိုက်ပါတော့၊ နောင်ကို မင်းကုသဆိုတဲ့ နာမည်နဲ့ရေးတဲ့ ဝတ္ထုတွေ တိုင်းပြည်က ဖတ်ရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းကုသ နောက်ဆုံးရေးတဲ့ ဝတ္ထုဆိုပြီး ကြော်ငြာပေတော့”

“ဒါနဲ့ ဇာတ်လမ်းကို ခင်ဗျား စဉ်းစားပြီးသားရှိသလား”

“အို… ကျွန်တော့်ဦးနှောက်ထဲမှာ ဇာတ်လမ်းတွေ အများကြီးပဲ ရှိတယ်၊ ဒီဝတ္ထုက နောက်ဆုံးရေးတဲ့အဖြစ်နဲ့ အကောင်းဆုံး ဇာတ်လမ်းကို ရွေးပြီးရေးပေးပါ့မယ်၊ ကျွန်တော် တောင်းပန်တဲ့အတိုင်း ငွေကို ကြိုတင် ပြီးထုတ်ပေးဖို့ ကျေးဇူးပြုပါ”

အယ်ဒီတာ ဖြစ်သူလည်း စာရေးခြင်းဖြင့် အသက်မွေးကြသူ အချင်းချင်း ဖြစ်သည်နှင့်အညီ မင်းကုသအား ကူညီပါမည်ဟု ဂတိပြုလိုက်လေ၏။

သို့အားဖြင့် ဖေသိန်းသည် ဘမြင့်၏ မင်္ဂလာဆောင်ရန် စရိတ်အတွက် ငွေအလုံအလောက် ရှာဖွေပြည့်စုံကာ အကုန်လုံး ဘမြင့်၏ လက်ထဲသို့အပ်ရင်း ငါ၏ဝတ္တရား ကျေပွန်ပြီဟု အောက်မေ့ ဝမ်းသာ၍ မဆုံးနိုင်ဘဲ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်သည် ဖေသိန်း ပေးအပ်သော ငွေများကို ဝမ်းသာအားရ ယူလိုက်ပြီးနောက် "ဟော့ ဖေသိန်း မင်းလက်ကလေး ငါ ကြည့်စမ်းပါရစေ" ဟု ပြောလိုက်သဖြင့် ဖေသိန်းသည် ဘုမသိ ဘမသိ မိမိ၏လက်တစ်ဖက်ကို ဘမြင့်အား ဆန့်တန်း၍ပေးလေ၏။

ဘမြင့်သည် ဖေသိန်း၏ လက်ကိုဆွဲယူ၍ နမ်းလိုက်ရာ ဖေသိန်းမှာ အံ့အားသင့်လျက် "ဟော့... ဒါ ဘာလုပ်တာလဲကွ"ဟု မေးလေ၏။

"ဩော်... မင်း ငါ့အပေါ်မှာ ဒါလောက် စေတနာ သဒ္ဓါတရား ထက်သန်လွန်းတဲ့အတွက် ဒါနပါရမီ ရင့်သန်ပြီး ဘုရားဖြစ်ခါနီးလို့ အင်္ဂတေစော်များ နံနေပြီးလားလို့ နမ်းကြည့်တာ"ဟု ဖြေလိုက်မှ ဖေသိန်းမှာ ဘမြင့်၏ ရှုပ်နောက်ခြင်းကို သိရှိရယ်မောမိလေ၏။

ထိုသို့လျှင် ဘမြင့်မှာ အစစအရာရာ လိုတာပြီးမြောက်လျက် ချစ်သူအတွက်လည်း မပူရ၊ ငွေကြေးအတွက်လည်း မပူရ၊ ချစ်သူနှင့် ပေါင်းရတော့မည်ဖြစ်သောကြောင့် မိမိ၏ တစ်သက်တွင် ဤမျှလောက် ပျော်စရာကောင်းသည်မှာ မရှိတော့ပြီဟု ဝမ်းသာ၍ မဆုံးနိုင်အောင်ရှိလေ၏။

ဖေသိန်းမှာကား ဘမြင့်ကဲ့သို့ပင် ဝမ်းသာမိသော်လည်း အစဉ်သဖြင့် ဝမ်းသာ၍ မနေအားဘဲ ဘမြင့်၏ ကိစ္စအတွက် စရံငွေများ ယူ၍ထားသော ဝတ္ထုများကို လက်မလည်အောင် ရေး၍နေရရှာလေ၏။

ဤကဲ့သို့ ဖေသိန်းမှာ ဝတ္ထုများကို တစ်ခု အဆုံးသတ် တစ်ခုဆက် တစ်ခုစနှင့် ချာချာလည်၍နေအောင် ရေးရခြင်းအားဖြင့် မအားနိုင်ဘဲ ရှိသောကြောင့် မင်္ဂလာဆောင်ရန်အတွက် ခန်းဝင်ပစ္စည်းများ ဝယ်ရာတွင် မလိုက်နိုင်ဘဲ ဘမြင့် တစ်ယောက်တည်းသာ အိမ်ထောင်ပရိဘောဂဆိုင် များသို့ အနှံ့အပြား သွားရောက်ရွေးချယ် ဝယ်ယူခြင်းကိစ္စကို ကိုယ်တိုင် ဆောင်ရွက်ရလေ၏။

ဘမြင့်သည် နှစ်ယောက်အိပ် ကျွန်းကုတင်ကြီး၊ မှန်ဘီဒိုကြီး၊



တောင်ဆုပ်ခန့်ထုရှိ၍ ဖောင်းအိ ကြွမောက်နေသော မွေ့ရာကြီး၊ ကတ္တီပါ စောင်ကြီးများ၊ ခြင်ထောင်၊ ခေါင်းအုံး စသည်များကို အိမ်ပေါ်သို့ သယ်ယူ၍လာတိုင်း လာတိုင်း ဖေသိန်းသည် စားရေးစာပွဲမှ လှမ်းမျှော်၍ ကြည့်ကာ စိတ်ထဲတွင် မချင့်မရဲကြီး ဖြစ်မိလျက် ဘမြင့် ရွှင်ပြုံးအားရစွာ ဖြင့် ဘယ်ရွေ့ဘယ်မျှ ပေးရကြောင်း အဘယ်မျှကောင်းကြောင်း စသည် တို့ကို ပြောပြသဖြင့် ဖေသိန်းလည်း ဘမြင့် ပြုံးပြသလို ပြန်၍ပြုံးလိုက် သော်လည်း ကြည်ရွှင်စင်ကြယ်စွာ ပြုံးပြသည့်အမူအရာကို မတွေ့ရဘဲ ရှိလေ၏။

ဘမြင့်သည် မိမိနှင့် မခင်တင့်ခြုံရန် ကတ္တီပါစောင်ကြီး နှစ်ထည် ကို ဖြန့်၍ပြရင်း "ဒီမှာ ကြည့်စမ်းပါဦးကွ ဖေသိန်းရ၊ ဟောဒါ တစ်စုံကို ခြောက်ဆယ်ပေးခဲ့ရတယ်၊ အသားတော့ သိပ်ကောင်းတာပဲ၊ နူးလည်း နူးညံ့တယ်၊ ဒါပေမယ့် မခင်တင့်စာထဲမှာ ရေးလိုက်တဲ့ ကြက်ဥနှစ်ရောင်တော့ မရဘူး၊ ကြက်ဥနှစ်နဲ့ အနီးဆုံးအရောင် ဒါပဲရတာပဲ၊ ဘယ့်နှယ်လဲကွ၊ ဒီအိပ်ရာခင်းအရောင်နဲ့ လိုက်ရဲ့လား"ဟု မေးလျက် အိပ်ရာခင်းကို ဆွဲယူယှဉ်ပြလေ၏။

ဖေသိန်းသည် ကလောင်တံကို အသာချကာ ဘမြင့် ပြသည့် အရာများကိုကြည့်ရှုရင်း "မထူးပါဘူးကွာ၊ ဘယ်သူမှလည်း လာပြီးကြည့်မှာ မဟုတ်ပါဘူး၊ ဖေးကာ်ထပ်တဲ့ကိစ္စကလည်း တိုးတိုးတိတ်တိတ်နဲ့ ပြီးမယ့်ဟာပဲ၊ ဒါလောက်တော့ လုပ်မှ မလိုပါဘူး"ဟု ပြောလေ၏။

"ဒါပေမယ့်ကွာ မင်္ဂလာဦးဆိုတာ တစ်ကြိမ်တစ်ခါ ကုန်ရတာပဲ၊ ပြီးတော့လဲ နောင်ကို တစ်သက်လုံးသုံးရမဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် အကောင်းတွေကို သုံးမှပဲ နေရာကျမှာကိုးကွ"ဟု ဘမြင့်က ရှင်းလင်းပြော ပြပြီးနောက် "ဒီဟာထက် မခင်တင့် ဒီအရောင်ကို ကြိုက်မှကြိုက်ပါ့ မလားဆိုတာ ပိုပြီးအရေးကြီးနေတယ်၊ မင်္ဂလာဆောင်တဲ့နေ့မှာ ဝတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးကတော့ မနေ့က စာထဲမှာပါတဲ့အတိုင်းပဲ မန္တလေး ချိတ်ပုဆိုးကို မခင်တင့်ကိုယ်တိုင် မှာထားပြီးသား ဖြစ်နေတဲ့အတွက် ပုဆိုးအဖို့ကတော့ အရောင်အသွေးမတည့်မှာ မပူရတော့ဘူး"ဟု ပြောပြလေ၏။

"နေစမ်းပါဦးကွ၊ ငါ မေးစမ်းပါရစေဦး၊ မခင်တင့် ကြိုက်တဲ့ အရောင်ကို ရမှပဲ ပြီးရတော့မှာလားကွ၊ ကြည့်လို့ လှလှပပရှိမယ်ဆိုရင် ပြီးတာပဲမဟုတ်လားလို့"

"အို... မင်း သူ့ဆီကလာတဲ့ စာတွေကို သေသေချာချာ မဖတ်ဘူးထင်တယ်၊ မခင်တင့်က ဒီအရောင်တွေ၊ ဒီအရောင်တွေကိုမှ ကြိုက်တယ်ဆိုလို့ ဝယ်ရတာမှ မဟုတ်ပဲဟာကွာ၊ အခါတော်ပေးတဲ့ ပုဏ္ဏားဗေဒင်ပညာရှိတွေရဲ့ တို့နှစ်ယောက်ဇာတာကို တွက်ချက်ပြီးတော့ လက်ထပ်တဲ့နေ့မှာ ဘာကိုဆောင်ရမယ်၊ ဘာကိုရှောင်ရမယ်၊ ဘယ်အရောင် ဆင်မြန်းရမယ်ဆိုထားလို့ လုပ်ရတာကိုးကွ"

"ဒါတွေတော့ ငါ ဘယ်သိမလဲကွ၊ ဟိုကို မင်း စာရေးစရာရှိတဲ့ အခါသာ ငါက ရေးပေးရတာပဲ၊ ဟိုက စာပြန်တဲ့အခါ ငါနဲ့မှ ဘာမှမဆိုင်တော့ပဲဟာ ငါ ဘယ်ဖတ်တယ်ရှိသလဲ၊ လာတဲ့စာတိုင်း မဖောက်ဘဲ မင်းကိုပေးတာပဲ"ဟု ပြောပြီးနောက် မိမိ၏ စကားကို ဆက်လက်၍ "မင်းလည်း ကောလိပ်ပညာတွေ တတ်ထားပြီး ဒါတွေကို ဖွဲ့ဖွဲ့မြဲမြဲ လိုက်နာနေရသေး သလားကွ"ဟု မေးလေ၏။

"ဒါပေါ့ကွာ၊ ထုံးစံဆိုတာ မပယ်ကောင်းဘူး ဒီလိုလုပ်တဲ့ အတွက် မှားတယ်လို့ ဘယ်ဆိုနိုင်မလဲ"

"ဒါတွေ လုပ်ရက်သားနဲ့ လင်မယား ကွဲကြပေါင်း ဘယ်လောက် များပြီလဲဆိုတာ မင်းလည်း အသိသားပဲ၊ ဒါနဲ့နေပါဦး ဟိုနေ့ကျတော့ ဘာကို ဆောင်ရမတဲ့လဲ"

"မြေဇာပင် ဆောင်ရမယ်တဲ့"



"အင်း ဗေဒင်ဆရာက နည်းနည်းသနားလိုက်ပေလို့ပေါ့၊ ကုက္ကိုပင်ဆောင်ရမယ်ဆိုရင် မင်းတော့ ဒုက္ခပဲ"ဟု ရယ်၍ပြောလိုက်သဖြင့် ဘမြင့်လည်း ပြန်၍ရယ်မောလေ၏။

ဖေသိန်းသည် စကားရပ်သွားပြီးနောက် ဝတ္ထုကို ဆက်၍ရေးရန် ကလောင်ကို ကိုင်လိုက်လေ၏။ သို့ရာတွင် ဖေသိန်းစိတ်သည် ဝတ္ထုထဲတွင် မဝင်စားတော့ဘဲ ဘမြင့်၏ လုပ်ပုံများထဲတွင်သာ စိတ်ဝင်စားနေသောကြောင့် ကလောင်တံကို ကိုင်ရသည်မှာ ကမ္ဘာချန်ပီယံ အလေးမပွဲတွင် ဝင်၍ယှဉ်ပြိုင်ရသကဲ့သို့ အလွန်လေးလံကာ သယ်မ၍ မရနိုင်အောင်ရှိလေ၏။ ယင်းသို့ စိတ်မပါသဖြင့် ဖေသိန်းသည် ကလောင်တံကို ချပြီးလျှင် ဘမြင့်၏ အပြုအမူကို စိုက်၍ကြည့်နေလေ၏။

ဘမြင့်သည် လေကလေးတချွန်ချွန်ဖြင့် တောင်ဆုပ်ခန့်ရှိသော မွေ့ရာကြီးကို ကြမ်းပေါ်တွင် ဖြန့်ကြည့်ပြီးလျှင် "ဟေ့ ဖေသိန်း၊ ဒီမှာကြည့်စမ်း၊ ဘယ်လောက် စည်းစိမ်ရှိလိုက်မလဲ"ဟုဆိုရင်း မွေ့ရာပေါ်တွင် ပင် လှဲ၍အိပ်ပြလိုက်ရာ ဘမြင့်၏ကိုယ်မှာ မွေ့ရာထဲတွင် အိလျက် မြုပ်၍သွားလေ၏။

ဖေသိန်းသည် ထိုသို့ ဘမြင့် ပြုလုပ်၍ပြရာတွင် မိမိအား ပျော်ရွှင်စေရန် ပြုလုပ်နောက်ပြောင်၍ ပြခြင်းဖြစ်သည့်အတွက် ပြုံးရယ်လိုက်ရသော်လည်း ဖေသိန်း၏ နှလုံးသည်းပွတ် အရင်းအညှာထဲတွင် ရယ်ချင်စိတ် အနည်းငယ်မျှ မပါဘဲ လွမ်းဆွတ်ဝမ်းနည်းခြင်း ဖြစ်မိသောကြောင့် မိမိ၏ မျက်နှာအမူအရာ ပြောင်းလဲသွားသည်ကို ဘမြင့် မသိမမြင် မရိပ်မိစေရန် မျက်နှာကို ငုံ့လိုက်လာ မိမိ ရေးထားသော ဝတ္ထုများပေါ်တွင် မျက်နှာစိုက်၍ ထားလျက်၊ တံတောင်နှစ်ဖက်ကို စားပွဲပေါ်တွင် တင်ပြီး နားထင်နှစ်ဖက်ကို လက်ဝါးဖြင့်ထောက်ခါ မိမိဝတ္ထုထဲတွင် အာရုံစိုက်နေဟန် ပြုလုပ်ရင်းဖြင့် တွေးမိရာ တွေးတောနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေသိန်း၏ ဦးနှောက်မှာ တွေဝေ၍နေလေ၏။ မျက်လုံးများမှာလည်း ငေးမှိုင်၍နေကာ စိုက်၍ကြည့်နေသော စာများကို မမြင်ဘဲ ထိုသို့ ဝေမှိုင်းမှုန်ပြာ၍ နေသည့်အထဲက တရေးရေး ပေါ်ပေါက်လာသော မခင်တင့်၏ သဏ္ဌာန်နှင့် ဘမြင့်၏ သဏ္ဌာန်တို့ကို မွေ့ရာကြီးပေါ်တွင် နှစ်ယောက်သား ယှဉ်တွဲ၍ မျက်နှာချင်းအပ်လျက် ပျော်မွေ့ ရွှင်ပြုံးနေကြပုံကို ထင်မြင်မိသောကြောင့် "သြော်... မခင်တင့်... မခင်တင့် ဘာမှ မသိရှာဘူးနော်၊ သူ့ကိုယ်ကာယ လုလုသွယ်သွယ် ချစ်စဖွယ်ကလေးကို သူ ချစ်နေသူလို့ထင်တဲ့ တခြားသူတစ်ယောက်ရဲ့ လက်ထဲကို အပ်လိုက်ရတော့မှာပဲ"ဟု တွေးမိရာက ဝမ်းနည်း၍လာပြီးလျှင် မိမိအပေါ်တွင် ဤမျှလောက် နှစ်သက်စွဲလမ်းနေပြီး မိမိကလည်း ပြန်လည်၍ ချစ်မိပါလျက် ဖျက်၍မရနိုင်သော ကိစ္စအတွက် လက်လွှတ်လိုက်ရတော့မည်ကို တွေးမိကာ မချိတင်ကဲ လှိုက်လှဲ၍လာပြီးလျှင် ရုတ်တရက် ရှူးသွပ်၍သွားသကဲ့သို့ မိမိ မျက်စိထဲတွင် ထင်မြင်မိသော အရုပ်များ ပေါ်ပေါက်လာရာဖြစ်သော မှုးစကတ်စက္ကူများကို လက်ငါးချောင်းဖြင့် တအားဆုပ်ကိုင် လုံးချေပြီး မျက်နှာကို မဲ့ရွဲ့လျက် စက္ကူများကို လွှင့်ပစ်လိုက်မိလေ၏။

ထိုသို့ ရုတ်တရက် ပြုလုပ်လိုက်သော ဖေသိန်း၏ ထူးခြားသော အမူအရာနှင့် လွှင့်စင် ပြန့်ကြဲ၍သွားသော စက္ကူများကို ဘမြင့် တွေ့မြင်လိုက်ရသည်တွင် အံ့အားသင့်ကာ ကြက်သေသေလျက် ငေး၍ကြည့်နေမိပြီးမှ မွေ့ရာပေါ်တွင် လှဲလျောင်းနေရာက ထ၍လာပြီးလျှင် စိုးရွံ့တုန်လှုပ်သော အမူအရာဖြင့် "ဖေသိန်း... ဖေသိန်း ဘာဖြစ်လို့လဲ"ဟု မေးလေ၏။

ဖေသိန်းမှာ မိမိပြုမိသော အမူအရာကို ဖြေရှင်းရန် ခက်၍နေလေ၏။ မိမိ၏ စိတ်ထဲ၌ ဖြစ်ပွားမိသော အကြောင်းအရာကို ဘမြင့် ရိပ်မိ၍သွားလေပြီလောဟူ၍လည်း ပူပန်မိလေ၏။ သို့ရာတွင် ဖေသိန်းသည် မိမိ ရူးကြောင်ကြောင်ဖြစ်၍နေခြင်းကို ကြာရှည်စွာ ဘမြင့် မသိမြင်စေရန်



လှည့်ပတ်၍ ပြောရန်စကားကို အမြန်ဆုံး စိတ်ကူးထုတ်ပြီးလျှင် "ဘာမှ မဖြစ်ပါဘူးကွာ၊ ဝတ္ထုရေးရင်း ဆက်ပြီးရေးစရာ စိတ်ကူးမပေါက်နိုင်လို့ စိတ်ရှုပ်ရှုပ်ရှိတာနဲ့ ထင်ရာလုပ်ပစ်လိုက်တာပဲ"ဟု ပြောလျက် ပြုံးပြလေ၏။

ဘမြင့်မှာမူ ထိုသို့ ဖြစ်သည်ကို ရယ်စရာဟူ၍ မပြောနိုင်ဘဲ စိတ်မကောင်းဖြစ်မိကာ "ခက်တာပဲငါကလဲ မရေးတတ်၊ ရေးတတ်ရင်ဖြင့် ကူပြီးရေးပါရဲ့၊ ဝတ္ထုတွေကလည်း သုံးလေးခု တစ်ပြိုင်တည်းရေးနေရတော့ စိတ်ကူးမပေါက်နိုင်ဘူးဆိုတာ ဟုတ်တာပဲ"ဟု ညည်းတွားသည့်အသံမျိုးဖြင့် ပြောရင်း လွှင့်စင်၍ကျနေသော စာရွက်များကို ကောက်ယူ၍ပေးကာ "ငါ ကမြင်းကြောထနေလို့ အနှောင့်အယှက် ဖြစ်နေရော့လားကွာ"ဟု မေးလေ၏။

"ဒီအတွက်နဲ့တော့ ဘာမှမဖြစ်ပါဘူးကွာ၊ ပျော်ပျော်သာနေပါ၊ ဒီအခါကလေးမှာပဲ ပျော်ရတာ၊ ငါ ကြည့်ချင်ပါတယ်"ဟု ပြောပြီးနောက် ဘမြင့် ကောက်ယူ၍ပေးသော မိမိရေးပြီးသား ဝတ္ထုစာရွက်များကို စိုက်၍ကြည့်နေလေ၏။

ထိုသို့ ကြည့်လိုက်ရာတွင် စာရွက်အချို့တို့မှာ စုတ်ပြဲကုန်လျက် အချို့မှာလည်း ကြေမွကုန်သည်ကို တွေ့ရသောကြောင့် အသစ်ပြန်၍ ရေးမှဖြစ်တော့မည်ကဲ့သို့ ရှိသည့်အတွက် အရင်လိုက်ကာမှ အနှေးဖြစ်ရခြင်းဖြင့် စိတ်မကောင်း ဖြစ်ရပြန်လေ၏။

ဖေသိန်းမှာ စိတ်အညစ်ကြီးညစ်၍ နေလေတော့၏။ ဝတ္ထုများကို လက်လည်အောင် မရေးနိုင်သည့်အတွက်လည်း စိတ်ညစ်၊ ခင်တင့်အား ဘမြင့်၏ လက်ထဲသို့ အပ်ရတော့မည့်အချိန်မှာ နီးကပ်၍လာသည့်အတွက်လည်း စိတ်ညစ်၊ ထိုအကြောင်းကို အစဉ်သတိရ၍ နေစေအောင် ဖန်တီးသကဲ့သို့ မင်္ဂလာဆောင် ခန်းဝင်ပစ္စည်းများကို တွေ့မြင်နေရသည့် အတွက်လည်း စိတ်ညစ်ကာ မိမိကိုယ်ကိုယ်ကို မိမိ သတ်၍သေခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အလွန်မိုက်မဲသော အလုပ်ကြီးတစ်ခုဟူ၍ ပညာရှိများ ကဲ့ရဲ့ခြင်း မပြုကြလျှင် သတ်၍သာ သေလိုက်ချင်မိပေတော့၏။

သို့အားဖြင့် ဖေသိန်းမှာ စိတ်ညစ်ခြင်းကိစ္စ အားလုံးကို ပျောက်အောင် မပြုနိုင်စေကာမူ ခန်းဝင်ပစ္စည်းများကို မမြင်ရလျှင် စိတ်သက်သာရာ ရပေလိမ့်ဦးမည်ဟု ယူဆခါ နောက်တစ်နေ့တွင် ဘမြင့်အား ထိုပစ္စည်းများကို မန္တလေးသို့ပို့ရန် ပြောဆိုပြီးလျှင် အိမ်ထဲမှ မြန်မြန်ထွက်၍ သွားစေရန် မိမိကိုယ်တိုင် ထုပ်ပိုးချည်နှောင်ပြီး မီးရထားပါဆယ်လုပ်၍ ပို့လိုက်ရရှာလေ၏။

သို့ရာတွင် ဖေသိန်းမှာ မခင်တင့် အကြောင်းကို မတွေးဘဲ မနေနိုင်သည့်ပြင် နောက်ထပ် မင်္ဂလာဆောင်ပစ္စည်းများ ပေါ်ပေါက်ဝင်ရောက်၍ လာပြန်သည်ကို တွေ့ရသောကြောင့် တိုး၍သာလျှင် စိတ်ညစ်မိလေ၏။

ထိုသို့ မခင်တင့်၏အကြောင်းကို တွေးမိလေလေ မခင်တင့်အား ဘမြင့်လက်ထဲသို့ ပေးအပ်လိုက်မိခြင်းကို နှမြောစပြု၍ လာလေလေဖြစ်ခါ နောက်ဆုံးတွင် မခင်တင့်ကို ဘမြင့်အား မပေးချင်သည့် အခြေသို့တိုင်အောင် စိတ်ထဲ၌ ဖြစ်ပေါ်လာပြီးလျှင် မခင်တင့် ငါ့ကိုချစ်တယ်၊ ငါလည်း မခင်တင့်ကို ချစ်တယ်၊ မခင်တင့်ကို ငါပဲယူမယ်၊ ငါ့အကြောင်းကို ငါဖော်ပြီး ရေးလိုက်တော့မယ်၊ ငါ အရုပ်ဆိုးတာ သိရပေမယ့် ငါ့ကို သူ မချစ်ဘဲ နေနိုင်မှာမဟုတ်ဘူး။ သူ ရုပ်ကို စုံမက်တဲ့အစားထဲက မဟုတ်ဘူး၊ ငါ့စိတ်သဘောနဲ့ ငါ့ပညာကို စုံမက်တာဟု စိတ်အကြံပြုလျက် ထိုစာကို ရေးရန် ဘမြင့်အား မသိနိုင်အောင် ည ၁၂ နာရီအချိန်လောက် ဘမြင့် အိပ်မောကျ၍ နေသည့်အခါတွင် အိပ်ရာထဲမှ တိတ်ဆိတ်စွာထကာ စာပွဲတင်မှန်အိမ်ကို စက္ကူအုပ်၍ မီးထွန်းပြီးနောက် မခင်တင့်အား ပေးရန်စာကို ရေးရန် အားထုတ်လေ၏။



သို့ရာတွင် ဖေသိန်းသည် နာရီဝက်ကြာသည့်တိုင်အောင် စာတစ်လုံးမျှ ရေး၍မရနိုင်ချေ။ မိမိတို့၏ အရုပ်အရင်းကို မခင်တင့် ကျေနပ်လောက်အောင်ပင် မည်သို့ ရေးရမည်ကို ကြံ၍မရနိုင်ပေ။ မင်းကုသမှာ ဘမြင့် မဟုတ်ဘဲ မိမိဖြစ်သည်ကို မခင်တင့်သိ၍ မိမိအား ကြိုက်လျှင် တော်ရဲ့၊ မကြိုက်လျှင် မိမိလည်းမရ၊ ဘမြင့်လည်း ဆုံး၍နေတော့မည်ကို တွေးမိကာ ချီတုံချတုံ ဖြစ်နေလေ၏။

"အို... ဘာပဲဖြစ်ဖြစ် ငါ ရေးမယ်၊ ငါ့ကို ဖြူတယ်၊ မည်းတယ် မမြင်ရဘဲနဲ့ ငါ့ကို ကြိုက်တဲ့ဥစ္စာပဲ၊ ငါ ဘယ်လောက်ပဲ အရုပ်ဆိုးဆိုး၊ သူ ကြိုက်နိုင်မှာပေါ့"ဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီးလျှင် ဖေသိန်းသည် တင်းမာရက်စက်သောစိတ်ကို ခိုင်မြဲအောင် ကြိုးစားလျက် စာကောက်၍ ရေးလေ၏။ ထိုသို့ စိတ်တင်း၍ ရေးလိုက်ခြင်းဖြင့် ထိုစာမှာ လျှင်မြန်စွာ ပြီး၍သွားကာ ဖေသိန်းသည် မိမိ၏စာကို ပြန်၍ဖတ်ရင်း ကျေနပ်သွားလေ၏။

ထိုကဲ့သို့ စာရေးဖတ်ရှု၍ အပြီးတွင် ဖေသိန်းသည် ရေးပြီးသော စာရွက်ကို သေအချာခေါက်၍ စာအိတ်ထဲသို့ ထည့်ပိတ်ခါ လိပ်တပ်နေစဉ်မှာပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အခန်းထဲမှ ဘမြင့်၏ ပျော်ရွှင်နှစ်ချိုက်စွာ အိပ်မောကျ၍ တရှူးရှူးဟောက်သံကို ကြားလိုက်ရသဖြင့် ငေးတိငေးမှိုင် ကြီး ဖြစ်သွားကာ ဘမြင့် အိပ်နေသည့် အခန်းဆီသို့ လှမ်း၍ကြည့်သည့် မျက်နှာဖြင့် နားစိုက်နေမိလေ၏။

"အီး... အား ဗလပ်... ဗလပ် မခင်တင့်၊ အဲ ဘာဖြစ်လို့ ရူးရူးဝါး အား... ဗလပ်... ဗလပ်"နှင့် ဘမြင့်၏ ယောင်ရမ်းလျက် စကားပြောရင်း လျှာကို ဝါးမျိုသံများကို ကြားလိုက်ရသည်တွင် ဖေသိန်းမှာ တစ်ကိုယ်လုံး တုန်လှုပ်ပြီးလျှင် မျက်လုံးပြူး၍ သွားလေ၏။ ဖေသိန်း၏ တစ်ကိုယ်လုံးမှာလည်း ထူပူ၍သွားကာ ရေးသော ကလောင်တံကို

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချလိုက်မိလေ၏။

ဖေသိန်းသည် မိမိ၏ သေးငယ်သောစိတ်ထားနှင့် မှုံမှုံရှုရှု ပြုမိခြင်းကို တွေးမိလေ၏။ "ဖေသိန်း မင်းလုပ်တာတွေ မှားကုန်ပြီ၊ မင်း သိပ်မှားနေပြီ၊ မင်း စာရေးဆရာတစ်ယောက်လုံး လုပ်နေပြီး ဒါလောက်မှ စိတ်သဘောထား မကြီးနိုင်ဘူးလား၊ တကျော့လော့ဘ ဇောတိုက်ပြီး မိုက်ကြမှားကြတဲ့ အဖြစ်တွေကို တစ်ကမ္ဘာလုံးက အပြစ်ဆိုနေတာ မင်း ကိုယ်တိုင်သိ မင်း ကိုယ်တိုင် စက်ဆုပ်မိပါရက်ကနဲ့ မင်း အခု ဒီလို လုပ်တာဟာ တော်နိုင်ပါ့မလား၊ တကယ်ဆိုရင် ဘပြင့်ဟာ မင်းရဲ့ အချစ်ဆုံး သူငယ်ချင်းပဲ၊ သူပျော်တာဟာ မင်း ပျော်ရတာနဲ့ အတူတူပဲ သူ့အတွက် တစ်သက်လုံး ကျေးဇူးပြုခဲ့သမျှ သံပုရာတစ်ခြမ်းနဲ့ ချေတော့မှာ လား၊ သူ့ခမျာ ဘယ်လောက် ပျော်နေရှာပြီလဲ၊ ဒီလိုပျော်နေတာကို စိတ်ညစ်အောင် လုပ်တော့မှာလား၊ သူ့ခမျာ ခင်တင့်ကို ဘယ်လောက်ချစ် သလဲ အိပ်နေရင်းတောင် နာမည်ကလေးကိုခေါ်ပြီး ယောင်ရမ်းနေပြီ မင်း မခင်တင့်ကို ချစ်တယ်မဟုတ်လား၊ မင်း ဒီလိုချစ်ရင် မခင်တင့်ကို တကယ်တန်းချစ်ပြီး အသက်ထက်ဆုံး ပေါင်းရမဲ့ သူတစ်ယောက်နဲ့ရတာ မင်း ဝမ်းသာစရာပဲ မဟုတ်လား၊ မခင်တင့် အတွက် ဝမ်းသာဖို့ကောင်း သလောက် မင်းသူငယ်ချင်း အချစ်ဆုံးတစ်ယောက်လည်း သူချစ်တဲ့သူ ရတာဟာ မင်း ဝမ်းသာစရာပဲ၊ မင်း တစ်ယောက်တည်း စိတ်ညစ်ခံ ရင် နှစ်ယောက်စလုံး ပျော်ရမှာပဲ၊ သူတို့ ရတာကို မင်း ဝမ်းသာပါ' စိတ်ထဲက ပြောမိကာ "အင်း... လောကကြီးမှာ အချစ်ရယ်လို့ ခေါ်နေ ကြတဲ့ တဏှာရာဂစိတ်ဟာ တယ်ပြီးဆိုးတာပဲနော်။ ဆင်ကန်း တောတိုး နွားသိုး ကြိုးပြတ်ဆိုတာ ကိုယ်တွေ့ကြုံတော့မှ တကယ်ယုံစရာ ကောင်း တော့တာပဲ။ ကံကောင်းလို့ ကံကောင်းလို့၊ ငါ အင်မတန် စဉ်းစားနိုင်လို့ လက်မလွန်ခင် သတိရတော့တယ်"ဟု အောက်မေ့လျက် စာအိတ်ကို



အစိပ်စိပ်အမွှာမွှာ ဖြစ်၍သွားသည့်တိုင်အောင် ဖြဲ၍ပစ်လိုက်ပြီး စိတ်ထဲ၌ မကောင်းကြံမိသမျှတို့ကို ဟင်းခနဲ သက်ပြင်းချကာ မှုတ်ထုတ်ပြီးလျှင် "ငါ ပျော်ပျော်နေတော့မယ်၊ ငါ ဝမ်းသာတော့မယ်၊ ငါပျော်တယ်၊ ငါ ပျော်ပြီ"ဟု လေသံဖြင့် ထွက်ဆိုကာ စားပွဲတင် မီးအိမ်ကို ငြိမ်းလိုက်ပြီးလျှင် နှစ်ချိုက်စွာ အိပ်ရာထဲသို့ ပြန်၍ဝင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အင်း အိုရချေသေးရဲ့"ဟု ဆိုကာ ဘမြင့်သည် လက်နှစ်ဖက်ကို လက်ချောင်းချင်း ပူးယှက်၍ ဆက်ပြီး ခေါင်းပေါ်သို့ မြှောက်တန်းကာ အညောင်းဆန့်သကဲ့သို့ ပြုလုပ်ရင်း "မယားယူရမှာ ပျင်းလိုက်ပါဘိတော့"ဟု ဖေသိန်းအား ပြုံး၍ပြောလိုက်လေ၏။

ဖေသိန်းသည် ဘမြင့်အား ပြန်၍ကြည့်နေပြီးမှ "ဟေ့ အရှုးထနေလို့ မပြီးသေးဘူး၊ ကျောင်းတကာ၊ မင်း အဝတ်အစားတွေကို သိမ်းဦး ညကျတော့ မီးရထားမမီဘဲ ရှိဦးမယ်"ဟု ပြုံး၍ပြောဆိုပြီးနောက် မိမိ၏ အဝတ်အစားများကို ထည့်ရန် သားရေသေတ္တာကြီးကို ခုတင်အောက်မှ ဆွဲ၍ထုတ်ယူလာလေ၏။

ဘမြင့်သည် အလွန်အရေးစိုက်သည့် အမူအရာဖြင့် ပျာပျာသလဲ လုပ်ကာ "အမယ် အစ်ကို နောင်ကြီး၊ နေပါစေ နေပါစေ၊ ကျွန်တော် အကုန်လုပ်ပေးပါ့မယ်၊ နောင်ကြီး ဘာမှအပင်ပန်းမခံပါနဲ့၊ ကျွန်တော်တာဝန် ရှိပါစေ"ဟု ပြောပြောဆိုဆို ဖေသိန်း၏ လက်ထဲမှ သားရေသေတ္တာကြီးကို ကူညီ၍ သယ်ယူသဖြင့် ဖေသိန်းသည် ပြုံးရယ်မိလေ၏။

"ဟား... ဟား ငါ့လူက တယ်ပြီးအလိုက်သိတတ်ပါကလား"



"သြော် မခင်တင့်နဲ့ရအောင် ဆောင်ရွက်ပေးတဲ့ ကျေးဇူးရှင်ဆိုတော့ မင်းကိစ္စကို ဆောင်ရွက်ပေးရမယ့် ဝတ္တရား ရှိတာလားကွ"

ဖေသိန်းသည် ရွှင်ပျသော မျက်နှာနှင့် "ဒီလို ကျေးဇူးသိတတ်တာ ငါ ဝမ်းသာသကွာ၊ ဒီလို ကျေးဇူးသိတတ်တဲ့အတွက် မင်းတို့နှစ်ယောက် သားကြရင် ဒီလင်ဒီမယား အသက်ရာကျော် အိုအောင် မင်းအောင် ပေါင်းကြရပါစေဗျာ"ဟု ဆုပေးလေ၏။

"ပေးတဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံရပါစေဗျာ"ဟု ဘမြင့်က ဖေသိန်း၏ဆုကို ခံယူပြီး ဖေသိန်း၏ သားရေသေတ္တာကို ရှင်းလင်းသုတ်သင် ပေးလေ၏။

ဘမြင့်နှင့် ဖေသိန်းတို့သည် ဘမြင့်နှင့် မခင်တင့် လက်ထပ်ရန် အတွက် ထိုနေ့ည စာပို့မီးရထားကြီးဖြင့် မန္တလေးသို့ သွားရောက်ကြတော့မည်ဖြစ်သောကြောင့် အဝတ်အစားများကို ထုတ်ပိုးထည့်သိမ်းလျက် ရှိကြလေ၏။

ဘမြင့်၏ မီးအာမခံ သံသေတ္တာထဲတွင်ကား ချုပ်လုပ်ပြီးစ အဝတ်သစ်အစားသစ်များဖြင့် ပြည့်၍နေလျက် ဖေသိန်း၏ သားရေသေတ္တာ ထဲတွင်ကား မိမိတို့နှစ်ယောက် ဝတ်ကြသော တစ်ပတ်နွမ်း လုံချည်အဝတ် အစားများထဲမှ အနည်းငယ်မျှသော အကောင်းဆုံး အဝတ်အစားများနှင့် အခြားပစ္စည်း အချို့တို့သာလျှင် ပါရှိလေ၏။

ဘမြင့်သည် မိမိ၏ သေတ္တာထဲသို့ အဝတ်အစားများထည့်ရင်း ဖေသိန်း၏ အပေါင်ဆိုင် သုံးခေါက်ပြန် ပိုးလုံချည် ညှပ်၍ပါလာသဖြင့် "ဟေ့ ဖေသိန်း ဟောဒီမှာ မင်းလုံချည်"ဟုဆိုပြီး ပစ်၍ပေးလိုက်လေ၏။

ဖေသိန်းသည် လုံချည်ကို ကြမ်းပေါ်သို့မကျမီ ဖမ်း၍ယူလိုက်ပြီး "အကောင်းတွေဆို မင်းသေတ္တာထဲထည့်၊ အဟောင်းတွေဆို ငါ့ကိုပေး"ဟု ပြောလိုက်ရာ ဘမြင့်မှာ ထိုစကားကိုကြား၍ စိတ်မကောင်းဖြစ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့ မေသိန်းရာ၊ မင်းကတော့ နောက်လိုက်တာပဲ၊ ဒါပေမယ့် ငါ စိတ်မကောင်းဘူး၊ ဒီပစ္စည်းတွေ၊ ဒီအဝတ်အစားတွေ မင်းပေးလို့ ငါရတာပါကွာ၊ ငါက အကောင်းတွေဝတ်ပြီး မင်းမှာ အဟောင်းတွေသာ ဝတ်ရတာကို တွေးမိရင် ငါ စိတ်မကောင်းဘူး"ဟု ပြောပြလိုက်ရာ

"ဘာမှ စိတ်မကောင်းမရှိပါနဲ့ သူငယ်ချင်းရာ၊ မင်း ဝတ်ရမင်းပျော်ရရင် ငါ ပျော်တာပဲ၊ ငါပျော်ရင် မင်း ဘာစိတ်မကောင်းစရာရှိသလဲ၊ ကျေနပ်ဖို့ပဲရှိတယ် မဟုတ်လား"ဟု ဖြေလိုက်လေ၏။

ထိုအခါမှ ဘမြင့်မှာ ကျေနပ်ပြုံးရွှင်၍သွားပြီးနောက် မီးရထားဆင်းရန် အချိန်သို့ ရောက်လာသည့်တိုင်အောင် သီချင်းတကျော်ကျော်နှင့် အပျော်ကြီးပျော်နေလေ၏။

စာရေးဆရာ၊ ပန်းချီဆရာ၊ အယ်ဒီတာအချို့တို့လည်း မီးရထားဆင်းခါနီးအချိန်တွင် ရောက်၍လာကြကာ ပျော်ရွှင်ရှုပ်နောက်၍ နေကြပြီးနောက် အချိန်စေ့ရောက်၍ လာသည့်အခါတွင် ဘမြင့်နှင့် မေသိန်းတို့၏ ပစ္စည်းများကို တစ်ယောက်တစ်ခုစီ သယ်ယူကာ ရှင်လောင်းလှည့်သကဲ့သို့ (ရွှဲ)ဟာစ်လျက် တစ်ယောက်စီ စီတန်းပြီး အိမ်ပေါ်မှဆင်းကြလေ၏။

❒

ဘမြင့်နှင့် မေသိန်းတို့ လာကြတော့မည်ဟု စာရကတည်းကပင် မခင်တင့်မှာ အပျော်ကြီး ပျော်ရွှင်လျက်ရှိကာ ၎င်းတို့ ရောက်ရှိလာကြမည့်နေ့ နံနက်တွင် အိမ်ရှေ့မှထွက်၍ တမျှော်မျှော်နှင့် ရှိနေလေ၏။ ထိုသို့ မျှော်နေစဉ်မှာပင် အိမ်ရှေ့တွင် မြင်းရထားတစ်စင်း ဆိုက်ရောက်လာပြီး ရထားနံရံကို တဘုန်းဘုန်းပုတ်၍ "ဟိုး... ဟိုး"ဟူသော ရပ်နိုင်းသံကို ကြားရကာ ရထားရပ်တန့်လိုက်သည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရထားဆီသို့ပြေး၍ ဘမြင့်အား ကြိုဆိုနှုတ်ဆက်ချင်မိသော်လည်း ထိုနေ့တွင် သတို့သား "မေသိန်း" ရောက်၍လာလိမ့်မည်ဟု သိရှိနေကြသော အိမ်နီးပါးချင်းတို့သည် ရထားဆိုက်သံ ကြားရသဖြင့် ထွက်၍ကြည့်နေကြသည့်အတွက် ခင်တင့်မှာ ကလော်၍ထုတ်လျှင် ပုတ်နှင့် အပြည့်ရမည့် မျက်လုံးများရှေ့တွင် ဣန္ဒြေမဲ့အောင် ပြုလုပ်ရာ ရောက်ချေမည် စိုးရိမ်ကာ ဒိဋ္ဌိ၏ ထက်သန်လှသော စိတ်ဇောကို မနည်းနှိမ်နင်း ချုပ်တည်း၍ သွားရလေ၏။

သတို့သားကို မြင်လို၍ ကြည့်နေကြသော အိမ်နီးပါးချင်းတို့သည် ရထားပေါ်မှ ဆင်းလာသော အသားညိုညို၊ ဝက်ခြံထူထူ၊ နဖူးကျဉ်းကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



လိပ်ခွံကွင်း မျက်မှန်နှင့် လူငယ်တစ်ယောက်ကို မြင်လိုက်ကြရသောအခါ အတော်ပင် စိတ်ပျက်၍သွားကြလေ၏။ မခင်တင့်အား ပြိုင်၍နေကြသူ မိန်းမပျိုကလေးတချို့တို့မှာလည်း ဖေသိန်းအား မြင်မိကြသည်တွင် နှာခေါင်းရှုံ့မိကြလျက် "ဒီရုပ်ကြီးကိုများ လှတယ်၊ လှတယ်နဲ့ပြောနေကြတာ ချေးပေးလို့ ဝက်မစားတဲ့ရုပ်ကြီး၊ ဒါနဲ့ရန်ကုန်သားတဲ့၊ ဝတ်စားထားလိုက်တာ မုံရွာက ဆီသည်လောက်မှ မဟန်ဘူး"ဟု အောက်မေ့နေမိကြစဉ် နောက်ထပ်ဆင်း၍လာသော ဘမြင့်ကို မြင်ကြရသောအခါ ငေး၍နေကြလေ၏။

ဘမြင့်နှင့် ဖေသိန်းတို့ ရထားပေါ်မှ ဆင်းကြသည်နှင့် တစ်ပြိုင်နက် ခင်တင့်၏ အဒေါ်ဆိုသူ ဒေါ်လေးကြည်နှင့် အခြားမိန်းမကြီးတစ်ယောက်၊ နောက်ထပ် ယောကျ်ားတစ်ယောက်တို့သည် ပစ္စည်းများကို သယ်ယူရန် ရောက်၍လာကြလေ၏။

ဘမြင့်မှာ ခင်တင့်ကို မြင်ရသည်နှင့် တပြိုင်နက် ဝမ်းသာလုံးဆို့၍ သွားကာ သယ်ယူရန် သတိမရနိုင်ဘဲ ပြုံးရွှင်နှုတ်ဆက်သော မျက်နှာဖြင့် အိမ်ဝင်းထဲသို့ တောက်လျှောက်ဝင်၍သွားရာ ဒေါ်လေးကြည်က ဖေသိန်းအား ဘမြင့်၏ အမူအရာကို မျက်စပစ်၍ ပြလိုက်သဖြင့် ဖေသိန်းမှာ ကြည့်၍ပြုံးမိလေ၏။

ဖေသိန်းသည် ရထားသမားကို အခထုတ်၍ ပေးလိုက်ပြီး မိမိတို့၏ ပစ္စည်းများ ကူညီသယ်ယူပေးကြသည်ကို အားနာသဖြင့် မိမိ ဆွဲနိုင်သမျှ ဆွဲယူ၍လာလေ၏။

ခင်တင့်သည် ဘမြင့်နှင့် ပြုံးရယ်စကား ပြောနေရာမှ မနိုင့်တနိုင် ပစ္စည်းများ သယ်ယူလာသော ဖေသိန်းကို တွေ့ရသဖြင့် အခိုင်းအစေနှင့်တူသော ယောကျ်ားကြီးအား "ကိုဖိုးရွှေ၊ ဟိုမှာ ကူပြီးတော့ သယ်လိုက်ပါဦး၊ သူသယ်တာ ကြည့်နေကြတာကို"ဟုပြောမှ ထိုယောကျ်ားကြီးလည်း



ဖေသိန်း၏ လက်ထဲက သားရေသေတ္တာကို ပျာပျာသလဲ ဆွဲယူလိုက်လေ၏။ ထို့နောက် ဖေသိန်းအနီးသို့ ရောက်လာသည်တွင် ခင်တင့်သည် ချွေးပြန်နေသော ဖေသိန်း၏ မျက်နှာကိုကြည့်ရင်း "ကိုဘမြင့်လည်း ကျွန်မတို့ ရန်ကုန်က ပြန်လာကတည်းက အခုမှပဲ မြင်ရတော့တာပဲ၊ မျက်နှာကြည့်ရတာ အရင်တစ်ခါ မြင်ရတုန်းကနဲ့ မတူဘူး၊ နည်းနည်းပိန်သွားတယ် ထင်တယ်၊ စိတ်မကောင်းလို့လား၊ အလုပ်ပင်ပန်းလို့လား"ဟု မေးလေ၏။

ဖေသိန်းမှာ ရုတ်တရက် မဖြေတတ်သကဲ့သို့ ရှိနေပြီးမှ "စိတ်မကောင်းစရာ ဘာမှမရှိပါဘူး၊ အလုပ်ပင်ပန်းရအောင်လဲ ဘာအလုပ်မှ ရှိတာမှ မဟုတ်ဘဲ မခင်တင့် စိတ်ထင်လို့ပါ၊ နောက်ပြီး ညကလည်း မီးရထားပေါ်မှာ အအိပ်ပျက်လို့ နည်းနည်း မျက်နှာကျသွားတာနဲ့ တူပါတယ်"ဟု ပြောလိုက်ရလေ၏။

ထိုအခါ ခင်တင့်က "ကဲ... ကဲ ဝင်လေ၊ ပစ္စည်းတွေ သူတို့သယ်ပေးကြပါလိမ့်မယ်"ဟု ဆိုတော့မှ ဘမြင့်နှင့် ဖေသိန်းတို့သည် အိမ်ထဲသို့ ဝင်ရောက်ကြလေ၏။

ခင်တင့်လည်း ဘမြင့်နှင့် ဖေသိန်းတို့၏ ပစ္စည်းများကို ၎င်းတို့အတွက် သီးသန့်ထားသောအခန်းသို့ ယူဆောင်စေပြီးနောက် မိခင်ဖြစ်သူနှင့်အတူ အိမ်ရှေ့သို့ ပြန်၍ထွက်လာလေ၏။

ခင်တင့်၏ မိခင်သည် ဖေသိန်းအားမြင်လျှင် "မောင်ဘမြင့်ဆိုတာ မောင်ပဲလား"ဟု မေးရာ၊ ဖေသိန်းမှာ ဣန္ဒြေမပျက်အောင် မျက်နှာထားလျက် "မှန်ပါတယ် ခင်ဗျား၊ ကြီးကြီး ကျန်းမာတော်မူပါစ ခင်ဗျာ"ဟု လောကဝတ်စကားပြောလေ၏။

"ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ကျန်းကျန်းမာမာပဲ"ဟု ပြောပြီးလျှင် ဘမြင့်ဘက်သို့လှည့်၍ "ကဲ မောင်ဖေသိန်းက ညီသည်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်မနေပါနဲ့လေ၊ မင်း မိတ်ဆွေ အဝတ်အစားလဲဖို့ အမောဖြေဖို့ ကြည့်ပြီး စီမံပေးမှပေါ့"ဟုပြောမှ ဘမြင့်လည်း ယောက္ခမလောင်းကြီး၏ ချိုသာသောစကားကို ကြားရ၍ ပြုံးရွှင်ကျေနပ်စွာဖြင့် ဖေသိန်းအတွက် ပြင်ဆင်ပေးလေ၏။

ထို့နောက် လက်ဖက်ရည်သောက်ကြရင်း ခေတ္တထိုင်၍ စကားပြောဆိုနေကြပြီးနောက် မင်္ဂလာဆောင် ကိစ္စအတွက် အခမ်းအနား ပြင်ဆင်ရန်နှင့် အခြားလုပ်ကိုင်စရာများ ရှိကြသည့်အတွက် အေးအေးလူလူ ကောင်းစွာ ထိုင်၍ ပြောမနေနိုင်သေးဘဲ စားပွဲ၊ ဘီရို၊ ကုလားထိုင်များ ရွှေ့ကြပြောင်းကြ ခြတ်ပုံများ ဖြုတ်ကြဆင်ကြနှင့် အသီးသီး အလုပ်များနေကြလေ၏။

ဘမြင့်မှာမူကား ခင်တင့်အနားကပင် ခွာသည်ဟူ၍ မရှိတော့ပဲ၊ ချစ်စရာ၊ ခင်စရာ၊ ကြင်နာစရာတွေပြောကာ တပြုံးပြုံးနှင့် ရှိနေလေတော့၏။ ဖေသိန်းမှာမူ မိမိရှေ့တွင် ပြင်ဆင်ခင်းကျင်းနေကြသည်ကို ထိုင်၍ကြည့်မနေနိုင်ဘဲ ဝင်ရောက်ကူညီကာ သံရိုက် စက္ကူကြိုးတန်းဆင်၊ ခန်းဆီးတပ်စသဖြင့် ဘမြင့် ကောင်းစားဖို့အရေးကို ချွေးတလုံးလုံးနှင့် ကြိုးစားနေရှာလေ၏။

ထိုအခိုက်တွင် ခင်တင့် ရောက်လာကာ ဖေသိန်း၏ လုပ်ကိုင်ပုံများကို တွေ့ရသဖြင့် "အို ... ကိုဘမြင့်နှယ်၊ ဒုက္ခရှာလိုက်တာနော်၊ ဒီမှာလာပြီး လုပ်ကိုင်ပေးတဲ့လူတွေ အရှိသားနဲ့၊ အလကား အပင်ပန်းခံတယ်"ဟု ပြောလေ၏။

ဖေသိန်းသည် နဖူးကချွေးများကို သုတ်ရင်း "အားနာစရာမှမရှိဘဲ ဒါလောက်ကလေး လုပ်ရတာ အပန်းမကြီးပါဘူး၊ ဒီကလည်းကြည့်ပြီး မနေတတ်တာနဲ့ ဝင်လုပ်တာပါ"ဟု ပြောစဉ်မှာပင် ခင်တင့်နောက်မှ ဘမြင့် ပါ၍လာပြီး "နေပါစေဗျာ ကိုဘမြင့်၊ ခင်ဗျားလက်ထဲက တူကြီးကို ချထားစမ်းပါ၊ ဒီမှာဗျ လာကြည့်လှည့်စမ်းပါဦး၊ အတွင်းခန်း



ပြင်ထားတာ"ဟု ပြောရင်း လက်ဆွဲ၍ ခေါ်သဖြင့် ဖေသိန်းမှာ ဘမြင့်နောက်သို့ ပါသွားပြီးလျှင် ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ ဘီရို စသည်များ ပြင်ဆင်ထားသည်ကို ကြည့်ရှုရလေ၏။

ထိုသို့ ကြည့်ရှုတွေ့မြင်ရသည့်တွင် ဖေသိန်းသည် ယခင် မိမိ မမြင်လိုသော ပစ္စည်းများကို လှလှပပကြီး ပြုလုပ်ထားသည်ကို ပြန်၍ တွေ့မြင်ရသောကြောင့် စိတ်ထဲတွင် လှုပ်ရှား၍သွားလေ၏။ ထို့နောက်မှ စိတ်နှလုံး ငြိမ်သက်၍ မျက်နှာထား မပျက်အောင် မနည်းကြိုးစားပြီးလျှင် "လှပါ့ဗျာ၊ သိပ်လှတာပဲ၊ ကျွန်တော်လည်း မိန်းမရတော့မှ ဒီနမူနာအတိုင်း အတုခိုးပြီး ပြင်ဆင်ရဦးမယ်"ဟု ရယ်ရယ်မောမော ပြောလေ၏။

ထိုသို့ပြောနေစဉ် မခင်တင့် ရောက်လာပြီး ဖေသိန်း၏ စကားကို ကြားရသဖြင့် "ကိုဘမြင့်လည်း ချစ်ရမယ့်သူ တွေ့နေပြီလား"ဟု မေးလေ၏။

"ဟဲ ... ဟဲ ကျွန်တော် ချစ်တဲ့သူတွေတော့ ပြည့်လို့ပေါ့ ခင်ဗျာ၊ ကျွန်တော့်ကိုသာ ချစ်မယ့်သူ မရှိတာ"

"ဒါဖြင့် ကိုဘမြင့်ဟာ တစ်ဝက်တော့ သေချာနေပြီဆိုတာလို ဖြစ်နေတာပေါ့"

"ဟုတ်ကဲ့ ကိုယ့်ဘက်ကတော့ သေချာနေတာပါပဲ"

ခင်တင့်သည် ဖေသိန်းအားကြည့်၍ ပြုံးနေပြီးမှ "ကိုင်း ကိုဘမြင့် ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဘုရားလည်းဖူး မရောက်ဘူးတဲ့ နေရာတွေလည်း သွားသေးတာပေါ့၊ ကိုဖိုးရွှေကို ကိုဘမြင့် သွားလိုတဲ့နေရာ လိုက်ပြဖို့ ပြောပြီးပါပြီ၊ ကိုဘမြင့် ဒီတစ်ခါပဲ မန္တလေး ရောက်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဒီတစ်ခါပဲ ရောက်ဖူးပါတယ်"

"ရောက်တုန်း လည်ရ၊ ပတ်ရ တွေ့ရမြင်ရ၊ ဖူးရတာပဲ၊ သွားချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာရှိရင်ပြောသာပြော အားမနာပါနဲ့ လိုက်ပို့ပါမယ်။ ကိုဖေသိန်းတော့” ဟု ဆိုပြီးလျှင် ခင်တင့်သည် မိမိ ပြောမည့်စကားကို ရှက်သကဲ့သို့ပြုံးကာ “ရောက်လည်းရောက်ဖူးပြီ၊ နောင်ကိုလည်း မန္တလေးသား ဖြစ်တော့မှာမို့”ဟု ပြောရင်း စကားရပ်လျက် ရယ်နေသဖြင့် ဖေသိန်းလည်း ရောနှောရယ်လိုက်ရလေ၏။ ဘမြင့်မှာကား ထိုစကားမျိုးကို ကြားရလေ ဖိုးကြိုင်းတုတ်ဖြစ်၍ ကျေနပ်လေလေ ရှိနေပေတော့၏။

သို့အားဖြင့် ထိုနေ့အဖို့၌ ဖေသိန်းသည် ရောက်နိုင်သမျှနေရာများသို့ သွားရောက်လည်ပတ်ကာ ပြန်လာပြီးလျှင် မောမောပန်းပန်းနှင့် ပြန်လာပြီးနောက် ခရီးလည်းပန်း၊ လူလည်းနွမ်းသဖြင့် ညစာစားပြီး စောစောအိပ်ရာဝင်လေ၏။

နံနက်ဘက်သို့ ရောက်သောအခါ နောက်တစ်နေ့တွင် မခင်တင့်ဘက်မှ လူကြီးစုံရာနှင့် အရပ်ထဲမှ ရပ်မိရပ်ဖတို့၏ ရှေ့တွင် ပြောဆိုဘောင်းရမ်းရတော့မည်ဖြစ်သောကြောင့် ထိုနေ့တွင် အလုပ်များလျက် ရှိကြလေ၏။

ဘမြင့်မှာကား ယောကျာ်းများတွင် အကြီးဆုံးတစ်ခုဖြစ်သော မင်္ဂလာကြီးကို တွေ့ရတော့မည် ဖြစ်သည့်အတွက် စိတ်အပျော်ကြီးပျော်ကာ ဝမ်းသာ၍မဆုံးနိုင်ဘဲ ရှိလေ၏။ ခင်တင့်မှာလည်း မိမိချစ်ကြိုက်ကြည်ညိုခဲ့သူ စာရေးဆရာကြီး “မင်းကုသ”နှင့် ပျော်ပျော်ကြီးပေါင်းသင်းရတော့မည်မှာ အချိန် နာရီပိုင်းလောက်သာ လိုတော့သည့်အတွက် တွေး၍ပျော်ကာ ဝမ်းသာခြင်းဖြင့် နှလုံးသွေး လှုပ်ရှားလျက်ရှိနေလေတော့၏။

ဖေသိန်းမှာလည်း မင်္ဂလာပွဲကြီးအတွက် ပျော်ရွှင်မိသော်လည်း တစ်ချက်ချက်တွင် ငိုင်သလိုလို မှိုင်သလိုလို ဖြစ်၍သွားကာ အလှအပမွမ်းမံပြုပြင်ထ ားသော ပစ္စည်းများကို မြင်မိတိုင်း အကြောင်းသား စိုက်၍ကြည့်နေမိလေ၏။ သို့ရာတွင် အခြားသောသူများမှာ အလုပ်ရှုပ်လျက် ရှိကြခြင်း



ဖြင့် ဖေသိန်း၏ တစ်ချက်တစ်ချက် တွေဝေ၍နေသည်ကို မည်သူမျှ ဂရုစိုက်မိ မကြည့်မိဘဲ ရှိကြလေ၏။

ထိုသို့ ဖြစ်မိသည့်အခါတိုင်းပင် ဖေသိန်းသည် ချက်ချင်း ပြန်လည်သတိပြုမိကာ ရွှင်ပျသော မျက်နှာကို ဖန်တီးရလေ၏။

ဘမြင့်သည် လုပ်ရင်းကိုင်ရင်း တစ်ခါတစ်ခါ ဖေသိန်း၏အနားသို့ရောက်လာကာ “ဘယ့်နှယ်ကွ၊ ဖေသိန်း ပျင်းနေသလား”ဟု တိုးတိုးကပ်၍မေးလေ၏။

“မပျင်းပါဘူးကွာ၊ အခုလိုအခါလောက် ပျော်စရာကောင်းတာ လောကမှာ ဘယ်ရှိတော့မလဲ”ဟုပြောပြီး မိမိ၏ ပျော်ရွှင်သည့် ဟန်အမူအရာကို ဘမြင့် ထင်မြင်စေရန် လေချွန်လိုက်ရာ ဝမ်းနည်းသံ ကပ်၍နေသဖြင့် လေမှာမမြည်ဘဲ ရှိလေ၏။

သို့ရာတွင် ဘမြင့်မှာ ဖေသိန်းအား အရိပ်အကဲခတ်၍ မနေနိုင်ပဲ တောင်ရှည်ပုဆိုးကြီး တစ်ထည်ကို ယူလာပြီး ဖြန့်ပြကာ “အဲ ဒါ မနက်ဖြန် မင်း ငါ့ဘက်က လူကြီးလူကောင်းလုပ်ပြီး ဝတ်ဖို့ မန္တလေးပုဆိုးကြီး စပယ်ရှယ် မှာထားတာ”ဟု ပြောပြလေ၏။

ဖေသိန်းသည် ပုဆိုးကြီးကို ယူ၍ ကိုယ်ပေါ်တွင် ကပ်ယှဉ်၍ကြည့်ပြီးလျှင် . “ခေါင်းပေါင်းနဲ့ တောင်ရှည်နဲ့ဆိုရင် ပွဲထဲက လူပျက်နဲ့သိပ်တူမှာပဲ”ဟု ပြန်၍ ရယ်မောပြောလိုက်လေ၏။

ဖေသိန်း၏ စကားကို အနီးသို့ လျှောက်လာသော ခင်တင့်က ကြားသဖြင့် “ကိုဘမြင့်က ကိုယ့်ကိုယ်ကို အရုပ်ဆိုးတယ် ထင်နေတယ်မှတ်တယ်၊ ဒါလောက် အရုပ်မဆိုးပါဘူးရှင်”ဟု ပြောလိုက်ရာ ထိုစကားကိုကြားရသည်တွင် ဖေသိန်း၏ စိတ်ထဲ၌ အလွန်အမင်း ကျေနပ်ပျော်ရွှင်သွားလျက် ရယ်စရာအဖြစ်ဖြင့် “အရုပ်တော့ မဆိုးပါဘူး၊ နည်းနည်းအကျည်းတန်တာပဲ”ဟု ပြောလိုက်သည့်အတွက် ခင်တင့်မှာ သွားကလေး

www.burmeseclassic.com

www.burmeseclassic.com



များပေါ်အောင် ရယ်မိလေ၏။

ထိုသို့လျှင် ဖေသိန်းမှာ စိတ်ရှုပ်လိုက်၊ ပျော်ရွှင်လိုက်ဖြင့် ရှိနေရာက ညဘက်သို့ အချိန်ကူးပြောင်းလာသောအခါ "မင်းကုသ" တည်းဟူသော မိမိအပေါ်တွင် ချစ်ကြိုက်စုံမက်နေသူကလေးအား "မင်းကုသ" ဟု မှတ်ထင်ခံရသော မိမိ၏ သူငယ်ချင်း လက်ထဲသို့ အပ်ရတော့မည်မှာ နာရီပိုင်းလောက်သာ လိုတော့သည်ကို တွေးမိခြင်း ဖြစ်ပေါ်လာလေ၏။ တဖြည်းဖြည်း ရွေ့လျက်ရှိသော နာရီလက်တံကြီးသည် မခင်တင့်အား မိမိထံမှ ဘမြင့်ထံသို့ ပို့ဆောင်နေသကဲ့သို့ နာရီစက်သံသည် ချက်ခနဲ ချက်ခနဲမြည်တိုင်း မိမိနှင့် မခင်တင့်တို့မှာ တစ်ထစ်ပြီးတစ်ထစ် တရွေ့ရွေ့ ဝေးလေပြီဟု နှလုံးပြုမိကာ စိတ်နှလုံး မသာမယာ ဖြစ်လာလေ၏။

သို့ရာတွင် မိမိမှာ ဘာမျှမတတ်နိုင်တော့ပြီဖြစ်ပြီးလျှင် ဖြစ်ခဲ့သော ကိစ္စများမှာလည်း ပြုပြင်၍မရသော အခြေသို့ရောက်နေပြီဖြစ်သောကြောင့် မိမိသည် ယခုအချိန်အခါကျမှ ဘာမျှတွေးတောနေဖို့ မလိုတော့ဘဲ မခင်တင့်ကို ဘမြင့်အား ကြည်ကြည်ဖြူဖြူကြီး ပေးအပ်စွန့်လွှတ်လိုက်ပြီး ဝမ်းသာနိုင်သမျှ ကြိုးစား၍ ဝမ်းသာစိတ်ထားဖို့ပင် ရှိတော့သည်ဟူ၍သာ စိတ်ကို ပိုင်းဖြတ်လိုက်ကာ မင်္ဂလာဆောင်ကိစ္စအတွက် လုပ်ကိုင်ပြင်ဆင်နေကြသည်များကို မမြင်၊ မကြားရက ပိုမို၍ စိတ်ဖြူဖြောင့် အေးချမ်းနိုင်မည်ဟု ယူဆလျက် မိမိ၏ အခန်းထဲသို့ ဝင်ရောက်၍ ထိုင်နေလိုက်လေတော့၏။

ထိုကဲ့သို့ ထိုင်နေ၍ အတန်ကြာသောအခါ စေ့ထားသော အခန်းတံခါးသည် တဖြည်းဖြည်း ပွင့်လာသည်ကို တွေ့ရသဖြင့် စိုက်၍ကြည့်လိုက်ရာ တွန်း၀င်၍လာသူမှာ မခင်တင့် ဖြစ်နေသည်ကို တွေ့ရသောကြောင့် အံ့အားသင့်လျက် ကြည့်နေမိလေ၏။

ခင်တင့်သည် ဖေသိန်းကို တွေ့ရသဖြင့် "သြော်... ကိုဘမြင့်



တစ်ယောက်တည်းလား၊ ကျွန်မက ကိုဖေသိန်း ရှိတယ်မှတ်လို့" ဟု ပြော၍ ပြန်လှည့်ထွက်သွားတော့မည်ပြုပြီးမှ ဖေသိန်းဘက်သို့ ပြန်၍လှည့်လာကာ အနားသို့ လျှောက်လာပြီးလျှင် "ကိုဘမြင့် ဖေါင်တိန်ရှိသလား" ဟု မေးလေ၏။

ဖေသိန်းသည် "ရှိပါတယ်" ဟုပြောကာ အခန်းတွင်းရှိ စာပွဲကလေးပေါ်၌ တင်ထားသော ဖေါင်တိန်ကို လှမ်း၍ယူလိုက်လေ၏။

"ကျွန်မတို့လည်း ရွှေဟယ်၊ ပြောင်းဟယ်နဲ့ ဖောင်တိန်တွေ ကလောင်တံတွေ ဘယ်ချောင်ထိုးထားမိတယ် မသိပါဘူး။ ဟောဒီ ငွေပေါင်ဒါဘူးကလေးကို ဆရာမတစ်ယောက်က လက်ဖွဲ့လိုက်တာ နာမည်ရေးပြီး စာကပ်ထားမလို့ ဖေါင်တိန်လိုက်ရှာတာ ဘယ်မှမတွေ့ဘူး" ဟု ပြောရင်း လက်ထဲ၌ပါလာသော ငွေဘူးကလေးကို ထုတ်၍ပြပြီးလျှင် "ဒုက္ခပေးတယ်လည်း မအောက်မေ့ပါနဲ့၊ ကိုဘမြင့်ပဲ ရေးလိုက်ပါတော့" ဟု ပြောလေ၏။

ဖေသိန်းသည် ရွှင်ပျသော မျက်နှာဖြင့် "အို... ဒါလောက်ကလေးနဲ့ ဒုက္ခမရှိပါဘူး၊ ကျွန်တော်က သူများအတွက် ဆောင်ရွက်ရမယ်ဆိုရင် သိပ်ဝမ်းသာတာပဲ" ဟု ပြောရင်း ခင်တင့်၏ လက်ထဲမှ ငွေပေါင်ဒါဘူးကလေးနှင့် စာရွက်ကလေးကို လှမ်းယူလိုက်လေ၏။

"ဆရာမ ဒေါ်သန်းအေး၏ မင်္ဂလာလက်ဖွဲ့လို့ပဲ ရေးလိုက်ပါ" ဟု ပြောပြီး ခင်တင့်သည် ဖေသိန်း စာရေးမည်လုပ်နေသည်ကို စိုက်၍ကြည့်နေပြီးလျှင် "အို... လှလှပပ ဝိုင်းဝိုင်းစက်စက် ရေးဖို့မလိုပါဘူး၊ ရိုးရိုးရေးနေကြ လက်ရေးမျိုးဆိုရင် တော်ပါပြီ" ဟု ဆိုသဖြင့် ဖေသိန်းလည်း မခင်တင့် ပြောသည့်အတိုင်း ရေးပြီးစာရွက်ကလေးကို လှမ်းလိုက်လေ၏။

ခင်တင့်သည် ဖေသိန်း ရေးလိုက်သောစာကို စစ်ဆေးကြည့်ရှုရင်း ခင်တင့်၏ မျက်နှာမှာ လျှင်မြန်စွာ ပြောင်းသွားပြီးလျှင် ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသော မျက်လုံးကလေးများ ပြူးကျယ်၍သွားလေ၏။

ဖေသိန်းသည် ခင်တင့်၏ ရုတ်တရက် မျက်နှာပြောင်းသွားသည်ကို စိုက်၍ကြည့်နေရင်း တစ်စုံတစ်ရာကိုတွေးမိကာ တစ်ကိုယ်လုံး မွှန်ထူပူရှိန်း၍ သွားလေ၏။ ဖေသိန်း၏ စိတ်ထဲတွင် "ဟိုက်... ခက်ကုန်ကြပြီ"ဟု စိုးရိမ်ပူပန်ခြင်းသည် အခိုးအလျှံပြင်းစွာ ဖြစ်ပေါ်မိလေ၏။ မိမိ၏ လက်ရေးကို ခင်တင့် တွေ့၍သွားပြီဖြစ်သဖြင့် မိမိတို့၏ လိမ်လည်လှည့်ဖျားခြင်းသည် ပေါ်ပေါက်သွားပြီဖြစ်သောကြောင့် ရှက်ကြောက်မွှန်ထူပူပင်ခြင်းသည် ဖေသိန်း၏ တစ်ကိုယ်လုံးတွင် ဇောချွေးများ ပြန်စေလျက် အခန်းတွင်းရှိ စာပွဲတင်မီးအိမ်မှ ကျရောက်သော မီးရောင်အောက်တွင် ဖေသိန်း၏ မျက်နှာမှာ ချွေးသီးများဖြင့် ပြောင်လက်၍နေလေ၏။ ပါးစပ်မှာလည်း ဟောင်းလောင်းပွင့်ဟ၍နေကာ ပါးသွယ်နားသွယ်ကျလျက် ပူပင်ခြင်းငှာ ပြည့်လျှံလျက်ရှိသော မျက်လုံးများဖြင့် ခင်တင့်အား စိုက်ကြည့်ရင်း ခင်တင့်၏ ပါးစပ်မှ ထွက်ပေါ်လာမည့် စကားများကို ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် နားစိုက် စောင့်မျှော်လျက်ရှိလေတော့၏။

ခင်တင့်၏ နှုတ်ခမ်းကလေးများမှာ ပါးစပ်တွင်းရှိ စကားများသည် အပြင်သို့ အတင်းထွက်ရန် ရုန်းကန်တွန်းလှုပ်ခြင်း ခံနေရသကဲ့သို့ တလှုပ်လှုပ်တရွရွ ဖြစ်နေလေ၏။ ဖေသိန်းမှာ ထိုသို့ လှုပ်ရွနေသည့် ပါးစပ်ဖျားကလေးများမှ ပွင့်ကွဲ၍ ထွက်လာမည့်စကားများကို မကြားရဲလောက်အောင် ဖြစ်လာကာ အရေထူ အရေပါးများ ရှုံ့ကြုံ့လျက် မျက်နှာကြီး ငုံ့၍သွားလေ၏။

ထိုကဲ့သို့ ခေါင်းငိုက်စိုက်ကြီး ချနေစဉ် "ကို... ကိုဘမြင့်" ဟု ခင်တင့်၏အသံကို ကြားလိုက်ရသောအခါ ကြက်သီးဖြန်းခနဲ ထ၍သွားကာ "ဗျာ"ဟု အောက်မေးလေးသံကြီးဖြင့် ထူးရင်းခေါင်းကိုထောင်ကာ



ခင်တင့်၏ မျက်နှာမကြည့်ဘဲ တစ်ဖက်သို့လွှဲ၍ တွေဝေနားစိုက်၍နေလေ၏။

"ကိုဘမြင့်"ဟု နောက်ထပ် ခင်တင့်က ခေါ်လိုက်မှ ဖေသိန်းမှာ မျက်နှာဖော်လျက် ခင်တင့်အား စိုက်၍ကြည့်ရဲလေ၏။ ထိုသို့ ကြည့်လိုက်ရာတွင် ခင်တင့်၏ မျက်လုံးများမှာ မျက်ရည်ကြည်ကလေးများ လည်၍နေကာ တောက်ပြောင်စူးရှစွာ မိမိအား စိုက်၍ကြည့်နေသည်ကို တွေ့ရလေ၏။

ခင်တင့်သည် ဖေသိန်းကို ကြည့်နေရာက ဝမ်းနည်းလုံးဆို့သော သက်ပြင်းရှိုက်ခြင်းဖြင့် "မင်းကုသဟာ ကိုဘမြင့်ပဲ ဟုတ်တယ်မဟုတ်လား" ဟု မေးလိုက်ရာ ဖေသိန်းမှာ ဘာမျှမဖြေနိုင်ဘဲ ကြက်သေသေပြီး အကြောင်အသား ငေး၍ကြည့်နေလေ၏

"ဟင်... ကိုဘမြင့် ကိုဘမြင့်ဟာ မင်းကုသပဲ မဟုတ်လား"ဟု ခင်တင့်က နောက်ထပ်မေးလိုက်မှ ဖေသိန်းလည်း ဝမ်းနည်းညိုးငယ်သော မျက်နှာဖြင့် "ဟုတ်... ဟုတ်ပါတယ်"ဟု ပြောကာ ခေါင်းငိုက်စိုက်ကြီး ဖြစ်၍သွားလေ၏။

ထိုစကားကိုကြားရလျှင် ခင်တင့်မှာ အသက်မရှူနိုင်အောင် ဖြစ်သွားပြီး ငိုချင်ဝမ်းနည်း ဖြစ်၍လာကာ လည်ချောင်းထဲတွင် တစ်ဆို့နေသော ဝမ်းနည်းလုံးကြီးကို နှုတ်ခမ်းတပြင်ပြင်နှင့် မျို၍ချရာက လက်ထဲ၌ ကိုင်ထားသော ဖေသိန်းရေးသည့် စာရွက်ကလေးမှာ လွတ်၍ကျသွားပြီးလျှင် ခင်တင့်၏ လက်နှစ်ဖက်သည် ဖေသိန်း၏ ပခုံးဆီသို့ ရောက်ရှိသွားလေ၏။ ခင်တင့်သည် ဖေသိန်း၏ ပခုံးကို ဆုပ်ကိုင်လှုပ်ရှားကာ "ကိုဘမြင့် ကိုဘမြင့်၊ ရှင် ဘယ့်နှယ်လုပ်တာလဲ၊ ကျွန်မကို ရူးအောင်လုပ်တာလား" ဟု မေးလိုက်ရာ ဖေသိန်းသည် ခေါင်းငိုက်ဆိုက်ချရာမှ ပြန်၍မော့လိုက်သည်တွင် ဖေသိန်း၏ မျက်တောင်ကလေးများမှာ စွတ်စို၍နေသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေသိန်းသည် ဘာမျှပြန်မပြောနိုင်ချေ။ ပြောမည်ဟု ကြိုးစားသော်လည်း ပါးစပ်ထဲမှ စကားမထွက်၊ ပြောစရာ စကားကိုလည်း စဉ်းစား၍ မရဘဲ၊ ဦးနှောက်ထဲတွင် ထုပ္ပတွေဝေလျက် ခင်တင့်၏ မျက်နှာကိုသာ အကြောင်သား ငေး၍ကြည့်နေမိလေတော့၏။

"ကျွန်မ မေးတာ ပြောစမ်းပါဦး ကိုဘမြင့်ရဲ့၊ ရှင် ဘာဖြစ်လို့ ကျွန်မကို ခုလောက်ကြာအောင် လိမ်ရတာလဲ၊ ကျွန်မကို သက်သက် နှိပ်စက်တာလား ကိုဘမြင့်ရဲ့၊ ရှင် ကျွန်မကို မချစ်ဘဲ မယူချင်ဘဲနဲ့ ကျွန်မကို ချစ်အောင်၊ ကြိုက်အောင်လုပ်ပြီး မိန်းမသားလေးတစ်ယောက် အပေါ်မှာ ပညာရှိနှိပ်စက်တာပေါ့လေ၊ ရက်စက်လှချည့်လား ကိုဘမြင့်ရဲ့" ဟု ပြောရာက ရှိုက်၍ရှိုက်၍လာကာ ငိုသံပါလာပြီးလျှင် မျက်ရည်များ တွေတွေစီး၍ ကျလေ၏။

ဖေသိန်းမှာ မခင်တင့် ဖြစ်ပုံကိုလည်း သနား၊ မိမိ ဖြစ်ရပုံကိုလည်း ဝမ်းနည်းလိုက်ဆိုကာ ခင်တင့်အား ကြည့်နေပြီး "မခင်တင့်၊ မခင်တင့်ကို မချစ်လို့၊ မယူချင်လို့ မဟုတ်ပါဘူး"ဟု ပြောလေ၏။

ခင်တင့်သည် ဖေသိန်း၏စကားကို ကြားလိုက်ရလျှင် အံ့သြခြင်း ရုတ်တရက် ဖြစ်ပေါ်လာကာ "ဘာ... ဘာပြောတယ် ကိုဘမြင့်၊ ကျွန်မကို မချစ်လို့ မဟုတ်ဘူး ဟုတ်လား၊ နို့ ဘာပြုလို့ ကျွန်မကို ဒီလို လိမ်နေတာလဲ"ဟု မေးလေ၏။

"မခင်တင့် မချစ်မှာစိုးလို့"ဟု ဝမ်းနည်းသံကြီးဖြင့် ဖြေပြီး ဖေသိန်းသည် ခေတ္တနားနေပြီးမှ ပြန်လည်ဆက်လက်၍ "ဒါလောက် အရုပ်ဆိုးတဲ့ လူတစ်ယောက်ကို ဘယ်နည်းနဲ့မှ မခင်တင့် ကြည်ညိုချစ်ခင်တဲ့စိတ် ရှိနိုင်မှာ မဟုတ်ဘူးလို့ အောက်မေ့ပြီး မခင်တင့် ဓာတ်ပုံတောင်းတုန်းက ဓာတ်ပုံလိမ်ပြီးတော့ ပို့လိုက်မိတာပဲ၊ မခင်တင့်နဲ့လည်း နောင်ကို တွေ့နိုင်လိမ့်မယ်လို့လဲ မအောင့်မေ့ဘူး။ ဒါပေမဲ့ မထင်တဲ့အတိုင်း



ဖြစ်ပေါ်လာပြီးမခင်တင့် ရန်ကုန်ရောက်လာတော့ လုပ်မိတဲ့ကိစ္စကို ဣန္ဒြေမပျက် လုပ်ရတော့တာပဲ၊ ဒီလိုလုပ်မိပြီးတဲ့နောက် မခင်တင့်တို့ ရန်ကုန်က ပြန်တဲ့အခါမှ မှန်ရာကိုဖွင့်ပြီး ရေးလိုက်မယ်လို့ စိတ်ကူးထားပါရဲ့၊ ဒါပေမယ့် မခင်တင့်တို့ ဖေသိန်းလို့ခေါ်နေတဲ့ ဘမြင့်ဟာ မခင်တင့်နဲ့ တွေ့ပြီးတဲ့နောက် မခင်တင့်အပေါ်မှာ အင်မတန် စွဲလန်းပြီး ကျန်ရစ်ခဲ့တဲ့ အတွက် သူ့အချစ်ကိုလည်း မချိုးဖျက်ချင်၊ မခင်တင့်ကိုလည်း မခင်တင့် အပေါ်မှာ တကယ် မေတ္တာရှိတဲ့သူနဲ့ ရစေချင်တဲ့အတွက် နောင်တော့မှ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီဓာတ်ကြီးကို အပြီးတိုင်ခင်းပြီး ဓာတ်ပေါင်းကျတော့မှ အကြောင်း ရင်းတွေကို ဖော်တော့မယ်ဆိုတဲ့ အကြံနဲ့ ဒီအတိုင်း စီမံတာပါပဲ"ဟု အကြောင်းစုံ ဖွင့်ဟ၍ပြောလိုက်လေ၏။

ခင်တင့်သည် ဖေသိန်း ပြောပြသည့် စကားများကို ကြားရလျှင် ဝမ်းနည်းခြင်းထက် အံ့သြခြင်း ပိုမိုဖြစ်ပွားမိကာ အကြောင်သားငေး၍ ကြည့်နေမိလေ၏။ ရင်ထဲ၌လည်း မေးခွန်းပေါင်းများစွာ ဖြစ်ပွားလျက် ရှိကာ မည်သည့်မေးခွန်းကို အရင်စ၍ ထွက်ဆိုရမည် မသိသကဲ့သို့ ရှိနေပြီးမှ "ဒါဖြင့် ကိုဖေသိန်းဆိုတာ ရှင်ပဲပေါ့"ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်"ဟူသော ဖေသိန်း၏ အဖြေသည် အောက်မေးလေးသံကြီးဖြင့် ထွက်ပေါ်လာလေ၏။

"ကိုဖေသိန်း ဒီလိုလုပ်တာ ကျွန်မကို မချစ်လို့ပေါ့လေ၊ မချစ်လို့သာ တခြားသူဆီ ထိုးပြီးပေးလိုက်တာပေါ့ ဟုတ်လား"

"ပြောပြီကော မခင်တင့်ရယ်၊ မခင်တင့်ကို မချစ်လို့တော့ မဟုတ်ပါဘူး၊ မခင်တင့်ကို တကယ်ပဲ ချစ်ခဲ့မိတာပဲ။ ဒါပေမဲ့ မခင်တင့်လို လှတဲ့မိန်းကလေးတစ်ယောက်ဟာ ကိုဖေသိန်းလို အရုပ်ဆိုးကြီးတစ်ယောက်နဲ့ ဘယ်လိုမှ ကြည့်လို့ တင့်တယ်မှာလည်း မဟုတ်ဘူး၊ စိတ်ထဲမှာ တစ်ထစ်ချ စွဲထားမိခဲ့တဲ့အပြင် ဘမြင့်ကလည်း မခင်တင့်ကို မရရင်

www.burmeseclassic.com

www.burmeseclassic.com



မနေနိုင် အောင် ချစ်နေတာကို တွေ့ရပြန်တော့၊ ကိုယ် အင်မတန်ချစ်တဲ့ သူငယ်ချင်းတစ်ယောက်ဟာ ကိုယ် သိပ်ပြီးချစ်နေတဲ့ သူတစ်ယောက်နဲ့ ရမယ်ဆိုရင် ကိုယ်နဲ့ရတာပဲလို့ စိတ်ပိုင်းဖြတ်ပြီး အခုအတိုင်း စီမံတာပါပဲ”

ခင်တင့်သည် ဖေသိန်း၏ မျက်နှာကို စိုက်ကြည့်နေလေ၏။ ဖေသိန်းလည်း ခင်တင့်၏ မျက်နှာကို စိုက်ကြည့်နေလေ၏။ နှစ်ဦးစလုံး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြကာ မိမိတို့ ပြောဆိုသော စကားနှင့် စိတ်ကူးထဲတွင် အာရုံဝင်စားလျက် ရှိကြသောကြောင့် အခန်း တံခါးဝသို့ ရောက်လာသူတစ်ယောက်ကို ဂရုမပြုမိဘဲ ရှိကြလေ၏။

ဝင်လာသူမှာ ဘမြင့်ပင် ဖြစ်ပါ၏။ ဘမြင့်သည် ခင်တင့် ပျောက်၍သွားသဖြင့် တစ်အိမ်လုံး လိုက်ရှာနေရင်း မိမိတို့အခန်းသို့ ပြန်ရောက်လာသည်တွင် ဖေသိန်းနှင့် ခင်တင့်တို့ ဖြစ်ပျက်နေကြပုံကိုတွေ့ မြင်ရသဖြင့် အံ့အားသင့်ကာ ရပ်၍ကြည့်နေမိရာက ဖေသိန်း၏ စကားကို ကြားလိုက်ရလျှင် တကိုယ်လုံး တုန်လှုပ်ချောက်ချား၍ သွားလေတော့၏။

ခင်တင့်သည် ဝက်ခြံထူပြောသော ဖေသိန်း၏ မျက်နှာကို စိုက်၍ကြည့်နေရာမှ “ဒီလိုဆိုရင် ကျွန်မ ဒုက္ခဖြစ်ရတော့မှာပဲ ကိုဖေသိန်းရဲ့။ ကျွန်မ ကိုဖေသိန်းကိုချစ်တာ လှလိမ့်မယ်ထင်လို့ ချစ်တာမဟုတ်ဘူး။ ကိုဖေသိန်းရဲ့ စိတ်သဘောထားနဲ့ ပညာကို နှစ်သက်လို့ ချစ်တာ၊ ကျွန်မ ကိုဖေသိန်းဆီကို စာရေးစဉ်က ကိုဖေသိန်းဟာ အရုပ်ဆိုးတာကို နည်းနည်းမှ စိတ်ကူးထဲ မထည့်ဘူး။ အရုပ်ဆိုးပေမဲ့လည်း ကျွန်မ နှစ်သက်တဲ့အတွက် ကိုဖေသိန်းကို မမြင်ရခင်ကပဲ ဒီလိုစာရေးလိုက်တာပဲ”ဟု ပြောပြီးနောက် “အခုတော့ ကျွန်မ ချစ်တဲ့သူနဲ့ မပေါင်းရဘဲ ကျွန်မ စွန့်ရတော့မှာလား ကိုဖေသိန်းရယ်”ဟု ပြောရင်းပြောရင်း ရှိုက်၍ငိုလေ၏။

ဘမြင့်မှာ ၎င်းတို့၏ အဖြစ်အပျက်ကို သိရှိနားလည်ပြီးဖြစ်ရကား “ဟိုက်... ခက်ကုန်ပြီ၊ တို့အကြောင်းတွေ ပေါ်ကုန်ပြီ၊ ငါ ဘယ့်နှယ်လုပ်ရ



ပါ့မလဲ”ဟု တွေးတော ထူပူသွားလျက် ပြန်ထွက်ရမှာလည်း အခက် ရှေ့သို့တိုးရမှာလည်း အခက် ဖြစ်၍နေလေ၏။

“မခင်တင့်၊ မခင်တင့် ပြောတဲ့စကားတွေကို ကြားရတာ ကိုဖေသိန်း စိတ်ထဲမှာ သိပ်ဝမ်းသာဖို့ ကောင်းတာပဲ၊ ဒါပေမယ့် အခု လက်လွန်ကုန် ကြပြီ။ ဘယ့်နှယ်လုပ်ကြမလဲ၊ မခင်တင့်နဲ့ ကိုဖေသိန်းတို့တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုချစ်ပေမယ့် ပေါင်းရမှာ မဟုတ်တော့ဘူး။ စီစဉ်ပြီးသား ကိစ္စတွေကို ဘယ့်နှယ်လုပ်ပြီး ဖျက်မလဲ။ နောက်ပြီး ဘမြင့်ကလည်း မခင်တင့်ကို အစွဲကြီးစွဲ၊ အချစ်ကြီးချစ်နေတာပဲ၊ ဒါတင်မကသေးဘူး မခင်တင့်ကတော့ ဘမြင့်ကို တကယ်ပဲ ချစ်နေတာပဲ မဟုတ်လား၊ ဘယ့်နှယ်လဲ ပြောစမ်းပါဦး၊ မခင်တင့် ဘမြင့်ကို ချစ်တယ်မဟုတ်လား၊ ဘမြင့်ဟာ မင်းကုသ မဟုတ်ဘူးဆိုတာကို အခု သိရပြီဖြစ်ပေမယ့် ဘမြင့်ကို မြင်ကတည်းက ချစ်မိတဲ့စိတ်ဟာ မပျောက်ဘူးမဟုတ်လား”

ထိုသို့မေးလိုက်သည်တွင် ဘမြင့်သည် ခင်တင့် မည်ကဲ့သို့ဖြေလိုက် မည်နည်းဟု ရင်ထဲတွင် တထိတ်ထိတ်နှင့် နားစိုက်နေလေ၏။ ခင်တင့်မှာ မူကား ထိုအဖြေကို ချက်ချင်းဖြေနိုင်ရန် အလွန်ခဲယဉ်းလှသဖြင့် နှုတ်ခမ်း တရွရွနှင့် ရှိနေရာက မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း “ကိုဘမြင့်ကိုလည်း ကျွန်မ ချစ်တာပဲ ကိုဖေသိန်းရဲ့၊ ကျွန်မ ဘယ်နှယ့်လုပ်ရပါ့မလဲ”ဟု ပြောကာ ကြိတ်ပြီး ရှိုက်ငိုလေသည်။

ဘမြင့်မှာ ခင်တင့်၏စကားကို ကြားရလျှင် ဝမ်းသာ၍သွားလေ၏။ ထိုသို့ ဝမ်းသာမိရင်း ထူးခြားသောအကြံ ပေါ်ပေါက်လာလေ၏။

ဘမြင့်သည် မခင်တင့်အပေါ်၌ ဖေသိန်း ကြိတ်မှတ်မျိုသိပ်ပြီး ချစ်ကြိုက်နေခဲ့သည်ကို ယခုမှ သိရှိရလေ၏။ ထိုသို့ သိရှိရခြင်းအားဖြင့် “သြော်... ငါ့သူငယ်ချင်း၊ ငါ့အပေါ်မှာ သိပ်ပြီး ချစ်ပါလား၊ သိပ်သဘော ထားကြီးပါလား၊ မခင်တင့်ကို သူ အင်မတန် ချစ်နေပါလျက်နဲ့ ငါက

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတဲ့အတွက် သူ့အချစ်ကိုဖြတ်ပြီး သူ့ချစ်သူကိုတောင် ငါ့ကိုပေးတာပဲ၊ ဒါလောက်ကောင်းတဲ့ သူငယ်ချင်းမျိုးတော့ဖြင့် လောကမှာ မတွေ့နိုင်တော့ဘူး၊ မခင်တင့်ရဲ့ အချစ်ကို ငါ့လက်ထဲအပ်လိုက်တဲ့ အချိန်ကစပြီး သူ့စိတ်ထဲမှာ ငါမသိအောင် ဖုံးပြီး ဆွေးလာခဲ့ရတာ ဘယ်လောက် မချိရှာလိုက်မလဲ"ဟုတွေးတော ကရုဏာသက်သောစိတ်များ တဖွားဖွား ပေါ်လာကာ မိမိအပေါ်တွင် ဖေသိန်း ကောင်းစွာပြုခဲ့သော ကျေးဇူးများကို တစ်ပြိုတည်းတွေးမိပြီးလျှင် ဒီကျေးဇူးတွေ ငါ ဘယ်လိုလုပ်ပြီး ဆပ်ရမှာလဲ ငါ ဆပ်လို့ကုန်နိုင်တော့မှာ မဟုတ်ဘူး။ ဖေသိန်း ကျေးဇူးတွေကို ငါ ဆပ်နိုင်တာ တစ်နည်းထဲပဲရှိတယ်။ ဒီနည်းဟာ မခင်တင့် အပေါ်မှာ ငါ ချစ်မိတဲ့အချစ်ကို ဓွတ်မိုတ်ဖြတ်လိုက်ပြီး ဖေသိန်းလည်း သူချစ်တဲ့သူနဲ့ရ၊ မခင်တင့်လည်း သူတကယ်ချစ်လာတဲ့သူနဲ့ ရအောင် ဒီအရေးမှာ ငါ ဖယ်ပေးလိုက်ရုံပဲရှိတယ်၊ ဒီလိုလုပ်နိုင်ရင် ဖေသိန်း ငါ့အပေါ်မှာ ချစ်သလောက် သူ့အပေါ်မှာလည်း ငါ ဘယ်လောက် ချစ်တယ်ဆိုတာ ပြရာရောက်တဲ့အပြင် ဖေသိန်းကျေးဇူးတွေကို ငါ တတ်နိုင်တဲ့နည်းနဲ့ ဆပ်လိုက်ရာ ရောက်မှာပဲ"ဟု နှလုံးပြုမိလေ၏။

ယင်းသို့ နှလုံးပြုမိသည်နှင့် တစ်ပြိုင်နက် စိတ်ကိုတင်းမာစွာ သန္နိဋ္ဌာန်ပြုကာ ဖေသိန်းနှင့် ခင်တင့်တို့၏ အနီးသို့ ကပ်၍သွားလေ၏။

အနားသို့ လူရောက်လာသည်ကို သိကြသဖြင့် ဖေသိန်းနှင့် ခင်တင့်တို့သည် လန့်ဖျန့်၍သွားကြကာ လာသူကို ကြည့်လိုက်ရာ ဘမြင့်ကို မြင်ကြရသည်တွင် ကြက်သေသေ၍ သွားလေ၏။ ခင်တင့်မှာ ငိုသော မျက်ရည်များ ရပ်တန့်ပြီး ဖေသိန်းလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေလေ၏။ ဘမြင့်သည် ၎င်းတို့အနီးသို့ ရောက်မှ ရုတ်တရက် စကားပြော၍ မထွက်နိုင်သကဲ့သို့ရှိပြီး မိမိ ယတိပြတ် ပြောပြရမည့်စကားကို အပြီးအပိုင် ထုတ်ဖော်ရမည့်အချိန်တွင် ခေတ္တ တွန့်ဆုတ်၍သွားလေ၏။



ဖေသိန်းသည် ဘမြင့်ကို စိုက်ကြည့်နေပြီးမှ "ဘမြင့် တို့ပြောဘာတွေ မင်းကြားသလား"ဟု တုန်ရီစွာ မေး[illegible]လေ၏။

ထိုအခါမှ ဘမြင့်သည် ခေါင်းကိုညိတ်ပြီးလျှင် "ငါ သိပြီ၊ ငါ အကုန်ကြားရပြီ၊ မင်းတို့အကြောင်းတွေ ငါသိပြီ"ဟု ဆိုပြီးနောက် စိတ်ကို တအားယူ၍တင်းကာ "ဖေသိန်း၊ မင်း မခင်တင့်ကို ဒါလောက်ချစ်နေရက်သားနဲ့ အစကတည်းက ဘာဖြစ်လို့ ငါ့ကို ဖွင့်မပြောသလဲ၊ အခုမှ မင်း ချစ်တာကို ငါ သိရတယ်၊ မခင်တင့်လည်း မင်းကို ဘာပဲဖြစ်ဖြစ် ချစ်တယ်ဆိုတာ ငါ သိရပြီ။ ဒီလို မင်းတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်ကြတာ ပေါ်ပေါက်လာပြီပဲ၊ မင်းတို့ ပျော်ပျော်ကြီး ချစ်ကြပေတော့၊ ငါ့ကြောင့် စိတ်အိုက်မနေနဲ့၊ ငါဟာ ကြားက သက်သက် အနှောင့်အယှက် ဖြစ်လာရတာပဲ၊ ငါ့အနှောင့်အယှက် မရှိအောင် ငါ ဖယ်ပေးမယ်၊ ငါ မခင်တင့်အပေါ်မှာ ချစ်တဲ့အချစ်ကို ငါ စွန့်လိုက်တော့မယ် ငါစွန့်နိုင်တယ်"ဟု ပြောလိုက်ရာ နှစ်ယောက်သား အံ့အားသင့်၍ သွားကြလေ၏။

အတန်ကြာမှ ဖေသိန်းက "သူငယ်ချင်း ငါ စိတ်ချမ်းသာစေချင်လို့ မင်း စိတ်အညစ်ခံတော့မှာလား"ဟု မေးလေ၏။

"အို... ငါ ဘာမှစိတ်မညစ်ဘူး၊ မင်းနဲ့ရရင် ငါ့လောက် ဝမ်းသာတဲ့လူ ဘယ်သူရှိဦးမလဲ၊ မင်းတို့ နှစ်ယောက်စလုံးလည်းပျော်ကြ[illegible]ပဲ၊ တို့အားလုံး ပျော်မှာပဲမဟုတ်လား"

ခင်တင့်သည် ဘမြင့်၏စကားကို ကြားရလျှင် ဝမ်းသာသောစိတ်များ ဒီရေအလားကဲ့သို့ လျှင်မြန်စွာ တိုးလာပြီးလျှင် ကြည်လင်တောက်ပသော မျက်လုံးကလေးများဖြင့် ဘမြင့်အား ကြည့်ရာက "ကို[illegible]... အဲလေ ကိုဘမြင့် တကယ် ကျွန်မအပေါ် အချစ်ဖြတ်နိုင်ရဲ့လား" မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်သည် မခင်တင့်၏စကားကို ကြားရ၍ ရုတ်တရက် မချိဘဲဖြစ်သွားရာမှ ထိုစိတ်ကို ချေမှုန်းလိုက်ပြီးလျှင် တဖြည်းဖြည်း ပြုံးရွှင်၍လာသော မျက်နှာဖြင့် "ဖြတ်နိုင်ပါတယ် မခင်တင့်ရယ်၊ ဖြတ်နိုင်ပါတယ်၊ ချစ်တုန်းကလည်း တကယ်ချစ်ခဲ့တာပဲ၊ အခုလဲ မချစ်လို့ မဟုတ်ဘူး၊ ဒါပေမဲ့ ဟိုတုန်းက တဏှာချစ်ဟာ အခုတော့ သဒ္ဓါချစ်ဘဝကို ပြောင်းသွားပြီ"ဟု ပြောလိုက်ရာ မခင်တင့်မှာ ခေတ္တကလေးမျှ အဖြစ်ဆိုးကို တွေး၍ ဆွေးမိပြီးမှ ပြုံးရွှင်ကြည်လင်၍သွားပြီးလျှင် ဖေသိန်းလည်း ဘမြင့် စိတ်သဘောထားကြီးကြီး ထားလိုက်ခြင်းကို မမျှော်လင့်ဘဲ တွေ့ရှိရခြင်းအတွက် အံ့သြချီးမွမ်းမိကာ ပြုံး၍လာလေ၏။

ဘမြင့်လည်း ၎င်းတို့ကိုကြည့်ကာ ပြုံးရာမှ ဝမ်းသာသော ရယ်ခြင်းဖြင့် ရယ်လျက် "ဟား ဟား ဟား သိပ်ဝမ်းသာတာပဲ၊ အခုမှပဲ အပူတွေငြိမ်းတော့တယ်"ဟု ပြောဆိုပြီးနောက် "ဒါထက် ဒီကိစ္စကို အခုညမှာ မဖော်နဲ့ဦး၊ လူကြီးတွေလည်း ဘာမှမပြောနဲ့ဦး၊ မနက်ဖြန်ကျတော့မှ ငါ့နေရာမှာ မင်း ဝင်လိုက်ပေတော့၊ ဒီအခါမှာ အပြင်က လာတဲ့လူတွေကတော့ မင်းနဲ့ ငါနဲ့လဲတာကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး။ အိမ်သားတွေသာ အံ့အားသင့်သွားမှာ ကိစ္စပြီးတော့မှ အိမ်သားတွေကို ဖွင့်ပြောလိုက်ပေတော့။ ဒီတော့မှ သူတို့မှာ စောစောက ထိတ်ထိတ်လန့်လန့်ဖြစ်မိတဲ့ အပူလုံးကြီး ကျသွားပြီး သိပ်ပျော်ကြမှာပဲ"ဟု ပြောလိုက်ရာ ခင်တင့်မှာ ဘမြင့်၏အကြံကို ချီးမွမ်းကျေနပ်မိပြီး ဖေသိန်းလည်း "ဟား... ဟား မင်းအကြံ တယ်ကောင်းပါလား၊ ဒီလို အကြံမျိုးတော့ အင်မတန်ဖြစ်တယ်"ဟု ပြော၍ ရယ်မိလေ၏။

ထိုကဲ့သို့ အကြောင်းစုံသိရှိ ရှင်းလင်းမိကြသည့်အခါမှ သုံးဦးသားရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်ကြခါ မျက်ရည်ဖြင့် စွတ်စိုနေခဲ့သော မျက်လုံး၊ မျက်တောင်၊ မျက်နှာများနှင့် ဆွေးပူညှိုးငယ်ခဲ့ရသော မျက်နှာ



တို့မှာ မိုးသားကင်းစင်သော တိမ်သားကဲ့သို့ ကြည်လင်သာယာလျက်ရှိကြလေတော့၏။

ထိုအခါမှ ၎င်းတို့သည် အချိန်မတော် ညဉ့်နက်၍သွားကြပြီကို သတိရမိကာ အအိပ်ပျက်၍ နေကြလျှင် မနက်ဖြန် လက်ထပ်မည့် အရေးအတွက် အနှောင့်အယှက် ဖြစ်နေကြမည်ကို စဉ်းစားမိကြသဖြင့် ရွှင်လန်းစွာ လူစုခွဲကြပြီး မခင်တင့်လည်း အခန်းထဲမှ ထွက်သွား၍ ဖေသိန်းနှင့် ဘမြင့်တို့လည်း နှစ်ယောက်သား ယှဉ်၍အိပ်ရာဝင်ကြလေ၏။

ဖေသိန်းမှာ မခင်တင့်နှင့်စ၍ တွေ့ကြုံရကတည်းက စိတ်ပင်ပန်းနွမ်းနယ်လာကာ ယခု ညဉ်းယံအချိန်တွင် အကြီးဆုံးသော စိတ်ညစ်ခြင်းသို့ ရောက်ခဲ့ရပြီး ယခုမှ ကာလရှည်လျားစွာ ဖြစ်ပွား ကြီးမားလာခဲ့သော အပူလုံးကြီး ကျ၍သွားသည့်အတွက် စိတ်လက်ကြည်လင်ကာ နှစ်ချိုက်စွာ အိပ်ပျော်သွားလေ၏။

ဖေသိန်းသည် အိပ်လိုက်သည်နှင့် တစ်ပြိုင်နက် နှစ်ချိုက်စွာ ပျော်၍သွားရာက ည နာရီပြန် ၂ ချက် အချိန်လောက်သို့ ရောက်၍လာသည့်အခါတွင် တစ်စုံတစ်ရာ လှုပ်ရှားခြင်းကြောင့် ဖျတ်ခနဲလန့်၍ နိုးလေ၏။ ထိုသို့ နိုးသည်တွင် အိပ်ရာမှ မထဘဲရီဝေငိုက်မြည်းနေသော မျက်လုံးများကို ဖွင့်၍ကြည့်လိုက်ရာ ဖွင့်၍ထားသော ပြူတင်းပေါက်မှ ဝင်ရောက်လာသည့် အာကာသဓာတ်၏ မှုန်မွှားသော အလင်းရောင်ဖြင့် ပြောင်လက်သော ဓားမြှောင်တစ်စင်းကို မြင်လိုက်ရသဖြင့် ငိုက်မြည်းနေသော မျက်လုံးများမှာ ပြူးကျယ်၍သွားလေ၏။ အိပ်ချင်စိတ်မှာ ကုန်၍သွားလေ၏။

ဖေသိန်းသည် ရုတ်တရက် အိပ်ရာမှ ထလိုက်မည်ကြံသော်လည်း ထိုဓားမှာ မိမိ၏ အနီးတွင် ကပ်၍နေလျက် ဓားကိုင်ထားသူမှာ ဘမြင့်ဖြစ်နေသည်ကို တွေ့ရသည့်ပြင် ဘမြင့်သည် မည်သည့်အကြံနှင့်ထိုသို့ ပြုလုပ်နေသည်ကို စုံစမ်းလိုသောစိတ်များ ပေါ်ပေါက်လာသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှထတော့ဘဲ မျက်လုံးကို အသာမှေး၍ ကြည့်နေကာ အံ့သက်မှန်မှန် ရှူပြီး အိပ်ပျော်နေဟန်ဆောင်၍ နေလေ၏။

ဘမြင့်သည် ထိုဓားဖြင့် မိမိအား ထိုးလို၍လား။ သူ့ကိုယ်သူ သတ်လို၍လားဟူ၍ ဖေသိန်းစိတ်ထဲ၌ ဝေခွဲ၍မရဘဲ ရှိသော်လည်း မည်သူ့ကိုပဲထိုးထိုး ဘမြင့် ထိုးမည်ပြုသည်နှင့် တစ်ပြိုင်နက် လက်ကို အတင်းဆွဲလိုက်ရန် ဖေသိန်းသည် အသင့်ပြင်၍ နေလေ၏။

ဘမြင့်၏မျက်နှာကို တစ်ချက်တစ်ချက် ပြူတင်းပေါက်မှ အလင်းရောင် ဟပ်လိုက်သည်တွင် မျက်ရည်စများ ပြောင်လက်သွားသည်ကို တွေ့မြင်ရပြီးလျှင် စိတ်ထဲ၌ ဖြစ်ပွားနေသော အကြံအစည်မှာ တစ်ချက် တစ်ချက် ပါးစပ်မှ လေသံဖြင့် ထွက်ပေါ်ကာ သဲ့သဲ့ကလေး ကြားရသဖြင့် ဖေသိန်းသည် နားစိုက်အာရုံပြု၍ နေလိုက်၏။

"မခင်တင့် မခင်တင့်၊ ကိုဘမြင့်တော့ သေရတော့မယ် ကိုဘမြင့် သိပ်ချစ်ပါရက်နဲ့ ကိုဘမြင့် ကျေးဇူးရှင်အတွက် စွန့်လိုက်ရတာပဲ၊ တခြားသူ ဆိုရင်"ဟု သဲ့သဲ့မျှ ကြားရပြီးနောက် အသံပျောက်၍သွားကာ ခေတ္တမျှ အကြာတွင် ပြင်းစွာ သက်ပြင်းရှူလိုက်သံ ပေါ်လာလေ၏။

"ဖေသိန်း မခင်တင့်နဲ့ရတာ ငါ ဝမ်းမနည်းဘူး ဝမ်းသာတယ်၊ သိပ်ဝမ်းသာတယ်၊ ဒါပေမဲ့ ငါ့စိတ်ကို ဘယ်လိုဖြေရပါ့မလဲ၊ ငါ ဖြေလို့ မရဘူး၊ ငါ အသက်ရှိသမျှ သတိရနေပြီး စိတ်ဒုက္ခခံနေရတော့မှာပဲ၊ ငါသေရင် သူတို့နှစ်ယောက် ပျော်ပျော်နေရမှာ ငါလည်း အပူဇာတ်သိမ်းတာပဲ"ဟုဆိုကာ မိမိကိုယ်ကို မိမိ ဓားနှင့်ထိုး၍သတ်ရန် ရွယ်လိုက်လေ၏။ ဖေသိန်းသည်လည်း ဖမ်းတော့မည်ဟု လက်ပြင်လိုက်လေ၏။ ထိုအခိုက် တွင်မှ ဘမြင့်သည် တစ်စုံတစ်ရာကို တွေးမိပြီး ဓားကို ဘေးသို့ပစ်ချကာ ခေါင်းအုံးပေါ်သို့ မျက်နှာအုပ်၍ ပစ်လှဲချလိုက်လေ၏။

ဖေသိန်းမှာ တစ်ကိုယ်လုံး သွေးသားလှုပ်ရှားကာ ထုပူ၍နေလေ၏။



ဦးနှောက်တွင်း၌ စဉ်းစားခြင်းများ ရှုပ်ထွေး၍ သွားလေတော့၏။ ဘမြင့်၏ အမူအရာကို နားစွင့်အကဲခတ်လိုက်ပြန်သည်တွင် ခေါင်းအုံးပေါ်တွင် မျက်နှာမှောက်လျက် ရှိုက်၍ရှိုက်၍ နေသံကို ကြားရသောကြောင့် ဘမြင့် အပေါ်တွင် အတောမသတ်နိုင်အောင် သနားစိတ်များ ဖြစ်ပေါ်လာလေ၏။

ဘမြင့်သည် မိမိ၏ ကျေးဇူးများကို ထောက်ထွေ့လျက် ၎င်း၏ အချစ်ကို အသည်းပြတ်လုမတတ် ဖြစ်ခြင်းဖြင့် စွန့်လွှတ်လိုက်ရှာသည်ဟု တွေးမိကာ "ငါ မခင်တင့်ကို မယူတော့ဘူး၊ မင်းနဲ့ပဲ ပျော်ပျော်ရွှင်ရွှင်ပေါင်းပေတော့၊ မခင်တင့်ကလည်း တို့နှစ်ယောက်စလုံးကို ချစ်တာပဲ၊ ဘယ်သူနဲ့ ပေါင်းရပေါင်းရပျော်မှာပဲ"ဟု ထ၍ပြောလိုက်မည် ပြုပြီးမှ ထိုသို့ ပြောလိုက်လျှင် ဘမြင့်သည် မိမိ၏ ကျေးဇူးကို ဤနည်းဖြင့်သာ ဆပ်လိုသည့် အတွက် မိမိ စကားကို နားမထောင်ဘဲ ဖွတ်ငြင်းတော့မည်ကို သိသော ကြောင့် ငြိမ်၍နေလေ၏။

ထိုသို့ ရှိနေကြရာက အတန်ကြာသောအခါ ဘမြင့်၏ ငိုရှိုက်သံ သည် တဖြည်းဖြည်း ပပျောက်၍သွားကာ၊ မောမောပန်းပန်းဖြင့် အသက်ရှူသံသို့ ပြောင်းလဲလာသည်ကို တွေ့ရသောကြောင့် ဘမြင့် အိပ်ပျော်သွားပြီဖြစ်သည်ကို သိရလေ၏။

အသက်ရှူသံ ပြင်း၍လာသည်ကို တွေ့ရသည့်အခါမှ ဘမြင့် အိပ်မောကျသွားပြီကို ဖေသိန်း၏ စိတ်ထဲတွင် စိတ်ချမိပြီးနောက် အသံမထွက်ပေါ်စေရအောင် သာယာဖြည်းညှင်းစွာ အိပ်ရာမှထပြီးလျှင် ဘမြင့် ပစ်ချလိုက်သော ဓားမြှောင်ကို အသာကောက်ယူကာ သိမ်းဆည်း လိုက်လေ၏။

ခေတ္တမျှ ကြာသောအခါ ဖေသိန်းသည် စာပွဲတင် မီးအိမ်ကလေးကို စက္ကူအုပ်ကွယ်၍ မီးထွန်းပြီး စာတစ်စောင်ကောက်၍ ရေးနေလေ၏။ ထိုစာကို ရေးရင်း ဖေသိန်းသည်တစ်ချက်တစ်ချက် သက်ပြင်းချကာ

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်အား လှည့်ကြည့်မိလေ၏။ ၁၀ မိနစ်ခန့် ကြာသောအခါ ဖေသိန်းသည် ရေး၍ ဆုံးသွားသော စာကို ပြန်၍ကြည့်လေ၏။

သူငယ်ချင်း ဘမြင့်

"မင်း ငါ့ကို အသက်နဲ့ထပ်တူ ချစ်တဲ့အတွက် မခင်တင့်ကို ငါ ရစေချင်လို့ မင်းရဲ့ အချစ်ဖြတ်လိုသော်လည်း မပြတ်နိုင်တာကို ငါ အသိဆုံးဖြစ်တယ်။ ငါ့ကို ကျေးဇူးဆပ်ချင်လွန်းလို့ မင်း စိတ်ဆင်းရဲခံပြီး ဒီလို လုပ်လိုက်တာပဲ၊ ငါဟာ မခင်တင့်ကို မရသော်လည်း မင်းရရင် ငါ ရသလို ပျော်မှာပဲ၊ မင်းမှာတော့ မခင်တင့်ကိုမရရင် ဘယ်နည်းနဲ့မှ မပျော်နိုင်ဘူး။ မင်းအချစ်ဟာ ငါ့အချစ်ထက် ကြီးတယ်ဆိုတာ ငါသိတယ်၊ မင်း ငါ့ထက်ပိုပြီး မခင်တင့်ကို ချစ်နိုင်မယ်လို့ သိရတာ ငါ ဝမ်းသာတာပဲ၊ မခင်တင့်လည်း အချစ်အကြီးဆုံးသူနဲ့ ပေါင်းရတာ ပျော်ဖို့ရှိတယ်၊ မခင်တင့်ကို ငါ မယူတော့ဘူး၊ မင်းပဲယူပါ၊ မင်း ငါ့အပေါ်မှာ အချစ်ကို သဒ္ဓါနိုင်တယ်လို့ သိရတာ ငါ့ကျေးဇူးဆပ်တာထက် ပိုသေးတယ်လို့ အောက်မေ့တယ်။ မင်းပျော်ပျော်နေရရင် ငါပျော်တာပဲ၊ ငါပျော်အောင် မင်းလုပ်ရင် ငါ့ကျေးဇူးဆပ်တာပဲလို့ ငါ သဘောထားတယ်။ မခင်တင့်ကို မင်း ယူမှ ငါ ပျော်နိုင်မယ်၊ မင်းစိတ်ထဲမှာ မပြတ်နိုင်တာကို သိရက်သားနဲ့ မခင်တင့်ကို ငါယူလို့ မပျော်နိုင်ဘူး၊ မင်းတို့ ပျော်ပျော်ပဲပေါင်းတော့ ၊ငါ လွတ်ငြိမ်းအေးချမ်းရာကို သွားတော့မယ်၊ မင်းတို့လင်မယား ကာယသုခနဲ့ ပြည့်စုံချမ်းသာစွာပေါင်းနိုင်ကြပါစေလို့ ဆုတောင်းခဲ့ပါတယ်။

ဖေသိန်း

ဖေသိန်းသည် စာဖတ်၍အဆုံးတွင် ထိုစာအောက်က ဆက်၍



"နှမခင်တင့် စီစဉ်ပြီးသားကိစ္စတွေကို မဖျက်ပါနဲ့တော့၊ ကိုဘမြင့်အချစ်ဟာ ကိုဖေသိန်း အချစ်ထက် ကြီးပါတယ်၊ ကိုဘမြင့်နဲ့ ပေါင်းသင်းရင် ကိုဖေသိန်းစိတ်မှာ ပျော်ရပါလိမ့်မယ်၊ ကိုဖေသိန်းကို မခင်တင့် ချစ်တယ်ဆိုရင် ကိုဖေသိန်း စိတ်ပျော်ပျော်နေပါရစေ၊ ကိုဘမြင့်နဲ့ မခင်တင့်တို့ အနှောင့်အယှက်မရှိဘဲ ပျော်နိုင်ကြစေရန် ကိုဖေသိန်းတို့ အကြောင်းတွေကို လူကြီးတွေ ဘာမှမသိပါစေနဲ့။ မင်းကုသဟာ ကိုဘမြင့်ပဲလို့သာ သိကြပါစေ။ သွားပြီ မခင်တင့်၊ မနက်လင်းလျှင် ပျော်ပျော်ရွှင်ရွှင် မင်္ဂလာသဘင် ဆင်ယင်နိုင်ကြပါစေလို့ ဆုတောင်းခဲ့ပါတယ်"ဟု ဆက်လက်ရေးပြီးနောက် စာရွက်ကို ရုတ်တရက် မြင်နိုင်မည့်နေရာတွင် ထားပြီးလျှင် စားပွဲတင် မှန်အိမ်ကို ငြိမ်းလိုက်လေ၏။

တစ်ခန်းလုံးမှာ မှောင်အတိကျသွားလေ၏။ ဖေသိန်း၏ စိတ်ထဲ၌လည်း ထိုအခန်းကဲ့သို့ပင် မှောင်အတိ ကျသွားပြီးမှ အခန်းတွင်းသို့ အာကာသဓာတ်၏ အလင်းရောင် ကျရောက်လာသကဲ့သို့ မိမိ၏ အချစ်ဆုံးဖြစ်သူ နှစ်ဦးတို့ ပျော်မြူးစွာ ပေါင်းကြရမည့်အရေးကို တွေးမိခြင်းသည် ဖေသိန်း၏ စိတ်တွင်းရှိ အမှောင်ထဲတွင် အလင်းရောင် ပေါ်လာလေတော့၏။

မကြာမီ မှောင်မိုက်နေသော အခန်းကြီးထဲမှ မည်းမည်းမျှသာ မြင်ရသော သဏ္ဍာန်ကြီးတစ်ခုသည် လေးကန်ဖင့်နွဲ့စွာ အသံမကြားရအောင် လှမ်းလျှက် ထွက်ခွာသွားသည်ကို တွေ့မြင်ရပေ၏။

တစ်နာရီကျော်ခန့် ကြာမြင့်သောအခါ အဆိုပါ မည်းမှောင်သော လူသဏ္ဍာန်ကြီးကို မန္တလေး ဘူတာရုံကြီးထဲတွင် ထွက်တော့မည်ဆဲဆဲ ဖြစ်နေသော မီးရထားတွဲကြီးဆီသို့ မလှမ်းချင့်လှမ်းချင် လှမ်း၍သွားသည်ကို တွေ့ကြရပြန်ပေ၏။

ခရီးသွားကြမည့် သူများမှာ ထိုသူကို ဂရုမစိုက်မိကြချေ။ ထိုသူ၏ မျက်နှာချင်းဆိုင်မှ လျှောက်လာသူတစ်ယောက်သာလျှင်ထိုသူ၏အနီးသို့

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရောက်တွင် ၎င်းအား ဂရုပြုမိပြီး လက်ကို လှမ်း၍ဆွဲလေ၏။

"အိုင်အေး ခင်ဗျား ကိုဖေသိန်း မဟုတ်လား"

ထိုသူသည် ဘာမျှပြန်မပြောဘဲ မှန်၍ကြည့်နေလေ၏။

"ခင်ဗျား ကျွန်တော့် မမှတ်မိတော့ဘူးလား၊ ကောလိပ်တုန်းက ပုဂံဟောလ်မှာ အခန်းချင်းကပ်နေတဲ့ လှမောင်လေ၊ အခု ကျွန်တော် အေတီအို ဖြစ်နေတယ်"ဟု ဆိုပြီးနောက် ထိုမြို့အုပ်ကလေးသည် မိမိ နှုတ်ဆက်သူ၏ မျက်နှာကို စိုက်ကြည့်ကာ "ခင်ဗျား ဝတ္ထုဆရာမင်းကုသ မဟုတ်ဘူးလား"ဟု မေးလေ၏။

ဖေသိန်းသည် မိမိချစ်ခဲ့သော သူငယ်ချင်းဟောင်း၏ မျက်နှာကို တချက်မျှကြည့်ပြီး ခေါင်းငုံ့လျက် "ခင်ဗျား လူမှားနေပါလိမ့်မယ်၊ ကျွန်တော့်နာမည် ဘမြင့်ပါ၊ မင်းကုသဆိုတာ ကျွန်တော် မဟုတ်ပါဘူး"ဟု အသံ သြကြီးနှင့်ဖြေကာ ဆက်၍လျှောက်သွားသဖြင့် သူငယ်ချင်းဖြစ်သူမှာ မကျေမနပ်ဖြစ်ပြီး ရပ်တန့်ကာ လှည့်၍ကြည့်နေစဉ်မှာပင် မိမိ နှုတ်ဆက်လိုက်သောသူသည် လေးကန်ဖင့်နွဲ့စွာ လှမ်းလျှောက်သွားရင်း ထွက်စပြုနေသော မီးရထားကြီး၏ တွဲတစ်တွဲပေါ်သို့ တက်ရောက်ပါရှိသွားသည်ကို တွေ့မြင်လိုက်ရပေတော့သတည်း။

ဇဝန

# ကံ့ကော်ဝတ်ရည်စာပေမှ စီစဉ်နေပါသည်

| | |
|---|---|
| အမြင့်သို့ အာရုံညွှန့်တက်ခြင်း (သို့မဟုတ်) ကဗျာ | တက္ကသိုလ်ဘုန်းနိုင် |
| ဝသန့်လေချိန်မှန်ကူး | တက္ကသိုလ်ဘုန်းနိုင် |
| မိုးညအိပ်မက်မြူ | တက္ကသိုလ်ဘုန်းနိုင် |
| နှင်းငွေတစ်ထောင့် မိုးတစ်မှောင့် | တက္ကသိုလ်ဘုန်းနိုင် |
| သည်မောင့်လက်သံ ဒေါင်ဒေါင်လန် | သော်တာဆွေ |
| ရွှေစင်နှင်းဆီ | တက်တိုး |
| ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖိုများ | မောင်ထွန်းသူ |
| ဝံပုလွေများနှင့် ကခုန်သူ | မောင်ထွန်းသူ |
| ဇဝနပုံပြင် | ဇဝန |
| ဒို့ကျောင်းသား | ဇဝန |
| ဇမ္ဗူတလှ | ဇဝန |
| ဘုန်း ဘောက် | ဇဝန |
| တောက်တဲ့မာယာ | ဇဝန |
| ရေချိုတွင်း | ခင်နှင်းယု |
| ယဉ်မင်းပိုက် | ခင်နှင်းယု |
| စက္ကန့်လှုပ်ခတ်နှင့် အခြားဝတ္ထုတိုများ | ဆောင်းဝင်းလတ် |

BURMESE CLASSIC .com

www.burmeseclassic.com